# ခင်ခင်ထူး

# ပန်းစည်းကြိုး

မဂ္ဂဇင်းဝတ္ထုတိုများ



ပုဂံစာအုပ် အမှတ် ၃၈၆

# ပန်းစည်းကြိုး

မဥ္စင်းဝတ္ထုရှည်များ

## ခင်ခင်ထူး

ပုဂံစာအုပ်တိုက်

စာမူခွင့်ပြုအမှတ် ● ၅၀၀၆၁၀၀၅၀၉
မျက်နှာဖုံးခွင့်ပြုအမှတ် ● ၅၀၀၆၂၁၀၅၀၉
ပုံနှိပ်ခြင်း၊ ● ပထမအကြိမ် ၂၀၀၉ ခုနှစ်
အုပ်ရေ ● ၁၀၀၀
မျက်နှာဖုံး၊ ● ကျော်မြစ်
ဖလင် ● တွန်းဆိုင်
တအုပ်ချုပ် ● ကိုမြင့် နှင့် ညီ ဝင်းမြင့်
တန်ဖိုး ● ၁၅၀၀ ကျပ်

ဒေါ်နီနီနိုင် (၀၇၁၃၅)၊ သိဒ္ဓိပမာရောင်စုံပုံနှိပ်တိုက်
အမှတ် ၁၉၊ လမ်း ၉၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ဒေါ်ခိုင်ခိုင်ဦး (၀၄၁၃၈) ပုဂံစာအုပ်တိုက်
၄ (A) ၅၊ ရန်ကင်းဝင်တာ၊ ဆရာစံလမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။
ဖုန်း - ၀၉ ၅၁၁၀၀၃၈၊ ၅၄၄၃၂၁

၀၀၈'၉၃

စင်စင်ထူး
ပန်းစည်းကြိုး / စင်စင်ထူး ။ ရန်ကုန် ။
ပုဂံစာအုပ်တိုက်၊ ၂၀၀၉။
၂၀၂ - စာ၊ ၁၂ x ၁၈ စင်တီ။
(၁) ပန်းစည်းကြိုး

# မာတိကာ


- အမှာစာ ၇
၁။ မှန်တပ်သူများအကြောင်း ၁၁
၂။ မြင် နှင့် မှုံ ၄၄
၃။ အမေ့သားက မှန်၊ ဟိုရှေ့ကယ်လ်း ပေါ်လာနဲ့ ကြိုကျသွားပါပြီ ၇၄
၄။ ကမ္ဘာ့ပန်းပွင့်များ ၉၈
၅။ မျိုးစောကောင် ၁၂၂
၆။ ကျေးတူးအလွမ်း ၁၄၂
၇။ ညနေပန်းသီ ၁၈၀
၈။ မြစ်ဝမ်းကျည် ၂၀၈
၉။ နတ်သိုးကျွဲ ၂၄၄

## အမှာစာ

ကျွန်မ ရေးဖြစ်ခဲ့သမျှသော မင်္ဂဇင်းဝတ္ထုရှည်များကိုချည်း တစ်အုပ်တစ်မ စုစုစည်းစည်းထုတ်ဝေရန် ပုဂံစာအုပ်တိုက်က စီစဉ်ခဲ့ပါသည်။ ပထမဆုံး မင်္ဂဇင်းဝတ္ထုရှည်များစုစည်းမှုကို 'ကြာဆစ်ကြိုး' မင်္ဂဇင်းဝတ္ထုရှည်များဟု အမည်ပေးခဲ့ပါသည်။ ထုတ်လည်း ထုတ်ဝေဖြစ်ခဲ့ပါ၏။ သည်တစ်ကြိမ်တွင်လည်း ဒုတိယမြောက်မင်္ဂဇင်းဝတ္ထုရှည်များ စုစည်းမှုအဖြစ် ထုတ်ဝေဖြစ်ခဲ့ပြန်ပါပြီ။ သည်စာအုပ်ကိုတော့ 'ပန်းစည်းကြိုး' မင်္ဂဇင်းဝတ္ထုရှည်များဟု ကျွန်မ ခေါင်းစီးပေးလိုက်ပါ၏။

'ပန်းစည်းကြိုး' ဆိုသည့်အမည်ကို သည်ဘက်ခေတ် မိန်းကလေးများ အကြားမနာလောက်တော့ပါ။ ခေါင်းစည်းကြိုး၊ ဆံစည်းကြိုးကလေးတွေက မြန်မာမိန်းကလေးအများစု၏ ဆံဖျားမှာ နေရာမရရှာကြတော့တာလည်း ပါပါလိမ့်မည်။ ခေတ်မီနည်းပညာများဖြင့် ထုတ်လုပ်ထားသော ဆံပင်စည်း၊ ဆံပင်ထိုး၊ ဆံပင်ညှပ် (ကလစ်)၊ ဆံပင်ခွ၊ ဆံပင်အုပ်၊ ဆံပင်ဖိ ပစ္စည်းကလေးတွေက ဒီဇိုင်းအဆန်းဆန်း၊ အရောင်အသွယ်သွယ် ရှိကြရုံမက ကျောက်မွှင့်စီ ဖဲပွင့်စီ အသွင်အမျိုးမျိုးက လက်လှမ်းတစ်မိမှာရှိနေကြပြီဆိုတော့

'ချည်စ ပန်းဆိုး' ကြိုးကလေးတွေ အသုံးမတွင်ကြတော့ပြီ။ ကျွန်မတို့ ငယ်ငယ်ကတော့ မိန်းကလေးမှန်လျှင် ချည်ခေါင်းစည်းကြိုးရောင်စုံကိုပဲ သုံးခဲ့ကြရသည်။ များသောအားဖြင့် ပန်းဆိုးရောင်ကလေးတွေ များပါ၏။

မနက်မိုးလင်းသည်နှင့် အမေကြီးကိုယ်တိုင် ကျွန်မဆံပင်ကို ဝါးဘီးဖြင့် ရှင်း၊ အုန်းဆီကလေး ပွတ်ရင်း ဆံပင်နှင့် ဦးရေကို အေးနေအောင် ဆုပ်နယ်ပေးလေ့ရှိသည်။ ပြီးလျှင် ခေါင်းဖြီးပေးကာ ပန်းစည်းကြိုးဖြင့် ကြက်တောင်စိုက်ထုံးပေးလေ့ရှိတာကို ကျွန်မ မှတ်မိနေပါသည်။ ကျွန်မမှ မဟုတ်ပါ။ တစ်ရွာလုံး၊ တစ်နယ်လုံး၊ တစ်ပြည်လုံးက မိန်းကလေးတွေမှာ ပန်းစည်းကြိုး ပန်းရောင်ကလေးတွေနှင့် ချည်းဖြစ်နေလောက်ပါသည်။ ကြက်တောင်စည်းနှင့် ပန်းစည်းကြိုးသည် တစ်ခါက မိန်းမငယ်ကလေးတို့၏ ဆံပင်ပုံစံဟုပင် ဆိုနိုင်ပါသည်။ ကြက်တောင်စည်း၊ ရှင်မီးအကျီနှင့် စပ်ထဘီကို မထိမတွေ့လိုက်ရသူ မရှိ။

"ခေါင်းစုတ်ဖွားကြီးနဲ့ မနေရဘူး။ မိန်းကလေးများမယ် ဘုန်းကံက ဆံပင်မှာ တည်သာ၊ ယောကျ်ားလေးများကျတော့ လက်ရုံးမှာ တည်သာ၊ ဆံပင်ဖားလျားကြီးလည်း မချကောင်းဘူး။ တစ္ဆေစ မှင်စာစ မကောင်းဆိုးရွားစ တွယ်တတ်သယ်။ ဆံကလေး ပင့်ထုံးတော့ မျက်နှာကလေး ပေါ်သယ်။ သနပ်ခါးကလေးနဲ့ဆိုတော့ ကျက်သရေရှိသတော်"

အမေကြီးက မနက်တိုင်း ခေါင်းစည်းကြိုး စည်းပေးရင်း ပါးစပ်က တတွတ်တွတ်ပြောနေတတ်တာကိုလည်း ကျွန်မ မှတ်မိနေပါသည်။ ငယ်ဆံပင် ကလေး ရှည်လာသည်နှင့် သူငယ်တော်ရုပ်၊ နောက်ချေးခံရုပ်ကလေးတွေလို ပန်းစည်းကြိုးကလေးတွေ 'ပေါင်' ရ၊ 'ဖက်' ရပြီ။ ပန်းစည်းကြိုးမှာ ချည်မျိုး တစ်မျိုးဖြစ်၍ ပန်းရောင်တောက်တောက်ဆိုးကြတာ များပါ၏။

နောက်ပိုင်းမှာတော့ ပဲကြိုး၊ ဇာကြိုး၊ သိုးမွေးကြိုးကလေးတွေ ဖြစ်လာပါသည်။ ပန်းစည်းကြိုး အလွယ်တကူမရှိတော့လည်း ပူစရာမရှိပါ။

စက်ဆိုင်က ပိတ်ဖြတ်စ တစ်ထွာတစ်မိုက်ကလည်း စည်းစရာ နှောင်စရာ ဖြစ်ရသည်။

"ညည်းတို့များ ကလေးပုခက် ဆောင်ပန်းမယ် ပန်းစည်းကြိုး ချည်ကြပါဟဲ့၊ မနဲမိ မကြာဥတို့ကို အတင်တော်ဆက်ရင် ပန်းစည်းကြိုး မမေ့နဲ့၊ ရွှေဖင်သီးနှစ်လုံး (ကြက်ဥနှစ်လုံး) ပြုတ်၊ ငွမ်းပေါက်တစ်ဆုပ်၊ ဆန်တစ်ပြည် ငွေတစ်မတ်၊ ပန်းစည်းကြိုး တစ်ခင်၊ ချိုချဉ်များ ဆက်ရသယ်"

ရွာထဲရပ်ထဲ သားသမီးဖွားပြီဆိုလျှင် အမေကြီးက ပုခက်စစ်ဆေးရေး လိုက်တော့သည်။ ပန်းစည်းကြိုးမရှိသည့် စောင်ပုခက်၊ ကြိုးပုခက်၊ သစ်သား ဆောင်ပန်းပုခက်များတွေ့လို့ကတော့ သားသည်မအေကို ငေါက်ပါတော့သည်။ မနဲမိနတ်သီချင်းကိုလည်း အသံကလေး တုန်တုန်ဖြင့် ဆိုပြပါ၏။

"ပန်းကြိုးငယ်မှ နီတျာ... ရှင်နဲမိဆံကေသာ... ခါးကြိုး ဒွါဒရာ... ဇာတိ ချက်ကြွေမယ့်မအေ၊ နေရာဟောင်းက တကောင်းက ရွှေပုခက်ကလေးနဲ့ သိပ်ပါ သိပ်ပါ... ငွေပုခက်ကလေးနဲ့ သိပ်ပါ သိပ်ပါ... ရွှေဘဲဥလေး ဆက်ပါ ဆက်ပါ... ရွှေထဘီလေး ဆက်ပါ ဆက်ပါ... ပန်းစည်းကြိုးလေး ဆက်ပါ ဆက်ပါ"

ပန်းကြိုးငယ်မှ နီတျာသည် ပန်းစည်းကြိုးကို ဆိုလိုပါ၏။ ရွာက ဘယ်သူဘယ်ဝါတော့ မြို့ဈေး(မြင်းခြံဈေး)သွားကြမှာတဲ့ဆိုလျှင် ကျူလယာ ဆိုင်က ပန်းစည်းကြိုးတစ်ခင် မှာကြသူတွေ မနည်းကြပြီ။ ဆမိတ်ခံနတ်ပွဲ ဆိုလျှင် 'ပန်းစည်းကြိုး' ပွဲတော်ဆိုရမလောက်ပင်။ အခုတော့ လေးနှစ်အရွယ် ကျွန်မသမီးကလေးကို ပန်းစည်းကြိုးကလေး 'ပေါင်' ချင်လို့ 'စည်း' ချင်လို့ မဖြစ်နိုင်တော့။ တစ်ရက် သမီးဆံပင်ကို အုန်းဆီပွတ်ရင်း ခေါင်းဖြီးရင်း အမေကြီးကို သတိရမိပါ၏။

ပန်းစည်းကြိုးကလေးတွေ ဘယ်များရောက်ကုန်ပါလိမ့်။

ပန်းစည်းကြိုးကလေးတွေကို လွမ်းမိရာက ကျွန်မစာအုပ်ကို 'ပန်းစည်းကြိုး' လို့ အမည်ပေးရန် စဉ်းစားထားခဲ့တာ ကြာပါပြီ။ ရိုးရိုးနှင့်

ယဉ်ယဉ် ပန်းစည်းကြိုးကလေး တစ်မျှင် နှစ်မျှင်။ ကျွန်မဝတ္ထုတွေကို သည် ရိုးဂုဏ်ကလေးနှင့် တင်စားလိုခြင်းသာ ဖြစ်ပါ၏။

'ပန်းစည်းကြိုး' မဂ္ဂဇင်းဝတ္ထုရှည်များကို စုစည်းထုတ်ဝေပေးသူ ဒေါ်ခိုင်ခိုင်ဦး(ပုဂံစာအုပ်တိုက်)ကို ကျေးဇူးစကားဆိုချင်ပါသည်။ သည်ဝတ္ထုများကို ဖော်ပြပေးခဲ့ကြသော မဂ္ဂဇင်းအသီးသီးမှ အယ်ဒီတာများ၊ သရုပ်ဖော်ပုံ ရေးဆွဲပေးခဲ့ကြသော ပန်းချီဆရာများ၊ စာအုပ်တစ်အုပ် ဖြစ်မြောက်အောင် ဝိုင်းကြရ ဝန်းကြရသော ပုဂ္ဂိုလ်များနှင့်တကွ ချစ်လှစွာသော စာဖတ်ပရိသတ်ကိုပါ ကျွန်မ ကျေးဇူးတင်မိပါကြောင်း ဖော်ပြလိုပါသည်။

လျှောရဲထုံးဖွဲ့ ဆံကေ့နွဲ့... ပန်းကြိုးလဲ့လဲ့ စည်းနိုင်စေ

ခင်ခင်ထူး

□

## မုန့်ဆပ်သွားဖူးကလေး

၁

"ဖွေးဖွေးရေ... ဖွေးဖွေးရေ
ခေါ်ရင် ခင်ခင်ထူးပါလေ...။
ဖွေးဖွေးရေ... ဖွေးဖွေးရေ
ဝင်းဝင်း မြင့်မြင့်နေ...။
ကိုယ်နေဝင်း လို့ စိတ်နေမြင့်
ဖွေးဖွေး နေဝင်းမြင့်...။"

ကျွန်မတို့ ချစ်ခင်လေးစားသော ကဗျာဆရာ ဆရာထွန်းဝေမြင့်က သမီး ရက် ၁၀၀ ပြည့် မွေးနေ့အမှီ ရေးပို့လိုက်သော ကဗျာကလေး ဖြစ်ပါသည်။ ကျွန်မ စာရေးစားပွဲ အံဆွဲထဲမှာ သည်ကဗျာကလေးကို ကျွန်မ သိမ်းထားခဲ့သည်ပင် လေးနှစ်ကျော်ခဲ့ပြီ။

ကျွန်မအစ်ကိုဆရာဖြစ်သော ကဗျာဆရာ ဆရာကိုငြိမ်း(မန္တလေး) ကလည်း သမီးအတွက် ကဗျာတစ်ပုဒ် ရေးပေးခဲ့သည်။

'ဝလုံး ဝလုံး ဝလုံး အိမ်' တဲ့။

ကဗျာတစ်ပုဒ်တင် မကပါ။ ကဗျာဆရာလက်နှင့်ချုပ်လာသော လက်ချုပ်အင်္ကျီကလေး နှစ်ထည်ပင် ပါသေးသည်။ ကဗျာတစ်ပုဒ်နှင့် အင်္ကျီ နှစ်ထည်ပေးပြီး သူ့ရော်ဘင်ဟုဒ်ကို စီးပြီး ပြန်သွားတာကိုလည်း မှတ်မိနေသည်။

"ခင်ခင်ထူးရေ ငါ့မြေးဖို့ ငါ ချုပ်လာတာ၊ ဒါက ငါ့မြေးဖို့ ကဗျာ"

အဲသည်နေ့က ကဗျာဆရာ ရိဝေနေသလား၊ မနေသလားပင် ကျွန်မ မမှတ်မိတော့ပါ။ အင်္ကျီကလေးတွေက ချစ်စရာကောင်းလှသည်။ သမီးကို ဝတ်ကြည့်ပေးတော့လည်း ကွက်တိ။ ကဗျာတစ်ပုဒ်ကို ချုပ်လာသလို။ ဆရာ့ကဗျာကိုလည်း ကျွန်မ မကြာမကြာ ပြန်ဖတ်ဖြစ်ပါသည်။

"ဝလုံး လေး... ဝလုံး လေး

ဖွေးဖွေး ဝလုံး လေး... ။

ဝလုံး ကလေး ဘယ်ဆီမှာ

ဖွေးဖွေး မျက်နှာမှာ... ။

မေမေ ဝလုံးက မွေးလေတော့

ဖွေးဖွေး ဝလုံးပေါ့... ။

ဝလုံး တစ်လုံး ပျောက်လို့ပါ

ကြယ်တွေ ပန်းတွေ ကြားမှာရှာ... ။

တွေ့ပြီ တွေ့ပြီ ဖေဖေကြီး

ဝလုံး မည်းမည်းကြီး"

ကဗျာကလေးတွေကို ဖတ်ပြီး ကျွန်မ စိတ်ကြည်နူးရသည်။ ဝမ်းသာမိရသည်။ ကျွန်မတို့အတွက်တော့ သမီးသည်ပင် ကဗျာဆိုတော့ သည်ကဗျာကိုပဲ ထုပ်ထုပ်ပိုက်ပိုက် ရှိကြရပါသည်။ သမီးကလေးမွေးတော့ ကျွန်မခင်ပွန်းက သမီးအတွက်ဟုဆိုကာ အက်ဆေးတစ်ပုဒ် ရေးသည်။ 'လင်းလင်းကျင်းကျင်း ကြယ်' ဆိုသော အက်ဆေးပင်။ သည်အက်ဆေးမှာ သမီးကလေးကို 'သမီးဟာဖြင့် မျှော်လင့်မထားတဲ့အချိန် ဖေဖေတို့ဆိပ်ကမ်းမှာ

လာကပ်တဲ့ လှေကလေးပါပဲ' လို့ ရေးခဲ့သည်။ သည့်ထက်ကောင်းအောင် ကျွန်မ မတွေးတတ်သဖြင့် သည်ဥပမာကိုသာ ပြန်ပေးချင်ပါသည်။ တကယ်လည်း ကျွန်မတို့ မျှော်လင့်မထားပါဘဲ ကျွန်မတို့ ဆိပ်ကမ်းမှာ လာကပ်သည့် လှေကလေးပင်။

သမီးကလေးကို ကိုယ်ဝန်လွယ်ထားရမှန်း မသိပါဘဲ ကျွန်မတို့ ဇနီးမောင်နှံနှင့် တစ်တောလုံးကြွေ ကဗျာဆရာတို့ မြစ်ကြီးနား တနိုင်း စာပေဟောပြောပွဲ ထွက်ခဲ့ကြသည်။ အစ်ကိုကြီး ဥတ္တရလမင်း ဦးသန်းဆွေတို့၊ အစ်ကိုကြီး ရှေ့နေဦးခင်မောင်တို့၊ အစ်ကိုကြီး တနိုင်းစံတို့ကအစ ဥတ္တရလမင်း တစ်ဖွဲ့လုံးက ဖိတ်ခေါ်ကြ၊ ကြိုဆိုဧည့်ခံကြ၊ စောင့်ရှောက်ကြသည့်အဲပြင် မြစ်ကြီးနား တနိုင်းစာပေပရိသတ်၏ အားပေးမှုကိုပါ ခံယူရသည့်အတွက် ကျွန်မတို့အတွက် မှတ်မှတ်ရရ စာပေဟောပြောပွဲဖြစ်ခဲ့ရသည်။ မြစ်ကြီးနားမှာ ဟောပြီးတော့ တနိုင်းကို ကူးကြရမည်ရှိသောအခါ ကျွန်မမှာ ကိုယ်လက် မအီမသာနှင့် အိပ်ရာထဲခွေနေရပါ၏။ အစ်ကိုကြီးသန်းဆွေ၏သမီး ဒေါက်တာ ဖြိုးနန္ဒာဆွေက ကျွန်မကို မြစ်ကြီးနားဆေးရုံကိုခေါ်ကာ ဆီးစစ်ပေးတော့ အစ်ကိုကြီးသန်းဆွေကိုယ်တိုင်က ကားမောင်း၍ ပို့ပေးခဲ့ပါသည်။ သည်မှာတင် သားသမီးရှိနေပြီဆိုတာ ကျွန်မ သိလိုက်ရပါပြီ။ တနိုင်းကို ဆက်မလိုက် သင့်ကြောင်း ဒေါက်တာဖြိုးနှင့် မမနွဲ့တို့က အကြံပေးသော်လည်း မြစ်ကြီးနား ရောက်မှတော့ တနိုင်းကိုပါ ရောက်ချင်ခဲ့ပါ၏။

မြစ်ကြီးနား တနိုင်းခရီးက ပင်ပန်းလှသော်လည်း ကျွန်မ ရောက်ခဲ့သည်။ ဟောပြောပွဲစင်ပေါ် တက်ခဲ့သည်။ အေးစက်သော တနိုင်းညနှင့် ပွင့်နှင်းဖတ်တွေကြားထဲမှာ တနိုင်းတဲတားပေါ် ရောက်ကြသည်။ တနိုင်း လက်ဖက်ရည်နှင့် ကချင်စာတွေ စားကြသည်။ ကျွန်မအတွက်တော့ တဝမ်ခ ချောင်းအထိ ရောက်ခဲ့ရတာ၊ လီဆူးကျေးရွာကျောင်းကလေးမှာ ကားရပ်ပြီး ကဗျာတွေ ဆိုပြခဲ့ရတာ၊ လီမွှော်ခြံတွေထဲဝင်ပြီး ကိုယ့်လက်နှင့် ကိုယ်ဆွတ်ပြီး

လိမ္မော်သီးတွေ စားရတာ အရာအားလုံးကို ကျွန်မ မမေ့နိုင်ပါ။ မေခ မလိခ မြစ်ဆုံရောက်တော့လည်း မြစ်ဆုံ အမြွာအခြေရောက်အောင် ဆင်းကာ ဧရာဝတီ မြစ်ဦးရေဖြင့် မျက်နှာသစ်ခဲ့သည်။ ကျွန်မ မမြင်ရသေးသော သားလေးလား သမီးလေးလား ရင်သွေးကလေးကို မေတ္တာပို့ကာ ကျွန်မ ခေါင်းကို မြစ်ရေ ဆွတ်ခဲ့သည်။ ဧရာဝတီမြစ်ရေကို ကျွန်မ တစ်ဝကြီး သောက်ခဲ့သည်။ မြစ်ဆုံက လုံးဝန်းဝန်း ကျောက်ချောတုံးကြီးတွေ ကျွန်မ နိုင်သလောက် သယ်ယူခဲ့သည်။

ကဗျာဆရာကတော့ ထုံးစံအတိုင်း ကဗျာတွေ ရွတ်သည်။ တနိုင်းတံတားကဗျာ၊ မြစ်ဆုံကဗျာ၊ ကချင်ပြည်နယ် မီးရထားကဗျာ၊ ဟူးကောင်းချိုင့်ဝှမ်းကဗျာ၊ လီဆူးမှုလတန်းကျောင်းကဗျာ။ ကဗျာဆရာပီပီ ကဗျာဉာဏ်တွေ ကွန့်မြူးနေသလောက် ကဗျာရွတ်သံကလည်း နားထောင်လို့ကောင်းခဲ့သည်။ ကျွန်မတို့ဇနီးမောင်နှံအပြင် ဥတ္တရလမင်း ဦးသန်းဆွေ၊ ဦးခင်မောင်စိုး (ဆရာခင်မောင်စိုး၊ ကျောက်ဆည်)၊ ဆရာလင်းသော်ဝေ၊ ဆရာကိုဆွေလင်း၊ ဆရာတင်နွမ်းလွင် စသည်ဖြင့် မြစ်ကြီးနားစာပေအုပ်စုကြီးပါ ပါသဖြင့် ခရီးအားလုံး ပျော်စရာကောင်းလှပါသည်။

ထိုခရီးတွေကတည်းက ကျွန်မတို့သားအမိ ဘယ်သူမှ မကြားနိုင်သော စကားတွေကို မဝစတမ်း ပြောခဲ့ကြပါ၏။ ဧရာဝတီမြစ်ဖျားက ရေစီးသံလွင်ချိုချိုကလေး။

၂

သမီးကိုယ်ဝန်ခြောက်လမှာ ပိုတက်စီယမ်လျော့နည်းခဲ့သည့်အတွက် ကျွန်မမှာ မတ်တတ်ပင် မရပ်နိုင်ဘဲ ပုံခနဲ ခွေကျသွားခဲ့ပါသည်။ ထိုစဉ်က ကျွန်မတို့ ဧရာဝတီမြစ်ဆိပ်ရှိ ကန်တော်ကြီးတိုက်တန်းမှာ နေထိုင်ဆဲဖြစ်သည်။ လေးထပ်တိုက် အပေါ်ဆုံးထပ်မှာဆိုတော့ ကျွန်မမှာ တိုက်ခန်းပေါ်မှာပဲ တကုပ်ကုပ် နေခဲ့ရသည်။ မယောသိမဂ္ဂဇင်းတွင် ကျွန်မရေးလက်စ 'ဝတ်လဲတော် ရွှေပုဆိုး

တန်းထိုးလို့ ကြဲ့ပယ်' အခန်းဆက် ဝတ္ထုရှည်ကိုလည်း ကျန်းမာရေးမကောင်းသည့်အတွက် ခပ်မြန်မြန်အနားလုံးလိုက်ရပါသည်။ ဝတ္ထုပြီးဆုံးသွားသောအခါ စာဖတ်ပရိသတ်ထံမှ အသံများ ထွက်လာသည်။ ဝတ္ထုက တိုလွန်းလိုက်တာ၊ ကိုကြီးညိုသေသွားတာ စိတ်မကောင်းဖြစ်ရချက်တော့၊ ဝတ္ထုဇာတ်သိမ်းက မြန်လွန်းတယ် စသဖြင့် အသံတွေ ကျွန်မဆီ ရောက်လာခဲ့ပါ၏။ ကျွန်မစိတ်ကူးကတော့ ခင်နှောင်းကို ကိုကြီးကျော် နတ်ပွဲဆီ နှစ်ခေါက်လောက် ပို့လိုက်ချင်သေးသော်လည်း တစ်ခေါက်တည်းဖြင့် လက်စသတ်လိုက်ရပါသည်။ သည့်အတွက် မဟေသီမဂ္ဂဇင်း ပရိသတ်ကို စကားရောက်တုန်း ကျွန်မ တောင်းပန်လိုက်ရပါ၏။

ပိုတက်ဆီယမ် လျော့နည်းသွားသဖြင့် အိပ်ရာပေါ်က မထနိုင်ဘဲ လူတွဲလို့ပင် မထူနိုင် ဖြစ်လာတော့ ကျွန်မ ပိုစိုးရိမ်သွားခဲ့ရသည်။ မိခင်၏ ကျန်းမာရေးနှင့် နေထိုင်စားသောက်မှုပုံစံက ကလေးအတွက် အရေးကြီးမှန်း ကျွန်မ သိထားပါ၏။ ကျွန်မကိုယ်ကျွန်မ လေထဲမှာ လွင့်နေသလို ခံစားနေရသည်။ ကျွန်မလက်တွေကိုပင် ကျွန်မ မမြှောက်နိုင်တော့၊ အဆိုးဆုံးကတော့ ကျွန်မလည်ပင်းကိုပင် ကျွန်မ ထောင့်မထားနိုင်၊ ကျွန်မကိုယ်ကျွန်မ အားမရလွန်းသဖြင့် ကျုံးရုန်းထဖို့သာ ကြိုးစားနေမိသည်။ စိတ်ရှိသော်လည်း ကိုယ် မပါနိုင်ခဲ့။ ဝေဒနာခံစားနေရစဉ်က ပိုတက်ဆီယမ်လျော့နည်းနေမှန်း မသိပါ။

ကျွန်မအိမ်သားက လေးထပ်တိုက်ပေါ်မှ ဆင်းကာ ကျွန်မတို့ တိုက်တန်းနှင့် နှစ်ပြသာသာလောက်ဝေးသော တယ်လီဖုန်းရှိရာ ဘုန်းကြီးကျောင်း ပြေးကာ ဆရာ ဒေါက်တာဦးသန်းဝင်းကို ဖုန်းဆက် အကူအညီ တောင်းခံရပါသည်။ မှတ်မှတ်ရရ ထိုနေ့က သင်္ကြန်အခါတော်ဦး အကြိုရက် ဖြစ်သည်။ သင်္ကြန်မဏ္ဍပ်ကိစ္စများဖြင့် အလုပ်ရှုပ်နေသော ဆရာ့ခမျာ ဆရာ ဒေါက်တာ ဦးအောင်ကြီး ဇနီးမောင်နှံကိုပါခေါ်ပြီး ကျွန်မတို့တိုက်ခန်းကို

ကြွရောက်ကြည့်ရှုပေးကြပါသည်။ ဆရာဒေါက်တာဦးအောင်ကြီး၏ဇနီး မမဂျူး (ဒေါ်ဂျူးလီထွန်း)က သွေးဖောက်ပြီး ယူသွားကြကာ ည ကိုးနာရီမှာ ဖုန်းပြန်ဆက်ဖို့ မှာခဲ့သည်။ ကျေးဇူးရှင်ဆရာဝန်ကြီးများ လာရောက်ကြည့်ရှု ပေးကြသဖြင့် ကျွန်မမှာ ခွန်အားသစ်တွေ တိုးရပါ၏။ ယုံကြည်ကိုးစား စိတ်သည် ဆန်းကြယ်လှပါသည်။ ညကိုးနာရီကိုပဲ စိတ်လှုပ်ရှားစွာ စောင့်နေ ရပေမဲ့ တစ်စုံတစ်ရာ ယုံကြည်မှု ရှိနေခဲ့သည်။ ရင်သွေးကလေးကို စိတ် ညွတ်ကာ ကျွန်မ စကားတွေ ပြောနေမိသည်။

'အမေ ကျန်းမာတယ် သိလား ကလေး၊ ဘာမှ အားမငယ်နဲ့၊ မေမေလည်း အားမငယ်ဘူး။ ရတနာသုံးပါးနဲ့ ကျေးဇူးရှင်ဆရာသမား မိဘ ဂုဏ်ကျေးဇူးကြောင့် အမေရော ကလေးပါ ဘေးမရောက်နိုင်ပါဘူး။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ...'

ညကိုးနာရီမှာ ကျွန်မအိမ်သား ဘုန်းကြီးကျောင်းကို ပြေးရပြန်သည်၊ ညကိုးနာရီဆိုတော့ ဘုန်းကြီးကျောင်း တယ်လီဖုန်းကလည်း သိမ်းပြီ၊ အရေးကြီးနေတော့လည်း ဆရာတော်ကို လျှောက်ထားပြီး ဖုန်းဆက် ရကြောင်း ပြောပါ၏။ ဆရာ ဒေါက်တာဦးအောင်ကြီးက ပိုတက်စီယမ် လျော့နည်းနေကြောင်း၊ တခြား ဘာမျှစိုးရိမ်စရာမရှိကြောင်း၊ ချဉ်သီးအုပ်စုဝင် အသီးအနှံများကို အားချင်းစားရန်လိုကြောင်း ညွှန်ကြားပါသည်။ ခုချက်ချင်း တိုက်နိုင်အောင် စီစဉ်ဖို့ပါ ညွှန်ကြားသဖြင့် တိုက်ခန်းအောက်ထပ်က ဆိုက်ကားဆရာကိုခေါ်ကာ အိမ်သားခမျာ မြို့ထဲပြေးရတော့၏။

သကြန်ရက် ညကိုးနာရီ ဆယ်နာရီမှာ ချဉ်သီးအုပ်စုဝင် သံပုရာသီး၊ ရှောက်သီး၊ လိမ္မော်သီး၊ ကမ္ဘလာသီး၊ ဂရိတ်ဖရု စသည့်အသီးများကို ခဲရာခဲဆစ် ရှာဖွေလာခဲ့ရပါသည်။ အိမ်ရောက်တော့ ချက်ချင်းဖျော်ကာ ကျွန်မ သွားတွေ ကျိန်းနေအောင် တစ်ခွက်ပြီးတစ်ခွက် သောက်ရသည်။ တစ်ချိုတစ်ချို တိုက်ရေ တာရိုးပေါ် ဖြတ်မောင်းသွားကြသော ရေပက်ခံ သကြန်မင်းသားတို့၏

ဝေးဝေးဝါးဝါးအော်သံတွေကလွဲလျှင် တုံးပိုသံ မကြားရသော သကြန်။ မြို့ထဲ ကျုံးဘေးပတ်လည်မှာတော့ စည်ကားနေပါလိမ့်မည်။ ကျွန်မအိမ်သားကတော့ သကြန်ရက်တွေမှာ ချဉ်သီးရှာထွက်နေရသည်။ ကျွန်မမှာလည်း တစ်ခွက်ပြီး တစ်ခွက် သူဖျော်ပေးသမျှ သောက်ရပါ၏။ ကျွမ်းကျင်သော ဆေးပညာရှင်တို့၏ကျေးဇူးကြောင့် နှစ်ရက်လောက်အတွင်းမှာ ကျွန်မ ခေါင်းထူလာနိုင်သည်။ ဇက်ကလေး တောင့်လာခဲ့သည်။ ခြေကလေး စမ်းထောက်နိုင်လာခဲ့ပြီ။ တစ်ပတ်အတွင်းမှာ ကျွန်မ နေကောင်းထိုင်သာ ရှိခဲ့ရပါသည်။ ကျွန်မဝမ်းအသာဆုံးကတော့ ကလေးအတွက် စိတ်ချလက်ချရှိခဲ့ရခြင်းပင်။

အာထရာဆောင်းရိုက်ကြည့်ခဲ့စဉ်က သမီးကလေးလို့ သိလိုက်ရခြင်းလောက် ကြည်နူးပီတိဖြစ်ခဲ့ရပုံများ စာပင် မဖွဲ့နိုင်ပါ။ အစ်ကို မောင်တွေကြား မိန်းမသားတစ်ယောက်တည်း နေခဲ့ရသော ကျွန်မအဖို့ သမီးကလေးကိုသာ လိုချင်ခဲ့မိပါ၏။ သမီးကလေးကို နန်းတော်ဆေးခန်းမှာ ဗိုက်ခွဲမွေးခဲ့ရသည်။ ဆရာဒေါက်တာဦးသန်းဝင်းက မွေးမည့်ရက်နှင့်ကပ်လျက်ရက်တွေထဲက တစ်ရက်ကို စိတ်ကြိုက်မွေးနိုင်ကြောင်းပြောသဖြင့် ကျွန်မတို့ တိုင်ပင်ကြရပြီ။

အမေ့ကို ကျွန်မ သတိရလိုက်သည်။ အမေက ကြာသပတေးသမီး။ သမီးကလေးကိုလည်း ကြာသပတေးနေ့မှာပဲမွေးဖွားဖို့ ရွေးချယ်လိုက်ပါ၏။ သမီးကလေးကို နာမည်ပေးဖို့ ရွေးချယ်ခဲ့ကြရတာကလည်း ပျော်စရာ။ ပဖဗဘမ။ ပ ဝဂ် အက္ခရာတွေကို စဉ်းစားခဲ့ကြသည်။

"ကြာသပတေးသမီးဆိုတော့ နေဦး၊ အညွန့်နဲ့ အဖျားက"

၂၀၀၄ ခုနှစ် ဇူလိုင် ၂၉ ရက်၊ ကြာသပတေးနေ့။ မနက် ၆း၄၆ နာရီ။

သမီးကလေးကို နန်းတော် အထူးကုဆေးခန်းမှာမွေးသည်။ သမီးမမွေးခင် နှစ်ရက်လောက်က ထူးဆန်းသောအိပ်မက်ကို ကျွန်မ မက်ခဲ့သည်။ ထိုညက မက်သောအိပ်မက်ကို ကျွန်မ အခုထိ သတိရနေပါသည်။

အိပ်မက်ထဲမှာ ကျွန်မတို့နေသော တိုက်ခန်းဝသို့ ညိုသည် ဇနီးမောင်နှံ ရောက်လာခဲ့ကြသည်။ ကျွန်မမိဘများအရွယ်။ အဘွားအိုက ပိန်ပိန်ပါးပါးကလေးနှင့် ခေါင်းပေါ်မှာ တောင်းကြီးတစ်လုံးရွက်လို့။ တောင်းပေါ်မှာ ပိတ်ဖြူစင်စင်တစ်ထည် အုပ်ဆိုင်းထားသည်။ အဘိုးကလည်း ပိန်လွန်းလှသည်။ ဆံပင်ကို နောက်လှန်ဖြီးထားသဖြင့် နဖူးကျယ်ကြီးနှင့် ရှည်သွယ်သွယ် မျက်နှာကို ဖျတ်ခနဲ မြင်လိုက်ရသည်။ ကျွန်မက ထိုင်နေရာက ကုန်းရုန်းထဖို့ကြိုးစားတော့ အဘွားအိုက တားသည်။

"မထနဲ့ မထနဲ့၊ မပေါ့ပပါးကြီးနဲ့။ သမီးရယ် တွေ့ချင်လွန်းလို့ ရှာလာခဲ့ကြတာပါ။ လာရတာ အဝေးကြီးပါအေ"

အဘိုးအိုက ကျွန်မနှင့် ခပ်လှမ်းလှမ်း ကုလားထိုင်မှာ ဝင်ထိုင်သော်လည်း အမယ်အိုကတော့ ရွက်လာသည့် တောင်းကြီးကိုချကာ ကျွန်မဘေးမှာပဲ ထိုင်ချလိုက်သည်။ ထူးဆန်းတာက အဘိုးရော အဘွားပါ အဝတ်ဖြူတွေ ဝတ်ဆင်ထားကြခြင်းဖြစ်၏။ အမယ်အိုက ကျွန်မကို ပြုံးကြည့်ရင်းသူ့တောင်းကလေးပေါ်က ပိတ်စကို လှပ်လိုက်သည်။ မုန့်ဖြူဖြူကလေးတွေက တောင်းနားကွပ်အထိ အပြည့်။ မုန့်ဆပ်သွားဖူးကလေးတွေ။ မုန့်ဆပ်သွားဖူးကလေးတွေကို ကျွန်မ အင်မတန်ကြိုက်ပါသည်။ မြင်လိုက်ရကတည်းက စားချင်လှပြီ။

"စားသမီး၊ သမီးစားဖို့ လာပို့တာ။ တောင်းလိုက်ထားခဲ့မှာပါအေ"

ကျွန်မက ပိတ်ဖြူကလေး တစ်ဝက်တစ်ပျက်လှပ်ထားသော မုန့်ဆပ်သွားဖူး ဖွေးဖွေးကလေးတွေကို တစ်ခုပြီးတစ်ခု နှိုက်စားနေခဲ့မိသည်။ တောင်းတစ်ဝက်ကျိုးသည်အထိ ကျွန်မမှာ အာသာမပြေနိုင်။

"ကိုင်း အမေတို့ ပြန်ရောမနော်"

"အို အမေတို့က ဘယ်ကိုပြန်ကြမှာတုံး"

"ဝေးလွန်းလှပေါ့အေ"

အဘိုးအိုနှင့် အမယ်အိုက စုတ်ခနဲ မတ်တတ်ထရပ်ကာ ပြန်သွားကြသည်။ ကျွန်မမှာ မုန့်ဆပ်သွားဖူးတွေ စားရင်းက လိုက်ကြည့်တော့ စကြိုလမ်းအတိုင်း လျှောက်သွားကြကာ လှေကားအချိုးမှာ ကွယ်သွားကြသည်။ တာလမ်းဆီမှ ကားဟွန်းသံကျယ်ကျယ်ကြောင့် ကျွန်မ လန့်နိုးသွားတော့ ပါးစပ်ထဲမှာ ချိုပျပျအရသာပင် ရနေသလို ခံစားရသည်။ ဆပ်သွားဖူးမုန့်ဖြူဖြူကလေးတွေကလည်း မျက်စိထဲက မထွက်။ မနက်မိုးလင်းတော့ ကျွန်မအိမ်သားကို အိပ်မက်အကြောင်း ပြောပြသည်။ ညှော်သည်နှစ်ဦး၏ပုံပန်းကို ပြောပြသည်။

"အဖေနဲ့ အမေ နေမှာပဲ။ ငါ့အဖေနဲ့ အမေက မင်းပြောတဲ့ပုံစံအတိုင်းပဲ။ ဆန်းတော့ဆန်းတယ်နော်။ မုန့်ဆပ်သွားဖူးကလေးတွေဆိုတော့ ဘာသဘောများပါလိမ့်"

ကျွန်မ တစ်ကြိမ်တစ်ခါမျှမမြင်ဖူးလိုက်သော ခင်ပွန်းသည်၏ အဖေနှင့် အမေက ကျွန်မအိပ်မက်ထဲ ရောက်လာတာကို အံ့သြလွန်းရပါ၏။ ကျွန်မခင်ပွန်းကလည်း သူ့အိပ်မက်အကြောင်းကို ပြောပြသည်။ သူ့အိပ်မက်ထဲမှာ ညောင်ပင်ကြီးက မိုးတွေလေတွေထဲမှာ တရှဲရှဲအော်မြည်နေကြသည်။ ဖျိုင်းတွေက တစ်ကွင်းလုံးအပြည့် ဖွေးဖွေးလှုပ်လို့တဲ့။ မြေပေါ်မှာရော၊ ကောင်းကင်မှာပါ ဖျိုင်းတွေ။ ကြည့်လေရာရာ ဖျိုင်းတွေ။

ကျွန်မအိပ်မက်ထဲက မုန့်ဆပ်သွားဖူးတွေ။ ခင်ပွန်းသည်၏ အိပ်မက်ထဲက ဖျိုင်းတွေ။ ဖြူဖြူဖွေးဖွေး။ ကြာသပတေး။

"ဟုတ်ပြီ၊ သမီးကို ဖွေးဖွေးလို့ မှည့်ရမယ်"

ကျွန်မခင်ပွန်းက သမီးကလေးကို နာမည်ပေးလိုက်တော့ သူ့ကို စချင်တာနှင့် ကျွန်မ ပြန်မေးလိုက်သည်။

"တော့်ကို တူနေရင်ကော"

"ငါ့တူတော့လည်း မည်းမည်းပေါ့ကွာ။ ကြာသပတေးပဲ"

မွေးလာတော့လည်း သမီးကလေးက အသားဖြူရှာပါသည်။ သည်လိုနှင့် ကျွန်မတို့သမီးကလေးကို နာမည်အထူးအဆန်း ရှာမွေမနေတော့ဘဲ 'ဖွေးဖွေး' လို့ပဲ အမည်မှည့်ခေါ်ဖြစ်ခဲ့ကြပါ၏။

၃

သမီးငယ်ငယ်က စကားပြော နောက်ကျပါသည်။ သမီးနှင့် ရွယ်တူကလေးတွေက ဖေဖေ မေမေ ခေါ်နေကြချိန်မှာ သမီးက စကားလုံးတချို့တလေလောက်ကို နှစ်လုံးဆင့်ပြောတာလောက် ရှိခဲ့ပါသည်။

"သမီး မုန့်စားမှာလား"

"ချား ချား"

"သမီး ရေသောက်မလား"

"တောက် တောက်"

"သမီးလေး အမေကြီးတို့အိမ် လိုက်မှာလား"

"နိုက် နိုက်"

သည့်ထက်လည်း မပို။ မိခင်နို့ကို နှစ်နှစ်အထိ တိုက်ကျွေးသင့်ကြောင်း ပညာရှင်များက ညွှန်ကြားသဖြင့် နှစ်နှစ်အထိ တိုက်ရန် ကျွန်မဆုံးဖြတ်ထားပါသည်။ မိခင်နို့ကို နှစ်နှစ်အထိ တိုက်ကျွေးခဲ့သော ကလေးက နောင်အခါ ရောဂါခုခံနိုင်စွမ်း မြင့်မားသည်ဟု ဆိုပါသည်။

နှစ်နှစ်ကျော်တော့လည်း သမီးက နို့မပြတ်ပါ။ ကျွန်မ နည်းမျိုးစုံသုံးကာ ဖြတ်ကြည့်သည်။ မရ။ မုတ်ခါးသုတ်ရတယ် ဆိုသူက ဆို၊ ရှားစောင်းလက်ပပ် သုတ်ရတယ် ပြောသူက ပြော၊ အနာပေါက်တဲ့ ပုံမျိုးနှင့် ပလာစတာကပ်ထားရတယ်လို့ အကြံပေးသူက ပေး။ နည်းပေါင်းများစွာ ကျွန်မသုံးကြည့်သော်လည်း အဆင်မပြေပါ။ သမီးက သိတတ်သွားသည့်အရွယ်ဆိုတော့ သူကလည်း နည်းမျိုးစုံဖြင့် အာခံလေတော့သည်။ ကျွန်မကပဲ အရှုံး

ပေးခဲ့ရပါ၏။ သည်ကြားထဲ ကျွန်မအမေ သူ့အဘွားကို သမီး နို့မပြတ်ကြောင်း ပြောပြတော့ အမေက "ငါ့မြေးစို့ချင်သလောက် တိုက်စမ်းပါအေ။ အောက် ကလေး ရှိတာမှတ်လို့" ဟု ဆိုလိုက်တာကို သမီးက မှတ်လာခဲ့ဟန်တူပါသည်။ ညဘက် ကျွန်မကိုကပ်တော့ ကျွန်မက ဝေါက်လိုက်ငမ်းလိုက်မိပါ၏။

"စို့မှာပဲ၊ အမေကြီးက ငါ့မြေးလေး နို့တိုက်လိုက်ပါအေလို့ ပြောတာ ညည်း မကြားဘူးလား"

သမီးက ကျွန်မသုံးသလို ညည်းတို့ ကျုပ်တို့ စသည့် အညာသုံး တွေကို သုံးတတ်ပါသည်။ ကျွန်မကို ချက်ကျကျပြန်တွယ်လိုက်တာမို့ ကျွန်မမှာ ရယ်လိုက်ရတာ။ တစ်ရက်တော့ သမီး နို့မပြတ်တာ တရားခံ ပေါ်လေတော့သည်။

"သမီး နို့မပြတ်တာ ငါနဲ့တူတာနေမှာ။ အမေ့နို့ပိန်ကို ငါးနှစ်လောက် အထိ စို့ခဲ့တာ ငါမှတ်မိတယ်။ အဒေါ်တွေက ဝေါက်တာလည်း မှတ်မိရဲ့"

ဖအေလုပ်သူကတော့ သမီးကို အလိုလိုပြတ်သွားမှာပါကွာ လောက်ပဲ ပြောပါ၏။ ငယ်ငယ်က စကားမပြောတတ်ပါ့မလား အောက်မေ့ မိသော သမီးမှာ နှစ်နှစ်ကျော်သည်နှင့် စကားတင်မက သီချင်းတွေ၊ ကဗျာ တွေပါ ရလိုက်ဆိုလိုက်ပုံ။ စကားမပြောတတ်စဉ်က ကျွန်မမှာ ထမင်းအိုး ယောက်မနှင့် လျှာကို မွှေရတယ်ဆိုလို့ မွှေခဲ့ရ။ ကြက်ဖင်ဆိဘူး ကျွေးရတယ် ဆိုလို့ ကျွေးခဲ့ရ။ စကားတွေပြောလာတော့လည်း ကရားရေသွန်။ စကားတွေ ပြောလွန်းလို့ တားပင်ယူရသည်။ မေးခွန်းတွေကလည်း များလာ၏။ ဆရာ သိပ္ပံမောင်ဝ၏ မောင်လူမွေးကိုပင် သတိရမိပါ၏။

သမီးနှင့်ပတ်သက်ပြီး ကျွန်မ အံ့ဩရတာတွေလည်း ရှိပါသည်။ စာပေဆုတစ်ဆုယူရန် ကျွန်မ ရန်ကုန်ကိုသွားရစဉ်က သမီး လေးလခွဲပဲ ရှိသေးသည်။ ကလေးထိန်းဖို့ ကျွန်မယောက်မကိုပါ ခေါ်သွားရ၏။ စည်းကမ်း အရ စာပေဆုနှင်းသဘင်ထဲ ကလေးခေါ်ခွင့်မရှိသဖြင့် သမီးကို ခန်းမအပြင်မှာပဲ

နို့ဘူးတစ်ဘူးနှင့် ကျွန်မယောက်မကို ယိန်းမိုင်းထားရသည်။ ဆရာမကြီးကလျာ(ဝိဇ္ဇာသိပ္ပံ)က "ခင်ခင်ထူး စိတ်အေးအေးနေ၊ ကလေးငိုရင် ဆရာမကြီးကားနဲ့ လျှောက်မောင်းနေလိုက်မယ်" ဆိုလို့ ကျေးဇူးတင်ရပါ၏။

သည့်နောက်မှာတော့ သီပေါ၊ ကျောက်မဲ၊ မုံရွာ၊ အမြင့်၊ ပုလဲ၊ ယင်းမာပင်၊ မင်းတိုင်ပင်မြို့ရွာများကအစ ဟုမ္မလင်း၊ ဥရုချောင်းတစ်လျှောက် ရွာများနှင့် နယ်ပေါင်းခုံကို သမီးကလေးပိုက်ရင်း ကျွန်မ ဟောပြောပွဲတွေ ထွက်ခဲ့ရသည်။ နတ်မောက်မြို့ကို သွားဟောရစဉ်က ဧပြီလ နေ့ခေါင်ခေါင်၊ နတ်မောက်ကိုရောက်အောင်သွားမည်ဆိုသောစိတ်ဖြင့် မတိမ်းတာ သမီးငယ်နှင့် အမှုတောတိုးပြီး ဗွက်စားခါမှ လမ်းတွင် ကားပျက်သည်။ သည်အတွေ့အကြုံကို 'ကျားထူးအလွန်' ခရီးသွားဝတ္ထုကလေး ကျွန်မ ရေးဖြစ်ခဲ့ပါ၏။

နတ်မောက်ကိုရောက်တော့ ည တစ်နာရီကျော်ပြီ။ ညကြီးသန်းလွဲမှာ တစ်မြို့တစ်ရွာတွင် ခင်ပွန်းသည်က အိတ်နှစ်လုံးနှင့် ရှေ့က၊ ကျွန်မက သမီးကလေးကိုပွေ့ကာ နောက်က။

စာပေဟောပြောပွဲတွေက လေယာဉ်နှင့်လည်း သွားရသည်၊ ကားမျိုးစုံလည်း စီးခဲ့ရသည်။ မီးရထားလည်း ပါပါ၏။ လှေနှင့် လှည်းနှင့်လည်း ဖြတ်ကူးခဲ့ကြရပါ၏။ အဆင်ပြေပြေသွားရတာရှိသလို မိုးလိုးပက်လက် လိုက်ရတာလည်း ရှိသည်။ ညကြီးသန်းခေါင် သမီးကိုပိုက်ရင်း တစ်မြို့တစ်မြို့ ကူးခဲ့ရသလို မနက်စောစောကြီး ပနိုးချင်သေးသော သမီးကို နှုတ်နိုးကာ ကောက်ပွေ့ခဲ့ရတာတွေလည်း ရှိသည်။ ကျွန်မ လောဘကြီးခြင်း မဟုတ်ပါ။ ကျွန်မအဖို့ စာပေပရိသတ်က ဖိတ်ကြားသည့်ပွဲတွေကို မငြင်းချင်တာ ပါသလို မြို့တွေ ရွာတွေကို ရောက်ချင်တာလည်း ပါပါ၏။ ကျွန်မ လိုက်နိုင်လျှင် အလွန်ဆုံး လေးငါးနှစ်ပေါ့။ သမီး ကျောင်းနေပြီဆိုလျှင် ကျွန်မ လိုက်နိုင်ဖို့ မလွယ်တော့တာကို တွေးမိသဖြင့် လိုက်နေခြင်းဖြစ်ပါသည်။

သမီးကလေးကိုယ်တိုင်ကလည်း ဟောပြောပွဲ ထွက်ရတာကို ပျော်ပါသည်။ သမီးက ကျွန်မဗိုက်ထဲမှာကတည်းက ဟောပြောပွဲစင်မြင့်ပေါ် ခုနစ်ကြိမ်တက်ခဲ့သူကလေး မဟုတ်လား။ ဟောပြောပွဲ အမှတ်တရ အတွေ့ အကြုံတွေကလည်း မမေ့နိုင်စရာ။ ဆရာချစ်ဦးညို့နှင့် ကျွန်မတို့ဇနီးမောင်နှံကို စလင်းမြို့က ဟောပြောပွဲဖိတ်သည်။ ထုံးစံအတိုင်း သမီး မအိပ်ချင်ခင် ကျွန်မက ပထမဆုံး စင်ပေါ်တက်။ ကျွန်မခင်ပွန်းက ကလေးထိန်း။ ကျွန်မ စဟောလို့ အရှိန်ကလေးရနေခိုက် ငြိမ်သက်နေသော ပရိသတ်ကြားက ကလေးသံစူးစူး ထွက်လာသည်။

"မေမေ နို့ နို့ မေမေ နို့ နို့"

ပရိသတ်က ,သမီးကိုကြည့်ပြီး ရယ်ကြတော့ ခင်ပွန်းသည်က သမီးကို ပွေ့ကာ ခန်းမအပြင်ဘက် ထွက်သွားတာ ကျွန်မ ရိပ်ခနဲ မြင်လိုက် ရပါ၏။ အပြင်ရောက်လို့ မအေကို မမြင်ရတော့မှ ပိုဆိုးတာပဲဟု ခင်ပွန်းက ပြန်ပြောပြသည်။ ကျွန်မအသံထွက်ပေါ်နေသော အသံချဲ့စက်ကြီးကို လက်ညှိုး ထိုးကာ မေမေ့ဆီသွားမယ်လို့ တစ်ချိန်လုံး အော်ငိုနေခဲ့သည် ဆိုပါ၏။

ကျွန်မတို့နှင့်အတူ စာပေခရီးထွက်ကြရသော အခါကို ဆရာတွေက သမီးကို ဝိုင်းထိန်းပေးခဲ့ကြတာလည်း အမှတ်တရဖြစ်ရပါသည်။ ဟုမ္မလင်း မြို့နှင့် ဥရုချောင်းတစ်လျှောက် ရွှေတောခရီးစဉ်မှာ ဆရာ စိုးဘားဒိုင်က သမီးကို ကူချီပေးခဲ့သည်။ ကြာတော့လည်း သမီးကိုယ်ခန္ဓာအလေးချိန်ကို သူ မထိန်းနိုင်တော့။ လက်ပြောင်းရပြန်သည်။ အပူမရှာချင်ခါမှ လူပျို့ကြီး ခများ ကလေးတပွေ့ပွေ့နှင့် ရှိခဲ့ရရှာပါ၏။ နမ့်တောက ဇာတ်ရုံကြီးထဲမှာ ဟောကြတော့ ကျွန်မဟောပြောနေတုန်း ဆရာတွေက သမီးကို မျက်ခြည်မပြတ် ကြည့်နေရတာလည်း သတိတရဖြစ်ရပါသည်။ ဧည့်ခံထားသော လိမ္မော်သီး အမြှာတွေကို တစ်စိတ်ပြီးတစ်စိတ် စားရင်းက ရေနွေးပူတွေ လောင်းကာ ပျော်ချလိုက်သည်။ ကွာစိပန်းကန်ထဲက ကွာစိတွေကို ဆုပ်ကာ ကြဲပစ်သည်။

ရှိရှည်တွေကို ရေနွေးပန်းကန်လုံးကလေးတွေထဲထည့်ကာ ထိုင်နေကြသော ဆရာတွေကို လိုက်ပေးသည်။ ရေနွေးကုန်တော့ တတ်ဘူးထဲက ငှဲ့ထည့်ပေးဖို့ တောင်းဆိုသည်။ ဆရာတွေခမျာ ရေနွေးတစ်ပန်းကန်ပြီး တစ်ပန်းကန် အေးအောင်မှုတ်ပေးနေရသည်။သမီး သည်လိုသောင်းကျန်းတာကို သူ့အမေကလည်း မဟန့်ရဲ။ ငိုလိုက်မှာစိုး၍ဖြစ်သည်။ ကစားရတာ အိလာတော့ သမီးက ဂျီတွေကျတော့သည်။ ကျွန်မမှာ ဟောရင်းက မြင်နေရတော့ ဟောရတာ စိတ်မဖြောင့်။ ဖအေလုပ်သူက ပွေ့ချီကာ ရုံပြင် ထွက်ရတော့သည်။

ကျွန်မတို့နှင့် ဟောပြောပွဲခရီး အထွက်များသူကတော့ ဆရာညိုထွန်းလူဖြစ်ပါ၏။ သမီးကလည်း ဆရာညိုကို ခင်မင်နေပါပြီ။ မှတ်မှတ်ရရ တပ်ကုန်း၊ တဲမြင့်ဟောပြောပွဲခရီးမှာတုန်းက နေပူလေပူမိသဖြင့် ကျွန်မကိုယ်တွေ ပူကာ ဖျားနေခဲ့သည်။ ညဘက် တပ်ကုန်းမှာဟောပြီး မနက် တဲမြင့်ရွာ ကူးခဲ့ကြသည်။ တဲမြင့်ရွာဦးဆရာတော် ကျောင်းဝင်းကြီးထဲမှာ ပရိသတ်က အပြည့်။ ကျွန်မလည်း နေမကောင်းသည့်ကြားက ကြိုးစားဟောပြောခဲ့ပါ၏။ ဟောပြီးတော့ ကျွန်မတို့အတွက် နေရာချထားပေးသော တရားရိပ်သာကလေးထဲမှာပဲ လဲလျောင်း အနားယူရသည်။ ကျွန်မပြီးတော့ ဆရာညို၊ ဆရာညိုပြီးတော့ ဆရာနေ။ ဆရာနေ ဟောပြောနေစဉ်မှာ ကျွန်မ ခဏတစ်အောင့် အိပ်ပျော်သွားခဲ့သည်။ ဖျတ်ခနဲ နိုးလာလို့ ကြည့်လိုက်တော့ သမီးက ဆရာညိုနှင့် ရိပ်သာရှေ့မှာ ဆော့နေကြတာ တွေ့ရသည်။ သမီးကို ဖန်ခုန်ပြနေသော ဆရာညိုကိုကြည့်ကာ ကျွန်မမှာ ရယ်လည်း ရယ်ချင် အားလည်း နာမိရပါ၏။

အခုတော့ သမီးက အိမ်မှာ ဟောပြောပွဲလုပ်တမ်း ကစားတတ်နေပြီ။ ပဝါကလေး ပခုံးချကာ "ဆရာမ ခင်ခင်ထူး လက်ဆောင် လာယူပါရှင်" လုပ်တတ်နေပြီ။ ကျွန်မက သူပေးသော တစ်ခုခုကို လှမ်းယူသည့်အခါ

လက်ဆွဲနှုတ်ဆက်ရင်း "ကျေးဇူးတင်ပါတယ်ရှင်" ဟု ဆိုတတ်၏။ ပြီးလျှင် "ဆရာကြီးဦးနေဝင်းမြင့် ကြွပါရှင်" တဲ့။

တစ်ခါတော့ လေးနှစ်အရွယ် သမီးငယ်ကို ကျွန်မ မေးကြည့်ဖူးသည်။

"သမီးကြီးရင် ဘာလုပ်မှာလဲ။ ဒက်ဒီအောင်တို့လို ဆရာဝန်ကြီး လုပ်မှာလား၊ မေမေတို့လို စာရေးဆရာမ လုပ်မှာလား"

"သမီးက မင်းသမီးလုပ်မှာ"

ရုပ်ရှင်မင်းသမီးကို ဆိုလိုခြင်းမဟုတ်ပါ။ ကြည်နူးပွင့်တို့၊ အိမ့်ချောင်တို့လို အကမင်းသမီးကလေးလုပ်ချင်ကြောင်း ပြောနေခြင်းဖြစ်သည်။ ဘယ်အချိန်မေးမေး မင်းသမီးလို့ချည်း ဖြေနေတော့လည်း ဟုတ်ရှာလေ မလား တွေးရပြန်ပါ၏။ ကြည်နူးပွင့်အငြိမ့်လို ကလေးမင်းသမီးကလေးတွေ ကသော စီဒီပြားတွေ ဝယ်ပေးရတာလည်း မနည်းတော့ပါ။ ကျွန်မတို့ နှစ်ယောက်စလုံး ဘယ်ဘက်ကမှ သဘင်အကမျိုးရိုးမရှိပါဘဲလျက် ဘယ်က ပါလာသည့် ဝါသနာလည်း မပြောတတ်ပါ။ က တာကဖြင့် အဟုတ်။ မျက်ခုံးမျက်စ၊ ကြာဖူးပါ လက်ထားခြေထားများပင် ပါနေလို့ အံ့လည်း အံ့သြရပါ၏။

ကျွန်မ နှုတ်တိုက်ချပေးသော ကလေးကဗျာတွေလည်း သမီးက ရသည်။ ကျွန်မတို့ ကာရာအိုကေဆိုဖြစ်သည့်အခါ ကြားရဖန်များသော သီချင်းတွေကိုလည်း ရသည်။ သမီးကိုယ်တိုင်လည်း မိုက်ကရိုဖုန်းကိုင်ကာ ရသလောက် ဆိုနေတတ်သည်။ ဒါကတော့ သူ့အဖေကို တူတာပဲဖြစ်မည်။ ရုပ်ရှင်ကားတွေ ကြည့်တော့လည်း တူရာတူရာ ဆွဲတွေးတတ်သည်။ မုတ်ဆိတ်ကြီးတွေပါသည့် သရုပ်ဆောင်ဆိုလျှင် ဘဘငြိမ်းကြီး (ဆရာ ကိုငြိမ်း မန္တလေး)လို့ ပြောသည်။ ကာရာအိုကေစီဒီထဲက ခေါင်းပိုက် ထားသည့် သရုပ်ဆောင်ကို ဘဘချစ်ကြီး (ဆရာချစ်ဦးညို) တဲ့။ လူဝကြီး

မျက်မှန်မည်းကြီး တပ်ထားတာတွေ့တော့ ဘဘသိုက်ကြီး (ဆရာသိုက်ထွန်းသက်) တဲ့၊ ပိန်ပိန်ပါးပါး ခါးကုန်းကုန်းနှင့် တရုတ်အဘိုးကြီးတော့ ကိုတော့ ဘဘရှေးကြီး (ဆရာသင့်ရော်) လို့ ခေါ်ကြပါ၏၊ ကျွန်မတို့၏ ကလေးဘောင်နှင့် ကလေးမိတ်ဆွေများသည် သမီးကလေး၏မိတ်ဆွေများ ဖြစ်နေပြီ။

အရွယ်အလိုက် အသံတွေသွင်းထားသဖြင့် စိတ်အားထက်သန ရှိသည့်အခါ တိတ်ခွေတွေ ပြန်ဖွင့်ကြလျှင် သမီးကို သဘောကျနေတတ်ပါသည်၊ မပီကလာသီကလာရှုပ်ပြနေသော သူကျော့ရှုတ်သံကို သူ ပြန် သဘောကျနေတတ်သည်။

"အပ်နိုက် အသန် ရောက်ကြီးက ကြာတင်စီးလော်ကာ မိုးနဲ့ရွာမဲ့"

"ကောက်နိုက်အပြန်ပါ သမီးရဲ့"

တိတ်ထဲကထွက်လာသည့်အသံကို သဘောကျလွန်း၍တော၊ 'အပ်နိုက်အသန်တဲ့၊ သမီးငယ်ငယ်က ရယ်ရတယ်' ဆိုတာပင် ပါသေးသည်၊ တစ်ခါတစ်ရံတော့လည်း စည်သည်ဆောင်သည်လာလို့ ကရော်ကျော်ပြပါဦး သမီးရဲ့၊ ကပြလိုက်ပါဦး သမီးရဲ့ ဆိုလျှင် တည်တည်ကြီး လုပ်ချင် လုပ်နေတတ်သည်။ ကျွန်မတို့က မနိုင်းဘဲ ကျုံးသော်နေတာမျိုး၊ ကျွေးနေဆောင် ကတာမျိုး လုပ်ချင်လည်း လုပ်နေပြန်ပါ၏။ တစ်ခါတစ်ရံ ထူးဆန်းသော စကားလုံးတွေ သမီးနှုတ်က ထွက်ကျလာတတ်သည်၊ တစ်ခါတော့ ကောင်းကင်မှာ တိမ်တွေ အချင်တန်းကာ အပြားလိုက်ကြီးဖြစ်နေတာကို မြင်လာသဖြင့် အိမ်ထဲ ပြေးဝင်လာသည်။

"ပါပါရေ လာကြည့်စမ်း၊ မိုးပေါ်မှာ နတ်သမီးလေးက ဝဲမြက်စည်း လှည်းထားတာတော်"

ကျွန်မတို့ ထွက်ကြည့်တော့ ကောင်းကင်မှာ တိမ်တွေ ဘရပ်ရှ်ဖြင့် ဆွဲထားသလို အပြားလိုက် စုတ်ချက်တန်းကြီးဖြစ်နေတာ တွေ့ရသည်။

လျှပ်စီးတွေ လက်ပြန်တော့ "မိုးပေါ်မှာ မိုးရွာမယ့် မီးတွေ တောက်နေပြီ" တဲ့။ မိုးခြိမ်းသံကြားတော့ "မိုးပေါ်မှာ ဘာတွေလွတ်ကျတာလဲ မသိဘူး၊ ပန်းကန်တွေ ကွဲကုန်ပြီထင်တယ်ဟော့" လို့ ဆိုပြန်ပါ၏။

တစ်ခါတော့ ပူလွန်း အိုက်လွန်းသဖြင့် ကျွန်မက ညည်းမိသည်။

"ပူလိုက်တာတော်၊ မိုးကလည်း မရွာဘူး"

"မိုးက ဘယ်ရွာမှာလဲ မေမေရဲ့၊ အခုမှ သိကြားမင်းကြီးက ရေတွေ စုနေတုန်းရှိသေးတာ"

ကျွန်မ ဈေးကအပြန် ဈေးခြင်းတောင်းချပြီး ငါးကြင်းတစ်ကောင် အကြေးထိုးနေတာကိုကြည့်ရင်း "မေမေ အဲဒါ ငါးပလတ်စတစ်တွေလား" တဲ့။ ငါးအကြေးခွံတွေကို သမီး ပြောနေခြင်းဖြစ်ပါ၏။ ညတုန်းက သူ့ကို တစ်ခုခု ကတိပေးထားမိလျှင် မနက်လင်းတော့ အတင်းပူဆာတတ်သည်။

"မေမေ၊ ည မနက်ဖြန်တုန်းက သမီးကို ယိုယိုဝယ်ကျွေးမယ်ဆို"

မနေ့ညလို့ သူ မသုံးတတ်တော့ ညမနက်ဖြန်တဲ့။ စကားပြောမယ့် ပြောတော့လည်း ပေါင်းလန်အောင် ပြောတတ်သည်။ ကျွန်မခင်ပွန်း၏ မိခင်ကလည်း စကားပြောကောင်းသည်ဟု သိရပါသည်။ ကျွန်မအမေကတော့ ဆိုစရာမရှိပြီ။ နားထောင်ပေးမည့်သူရှိလို့ကတော့ နေကုန်ပြောနိုင်သည်။ သည်ဘွားအေကြီးနှစ်ယောက်၏အမွေ ပါလေသလား မသိ။ ကျွန်မတို့က သမီးကို ဘွားအေနှစ်ယောက်နာမည်တပ်ကာခေါ်လျှင် သမီးက သူ စကားများခြင်းကို ဆိုလိုကြောင်း သဘောပေါက်သည်။ 'ဒေါ်သိန်း' 'ဒေါ်မြတင်' ဆိုလိုက်လျှင် 'စကားပဲ ပြောမှာပေါ့အေ' တဲ့။ စကားလုံးတွေကလည်း ကြီးကျယ်သည်။ မရပ်မနားလည်း ပြောနိုင်သည်။ သူစကားပြောနေတုန်း ကျွန်မတို့ဇနီးမောင်နှံက စာပေကိစ္စ၊ အိမ်ကိစ္စ၊ ရွာကိစ္စ ရပ်ကိစ္စ ပြောဆိုနေသည့်အခါမျိုးတွင် ပါးစပ်တွေ လိုက်ပိတ်တတ်သည်။ နားညည်းလို့ ပါအေ၊ စကားတွေ မပြောကြစမ်းပါနဲ့တဲ့။ ကျွန်မတို့ စကားပြောနေလျှင်

သံသေး သံကြောင်တွေ အော်သည်။ ကဗျာတွေ ကောက်ရွတ်တော့သည်။ ကျွန်မတို့က ပြောလက်စ စကားကိုရပ်ကာ သူ့စကား နားထောင်ပေးရပါ၏။

နောက်ပေးမှာ ကျွန်မချက်ပြုတ်နေလို့ ခေါ်သံမကြားဖြစ်နေလျှင် ပထမတော့ မေမေရေလို့လှမ်းခေါ်သည်။ ထူးသံမကြားတော့ "ခေါ်ထူးထူးရေ ခေါ်နေတယ်ဟဲ့" တဲ့။ ဒါမှမကြားသေးလျှင် "ခင်ခင်ထူးရေ" ဟု အော်လေတော့သည်။ တစ်ခါတလေ ကျွန်မအဖေခေါ်သလို "ရှင်ထူးထူး" တဲ့။ သူ့အဖေကိုလည်း "ဦးနေဝင်းမြင့်ရေ၊ ဗျို့ စာရေးဆရာကြီး" စသည်ဖြင့် ခေါ်တတ်သည်။ တစ်ခါတလေကျ "ဘိုးတော်" တဲ့။

မီးဖိုထဲ ကျွန်မ ချက်ပြုတ်နေတာကို စိတ်ဝင်တစားလာကြည့်သည့်အခါ ကျွန်မက "သမီးကြီးလာရင် မေမေတို့ကို ပြန်ချက်ကျွေးရမှာနော်၊ မေမေသင်ပေးမယ်" ဆိုတော့ တစ်ခွန်းတည်း တုံ့ပြန်သည်။ "ချက်ကျွေးနိုင်ပေါင်တော်၊ မောလွန်းလို့" တဲ့။

သမီးက ကျွန်မတို့လူကြီးတွေပြောပြသည့် စကားတွေ နားထောင်နေတတ်သည်။ အသုံးအနှုန်းတွေကို မှတ်ထားသည်။ အကြောင်းတိုက်ဆိုင်လျှင် ဆီရာလျော်ရာ ပြန်လည်အသုံးချနိုင်တာကို ကျွန်မတို့ အံ့သြရသည်။ ကျွန်မက သူ့ကိုသုံးသည့်စကားတွေကို မှတ်ထားကာ ကျွန်မတို့ကို အကွက်ဆိုက်လျှင် ပြန်တွယ်တော့သည်။

"ပါပါတို့ မုန့်တွေ ကုန်အောင်စားနော်၊ အဟောသိကံ မဖြစ်စေနဲ့"

"အိမ်ရှေ့မှာ ရေတွေ လျှံကျကုန်ပြီ၊ လက်လွှတ်စပယ်တော်"

"နေပူလိုက်တာ ဝက်ဝက်ကွဲလို့၊ သမီးတော့ ချွေးပြန်တော့မှာပဲ"

"မေမေရေ ညည်းပါပါ မြို့ထဲသွားတာ ကြာလိုက်တာ။ ဘဘညီတို့နဲ့ ရှင်လောင်းလှည့်နေတာ နေမှာပေါ့"

အဟောသိကံတို့၊ လက်လွှတ်စပယ်တို့၊ ဝက်ဝက်ကွဲတို့၊ ရှင်လောင်းလှည့်တို့လို စကားလုံးတွေထည့်ပြောမှ ကျွန်မတို့ပြောသမျှ မှတ်ထားရှာပါ

လားလို့ သတိထားမိလိုက်သည်။ ဒါကြောင့် အိမ်မှာ မသင့်ရာ၊ မလျော်ရာ အသုံးမျိုး မသုံးမိရန် ကျွန်မတို့ သတိထားကြရပါသည်။ သည်အရွယ်က ကောင်းတာရော၊ မကောင်းတာရော သူ့ဦးနှောက်ကလေးထဲ အကုန်စုထည့်နေသည့် အရွယ်မဟုတ်လား။ သူ့အဖေအကြောင်း ကျွန်မကို တစ်ဆင့်ခံ ပြောလျှင် ညည်းပါပါ လို့ သုံးတတ်သည်။ ကျွန်မအကြောင်း သူ့အဖေကို ပြောတော့ 'ညည်းအမေကလေ' တဲ့။

ကျွန်မ မိဘမောင်ဖွားများနေထိုင်ရာ မန္တလေး မြစ်ဆိပ် ချော်ဆိပ် ရပ်ကိုသွားလျှင် ကားငှားသွားကြရပါသည်။ ကျွန်မအမေက "ညည်းတို့ လာတာ အမေ ဝမ်းသာပါသအေ။ ကားငှားခက အသွားအပြန် ရှစ်ထောင်၊ တစ်သောင်းဆိုတာကတော့ အမေနမြောပါ့။ ထမ်းပိုးထက် လက်ခကြီးလို့အေ" လို့ ညည်းသည်။ ဒါကို သမီးက မှတ်လာခဲ့သည်။ တစ်ရက် ကျွန်မတို့ မြို့ထဲသွားစရာရှိသဖြင့် တက္ကစီအိမ်ကို ကျွန်မ ဖုန်းဆက်တာကြားသည်နှင့် အပြေးရောက်လာသည်။

"မေမေရယ် ကားမငှားပါနဲ့၊ ထမ်းပိုးထက် လက်ခကြီး၊ သမီးဖြင့် နမြောပါ့"

ကျွန်မတို့မှာ ရယ်လိုက်ရတာ။ ထမ်းပိုးဆိုတာလည်း မသိ၊ လက်ခ ဆိုတာလည်း မသိ၊ နမြောတာလည်း မသိပါဘဲ သုံးလိုက်ခြင်း မဟုတ်လား။

တစ်ခါတလေတော့လည်း စိုက်မိစိုက်ရာ။ ဒီဗီဒီစက်ကို ဖွင့်တတ်နေပြီဆိုတော့ သူ့ဟာသူ ခေတ်ပြားရွေး၊ ထည့်ကြည့်တတ်သည်။ မစ္စတာဘိုးန် ဆိုလျှင် တောက်လျှောက် မစ္စတာဘိုးန်၊ ဂျက်ကီချန်းဆိုလျှင် ဂျက်ကီချန်း၊ Barbie ဆိုလျှင် Barbie။ ဘယ်အချိန်ကြည့်ကြည့် သူ့စိတ်ထဲ ထင်ရာ မကြာခဏကြည့်တတ်သည်။ သည်ရက်ထဲမှာတော့ 'ကျွဲပွဲ' ဗီဒီယိုကားကို စွဲနေပြန်ပြီ။ ဘယ်နခါရှိမှန်းပင် မသိ။ ပြီးတော့ ခေတ်ပြားနှစ်ချပ်မှ စီဒီ ဘီ အပိုင်းကိုသာ ကြည့်သည်။ စီဒီ အေ အပိုင်းကို တစ်ခါလားပဲ ကြည့်တာ

သတိထားမိသည်။ ဘာကြောင့်မှန်းလည်းမသိ။ သမီးစိတ်ထဲ မကြိုက်တာပါလို့ ဖြစ်ပါလိမ့်မည်။ ဇာတ်ကားတွေမှာ လုံးထွေးသတ်ပုတ်တာ၊ ငိုတာ၊ ရဲ့မြမ်းတာ၊ ရက်စက်တာတွေပါလျှင် မကြည့်ချင်တာကို ကျွန်မ သိပါသည်၊ ကျွဲပွဲမှာ ဘာများပါလို့ပါလိမ့်။

"သမီးက ဘိချည်း ကြည့်နေတာလား၊ အေပါ ကြည့်မှပေါ့"

"အေက ခဏခဏ ထစ်ထစ်နေလို့"

ကျွဲပွဲကတော့ အခုတစ်လော အာရုံကျရာဖြစ်နေပြန်ပြီ။ အိမ်က သော့တွဲကို ဘောင်းဘီခါးကြားညှပ်ပြီး ဖအေ့အနားသွားကာ သော့တွဲကို လှုပ်ပြရင်း "ပါပါ ဒါ ဘာလဲ သိတယ်နော်" လုပ်နေတော့သည်။ ကျွဲပွဲဇာတ်ကားထဲက စိုးပြတ်သူ့ဇာလုပ်သလို လိုက်လုပ်နေခြင်းဖြစ်သည်၊ သည်လိုကြည့်နေလို့ ဗီဒီယိုဖွဲ့နေပြီ မထင်ပါနှင့်။ လှည့်မကြည့်တော့ဘူး ဆိုလျှင်တော့ ဇာတ်ပြားတွေက အိမ်အနှံ့ တစ်ပြားစီလိုက်ကောက်ရုံသာ၊

သမီး နှမြောတတ်တာကိုလည်း ပြောချင်ပါသည်။ အိမ်မှာ သမီးအတွက် မုန့်တွေ၊ အဝတ်အစားတွေ အမြဲပြည့်ပြည့်လျှံလျှံ ရှိနေတတ်ပါသည်။ အိမ်ကိုလာလည်ကြသော မိတ်ဆွေများ၊ ဧည့်သည်များသာမက ကျွန်မတို့နှင့်ရင်းနှီးသော စာပေမောင်နှမများက သမီးအတွက် မုန့်တွေ ပါလာတတ်ကြပါ၏။ ဧည့်ကလည်း မပြတ်တော့ မုန့်ကလည်း မပြတ်။ တချို့က သမီးအရွယ်ကိုမှန်းကာ အင်္ကျီ၊ ဘောင်းဘီကလေးတွေပင် လက်ဆောင်ပေးကြသည်။ သည့်အတွက် ဝမ်းလည်း သာရ၊ ကျေးဇူးလည်း တင်ရပါ၏၊ မုန့်တွေဆိုတာ ကြောင်အိမ်အပေါ်ထပ် တစ်ထပ်လုံးအပြည့်။ သမီးက ဇာတ်မကျလျှင် စားချင်မှ စားသည်။ ထိုအခါ သမီးဆီ လာကစားကြသော ကလေးအဖော်တွေကို ဝေရမျှရ ကျွေးရသည်။ အဲသလိုကျွေးလျှင်တော့ သူ့ခွဲတမ်းပါ အလျှော့မခံ။ သမီးပါစားမယ် ဖြစ်တော့သည်။ အများစားသလို လိုက်စားသည်။ သူချည်းသက်သက်ကျွေးလျှင် စားချင်မှစားပါ၏။ ကျွန်မတို့

အိမ်မှာ မနက်ပိုင်း သန့်ရှင်းရေး လုပ်ပေးသည့် မိန်းကလေးကို ဟင်းချက်စရာလို၊ ဟင်းလိုထမင်းလို၊ လက်ဖက်လို မုန့်တွေလို ထည့်သိုပေးလိုက်လျှင်လည်း အိမ်ဝက ဆီးပြီး စစ်ဆေးတတ်သည်။

"နေပါဦး နေပါဦး၊ ဘာတွေများ ယူသွားတာတုံး၊ ပြစမ်းပါဦး။ မေမေ လက်ဖက်သုပ်တွေ သမီးကြိုက်တယ်လေ၊ ဘာလို့ပေးလိုက်တာလဲ"

အထုပ်ကိုဆွဲထားရင်း အော်တာမျိုး၊ ငိုတာမျိုး လုပ်နေလို့ အားနာရပေါင်း များပြီ။ သမီးနှင့်မတော်တော့သည့် အဝတ်အစား၊ ဖိနပ် စသည့် အသုံးအဆောင်ပစ္စည်းကလေးများ အမယ်စုံကို ကြွပ်ကြွပ်အိတ်နှင့်ထည့်ကာ မြစ်ကမ်းနား သဲစုက ကလေးတွေကို ကျွန်မတို့ သွားဝေသည့်အခါမျိုးမှာတော့ ကလေးချင်းမို့လားမသိပါ။ သမီးက ဝမ်းသာနေတတ်သည်။ တစ်ခါတစ်ရံ သူ့ကို အဝတ်အစားလဲပေးလျှင် "သည်အင်္ကျီက သမီးနဲ့ ငယ်သွားပြီ။ သဲစုက ကလေးတွေ ပေးလိုက်တော့နော် မေမေ" ဆိုတတ်ပြန်ပါ၏။

သမီးအကြောင်းကတော့ ပြောလျှင် ကုန်ဖွယ်မရှိ။ သမီးပြောလိုက်လို့ စိတ်ဝမ်းသာရတာလည်း ရှိ၊ စိတ်မကောင်းဖြစ်ရတာလည်း ရှိပါ၏။

"မေမေ ကမ္ဘာလောကကြီးထဲမှာ သမီးတစ်ယောက်တည်းနော်၊ ပျင်းလိုက်တာ"

သမီးက မောင်နှမတွေမရှိဘဲ သူတစ်ယောက်တည်း ဖြစ်နေတာကို ဆိုလိုတာဖြစ်သော်လည်း ကျွန်မမှာ မျက်ရည်ကျယူရသည်အထိ စိတ်မကောင်းဖြစ်ရသည်။ တွေးစရာတွေလည်း အများကြီးရစေခဲ့သည်။ သမီးကလေးက ငယ်ငယ်၊ ကျွန်မတို့မိဘတွေက အသက်တွေရကြပြီ။ သည်ထက် ဆက်တွေးလျှင်လည်း တွေးသလောက် ကျယ်ပြန့်သည်မဟုတ်လား။ သမီးတစ်ယောက်တည်း ဆိုသည့်စိတ် မပေါ်အောင် သမီးနှင့် ကစားရပေါင်းလည်း များလှပြီ။ ရေးလက်စ စာတွေကို ပစ်ချကာ ပုဇွန်ဆိတ် ဆိတ်ဆိတ် မောင်ရင် လာရင် တံခါးပိတ် ဂျိတ် ရတာလည်း များလှပြီ။

၄

သမီးနှင့်ပတ်သက်၍ အမှတ်ထင်ထင်ဖြစ်ရသော အကြောင်းအရာများထက် သမီးကိုယ်တိုင်က ကျွန်မတို့မိသားစုအတွက် လာခြင်းကောင်းသူကလေးဟု ကျွန်မ ပြောချင်ပါ၏။ သမီးမမွေးခင်က ကျွန်မတို့ဝင်ငွေမှာ စာရေးခြင်းမှ ရသော ဝင်ငွေသာဖြစ်၍ သမီးမွေးပြီးတော့လည်း စာရေးခြင်းမှ ရသော ဝင်ငွေကိုသာ မှီခိုရတာလည်း မှန်ပါ၏။ သို့သော်လည်း သမီးကလေး ပေါ်ပေါက်လာခဲ့ချိန်မှာတော့ ကျွန်မတို့အတွက် အထိုက်အလျောက် အမောတွေ ပြေလျော့လာခဲ့ရသည်။ အိမ်ကလေး ဝင်းကလေးနှင့် ဖြစ်လာခဲ့ရသည်။ စာတွေလည်း ပိုရေးဖြစ်လာခဲ့ပါ၏။ သမီးရဲ့ကုသိုလ်ပဲလား။ ကျွန်မအမေကတော့ "ညည်းနှယ် သားသမီးပေမဲ့ အကျိုးပေးတဲ့ သားသမီး၊ အကျိုးမပေးတဲ့ သားသမီးရယ်လို့ ရှိတယ်။ ညည်းသမီးကလေးက အကျိုးပေးလိမ့်မယ်" ဟု မင်္ဂလာရှိသော စကားကို ပြောဖူးပါ၏။ ကျွန်မတို့ ခင်မင်လေးစားရသူတွေကလည်း သည်သဘောမျိုး ပြောကြသည့်အတွက် ကျွန်မ ဝမ်းသာမိပါသည်။

တစ်ရက်က ကျွန်မတို့မိသားစု လှူထုတိုက်ကိုရောက်ကြသည်နှင့် အမေ လှူထုဒေါ်အမာကို ဝင်ကန်တော့ကြပါသည်။ အသက်ကိုးဆယ်ကျော် အမေက သမီးကို ကြည့်ကာ "ခင်ခင်ထူးရယ် ပေးစမ်း ညည်းသမီးကလေး ငါ ပွေ့စမ်းမယ်" ဟု ပြောလေရာ ကျွန်မတို့က ကိုယ့်သမီးအကြောင်းကို ကိုယ်သိသဖြင့် "အမေရယ် ပင်ပန်းနေပါ့မယ်။ အမေ မနိုင်ဘူးရယ်" ဟု ပြောမိသည်။ သမီးက အရွယ်နှင့်မလိုက်အောင် ကိုယ်အလေးချိန်ရှိသူကလေး ဖြစ်သည်။ တော်ရုံတန်ရုံ ချီပွေ့ဖို့ မလွယ်ပါ။ "ငါ ကလေးငါးယောက် မွေးလာတာပါအေ၊ ချီတတ်ပါတယ်" ဆိုတော့ အမေ့ကို ကလေးထိုးပေးလိုက်ရသည်။ အမေက ထိုင်လျက်က ချီတော့ ဆရာညီပုလေးက ဓာတ်ပုံရိုက်ပေးပါသည်။ အခုတော့ သည်ဓာတ်ပုံက အဖိုးမဖြတ်နိုင်တော့ပြီ။ အမေက ကလေးကို ပြန်ပေးရင်းက မှတ်မှတ်သားသား စကားဆိုပါသည်။

"ငါ့မှာ ကလေး ငါးယောက်နဲ့ အိမ့်ဝတ္တရားရော၊ သားသမီး ဝတ္တရားရော၊ သတင်းစာကိစ္စရော ခေါင်းပေါ်တင်ရတာ ပင်ပန်းပြီးကောအေ။ ဒါပေမဲ့ အမေ စာတော့ ရအောင်ရေးတယ်။ ညည်း စာရေး မပျင်းနဲ့။ အိမ်အလုပ် အကြောင်းပြ၊ ကလေးအကြောင်းပြ မလုပ်နဲ့။ အနည်းဆုံး ကိုယ့်စာ တစ်လ တစ်ပုဒ် ပါပါစေ"

ကျွန်မမှာ ပင်ကိုအားဖြင့် စာရေးရန် သွက်လက်ချင်လှတာ မဟုတ်ပါ။ စာတစ်ပုဒ်ကို အကြမ်းရေး၊ အချောကိုင်၊ ပြီးရင် အသစ်ပြန်ကူး ရသော ကျွန်မစာရေးနည်းကို ကျွန်မ အားမရသော်လည်း သည်လို အကျင့် ပါနေလေတော့ စာတစ်ပုဒ် နှစ်ခါသုံးခါထိရတာကို ပျင်းချင်ချင် ဖြစ်မိ တာလည်း အမှန်ပင်။ အမေက သည်လိုအားပေးပြန်တော့ ကျွန်မမှာ ခွန်အား ဖြစ်ရပါသည်။ ဟုတ်သားပဲ အမေ စာတွေအများကြီး ရေးခဲ့တာပဲ။

ကျွန်မတို့ဇနီးမောင်နှံမှာ အိမ်သားက အိမ်ဦးနတ်ဆိုတော့ မိုးလင်း တာနှင့် သတင်းနားထောင်၊ ကော်ဖီသောက်၊ ရေမိုးချိုးပြီးသည်နှင့် စာရေး စားပွဲ ထိုင်တော့သည်။ အကြောင်းအရာမျိုးစုံ၊ ဘာသာရပ်မျိုးစုံ စသဖြင့် ချက်ချင်းတောင်းစာမူတွေကို မထစတမ်း ရေးနေတတ်သည်။ စာရေးခြင်းနှင့် ပတ်သက်၍ ကျွန်မအိမ်သားကိုလည်း ကျွန်မ အားကျမိပါ၏။ ကျွန်မ မှာတော့ တစ်နေ့တစ်နေ့ စာတွေရေးလိုက်မဟဲ့ဆိုသော်လည်း ချက်ဟယ် ပြုတ်ဟယ်က တစ်ဖက်၊ မိရေးဖရေးက တစ်ဖက်၊ လူမှုရေးတွေက တစ်ဖက်၊ သမီးဝေယျာဝစ္စက တစ်ဖက်ဆိုတော့ နေ့လယ် မွန်းတိမ်းမှ စာရေးစားပွဲကို ရောက်ရပါသည်။ တစ်ခါတစ်ရံ ဧည့်သည်ဆက်နေလျှင် စာတစ်လုံးပင် မကျတော့။ ညဘက် သမီးစောစောအိပ်လျှင် ရေးဖို့ စဉ်းစားသော်လည်း သမီးက မျက်လုံးခိုင်သူကလေးဖြစ်သည်။ နေ့ခင်းနေ့လယ် အိပ်တာမျိုးလည်း မရှိ။ အိမ်အပြင်ထွက်ကစားလိုက်မယ်လို့လည်း မရှိ။ ရွယ်တူ ကလေးတွေ ရှိရာအိမ် လွှတ်တော့လည်း မသွားချင်။ ဖအေထက် မအေကို ပိုကပ်သည်။

ကျွန်မနှင့် ကစားချင်သည်။ ကျွန်မနှင့် စကားပြောချင်သည်။ ကျွန်မနှင့် တပူးတွဲတွဲနေချင်သည်။ ကျွန်မကို သူသိချင်တာတွေ မေးသည်။ တစ်ခါ တစ်ခါ မကစားလျှင်လည်း အိပ်ရာပေါ် ခင်းထားသော အခင်းပေါ်က အရောင်တွေ လက်နှင့်ထောက်ပြရသည်။

"ဒါက အစိမ်း၊ ဒါက အနီ၊ ဒါက အဝါ၊ ဒါက အပြာ၊ ဒါက အနက်"

"အနက်မဟုတ်ပါဘူး မေမေရဲ့ အမည်းပါ"

သမီးအပြောကြောင့် ကျွန်မ ပြုံးမိသည်။ သမီးက ဉာဏ်ရည် ကောင်းသလောက် ကတ်သီးကတ်သတ်လည်း မေးတတ်တွေးတတ်သူ ကလေးဖြစ်သည်။ ညတိုင်လျှင် ကျွန်မက ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးကို ဦးချပြီးမှ အိပ်စေပါ၏။ ကျွန်မတို့ အိမ်ဦးခန်းက ဘုရားစင်ပေါ်က ဘုရားဆင်းတုတော်ကို သမီးက နေ့တိုင်း ကန်တော့နေကျ။ တစ်ရက်တော့ တီဗီကြည့်ရင်းက ထမေးလေသည်။

"မေမေ ဘုန်းကြီးတွေကလည်း ဘုရားကန်တော့ရတာပဲလား"

တီဗီထဲမှာ တွေ့လာခဲ့လို့ဖြစ်ပါ၏။

သမီးနှင့် ကျွန်မ တစ်ခါတစ်ခါ အော်ရ ငေါက်ရတာလည်း ရှိပါသည်။ ကျွန်မ စာရေးကောင်းတုန်း ခဲတံချွန်ပေးပါဦး၊ မျဉ်းသားပေးပါဦး၊ မုန့်ယူပေးပါဦး၊ ဘယ်ဂါဝန် ထုတ်ပေးပါဦး၊ ဘယ်အရုပ်ကလေး မတွေ့လို့ ရှာပေးပါဦး စသဖြင့် စိတ်ကူးပေါ်ရာ ဂျီထိုးနေတတ်သဖြင့် စိတ်မရှည် ဖြစ်ရသည်လည်း အကြိမ်ကြိမ်။ ကျွန်မက မထလျှင် သူ့အဖေ စာရေးရာ သွားတော့မည်။ ကျွန်မတို့ရေးလက်စစာမူတွေပေါ်မှာ ဝလုံးတွေ၊ ရုပ်ပုံတွေ ဆွဲသွားတတ်သဖြင့် ဖျက်ရတာလည်း များပြီ။ တစ်လုံးစ နှစ်လုံးစဆိုလျှင် correction pen နှင့် ဖျက်လို့ရသော်လည်း တစ်မျက်နှာလုံး မွစာကြဲသွားလျှင်တော့ အသစ်သာကူးပေတော့။ တစ်ခါတလေ သူ့စိတ်ထဲ ကျွန်မတို့ ဘာတွေများရေးနေကြပါလိမ့် တွေးမိပုံပေါ်သည်။

"မေမေတို့က ဘာတွေရေးနေကြတာလဲ"

"စာတွေပေါ့ သမီးရဲ့"

"စာ ဘာလို့ရေးတာလဲ"

"စာရေးမှ ပိုက်ဆံရတာလေသမီးရဲ့။ ပိုက်ဆံရတော့ သမီးလေးဖို့ မုန့်တွေ၊ ဂါဝန်ကလေးတွေ ဝယ်ပေးဖို့ပေါ့"

"မုန့်တွေ၊ ဂါဝန်တွေက တီတီတို့၊ အန်တီပီးမီးတို့ ဝယ်ပေးသားပဲ"

ကျွန်မ ဘာပြောရမှန်းမသိ။ တစ်ခါတလေ ကျွန်မစာရေးသည့် အနား လာရပ်ကာ ငုံ့ကြည့်သည်။ စာမှုအောက်နားလောက်ကို လက်ထောက် ပြကာ "သည်နားရောက်ရင် တော်တော့"ဟု ဆိုတတ်သည်။ ကျွန်မဆက်ရေးလို့ နောက်တစ်မျက်နှာကူးသွားလျှင် ကစားရာကိုင် ပြေးလာပြီး စာရွက်ကို ကြည့်သည်။ "ဟော အများကြီးဖြစ်သွားပြန်ပြီ"တဲ့။ စာမျက်နှာအောက်ဘက်မှာ စာကြောင်းလွတ်တွေ များများကျန်တာကို ပြောခြင်းဖြစ်သည်။ အဲသလို ဆိုပြန်တော့ သမီးကလေးကို သနားလွန်း၍ စာရေးစားပွဲက ထရပါ တော့သည်။ စာရေးနေရင်းက သူ့ကိုနိုင်းလျှင် လုပ်ချင်မှ လုပ်ပေးတတ်သည်။

"သမီးလေး မေမေ့ကို ပါပါ့စားပွဲပေါ်က ချုပ်စက်ယူပေးနော်"

"ကိုယ့်ဟာကိုယ် ထယူကြအေ၊ ကျုပ်ဖြင့် မအားရတဲ့ကြားထဲ"

"သမီးက လိမ္မာပါတယ်၊ ယူခဲ့"

"မလိမ္မာပါဘူးအေ"

ကျွန်မ ခြံပဝါကို ပခုံးပေါ် စုံချကာ ယပ်တောင် တဖျပ်ဖျပ်ခတ်ရင်း အဘွားကြီးအိုလေသံဖြင့် တစ်ခွန်းမခံ ပြန်ပြောနေခြင်းဖြစ်သည်။ ကျွန်မမှာ ရယ်လည်း ရယ်ချင်၊ မထလို့ကလည်း မဖြစ်တော့ ထရတော့သည်။ ကျွန်မ အိမ်သားက သမီးကို လှမ်းချော့သည်။

"ကလေးကို လုပ်ပေးချင်အောင် နိုင်းမှပေါ့။ သမီးက မယ်လိမ္မာ လေးပဲဟာ။ သမီးရေ ပါပါ့ဖို့ ရေခပ်ခဲ့ပါဦး"

"လာပြန်ပြီတစ်ယောက်၊ ကိုယ့်ဟာကိုယ် ခပ်သောက်တော်"

'တော်' တွေ၊ 'အေ' တွေနှင့်ပြောတာကို သဘောကျလို့ စကြရတာလည်း ရှိ၏။ လုပ်ပေးချင်တော့လည်း မခိုင်းဘဲ ရေခပ်လာတာမျိုး၊ ချုပ်စက်ယူလာတာမျိုး လုပ်ချင် လုပ်သည်။ ကျွန်မ စာရေးစားပွဲပေါ်မှာ အိုးပုတ်တွေ အရုပ်တွေ ပုံဆွဲစာအုပ်တွေ ရောင်စုံခဲတံတွေ ကလစ်တွေ တန်းစီပြီး လာတင်ထားတတ်သည်။ အိမ်ရှေ့က သစ်ပင်တွေ၊ ပန်းပင်တွေက တစ်ပင် တစ်ဆုပ်ခူးလာကာ စားပွဲပေါ်မှာ ဟင်းချက်တမ်း ကစားသည်။ တစ်ခါတလေ ကျွန်မစာရေးသည့်နေရာ ကွက်ကွက်ကလေးပဲရှိရာ အိုးပုတ် ချိုးရုပ် သစ်ရွက် သစ်ခက်တွေကြား လက်ဝင်လျှိုကာ ရေးရသည့်အခါလည်း ရှိပါသည်။

အိမ်ရှေ့မှာ ပွင့်နေကြသည့် စံပယ်ပွင့်ကလေးတွေ၊ ယုဇနပွင့်ကလေးတွေ၊ ခရာဝါပွင့်ကလေးတွေခူးကာ ဘုရားစင်ရှေ့က ကြမ်းခင်းပေါ်ပုံချ၊ ပဝါစုံချပြီး မျက်စိ စုံမှိတ်နေတာမျိုး၊ အိုးပုတ်ထဲ ရွှံ့တွေ၊ ကျောက်ခဲတွေထည့်ကာ ဘုရားစင်ရှေ့ ကန်တော့နေတာမျိုးကလည်း စိတ်ကူးရတိုင်းလုပ်နေကျ။ ဝတ်ဖြည့်နေတာကလည်း အကြိမ်ပေါင်းများစွာ။ အိမ်ကို ဘုန်းကြီးရဟန်း ကြွလာလို့ ကျွန်မတို့က ထိုင်ကန်တော့လျှင် သမီးကပါ လိုက်ကန်တော့သဖြင့် ဝမ်းသာရပါ၏။ တစ်အိမ်လုံး ခြေချစရာမရှိအောင် ပြန့်ကြဲနေလို့ စာရေးရာက ထ ထ ရှင်းရတာကလည်း အလုပ်တစ်ခုပင်။ တစ်ခါတစ်ရံ စည့်သည်လာလို့ ထိုင်စရာမရှိ။ ဆက်တီခုံတွေပေါ်မှာ အရုပ်တွေ၊ ကစားစရာတွေဆိုတာ ပွစိကြီး တက်လို့။

သမီးနှင့် ကျွန်မ သည်လိုစခန်းသွားခဲ့ရတာ သမီးပင် အသက်လေးနှစ် ပြည့်တော့မည်။ သမီးကို မူကြိုထားဖို့ စဉ်းစားကြရပြီ။ ကျွန်မတို့နေသော မန္တလေး မြို့သစ်မှာ မူကြိုတွေ များပါသည်။ သူ့ရှုန်းနှင့်သူများတာလည်း ရှိ၊ နည်းတာလည်း ရှိ။ ကျွန်မတို့ စဉ်းစားတာက တစ်မျိုး။ အိမ်နှင့် မနီးမဝေးမှာပဲ ထားချင်သည်။ စာတွေ၊ ကဗျာတွေ၊ ကွန်ပျူတာတွေ

တတ်ဖို့ထက် အများနှင့် ရောနှောနေတတ်ခြင်းကို ကျွန်မတို့ အဓိက စဉ်းစားရပါသည်။ ကလေးဦးနှောက် သေးသေးကလေးထဲ အလိုလို စီးဝင်တာမျိုးမဟုတ်ဘဲ ရိုက်နှက်ထုထောင်းပြီး ထည့်ရမှာကို စိုးရိမ်သည်။ မူကြိုသည်ပင်ယဉ်ကျေးမှုလိုဖြစ်နေတော့ ကျွန်မတို ကြီးသလို ကြီးစေချင်ပေမဲ့ ပို့တာတော့ပို့ရပါမည်။ အနားမှာ နာမည်ကြီးမူကြိုတွေ ရှိပါ၏။ တော်တော်ဝေးဝေးမှာအထင်ကရ မူကြိုတွေလည်း ရှိသည်။

ကျွန်မတို့အိမ်နှင့် အနီးဆုံး မူကြိုကတော့ လမ်းမကြီးကို ဖြတ်ကူးရုံနှင့် ရောက်ပါသည်။ နောက်တစ်ခုကတော့ အိမ်နှင့် တစ်ပြသာသာလောက်သွားရသော ရိုမန်ကက်သလစ် သီလရှင်များက ဖွင့်သော မူကြိုဖြစ်၏။ ထိုမူကြိုကိုပဲ ကျွန်မတို့ ရွေးလိုက်ကြသည်။ သမီးကလေး လေးနှစ်ပြည့်သည့်နှစ်မှာ မူကြို ပို့ရတော့မည်။ မွေးကတည်းက တပွေ့ပွေ့ တပိုက်ပိုက် ရှိခဲ့ရသော၊ မအေနှင့် မခွဲစတမ်း တပူးတွဲတွဲ မြစ်ကူးချောင်းခြား ခရီးခတင်းတွေပါလိုက်ခဲ့ရရှာသော သမီးကလေးကို ကျွန်မ နေကုန် ခွဲနိုင်ပါ့မလား။ သမီးကလေးကကော အိမ်ကိုခွဲပြီး ကျောင်းမှာ ပျော်နိုင်ပါ့မလား။ တစ်ယောက်တည်း အဘွားကြီးလေးလိုနေပြီး စကားကြီးစကားကျယ်ပြောတတ်သောသမီးကလေး ကလေးချင်းမှ ဝင်ဆံ့ပါ့မလား။ ကျွန်မရင်ထဲမှာ ဝမ်းနည်းဇာလိုလို၊ ဝမ်းသာတာလိုလို။

"သမီး မူကြိုကျောင်း တက်ရတော့မှာနော်။ မူကြိုမှာ ဆရာမတွေကကဗျာတွေ၊ စာတွေ သင်ပေးမှာ။ ကစားရတာလည်း ပျော်စရာကောင်းတယ်။ သူငယ်ချင်းတွေမှ အများကြီးပဲ"

သမီးမက်လောက်သည့်စကားတွေကို တစ်ပတ်လောက်ကတည်းကနားသွင်းရသည်။ စာအုပ်တွေ၊ ခဲတံတွေ ဝယ်ပေး၊ ကျောပိုးအိတ်ကလေးထဲထည့်ပြ၊ ကျောင်းသွားပြ စသဖြင့် သမီး စိတ်ပါအောင် ဆွယ်ရသည်။ သမီးကတက်မယ်ဆိုလို့သာ ယုံရသည်။ ကျွန်မဖြင့် ချက်ချင်း မယုံဝံ့သေး။ ကျောင်း

တက်တော့မှ ကြည့်ရမှာပဲ။ ကျောင်းမတက်ခင် တစ်လလောက်အလိုမှာ နို့ဖြတ်ဖို့ ကြိုးစားရသည်။ သမီးကို ညအိပ်ရာဝင် ပုံပြောနေကျဆိုတော့ ကျွန်မမှာ ပုံပြင်တစ်ပုဒ် ထွင်ရပါ၏။ သွားကလေးတွေ လှသော မနှင်းဖြူကလေးနှင့် သွား မလှသော သဂျီးမည်းညို (သွားကျိုးမည်းညို) အကြောင်း ပုံပြင်ကို ဖွဲ့ကာနွဲ့ကာ နှိုင်းကာယှဉ်ကာပြောပြတော့ သမီးက စိတ်ဝင်စားပါသည်။

"မည်းညိုကြီးက လေးနှစ်အထိ နို့စို့တော့ သွားတွေ ပိုးစားပြီး ပဲ့ကုန်တာပေါ့။ ပိုးစားတော့ သွားတွေကလည်း မည်းလို့ သူငယ်ချင်းတွေက သူ့ကိုတွေ့ရင် မည်းညိုသဂျီး၊ သဂျီးမည်းညို အဲလိုအပြောင်ခံရတာ။ မနှင်းဖြူကလေးကျတော့ ဟယ် လှလိုက်တာ သွားကလေးတွေကို ဖွေးလို့။ သွားလေးတွေ ဘာလို့လှတာလဲလို့မေးတော့ နို့မစို့တော့လို့လေတဲ့"

သည်ပုံပြင်က ထိရောက်ခဲ့သော်လည်း တစ်ပတ်လောက် ပြောယူရသည်။ နို့စို့မယ်ကြံတိုင်း သဂျီးမည်းညိုကြီးနော်ဆိုလျှင် မစို့တော့။ မစို့တော့ပါဘူး မေမေရယ်၊ သမီးက မနှင်းဖြူကလေး လုပ်ချင်တာတဲ့။ ပြီးတော့ သူ့သွားကလေးတွေ ဖေကာ "သည်မှာ ဟင်း ဟင်း" နှင့် လုပ်ပြတော့ ကျွန်မ စိတ်မကောင်းဖြစ်ရပြန်ပါ၏။

သည်လိုနှင့် သမီးကလေးကို မူကြိုပို့သည့်ရက် ရောက်လာပါပြီ၊ ထိုနေ့က ကျွန်မစိတ်တွေ လှုပ်ရှားနေခဲ့သည်။ မနက်စောစောထပြီး သမီးအနီးကို စောင့်ရသည်။ နိုးတော့ သွားတိုက်မျက်နှာသစ်ပေးပြီး မုန့်ကျွေးရသည်။ ကျောင်းပျော်ရေးတရားတွေ ဟောရပါ၏။ သမီးကလည်း တက်တက်ကြွကြွပင်။ ဂါဝန်အသစ်ကလေး ဝတ်၊ ဖိနပ်အသစ်ကလေး စီး၊ ကျောပိုးအိတ်ကလေး လွယ်ပေး၊ မုန့်ဘူးထဲ မုန့်တွေ ထည့်။ ဖအေလုပ်သူက ကျောင်းပို့ရန် သမီးကို လက်ဆွဲခေါ်သွားတော့ ကျွန်မရင်ထဲ ဟာကျန်ရစ်ခဲ့သည်၊ သည်ကနေ့ကစပြီး သမီးကလေး ကျောင်းစနေရရှာပြီ။ တစ်နှစ် နှစ်နှစ် ဆယ်နှစ်

အနှစ် နှစ်ဆယ်။ ပညာဆိုတာ ဆုံးခန်းတိုင်သည် မရှိ။ သည်ကနေ့ကစပြီး ကျောင်းဆိုတဲ့ အသိုက်အမြုံထဲ သမီးကလေး ရောက်ရပါကကော။

ကျွန်မ ငိုမိပါ၏။ သမီးကို လွမ်းလို့ပဲလား၊ ကျောင်းစတက်သော သမီးကိုကြည့်ပြီး ဝမ်းသာမိလို့ပဲလား။ ကျွန်မ မဝေခွဲတတ်တော့ပါ။ သမီးကလေး မွေးပါပြီဆိုကတည်းက ကျွန်မရင်ခွင်နှင့် ဝေးရာ တစ်နေရာကို သွားထားခဲ့ရတာ ဒါ ပထမဆုံးအကြိမ်ပဲ ဖြစ်ပါ၏။

၅

သမီးကလေးက ကျောင်းပျော်ပုံ မရပါ။ ကျောင်းသွားရမှာကိုပင် ထိတ်လန့်သလိုဖြစ်နေတာ ကျွန်မတို့ သတိထားမိကြပါသည်။ ကျွန်မထင်သည့်အတိုင်းပင်။ သမီးကို ကျွန်မ စိတ်မချရဲခဲ့။ သမီး စိတ်ဆင်းရဲနေတာကို ကြည့်ပြီး စိတ်မချမ်းမသာဖြစ်ရပါ၏။ ကျောင်းကြီးမှ မဟုတ်သေးတာပဲလေ၊ မူကြိုပြန်နုတ်မှ ထင်ပါရဲ့လို့ပင် တွေးမိသည်။ မူကြိုကျောင်းထားစဉ်ကပင် စာတွေ တတ်ခဲ့စေတော့လို့ စိတ်မရှိ၊ အများနှင့် နေထိုင်ပေါင်းသင်းတတ်ရေးကိုသာ ကျွန်မတို့ စဉ်းစားခဲ့ကြသည်။ သည်တန်ဖိုးကိုသာ ကျွန်မတို့ လိုချင်ခဲ့သည်။ အခုတော့ သမီးကလေး ကျောင်းကြောက်နေရှာလေသလား။ ကျောင်းမပျော်ပိုက်တာကတော့ သေချာသည်။ တစ်စတစ်စ အသားကျသွားလျှင် နေပျော်သွားလေမလား။ တစ်ရက်က နှစ်ရက်၊ နှစ်ရက်က သုံးရက်။ ရက်တစ်ပတ်။

"သမီး မူကြိုမတက်ချင်ဘူး မေမေ"

"သမီး ဘာဖြစ်လို့ မတက်ချင်တာလဲ မေမေ့ပြောစမ်း"

"မတက်ချင်လို့"

ပြီးပါလေရော။ ထိုနေ့က ကျောင်းသွားဖို့ အကျောက်အကန်ငြင်းဆန်နေသော သမီးကိုကြည့်ကာ ယူကျုံးမရဖြစ်စွာ ကျွန်မ ရိုက်မိပါသည်။ ကျောင်းတက်ရတာ စိတ်ဆင်းရဲနေပါသည်ဆိုသောကလေးကို စိတ်မဆင်းရဲရလို့

နွတ်လုပ်သလိုများဖြစ်နေရှာသလား။ ရိုက်မိတော့လည်း စိတ်မကောင်း
ဖြစ်ရပါသည်။ ဖအေကတော့ သမီးကို ချော့သည်။ ချော့တုန်း ခဏပင်၊
မတက်ချင်ကြောင်းကိုသာ ပြောသည်။

တစ်ရက်။ သူ့ဘွားအေ နေမကောင်းသဖြင့် ချော်ဆိပ်ကိုသွားဖို့
ကားငှားရသည်။ ကျောင်းမလွှတ်သေးတော့ သမီးတို့ မူကြိုကို ကားနှင့်
ဝင်ကြိုရသည်။ သမီးတို့ မူကြိုက မနက်ကိုးနာရီကျောင်းတက်။ နေ့လယ်
ဆယ့်တစ်နာရီ ထမင်းစား၊ ညနေ နှစ်နာရီခွဲက သုံးနာရီကြား ကြိုရသည်၊
မနက် သူ့အဖေက ကျောင်းပို့၊ ကျွန်မက ထမင်းဟင်းချက်၊ ဆယ်နာရီခွဲတော့
ထမင်းပို့၊ ညနေ ကျောင်းဆင်း ကျွန်မက သွားကြို။ ထိုနေ့က ကျွန်မတို့
ကားနှင့် ဝင်ကြိုတော့ နေ့လယ် ထမင်းစားပြီးချိန်။ မူကြိုကျောင်းကလေးက
တိတ်ဆိတ်နေသည်။ ကျွန်မဝင်သွားတော့ သီလရှင်ဆရာမကလေးနှင့် သမီး
နှစ်ယောက်တည်း ထိုင်နေတာတွေ့လိုက်ရတော့ ကျွန်မ အံ့သြသွားသည်၊
သမီးကလည်း ငုတ်တုတ်။ သီလရှင်ကလေးကလည်း ငုတ်တုတ်။ သမီးက
မျက်နှာတွေ ညိုလို့။

"စစ္စတာ သမီးတစ်ယောက်တည်းလား၊ ငိုနေတာလား"

"အိမ်ပြန်ချင်တယ်ချည်း ပြောနေတယ်။ ကလေးတွေက သည်လို
ပါပဲ၊ နောက်တော့ သူ ပျော်သွားမှာပါ"

"ကျန်တဲ့ကလေးတွေကော"

"အားလုံးအိပ်နေကြတယ်လေ၊ ဖွေးဖွေးကသာ မအိပ်တာ
မအိပ်ချင်ဘူးတဲ့"

"သူတစ်ယောက်တည်း မအိပ်တာလား"

"ဟုတ်တယ် သူတစ်ယောက်တည်းပဲ"

ကျွန်မ သဘောပေါက်သွားပြီ။ သမီးက သည်အချိန်ကို စိတ်
ဆင်းရဲနေတာပါလား။ ကားပေါ်ရောက်လို့ သမီးကို ကျွန်မမေးကြည့်တော့

အဖြေတွေ့ရလေပြီ။ နေ့လယ် ၁၁ နာရီ ထမင်းစား၊ ခဏကစားပြီး ကလေးတိုင်း အိပ်ရသည်။ သူများတွေ အိပ်တုန်း ငုတ်တုတ်ထိုင်နေရတော့ အိမ်ကို လွမ်းပုံရသည်။ သမီးကို ကျွန်မ မေးကြည့်၏။

"သမီးက ဘာလို့မအိပ်တာလဲဟင်"

"သမီးအိပ်လိုက်ရင် ညရောက်သွားမှာပေါ့။ သမီး ကျောင်းမှာ မအိပ်ချင်ဘူး။ မေမေနဲ့ပဲ အိပ်ချင်တာ"

ကလေး မပျော်ပိုက်တာကို ကျွန်မ ဇွတ်မလုပ်ချင်ပါ။ ကလေး စိတ်ကို မညှဉ်းဆဲသင့်ပါ။ သမီးကလေးကို ကလေးဘဝ အနှစ်သာရဖြစ်သည့် စိတ်လွတ်လပ်ပျော်ရွှင်ခြင်းကို အပြည့်အဝ ရစေချင်ပါ၏။ ကျွန်မတို့ ဆုံးဖြတ်ချက်ကို ပြင်လိုက်သည်။ နေ့လယ် ဆယ့်နှစ်နာရီအထိသာ ကျောင်းတက်စေပြီး အိပ်ချိန်တွေမှာ အိမ်ပြန်ခေါ်မည်။ အနာနှင့် ဆေး တည့်တော့လည်း အဟုတ်သား။

၆

အခုတော့ သမီးကလေး ကျောင်းပျော်ပြီ။ ရှစ်နာရီခွဲ ကျောင်းပို့၊ ဆယ်နာရီခွဲ ထမင်းသွားပို့၊ ဆယ့်နှစ်နာရီ ကြို။ ကျောင်းနှင့် အိမ် ကူသယ်ခေါက်သယ်။ မနက် မနက် သမီးကတောင် အိပ်ရာက အရင်နိုးနှင့်နေပြီ။ ကျောင်းသွားဖို့ အတင်းပူဆာနေတတ်ပြီ။ မိုးရွာသည့်နေ့က ကျောင်းမလိုက်ပါနဲ့ဆိုတာတောင် မရ။ "ထီးဆောင်းသွားမှာပေါ့ မေမေရဲ့" တဲ့။

ကျောင်းပို့ဖို့ မနက်တိုင်း အလှပြင်ပေးတာကို သမီးက သဘောကျနေတတ်သည်။ သူဝတ်ချင်သည့် ဂါဝန်ကို သူကိုယ်တိုင် ရွေးသည်။ သမီး ကျောင်းနေမှ ကလစ်ကလေးတွေ၊ ဆံကုပ်ကလေးတွေ ဝယ်ပေးရတာလည်း မနည်းတော့။ ကျောင်းသွားခါနီး မှန်ပြေးကြည့်ရတာလည်း အမော။ "သမီးက လှလိုက်တာတော်" ဆိုလိုက်လျှင် ပြုံးသွားတတ်သည်။ ကျွန်မမှာ မနက်တိုင်း သမီးကို ရေချိုး၊ သွားတိုက်ပေး၊ အလှပြင်ပေး၊

မုန့်ဘူးထဲ မုန့်ထည့်ပေး၊ ကျောပိုးအိတ် ပြင်ပေး။ ပြီးတော့ ဖအေကြီးက ကျောင်းပို့။ ကျွန်မက အိမ့်ခြံဝအထိ လိုက်ပို့တော့ သမီးက နှုတ်ဆက်သည်၊ လမ်းကွေ့လေးချိုးလိုက်တော့ သမီးကလေးကို မမြင်ရတော့။ သမီး ထမင်းစားချိန်မီအောင် ချက်ရပြုတ်ရဦးမည်။ ထမင်းချိုင့် ပြင်ပေးရဦးမည်။ သမီးက ကျောင်းမှာလည်း ဝလုံးတွေ အများကြီး ရေးသတဲ့။ အိမ်ရောက်တော့လည်း ရေးလိုက်တဲ့ ဝလုံးတွေ။ ကျောင်းက သူငယ်ချင်းတွေအကြောင်း စီကာပတ်ကုံး ပြောတတ်နေပြီ။ သည်လိုဆိုတော့လည်း ကျွန်မမှာ ဝမ်းသာပီတိ ဖြစ်ရပါ၏။

သည်နှစ် မူကြို။ နောက်နှစ် သူငယ်တန်း။ နောက်နှစ် ပထမတန်း၊ နောက် ဆယ်နှစ် ဆယ်တန်း။ နောက်။

စက်သီးထဲ ထည့်လှိုထားသော ရေငင်ပုံးကလေးလိုပါပဲကလား၊ ရေငင်ပုံးက ရေအပြည့်ဖြင့် တက်တက်လာလေ တစ်ဖက်ကြိုးစက ဆင်း၍ ဆင်း၍ သွားလေ။ သမီး အတန်းရလာလေလေ ကျွန်မတို့ကလည်း နိုက်၍ နိုက်၍ ရှာကြရလေလေ။

စာတွေ အများကြီးရေးရဦးမှာပါလား မုန့်ဆပ်သွားဖွားကလေးရေ၊

မဟေသီမဂ္ဂဇင်း၊ ၂၀၀၈၊ နိုဝင်ဘာ

□

# မြိုင်နှင့် ရဂုံ

၁

မြူနှင်းမိုးတွေ တဖြောက်ဖြောက် တသုန်သုန် ဝေတတ်သော ပြင်ဦးလွင် ဆောင်းသည်ပင် တစ်ကျော့ တစ်လီ ပြန်ရောက်လာခဲ့ပြီ။ မြင်နေရသမျှ သစ်ပင် သစ်တော သစ်ခက် သစ်ရွက်တွေပေါ်မှာ မိုးနှင်းရည်တွေ တပေါက်ပေါက် ကြွေကျနေပုံကို 'မြိုင်' ငေးမောကြည့်နေမိသည်။

ပြင်ဦးလွင်လို နှင်းမြို့တော်မှာ သည်လို မြူနှင့် နှင်းမိုးတွေ ဝေနေ တတ်တာ မဆန်းလှသော်လည်း နှစ်စဉ်နှစ်တိုင်း သည်လို ဆောင်းချမ်းရာသီ ကိုပဲ မျှော်မောခဲ့ရတာကတော့ မြိုင့်အတွက် ဆန်းလှသည်ဟု ဆိုရမည်။ ပြင်ဦးလွင်ဆောင်းက မှုန်မှုန်သုန်သုန်ဆိုပေမဲ့ လန်းဆတ်စိုရွှဲသော အလှ၊ ကြည်လင်အေးမြသော သဘာဝကို ဆောင်နေတတ်သည်။

ဒါကြောင့်မို့ ထင်ပါ၏။ ပြင်ဦးလွင်မှာ အရွယ်နှင့်အမျှ အနေကြာလာ ခဲ့သည့်တိုင် ဆောင်းနှင်းမြို့ကလေး၏ ဆောင်းပသာဒကို ရိုးအိမသွားခဲ့။ အေးလွန်းစက်လွန်းလှသော ပြင်ဦးလွင် ဆောင်းကို မြိုင် ချစ်သည်။ တွယ်တာသည်။ မြတ်နိုးခုံမင်သည် ဆိုသည့် ခံစားမှုသာ ရှိသည်။

ဟိုတုန်းကတော့ သည်လို ဆောင်းရာသီပိပိကြီးရောက်လေတိုင်း မြိုင်တို့ နေထိုင်ကြီးပြင်းရာ 'ဂနိုင်မေ' ခြံကြီးထဲတွင် လူတဖွေးဖွေးရှိဘတ်သည်၊ ဒီဇင်ဘာကျောင်းပိတ်ရက်တွေမှာ အိမ်ပြန်လာတတ်ကြသော သူတို့တစ်တွေကို ကြီးမေရော မြိုင်ပါ စောင့်မျှော်နေတတ်မြဲ။ 'ဟောဝန်' က ပြင်ဦးလွင်နှင့်ဝေးသော ရန်ကုန်မှာ။ ရန်ကုန်တက္ကသိုလ်ကျောင်းသားပေါ့။ 'ဟောမန်' နဲ့ 'ဟောမာ' ကတော့ ပြင်ဦးလွင်နှင့် ၄၂ မိုင်သာဝေးသည့် မန္တလေးတက္ကသိုလ်မှာ တက်ကြတာဆိုတော့ ကျောင်းပိတ်သည်နှင့် ပြင်ဦးလွင်ကို အရင်ဆုံး ရောက်လာတတ်ကြသည်။ နောက်တစ်ရက်ဆို ဟောဝန် ပြန်ရောက်လာတော့မည်၊ ဟောဝန်ပြန်အလာကို မြိုင်တို့ သုံးယောက်သား မန္တလေး-ပြင်ဦးလွင် ကားဂိတ်များရှိရာ မြို့လယ်ကို စက်ဘီးတစ်စီးစီနှင့် သွားကြိုကြသည်၊ ရန်ကုန်က ဟောဝန်ပါ ရောက်လာပြီဆိုရင်တော့ လူစုံပြီ။ စကားတွေ လှည်ပြော ကြရတာကပင် အရသာရှိလှ၏။ သူ့အတွေ့အကြုံ၊ ကိုယ့်အတွေ့အကြုံတွေ ပြောကြရင်း ရယ်ကြမောကြ ပျော်ရွှင်ခဲ့ရသည်။

ထိုအခါတိုင်း မြိုင်နှင့် ကြီးမေ နှစ်ယောက်တည်းသာရှိသော တိတ်ဆိတ်ငြိမ်သက်လွန်းလှသည့် 'ဂနိုင်မေ' ခြံကြီးသည် ဆပ်သွားဖူးပင် ကျေးအုပ်ကျသလို ကျီကျီကျာကျာ ရှိလေသည်။ ခြံကြီးထဲမှာပဲ ဥယျာဉ် ပျော်ပွဲစားပါတီလို ခုံတွေ ဆက်ခင်းကာ ကြီးမေနှင့် မြိုင် စီစဉ်ထားသမျှ အစားအစာတွေကို တစ်မျိုးပြီးတစ်မျိုး စားကြ၊ စကားတွေပြောကြ။ ဝဝ မဝနိုင်။ မြိုင်ကတော့ သည်လိုရက်တွေမှာ စားဖိုဆောင်က ထွက်ရသည် မရှိတော့။ သည့်အတွက် မြိုင်ကလည်း ကျေနပ်ပါသည်။ သူချက်သမျှ ကြိုက်ကြသည်ဆိုတော့ ပင်ပန်းသည်လည်း မထင်မိ။

ခရစ်စမတ်ရက် ရောက်ပြီဆိုရင်လျှင်တော့ မြိုင်တို့တစ်ခြံလုံး မီးတွေ ထိန်ညီးနေအောင် ထွန်းနေကျ။ ဓမ္မတေးတွေကို သံပြိုင်ဆိုနေကျ။ ဟောဝန်နဲ့ ဟောမန်က အတီး၊ မြိုင်နှင့် ဟောမာက အဆို။ ဆိုသမျှ တီးပေးသည်။ တီးသမျှ

ဆိုကြသည်။ ကြီးမေကတော့ တေးကလေး လိုက်ညည်းလိုက်၊ စည်းချက်ကလေး လိုက်လိုက်နှင့် ဝမ်းသာအားရ ပြုံးနေတတ်ပါ၏။ ညပိုင်းမှာတော့ ဖိတ်ထားသမျှ ဧည့်သည်တွေကို ဧည့်ခံကြရသည်။ နှစ်စဉ် ခရစ်စမတ်ညတွေမှာ မြိုင်တို့ခြံက ကြာဆန်ချက် ကျွေးနေကျမို့ အပေါင်းအသင်း မိတ်ဆွေတွေကို ဖိတ်စာ တကန်တကဖြင့် ဖိတ်ကြားစရာ မလိုပါ။ သိကြပြီးသား။

ကြီးမေ၏မိတ်ဆွေများသာမက ယောဝန်၊ ယော်မန်နှင့် ဟေမာ သုံးဦးစလုံး၏ သူငယ်ချင်းတွေကလည်း များလှသည်။ မြိုင့်မှာတော့ ပြောလောက်စရာ အပေါင်းအသင်း မိတ်ဆွေရယ်လို့ သိပ်မရှိ။ မြိုင်တို့ခြံမှာ အလုပ်ဆင်းကြသော ဦးအဲတို့မိသားစုနှင့် မြိုင် ဈေးဝယ်နေကျ ပြင်ဦးလွင်ဈေးထဲက ဖောက်သည်ကလေးတွေလောက်ပဲ ရှိသည်။ ပြောရမည်ဆိုလျှင်တော့ ဟေမာ့သူငယ်ချင်းတွေကလည်း မြိုင့်သူငယ်ချင်းတွေလို့ ပြောလို့ရကောင်းပါ၏။ ဟေမာနှင့် မြိုင်က တစ်နှစ်တည်း၊ တစ်တန်းတည်း၊ တစ်ကျောင်းတည်း အတူနေခဲ့ကြသော်လည်း ပင်ကိုအားဖြင့် မြိုင်က ဟေမာ့လောက် သွက်သွက်လက်လက် ချက်ချက်ချာချာ မရှိခဲ့တာကိုလည်း မြိုင် ဝန်ခံရပါမည်။ ဟေမာက ဆယ်တန်းကို နှစ်ချင်းပေါက် အောင်မြင်ခဲ့သော်လည်း မြိုင်က နောက်ထပ် သုံးနှစ်ဆက်ကာ ဖြေဆိုခဲ့သည့်တိုင် သည်တောင်က မကျော်နိုင်ခဲ့။ သူ့ကိုယ်သူ ပညာနှင့်ပတ်သက်လို့ ကံ မပါလေခြင်းဆိုတာ သဘောပေါက်ရပြီ။ နောက်ဆုံးတော့ ကြီးမေကိုယ်တိုင်က မြိုင့်ကို ကျောင်းဆက်မတက်စေတော့ဘဲ ခြံထဲမှာပဲ အတူနေကာ ခြံအလုပ်ကို ဦးစီးစေခဲ့သည်။ မြိုင်ကလည်း သည်လိုစိတ်ကူးထားပြီးသား။

မြိုင်တို့ခြံကြီးထဲမှာ သစ်ပင်ကြီးတွေ များလှသည်။ သစ်သီးဥယျာဉ်ကြီးလို့ပင် ခေါ်နိုင်သည်။ ကတ္တီပါပင်၊ မက်မန်းပင်၊ တညင်းပင်၊ ကျွဲကောပင်၊ လိမ္မော်ပင်လို သီးပင်တွေရှိသလို ချယ်ရီ၊ စိန်ပန်းပြာ၊ ငုစပ်၊ သော်ကကြီး စသည့် အပွင့်လှအပင်ကြီးတွေလည်း ရှိသည်။ အိမ်ပတ်လည်

မြေကွက်လပ်မှာတော့ ဒေလီယာ၊ ဒေစီ၊ သစ္စာပန်း၊ ဂန္ဓမာ စသည့် ပန်းအလှ ပင်တွေလည်း သူ့အပင်နှင့် သူ့အခင်း ဝေဝေဆာဆာရှိသည်။ ဂေါ်ရခါးပင်၊ ပဲသီးတောင့်ရှည်၊ ရွှေပဲသီး၊ ရွှေဖရုံ စသည့် စားပင်တွေကိုလည်း စင်တင်ကာ စိုက်ပျိုးထားသည်။ ချဉ်ပေါင်၊ ဆလပ်၊ မုန်ညင်း၊ ကိုက်လန်၊ ရုံးပတီ၊ ခရမ်းပင်တွေကလည်း သူ့အကွက်နှင့် သူ့အခင်း တပြန့်တပြောကြီး ရှိသည်၊ သည်ခြံထွက်သီးနှံတွေက နှစ်ပတ်လည် ဆွတ်ခူးရောင်းချလို့ပင် မနိုင်ခဲ့။

နှစ်ဧကလောက် ကျယ်ဝန်းသော သည်ခြံကြီးသည်ပင် သစ်တော အုပ်အုပ်ကြီးနှင့် တူနေတာကိုပဲ ကြီးမေက ကျေနပ်လှသည်ဆို၏။ ဒါတွေက ဦးအဲတို့လက်ရာ ဆိုသော်လည်း ကြီးမေ၏ စိတ်ကူးတွေသာဖြစ်သည်၊ ရာသီနှင့်လိုက်ဖက်သည့် သီးပင် စားပင်တွေကို ကြီးမေကပဲ အလှည့် သင့်အောင် စီစဉ်စိုက်ပျိုးစေသည်။

"ကြီးမေစိတ်က ဘယ်လိုပြောရမလဲမသိတော့ဘူး၊ ဆူဆူပွက်ပွက် ရှုပ်ရှုပ်ထွေးထွေး မြို့ကြီးတွေမှာ မနေချင်ဘူး။ အဲသလို ပတ်ဝန်းကျင် ကိုလည်း မကြိုက်ဘူး။ လူသူဝေးဝေး တောထဲတောင်ထဲ တစ်ကိုယ်ရေ တစ်ကာယ အိမ်ကလေး သန့်သန့်တစ်လုံးဆောက်ပြီး နေမယ်။ စိုက်ခင်း ကလေး စိုက်စားမယ်။ လေကောင်းလေသန့်ကလေး ထွက်ရှူလိုက်၊ လမ်း ကလေး လျှောက်လိုက်၊ အိမ်ကလေးထဲ ပြန်နေလိုက်။ အဲသလို ဘဝမျိုး နဲ့ပဲ နေမယ်လို့ ငယ်ငယ်ကတည်းက စိတ်ကူးယဉ်ခဲ့တာလေ။ တကယ့် တောကြီးမျက်မည်းထဲမှာ နေလို့မဖြစ်တော့လည်း ကိုယ့်ခြံကလေးကို တောအုပ်ကလေးနဲ့တူအောင် ဖန်တီးယူရတာပေါ့။ ကြီးမေတော့ ဆူသံ ညံသံတွေကို အမုန်းဆုံးပဲ။ ဖြစ်နိုင်ရင် မကြားချင်ဘူး။ အခုလို အေးအေး တိတ်ဆိတ်နေမှ နေတတ်တယ် ပြောရမလားပဲ"

ကြီးမေက စိတ်လိုလက်ရရှိသည့်အခါတိုင်း သူ့ဘဝ သူ့ဇာတ် အကြောင်း အဆိုးတွေ မြိုင့်ကို ပြောပြတတ်သည်။ ကြီးမေအနားမှာ မြိုင်ပဲ

ရှိသည်ကိုး။ ကြီးမေက ပြင်ဦးလွင်ဇာတိတော့ မဟုတ်ပါ။ ရန်ကုန်မြို့မှာ နေထိုင်ကြီးပြင်းခဲ့ရသူ ဆို၏။ ကြီးမေ၏ဖခင်မှာ ခရစ်ယာန်ဘာသာဝင် အစိုးရဝန်ထမ်းဖြစ်သည်။ ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးကာလတွေတုန်းက နယ်ဘက်အရာရှိဖြစ်သော ဖခင် ပြောင်းရွှေ့ရာ ပြင်ဦးလွင်မြို့ကလေးကို ရောက်လာတော့ ကြီးမေအသက် နှစ်ဆယ်ကျော်ခွန်းစပဲ ရှိသေးသည်ဆိုပါ၏။ ပြင်ဦးလွင်မှာ အခြေကျလာစဉ်မှာပင် စစ်မီး‌တွေ ယှက်သန်းလာခဲ့သည်။

"ဂျပန်တွေဝင်လာတော့ ပြင်ဦးလွင်တစ်မြို့လုံး တိတ်ဆိတ်ချောက်ချား နေလိုက်တာ မှတ်မိသေးတယ်။ တစ်ခုခုဖြစ်တော့မယ့် နိမိတ် ထင်နေသလို ပါပဲ။ နောက်တော့ ပြင်ဦးလွင်က ဝေးရာကို စစ်ပြေးကြရတာပါပဲ။ အိန္ဒိယ ဘက်ကို တချို့ ပြေးကြတယ်။ တရုတ်ပြည်ဘက်ကိုလည်း တချို့ ပြေးကြတယ်။ ရရာ ကြုံရာနဲ့ ကိုယ့်ပစ္စည်းကလေးတွေ ကိုယ်တင်ပြီး ဒရောသောပါး ပြေးကြရတာပဲ။ တချို့ကလည်း ကားပေါ် ပစ္စည်းတင်ပြီး ရောက်နိုင်သလောက် သွားကြရတာပေါ့။ ကားမရှိသူတွေကတော့ အထုပ်ထမ်းပြီး ခြေကျင်ပြေးကြ ရတာပဲ။ ကြီးမေရဲ့ ဖေဖေကတော့ အင်္ဂလိပ်နယ်ဘက်ဝန်ထမ်းအရာရှိဆိုတော့ တာဝန်အရ မလိုက်လို့ မဖြစ်တော့ဘူး။ ကြီးမေတို့သားအမိကတော့ ရွှေစငွေစ ကလေးတွေ ထုပ်ပိုက်ပြီး နေခဲ့ရတယ်။ နောင်ချိုနဲ့ သီပေါကြားက နောင်မွန် ရွာကလေးမှာကို နှစ်နှစ် သုံးနှစ်လောက် ကြာ ထင်ပါရဲ့။ နောက် ဗြိတိသျှ အုပ်ချုပ်ရေး ပြန်ဝင်လာပြီး ပြန်အခြေချပေမဲ့ ဖေဖေက ပြန်ရောက်မလာ တော့ဘူး။ ဆင်းမလားမှာပဲ ဆုံးရှာတယ်။ ကြီးမေတို့ကတော့ ပြင်ဦးလွင်ကို ပြန်လာခဲ့တယ်။ သည်ခြံကြီးက ဖေဖေ့ရဲ့ခြံလေ၊ အင်း ဖေဖေ့အမွေ ဆိုပါ တော့ကွယ်"

ကြီးမေတို့ ရောက်လာစဉ်က သည်ခြံကြီးမှာ အမည်နာမရယ်လို့ သတ်သတ်မှတ်မှတ် မရှိ။ နှစ်ထပ်အုတ်ထပ်တိုက်ကလေး တစ်လုံးနှင့် တောအုပ်သာသာခြံကြီးသာ ဖြစ်သည်ဟု ဆို၏။

"သည်ခြံကို ဂနိုင်မေ ဆိုတဲ့ နာမည်ကို ကြီးမေ ပေးတာ။ ကြီးမေ ပြောဖူးသလိုပေါ့၊ တော ဆိုတဲ့ သဘောအဓိပ္ပာယ်ကို ရောက်စေချင်တာ မှတ်လား။ တောရိပ်တောင်ရိပ်ကို ကြီးမေက သိပ်မက်စက်တာဆိုတော့ သည်ခြံကြီးကို တောရဲ့ အနှစ်သာရရော၊ အဓိပ္ပာယ်ရောပါအောင် ပေးလိုက်တာပေါ့။ 'မေ' ဆိုတာက ကြီးမေရဲ့ မေမေ့နာမည်လေ။ ဒေါ်မေသွယ် တဲ့၊ ဒါပေမဲ့ အားလုံးက မေ လို့ပဲ ခေါ်ကြတယ်"

ကိုယ်တိုင်ပင် တစ်ခါတလေ နားမလည်နိုင်ခဲ့။ လူ့သဘာဝတွေကို သိပ်နားမလည်တော့လည်း ကြီးမေကို ထူးဆန်းသော အမျိုးသမီးကြီး တစ်ယောက်လို့သာ မြိုင် သဘောထားရတော့သည်။ တစ်ခါတစ်ခါတော့ စိတ်ကူးယဉ်အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့များ ကြီးမေတစ်ယောက် လောကကြီးထဲကို ရောက်လာလေသလား တွေးမိရသည်။ ထိုစိတ်ကူးယဉ် အိပ်မက်တွေက သူဖြစ်စေချင်သလို လက်တွေ့မှာ ဖြစ်မလာတော့ မာနတွေ အဖြစ် အသွင်ပြောင်းသွားလေသလား မြိုင် မတွေးတတ်။ မြိုင်ကိုယ်တိုင်က ငယ်ငယ်ကတည်းက ထုံထုံအအနိုင်ခဲ့သော မိန်းကလေးတစ်ယောက် မဟုတ်လား။

မြိုင့်ပတ်ဝန်းကျင်က ကျဉ်းမြောင်းလှသလို မြိုင်သည်ပင်လျှင် ကျဉ်းမြောင်းသည်။ လောကအကြောင်း၊ လူ့အကြောင်းတွေကို ဉာဏ်မမီ တာလည်း ပါပါလိမ့်မည်။

"မြိုင် ရှေ့နေကြီး ဦးစောနိုင် လာနေတယ်"

"ဪ ဟုတ်ကဲ့၊ ဦးအဲ တံခါးဖွင့်ပေးလိုက်ပါ။ သူတို့တစ်တွေ တော့ ရောက်မလာကြသေးဘူး"

တပေါက်ပေါက်ကျနေသည့် နှင်းတွေကို မြိုင် မြင်နေရသည်၊ အေးစိမ့်စိမ့် နှင်းမိုးတွေဆီက လွင့်လာသော အငွေ့တွေကို ရနေသည်၊ နှင်းရည်သောက် ပန်းပွင့်ကလေးတွေပေါ်မှာ နှင်းဥကလေးတွေ ရှိသည်၊

နှင်းတွေများလာတော့ နှင်းရည်ကလေးတွေ ကြွေကျသွားကြမည်။ သည်လိုပဲ ထင်ပါရဲ့။ မြိုင့်ဘဝမှာ တွေးစရာတွေများလာတော့ အတွေးတချို့ ကြွေကျ သွားမည်ထင်၏။

၂

မန္တလေး – ပြင်ဦးလွင် ကားလမ်းတစ်လျှောက် စိမ်းသစ်သော လောက အလှကို ဆင်ယင်ဖွဲ့ယှက်ထားသော သစ်ပင်တွေကို ငေးမောရင်း ဟေမန့် စိတ်တွေလည်း နုသစ်လာသည် ထင်မိ၏။ ပြင်ဦးလွင်ဆီသို့ ဦးတည်သွားနေ ရခြင်းကိုပင် ဟေမန် ရင်တွေခုန်နေသည်။ သည်လမ်း သည်ခရီးကို လွန်းထိုး ရက်ယှယ် သူ သွားနေလာနေကျ။ ဘယ်နေရာမှာ ဘယ်လိုရှုခင်းရှုကွက်မျိုး ရှိသည်၊ ဘယ်နေရာမှာတော့ တောင်ကမူစာကလေးတွေ ရှိတတ်သည် စသည်ဖြင့် အခုထိ သူ့စိတ်အာရုံထဲမှာ စွဲလမ်းနေဆဲဖြစ်သည်။ မြွေလိမ် မြွေကောက်သဏ္ဍာန် တောင်တက်တောင်ဆင်း လမ်းကလေးကို ဖြတ်သန်း ရတိုင်း ခံစားရသည့် စိတ်ကြည်နူးမှုရသကလည်း ပြောင်းလဲမသွားပါ။ ဟိုတုန်းကလိုပဲ ပြင်ဦးလွင်ကို သူ ချစ်ခင်နေဆဲဖြစ်သည်။

ပြင်ဦးလွင်ကို ဟေမန် မရောက်ဖြစ်တာ ဆယ့်ရှစ်နှစ်လောက်တောင် ရှိရော့မည်။ ဆယ့်ရှစ်နှစ်တောင် ရှိပြီလား။ နောက်ဆုံးတစ်ခေါက် သူ ရောက် တုန်းက အခုလို ဆောင်းရာသီတော့ မဟုတ်။ နွေဦးရာသီမှာပဲ ဖြစ်သည်။ ပြင်ဦးလွင်မြို့ အဝင်လမ်းတစ်လျှောက် ခရမ်းသွေးထနေသည့် စိန်ပန်းပြာ ပွင့်တွေ ပွင့်နေကြတာကို သူ မှတ်မိသည်။ သူတို့ ဂနိုင်မေ ခြံကြီးထဲမှာလည်း စိန်ပန်းပြာတွေ ငုချယ်ရီတွေ ဝေခဲနေအောင် ပွင့်နေတာ မဟုတ်လား။

သည်ခြံကြီးထဲမှာ သစ်ပင် စားပင် ပန်းပင်တွေ များလွန်းနေခြင်းကို ဟေမန်ကတော့ မကြိုက်။ အိမ်မျက်နှာစာရှေ့က မြက်ခင်းစိမ်းစိမ်း ကွက်လပ် ကလေး ရှိနေလို့သာ အသက်ရှူ ချောင်ရသည်။ ဟေမန့်ဆန္ဒအရဆိုလျှင် သည်နေရာကလေးမှာ အပန်းဖြေစရာ ကစားကွင်းကလေး တစ်ကွင်း

လုပ်ဖြစ်လိမ့်မည်ထင်၏။ သစ်ပင်တွေ ခြံနှင့် မဆုံလောက်အောင် စိုက်ပျိုးထားတော့ တစ်ခြံလုံး ပိန်းပိတ်နေသည်။ အပြင်ကိုပြင်ရဖို့ခက်သလို အပြင်ကလည်း ခြံအတွင်းကို လှမ်းမမြင်နိုင်။

လွတ်လပ်သော ကျယ်ပြောမှုကို မက်မောသည့် ဟေမန်ကတော့ ခြံကြီးထဲမှာ ပိတ်မိနေရတာကို သည်းမခံနိုင်။ ကွန်ရက်လို ချိတ်ဆက်နေသည့် ပြင်ဦးလွင်လမ်းတွေပေါ်မှာ လျှောက်သွားနေချင်သည်။ ရက္ခဗေဒ ဥယျာဉ်၊ မွေးကောက်ရေတံခွန်တွေဘက်ကိုပင်မက ပြင်ဦးလွင်မြို့အထွက်က ဝက်ဝံရွာ၊ နောင်ချိုအစပ်က ရွာကလေးတွေဘက်အထိ စက်ဘီးလျှောက်စီးချင် စီးလိုက်သေး၏။

"ဟေမန်ရယ် မင်းဟာလေ ကြီးမေ မွေးထားတဲ့ သားသမီးလေးယောက်ထဲမှာ အကဲဆုံး အထွင်ဆုံးပဲ။ အမြဲတမ်း အပြင်ပဲ ထွက်လည်ချင်နေတော့တာပါလား။ ဟေမန်နဲ့တော့ ခက်တယ်"

လည်ရာပတ်ရာက ပြန်လာတိုင်း ကြီးမေက သူ့ကို အမြဲလိုလို မြည်တွန်တောက်တီးတတ်သော်လည်း သူတို့လေးယောက်ထဲမှာ သူ့ကို အချစ်ဆုံးလို့တော့ ဟေမန်ထင်သည်။ ဟေဝန်ဆိုလျှင် သူ့ထက် အသက်နည်းနည်းကြီးသော်လည်း သူ့လောက် စိတ်ဓာတ် မခိုင်။ သူ့ကြည့်လိုက်လျှင် စာကိုသာ သဲကြီးမဲကြီး ငုံ့ဖတ်နေလေ့ရှိသည့် ဟေဝန်ကို သူ မကြိုက်။ ဟေမန်မှတ်မိသလောက် ငယ်ငယ်ကတည်းက သူနှင့် အတူသွား အတူလာ အတူကစား ဆိုသလို အတူ အနီးကပ်နေရပေမဲ့ အဖော်ကောင်း မဖြစ်ခဲ့။ ဟေဝန့်ကို ယောကျာ်းတစ်ယောက်ဆိုသော်လည်း ပျော့ညံ့ညံ့ အိစိုစို လူစားမျိုး ဟုသာ ဟေမန့်စိတ်ထဲက မှတ်ချက်ချထားခဲ့တာ ကြာပြီ။ ပြီးတော့ သူတို့တစ်တွေကို ကြီးမေက ရွယ်တူရွယ်တန်တွေလို ခေါ်ပြောဆက်ဆံစေခဲ့တာလည်းပါပါလိမ့်မည်၊

ဟေဝန်နှင့် သူ ဆယ်တန်းအတူတူဖြေကြသော်လည်း ဟေဝန်က နှစ်ချင်းပေါက် အောင်မြင်ကာ ဘူမိဗေဒဘာသာ အဓိကဖြင့် ရန်ကုန်

တက္ကသိုလ်ကို ရောက်သွားသည်။ နောက်တစ်နှစ်မှာတော့ သူနှင့် ဟေမာ အတူအောင်မြင်ပြီး မန္တလေးတက္ကသိုလ်မှာ တက်ကြသည်။ ဟေမန်က သချ်ာအဓိကဖြင့် ရွှေပြည်အေးဆောင်၊ ဟေမာက ဓာတုဗေဒ အဓိကဖြင့် သစ္စာဆောင်။ အငယ်ဆုံး မြိုင်ကတော့ အေးပုံတစ်မျိုး။ အရာရာကို ခွင့်လွှတ်သည်းခံစိတ်နှင့် တွေဝေနေတတ်သူဟု ဟေမန်ထင်၏။ လူပုံက အေးစက်စက်။ မြိုင်သည်လည်း ဟေဝန်နှင့် သိပ်မထူးလှပါ။ တစ်မျိုးစီ ပျော့ညံ့ကြသူတွေပင်။

ကြီးမေသည် သူတို့လေးယောက်ကို တစ်နေရာစီက ရောက်လာကြသူများဖြစ်သော်လည်း မိဘတစ်ယောက်နှင့်မခြား စောင့်ရှောက်ခဲ့သူအဖြစ် ဟေမန် အမြဲဦးထိပ်တင်ခဲ့ပါသည်။ ကြီးမေ၏ ကျေးဇူးတရားကို အမြဲ အောက်မေ့ရင်း ကြီးမေကို ထင်းပုံခေါင်းချ လုပ်ကိုင်ကျွေးမွေးဖို့လည်း သူ ဆုံးဖြတ်ထားပြီးဖြစ်သည်။ သို့သော် မထင်မှတ်သော အခြေအနေက သူတို့ အားလုံးကို မွေနှောက်ပစ်လိုက်သလို ဖြစ်သွားခဲ့တော့၏။ ထိုနေ့ကို ဟေမန် မမေ့။ ဒီဇင်ဘာကျောင်းပိတ်ရက်တွေထဲက ခရစ်စမတ်အကြို ဖြစ်သည်။ ဟေဝန်၊ ဟေမန်၊ ဟေမာတို့သုံးယောက်စလုံး၏ နောက်ဆုံး ဒီဇင်ဘာ ကျောင်းပိတ်ရက်လည်း ဖြစ်သည်။ သည်နှစ် နောက်ဆုံးနှစ်မို့ သည်တစ်ခွေ ခွေကျောင်းပိတ်ရက်မှစ၍ ပြင်ဦးလွင်ခြံကြီးထဲမှာ သူတို့တစ်တွေ တပျော် တပါး ဆုံစည်းကြရတော့မည့်အချိန်လည်း ဖြစ်သည်။

မီးကျီးခဲတွေ ရဲရဲနီအောင် ကျနေသည့် မီးလင်းဖိုကြီးဘေးက ခုံဝိုင်း ကလေးတွေပေါ်မှာ ထိုင်ကြရင်း စကားပြောဖြစ်ခဲ့ကြသည့် ထိုညကို ဟေမန် မမေ့ပါ။ မီးကျီးခဲတွေဆီက အရောင်တွေ ဟပ်နေသော ကြီးမေမျက်နှာကို အထင်းသား မြင်နေရသလို ကြီးမေ၏စကားတွေကလည်း ပီသ ကြည်မြ ရှိလှပါ၏။

"မင်းတို့သုံးယောက် ကျောင်းပြီးကြတော့မယ်ဆိုတော့ ကြီးမေ ပြောစရာရှိတာကလေး ဖွင့်ပြောထားရဦးမယ်"

အားလုံးက ကြီးမေပြောမည့်စကားကို စိတ်ဝင်တစား နားစိုက်ထောင်နေခဲ့ကြတာပါပဲ။ ခါတိုင်းလည်း အကြောင်းကြီးငယ်ရှိတိုင်း သည်လိုမီးလင်းဖိုဘေးမှာ ဆုံဖြစ်အောင် ကြီးမေ စီစဉ်ပြီး သည်လိုပဲ ပြောနေကျမဟုတ်လား။

"မင်းတို့တစ်တွေ အရွယ်ရောက်လာကြပြီဆိုကတည်းက ကြီးမေရင်ထဲမှာ ကြိုတင်ရည်မှန်းထားတဲ့ကိစ္စတွေက ပိုပြီး ရင့်ရင့်လာတယ်၊ ကြီးမေရော မင်းတို့ပါ ဥမကွဲ သိုက်မပျက် မိသားစုဘဝကလေး နေလာကြရာက သည်အသိုက်အမြုံကလေး ပျက်သွားမှာကို ကြီးမေ စိုးရိမ်မိတာအလွန်ပဲ"

ကြီးမေက စကားကို ရပ်ထားကာ ငြိမ်နေသည်။ သူတို့အားလုံးကလည်း ငြိမ်နေကြရသည်။ အပြင်ဘက်မှာတော့ ဆောင်းနှင်းမိုးတွေ တဖြောက်ဖြောက်ကြွေသံကို ကြားနေရသည်။

"မင်းတို့တစ်တွေဟာ အရွယ်တွေလည်း ရောက်ကြပြီ။ ကျောင်းပညာလည်း ပြီးကြတော့မယ်။ ကိုယ့်ဘဝ ကိုယ့်လမ်းကြောင်း ရွေးချယ်ကြရတော့မယ်။ မလွှဲမသွေ ရှိလာနိုင်တဲ့ကိစ္စကတော့ မင်းတို့ ကိုယ်စီကိုယ်စီ အိမ်ထောင်ပြုကြပြီဆိုပါတော့ကွယ်"

ကြီးမေ စကားပြောရင်းဖြင့် သူတို့လေးယောက်မျက်နှာတွေကို စူးစမ်းသည့်သဘောဖြင့် ကြည့်နေတာ အကင်းပါးသည့် ယောမန် အကဲခတ်မိသည်။ ကြီးမေ ဘာကိုပြောတော့မှာလဲဆိုတာကို သူတို့လေးယောက်စလုံးက သိသလိုလို မသိသလိုလို။ ကြီးမေမျက်နှာပေါ်က ဝမ်းနည်းရိပ်ကိုတော့ အားလုံးမြင်နေကြရသည်။

"ကြီးမေတို့ရဲ့ မိသားစုဘဝကလေး ကြေမွသွားဖို့ပဲရှိတယ်၊ သည်ခြံကြီးထဲကနေ မင်းတို့ကလေးတွေ တစ်ယောက်စီ ပဲ့ထွက်သွားရင် ကြီးမေ ရင်ကွဲမှာပဲ။ တို့တစ်တွေ တစ်ယောက်နဲ့တစ်ယောက် မခွဲရအောင်

ကြီးမေ စိစဉ်ထားတာရှိတယ်။ ဒါ အခုမှမဟုတ်ဘူး။ ကြီးမေ အရင်ကတည်းက စီစဉ်ထားတာပါ။ ဆိုပါတော့။ ဟေဝန်က အကြီးဆုံးဆိုပေမဲ့ အေးအေးနေတတ်လေတော့ ဟေမာ့လို သွက်လက်ချက်ချာတဲ့ မိန်းကလေးနဲ့မှ ဖြစ်မယ်။ ဟေမန်ကျတော့ ကြီးမေသားသမီးတွေထဲမှာ အားအကိုးရဆုံးနဲ့ ထက်ထက်မြက်မြက်ရှိသူဆိုတော့ မြိုင့်ကို မင်း စောင့်ရှောက်စေချင်တယ်။ ကြီးမေဆန္ဒဟာ ဒါပါပဲ"

အားလုံး ခေါင်းတွေ ငုံ့လျှိုးတွေဝေသွားကြသော်လည်း ဟေမန်ကတော့ ကြီးမေကို လှမ်းကြည့်ရင်း ရင်ထဲမှာရှိနေသည့်စကားကို ချက်ချင်းဖွင့်ဟဖို့ အားယူလိုက်သည်။ သို့သော် သူ့စကားတွေ အပြင်ကို ရောက်မလာသေးခင်မှာပဲ ကြီးမေ၏ "ဒါပေမဲ့ တစ်ခုတော့ရှိတယ်" ဆိုသည့်စကားက သူ့ကို ဟန့်တားလိုက်လေသည်။

"ကြီးမေစီစဉ်တာကို ငြင်းဆန်ကြမယ်ဆိုရင်တော့လည်း ကြီးမေဘယ်လိုမှ စိတ်ကောင်းနိုင်စရာ ရှိမှာမဟုတ်ဘူး။ ငယ်စဉ်ကတည်းက ပိုးမွေးသလို မွေးလာရတဲ့ မင်းတို့ကို အတောင်အလက်စုံမှ ထပျံတာမျိုး မဖြစ်စေချင်ဘူး၊ ဂနိုင်မေ ခြံကြီးထဲမှာ တို့မိသားစု တစ်သက်လုံး အတူတကွ မခွဲမခွာနေကြရမယ်။ ဒါမှလည်း ကြီးမေ စိတ်ချမ်းသာမယ်။ ဒါဟာ ငြင်းစရာလည်းလိုမယ်မထင်ပါဘူး။ သည်ကြားထဲက လက်မခံနိုင်ပါဘူးဆိုရင်တော့ ကြီးမေကိုသာ ထားရစ်ခဲ့ကြတော့၊ ကိုယ့်ခရီးကိုယ် သွားကြပေတော့။ မြိုင်ကလွဲရင် မင်းတို့မှာ ပညာနဲ့ အရွယ် ပြည့်စုံကြပြီပဲ"

မီးလင်းဖိုထဲက မီးကျီးခဲတွေ လောင်မြိုက်နေသလို ဟေမန် ခံစားခဲ့ရသည်။ ကြီးမေသည် စိတ်ရင်း သဘောရင်း ကောင်းသလောက် သူဖြစ်စေချင်တာ ဖြစ်ရမှ ကျေနပ်သူဆိုတာလည်း ဟေမန်သိပါသည်။ သို့သော် သည်လိုကိစ္စမျိုးမှာတော့ ကြီးမေ ဝင်ရောက်ကြိုးကိုင်လိမ့်မည် မထင်ခဲ့။ ဟေမာကိုလှမ်းကြည့်လိုက်တော့ မျက်နှာပေါ် ငိုက်ကျနေသော ဆံပင်

တွေကြောင့် ခံစားချက်ကို သူ မမှန်းတတ်ခဲ့သော်လည်း သူ့လိုပင် ပူလောင်နေလိမ့်မည်လို့တော့ တွေးမိပါ၏။

"အဲသည်တုန်းက ဟေမာဖြင့် ကြီးမေကို ချက်ချင်း ဖွင့်ပြောလိုက်ချင်တော့မလို့ စိတ်ကို ထိန်းထားရတယ်။ ကြီးမေ့ရဲ့ ကျေးဇူးတရားကို စော်ကားတာမျိုး မဟုတ်ပေမဲ့ တစ်ဘဝစာကိစ္စဆိုတော့ ကြီးမေစကားကို နာခံကောင်းတယ် မထင်ဘူး"

မိသားစုဘဝကလေးအဖြစ် နေထိုင်ခဲ့ကြတာမှန်သော်လည်း တစ်အူထုံ့ဆင်း မောင်နှမအရင်းအချာတွေ မဟုတ်လေတော့ လူငယ်ဘာသာဘာဝ ဟေမန်နှင့် ဟေမာ ချစ်ကြိုက်နေခဲ့ကြပြီ။ ကျောင်းပြီးတာနှင့် ကြီးမေကို ဖွင့်ပြောပြီး လက်ထပ်ကြဖို့ စိတ်ကူးထားကြပြီးသား။ သည်အစီအစဉ်ကို ကြီးမေကလည်း ကြည်ကြည်ဖြူဖြူ လက်ခံလိမ့်မည်ဟု ယုံကြည်ထားခဲ့ကြသည်။ သို့သော် ကြီးမေက စကားဦးသွားခဲ့ပြီ။ ဟေမန်တို့အမြင်အရ ကြီးမေ၏စိတ်ကူးတွေက လက်တွေ့မဆန်၊ ရှေးဆန်သည်ဆိုသော်လည်း ကြီးမေမှာတော့ အဓိပ္ပာယ်ရှိချင်လည်း ရှိနိုင်သည်။

ထိုနေ့ညက ကြီးမေ၏စကားတွေကို ဘယ်သူမှ မပယ်ရှားဖြစ်ခဲ့ကြ။ သဘောတူသည်လည်းမဟုတ်၊ သဘောမတူသည်လည်းမဟုတ်၊ သည်အကြောင်းကို ပြင်ပက ကြားလာရသော သတင်းမှားတစ်ပုဒ်လို့သာ သဘောထားခဲ့ကြသည်။ နောက်တစ်နေ့ ခရစ်စမတ်မှာလည်း ခါတိုင်းလိုပဲ ဂစ်တာတွေ တီးကြ၊ ဓမ္မတေးတွေဆိုကြ။ ကြီးမေကို ဘယ်သူမှ ကတိမပေးခဲ့ကြသော်လည်း ကြီးမေကတော့ ကတိစကားကိုပါ ရရှိလိုက်ပြီ ဆိုသည့်ဟန်ဖြင့် ခါတိုင်းထက် ပိုပျော်နေပုံရ၏။ ခရစ်စမတ်ညမှာ တွေ့ဆုံရသော ကြီးမေ မိတ်ဆွေ အရင်းအချာတွေကိုပင် ဖွင့်ပြောနေပြီ။ သည်တစ်နှစ်မှာ ဘုရားကျောင်းမှာ လက်ထပ်ပေးဖို့ သင်းအုပ်ဆရာကြီးကိုပင် ခွင့်တောင်းနေသံ ကြားလိုက်ရသည်။

ဒီဇင်ဘာနှင်းပွဲဖွဲ့အောက်တွင် ဖူးငုံနုသစ်တွေ ဝေဝေဆာနေသော ချယ်ရီပင်ကြီးအောက်မှာ သူတို့လေးယောက်သား ဆုံကာ စကားပြောခဲ့ကြတာကိုလည်း ဟောမန် မမေ့သေးပါ။ ထိုနေ့က ဟောမန်တစ်ယောက်တည်း ပေါက်ကွဲနေခဲ့သည်။ ကြီးမေ မတရားကြောင်း၊ မှားကြောင်း၊ စိတ်ကူးယဉ်ဆန်လွန်းကြောင်း၊ ကျေးဇူးတရားကိုထောက်ပြပြီး သူတို့ဘဝကို လှောင်ချိုင့်ထဲသွင်းဖို့ ကြိုးစားနေကြောင်း၊ သူနှင့် ဟောမာကတော့ ခိုးရာလိုက်ပြေးကြတော့မည့်အကြောင်း အို စုံလို့။ မြိုင့်ကို သူ လက်မထပ်လိုကြောင်း ပြောတော့ မြိုင့်မျက်လုံးတွေ စူးစူးတောက်တောက်ရှိနေခဲ့တာကိုလည်း သူ မြင်ယောင်မိဆဲ။ ဟောဝန်ကတော့ ထုံးစံအတိုင်း ဘာတစ်ခွန်းမှ ဝင်မပြောခဲ့။ ထိုရစ်စမတ်ရက်တွေက စတင်တိုက်ခတ်လာသော လေပြင်းသည် နောက်တော့ မုန်တိုင်းအဖြစ် ပြောင်းလဲသွားရုံမက ဂနိုင်မေခြံကြီးကို သွက်သွက်ခါစေခဲ့သည်။

နောက်ဆုံးနှစ် စာမေးပွဲ ဖြေဆိုပြီးကြသည့်နှစ်မှာပဲ ဟောမန်နှင့် ဟောမာ ဂနိုင်မေခြံကို ပြန်ရောက်မလာကြတော့။ သူတို့နှစ်ယောက် လက်ထပ်ပြီးကြောင်းနှင့် ပြုမိသမျှအတွက် ခွင့်လွှတ်ပါရန် တောင်းပန်စာကလေးသာ ရောက်လာခဲ့သည်။ ဟောမန်တို့နှစ်ယောက် ပြင်ဦးလွင်ကို ပြန်လာပြီး ကြီးမေကို သွားတွေ့တော့ ခြံထဲကို ဝင်ခွင့်ပင်မရခဲ့။

"သိုးမည်းနှစ်ကောင်ရဲ့မျက်နှာကို ကျွန်မ တစ်သက်တာပတ်လုံး မကြည့်ချင်တော့ဘူး ဆိုတာကိုပဲ ပြောလိုက်ပါ ကိုအဲ၊ နောက်ထပ်တစ်ခေါက် ခြံဝမှာ လာရပ်တာကို ကျွန်မ မလိုချင်ဘူး"

အကြိမ်ကြိမ်ကြိုးစားခဲ့ပါသော်လည်း မအောင်မြင်ခဲ့။ ဟောဝန်နှင့် မြိုင့်ဆီကို စာရေးပြီး အကူအညီတောင်းကြည့်သေး၏။ လူချင်းတွေ့ဖို့ မဆိုနှင့်၊ စာကလေး တစ်ကြောင်းတလေမျှပင် ပြန်ဖော်မရခဲ့။ နောက်ဆုံးတော့ ဟောမန်တို့နှစ်ယောက်စလုံး ပြင်ဦးလွင်နှင့် ဝေးရာသို့ ထွက်ခဲ့တော့၏။

စိတ်ဆိုး စိတ်နာသည်ဟု မဆိုသာသော်လည်း ဖာနုအခံကလေးဖြင့် စိတ်ခုမိသည်က အမှန်ပင်။ ကြီးမေကိုတော့ ကျေးဇူးတရားဖြင့် ဖြေ၍ရလာသော်လည်း ယောဝန်နှင့် မြိုင်ကိုတော့ စိတ်အနာကြီး နာမိသည်။ သူတို့နှစ်ယောက်ကို အမွေခံသားသမီးအဖြစ်မှ ခွန့်လွှတ်ကြောင်း သတင်းစာထဲ ပါလာသည့်အခါ မှာတော့ ယောဝန်နှင့် မြိုင့်ကို အမှန်းစာရင်း သွင်းလိုက်ကြတော့၏။

သည်ကတည်းက ဂနိုင်မေ ခြံကြီးနှင့် ဝေးသွားခဲ့ရသော ယောမန်နှင့် ယောမာတို့ ပြင်သီးလွင်ကို ပြန်ခဲ့ကြပြီ။ သို့သော် သူတို့ကျေးဇူးရှင် ကြီးမေ တစ်ယောက် ခရစ်တော်မှာ အိပ်ပျော်သွားခဲ့ရှာပါပကော။

"သည်လမ်းကလေးကို ဖြတ်ရတော့ တို့ငယ်ငယ်တုန်းက ဘဝတွေကို သတိရလိုက်တာ ယောမန်ရယ်"

ယောမာက မိန်းမသားပီပီ ခံစားမှုကလေး ကဲနေပုံရ၏။ ယောမန်က ချစ်ဇနီး ယောမာ့လက်ကလေးကို လှမ်းဆုပ်ကိုင်ထားလိုက်သည်။ ပြင်ဦးလွင်နှင့် နီးလာတော့ ပိုအေးလာခဲ့သည်။ ချယ်ရီတွေတောင် ပွင့်ကြပါပကော။

၃

ပြင်ဦးလွင်မြေကို ခြေချလိုက်မိသည်နှင့် ယောဝန့်ရင်မှာ လှိုက်ခုန်သွားရသည်။ ပြင်ဦးလွင်ကို သူ ခွဲခွာခဲ့ရတာတောင် ဆယ့်ငါးနှစ်ရာသီ ရှိခဲ့ပြီ။ ရန်ကုန်မှာ နေရသော်လည်း သူ့စိတ်နှလုံးထဲမှာတော့ ပြင်ဦးလွင်မြို့ကလေးသာ ထာဝရရှိသည်။

ထင်းရှူး၊ ချယ်ရီ၊ လိမ္မော်နံ့တွေသင်းသော မြို့။ နှင်းပန်း၊ သရဖူ၊ ခင်မမေ့ပန်း၊ ပင်စိမ်းနီပွင့်ကလေးတွေ ဝေနေတတ်သော မြေကပ်ပန်းခင်းကလေးများ၊ အေးမြရှင်းသန့်သော တောင်ပေါ်လေ အေးကြည်ကြည် စသည့် ပြင်ဦးလွင်မြို့၏ အဆင်း အနံ့ အရသာတွေကို သူ အမြဲလွမ်းဆွတ်နေတတ်ခဲ့သည်။ ပြီးတော့ ကျေးဇူးရှင် ကြီးမေနှင့်တကွ သူ့ငယ်ဖော် ယောမန်၊ ယောမာ မြိုင်တို့ကိုလည်း လွမ်းမောတသ ရှိခဲ့ရပါ၏။

ဟေမန်နှင့် ဟေမာ နှစ်ယောက်တစ်ဘဝ လက်တွဲဖော်ပြုသွားကြတော့ ဂနိုင်ပေမြို့မှာ ဟေဝန်နှင့် မြိုင်သာ ကျန်ရစ်ခဲ့သည်။ သည်အခါမှာတော့ ကြီးမေက မြိုင်နှင့် သူ့ကို လက်ထပ်ပေးဖို့ အပြေအနေ ဖြစ်လာလေသည်။ မကြာမီတွင် မြိုင်ကို သူ နမလေးတစ်ယောက်လိုသာ သံယောဇဉ်ရှိခဲ့သည်။ မြိုင်သည် ငိုးသားစေးပေးသော မိန်းကလေးတစ်ယောက်အဖြစ်သူ အကြင်နာထားခဲ့တာ မှန်ပါ၏။ ဟေဝန်က သူတို့လေးယောက် အတူကစားကြလျှင်ပင် မြိုင်ကိုနှိမ်တာမျိုး ဟေဝန် မကြိုက်။

"ဟေမန်၊ မင်းတို့ကစားတာ မင်းတို့ဘာသာ ကောင်းကြပါစေတော့၊ မြိုင်ကိုရှည်း ကောက်နိုင်းနေကြတာပဲ။ မြိုင်ကိုလည်း တစ်လှည့်ပေးကစားဦးမှပေါ့"

မြက်ခင်းပေါ်က တင်းနစ်ကွင်းကလေးဘေးမှာရပ်ရင်း ဟေမန်နှင့် ဟေမာ ရိုက်ထုတ်သမျှ ဘောလုံးတွေကို ချွေးအလုံးလုံး လိုက်ကောက်ပေးနေရသော မြိုင်ကိုကြည့်ပြီး ဟေဝန် စိတ်တိုရသည်။

"မြိုင်မှ မကစားတတ်တာကွ၊ ဘောလုံးကောက်ပေးတာ ကျေးဇူးတင်ရသေး"

ဟေမန်က သည်လိုပြန်ပြောလျှင် ဟေဝန်က ဘာမှဆက်မပြောတော့ဘဲ မြိုင့်လက်ကို ဆောင့်ဆွဲ ခေါ်လာမိသည်။ နေရာတိုင်းမှာ အနိမ်ခံရတတ်သော မြိုင့်ကို သူ ကရုဏာသက်ခဲ့ပါ၏။ သို့သော် မြိုင့်ကို ဘဝကြင်ဖော်အဖြစ် တစ်သက်တာ လက်တွဲဖို့ရာအထိတော့ ဟေဝန် မမျှော်မှန်းခဲ့ပါ။ ကြီးမေ့ကို ငြင်းဆန်ဖို့လည်း သူ မဝံ့မရဲ။ သည်တော့ မြိုင့်ကိုပဲ ပြတ်ပြတ်သားသား သူ ဆွေးနွေးခဲ့ရသည်။

"မြိုင် ငါ ရန်ကုန်သွားတော့မယ်။ ငါ အားလုံးကို တွက်ထားပြီးပြီ။ ဟေမန်တို့နှစ်ယောက်ကိုကြည့်ပြီး ငါ စိတ်မချမ်းမသာဖြစ်ရတယ်။ မြိုင်တော့မသိဘူး၊ ငါတော့ ဟေမန်တို့ မှန်တယ်ထင်တာပဲ။ သူတို့ဘဝ

သူတို့ လွတ်လွတ်လပ်လပ် ရွေးချယ်သွားခဲ့တာပဲ။ လူတစ်ယောက်ရဲ့ဘဝကို လူတစ်ယောက်က ချုပ်ကိုင်ချင်လို့ မရဘူးဟ။ မြိုင်နဲ့ ငါ့ကိစ္စရော ဘာထူးသလဲ။ ရင်နဲ့ ဝမ်းနဲ့ လွယ်မမွေးပေမဲ့ ကြီးမေဟာ တို့အားလုံးရဲ့မိခင်ပဲ၊ တို့တစ်တွေကလည်း မောင်နှမတွေပဲ မြိုင်။ ငါကတော့ သည်လိုပဲခံယူတယ်၊ မြိုင့်ကိုမှ မဟုတ်ဘူး၊ ဟေမာ့ကိုလည်း နှမလေးလိုပဲ အောက်မေ့တာ၊ သည်ကိစ္စကို ငါ လက်မခံချင်ဘူးဟာ"

မြိုင့်မျက်လုံးကလေးတွေ တဖျပ်ဖျပ်လက်ခါနေတာ ဟောဝန် အတွေ့သား။ မြိုင်သည် သူတို့လို ပညာကို ဆုံးအောင် မသင်ကြားနိုင်ခဲ့သော်လည်း၊ လူပုံက အေးထုံအေးစက်နိုင်သော်လည်း ရုပ်အဆင်းရှုပကာ လုပသိမ်မွေ့သော မိန်းမချောကလေးဆိုတာတော့ ဟောဝန် လက်ခံပါ၏၊ သို့သော် မြိုင်ဟာ သူ့နှမလေးမဟုတ်လား။

"ကြီးမေကို ဘာဖြစ်လို့ နင် ကတိတွေပေးလိုက်တာလဲ ဟောဝန်၊ ကျွန်တော် အခြေတကျဖြစ်ရင် မြိုင့်ကို လက်ထပ်မှာပါလို့ ဘာဖြစ်လို့ ပြောလိုက်ရတာလဲ။ နင် ပြတ်သားသင့်တယ် ဟောဝန်၊ ကြီးမေကို နင် မညာခဲ့သင့်ဘူး။ ဒါဆိုရင် ပြဿနာဖြစ်တော့မှာပဲ ဟောဝန်ရဲ့"

မြိုင်က သည်တစ်ခါတော့ ဟောဝန့်ကို ခွန်းတုံ့ပြန်သည်။ တစ်ချိန်လုံး စကားနည်းနည်းနှင့် ညင်ညင်သာသာ ပြောတတ်ခဲ့သော မြိုင့်နှုတ်က သည်လို စူးရှသော စကားတွေ ထွက်လာတာကို ဟောဝန် အံ့သြခဲ့ရသည်၊

"ကြီးမေကို လောလောဆယ် နှစ်ခါ မနာစေချင်လို့ပေါ့ မြိုင်၊ ငါကပါ ငြင်းလိုက်ရင် ကြီးမေ သေသွားမလားပဲ။ ကြီးမေကို ဝေဒနာ မပေးချင်သေးဘူး။ ဒါကြောင့် နင့်ကို ငါ တိုင်ပင်ရတာပေါ့။ ငါ ရန်ကုန်ကို အလုပ်ကိစ္စနဲ့သွားမယ်။ ဟိုမှာပဲ ငါ နေတော့မယ်။ ကြီးမေ မေးလာရင်တော့"

"ဒီမှာ ဟောဝန်"

မြိုင်က လှမ်းဟန့်လိုက်တော့ ဟောဝန့်စကားတွေ ရပ်သွားသည်။ မြိုင့်မျက်နှာ ဝင်းဝင်းကလေးပေါ်မှာ ချယ်ရီရောင်ကလေး သမ်းနေတာ ဟောဝန် တွေ့လိုက်ရ၏။

"ဟောဝန်ကို လက်ထပ်ရမယ်ဆိုတဲ့ကိစ္စကိုတော့ မြိုင် ငြင်းမှာ မဟုတ်ဘူး။ မြိုင့်ကို ထင်ချင်သလို ထင်နိုင်တယ်။ ဟောဝန်လုပ်ချင်သလို လည်း လုပ်နိုင်တယ်။ မြိုင့်ကို ဟောမန်က မယူနိုင်ဘူးလို့ ပြောခဲ့တုန်းက မြိုင် ဘယ့်နှယ်မှ မခံစားခဲ့ရဘူး။ ဝမ်းတောင်သာမိသေးရဲ့။ ကြီးမေ ဖွတ် စီစဉ်မယ်ဆိုရင်တော့လည်း မြိုင် လက်ခံမှာပါ။ ဟောဝန်က အခုလိုပြောတာ ကျတော့ မြိုင် ဝမ်းနည်းရပါတယ်။ ဘာလို့လဲသိလား၊ ဟောဝန့်ကိုတော့ မြိုင် သံယောဇဉ်ရှိတယ်"

မြိုင့်နှုတ်က သည်လိုစကားတွေထွက်လာတော့ ဟောဝန် အံ့သြ ရသည်။ အမြဲတမ်း နှုတ်ဆွံ့နေတတ်သော၊ သူတို့တစ်တွေက ထုံအအ မိန်းကလေးဟု သတ်မှတ်ခဲ့ကြသော မြိုင်။ သည်တစ်ခါတော့ ရဲဝံ့ပြတ်သား လှချည်လား။ ဘာကြောင့်ရယ်တော့မသိ၊ မြိုင့်မျက်နှာကို ဟောဝန် မော့မကြည့် ရဲတော့။

လေပြည်ကလေး သုန်ဖြူးလာတော့ စိန်ပန်းပြာပွင့်ကလေးတွေက မြေပေါ် ဝဲကျလာသည်။ နွေဦးကို ကြိုဆိုသော ဥသြငှက်ကလေးများ၏ တွန်သံကို ကြားနေရသည်။ မြိုင့်ထံမှ ဘာစကားသံမှ မကြားရတော့သလို သူကိုယ်တိုင်လည်း ဘာဆက်ပြောရမှန်းမသိတော့။ ခဏနေတော့ မြိုင့်ထံမှ ရှိုက်သံက သူ့ရင်ထဲ တိုးဝင်လာသည်။ မြိုင်ဟာ စိတ်ကူးယဉ်တတ်တဲ့ မိန်းကလေး မဟုတ်တာတော့ သေချာသည်။ သူ ဘာဆက်လုပ်ရမလဲ၊ ဟောဝန် မသိတော့ပါ။

"နင် ရန်ကုန်ကို ဘယ်တော့လောက် သွားမှာလဲ။ သွားလေ၊ ဒါပေမဲ့ ကြီးမေနဲ့ ငါ့ဆီကိုတော့ စာ မပြတ်မပြတ် ရေးပါ။ ငါကတော့ ဂနိုင်မေ

ခြံကြီးထဲမှာ အမြဲရှိနေမယ့် တွင်းပိုးတစ်ကောင်လိုပေါ့ဟယ်၊ နင်တို့တစ်တွေ ကျောင်းပိတ်ရက်ရောက်တိုင်း မျှော်ရသလို ငါ အမြဲမျှော်နေမှာပါ"

မြိုင် ထွက်သွားတဲ့အထိ သူ့ကိုယ်သူ မဝေခွဲနိုင်သေး။ နောက်ရက်တွေမှာလည်း မြိုင်နှင့် ထပ်မဆုံဖြစ်တော့။ မြိုင်က သူ့ကို တမင်ရှောင်နေခြင်းဖြစ်သလို သူကလည်း မြိုင့်ကိုတွေ့ဖို့ မဝံ့မရဲတာ ပါပါသည်။ နောက်တော့လည်း အလုပ်ကို အကြောင်းပြကာ ရန်ကုန်ကို ဟောဝန် ရောက်လာခဲ့သည်၊ မြိုင်မှာလိုက်သလို ကြီးမေထံသို့ စာမကြာမကြာရေးဖြစ်သော်လည်း သူ အိမ်ထောင်ပြုပြီးနောက်ပိုင်းမှာ မရေးဖြစ်တော့။ သည်လိုနှင့် ပြင်ဦးလွင်နှင့် သူ ဝေးကွာခဲ့ရသည်။ အခုတော့ ကြီးမေကွယ်လွန်ကြောင်းနှင့် ပြင်ဦးလွင်ကို အမြန်ဆုံး လာခဲ့စေလိုကြောင်း မြိုင့်ထံမှ အကြောင်းကြားလာသဖြင့် လာခဲ့ခြင်းသာဖြစ်၏။

"ဟောဝန်"

ကားလမ်းတစ်ဖက်မှာ ရပ်ထားသော မြင်းရထားပေါ်မှ လှမ်းခေါ်သံကြားလိုက်ရသည်။ သူ့ထံကိုပြေးလာသူက တစ်ချိန်က သူ့ညီငယ် ဟောမန်၊

"မင်းတို့ကော ရောက်နေကြပြီပေါ့၊ ဟောမာရော"

"ပါတယ်လေ၊ မနေ့တုန်းက ရောက်ကြတာ။ မင်း ဒီနေ့ ရောက်လာမှာပဲလို့ မြိုင်ပြောလို့ ငါ လာစောင့်နေတာ။ ပေးလေ အိတ်တွေ"

ပြင်ဦးလွင်လမ်းပေါ်မှာ ရထားလုံးစီးရသည့်အရသာကို ခံစားလိုက်ရတော့ ငယ်ဘဝကို ဟောဝန် လွမ်းလိုက်မိသည်။ ဂနိုင်မေခြံကြီးကို ရောက်တော့ ဟိုတုန်းကလိုပဲ မပြောင်းမလဲ ရှိနေတာကို တွေ့လိုက်ရသည်၊ ဟောမာနှင့် မြိုင်က သူတို့ကို ဆီးကြိုသည်။ သူတို့တစ်တွေ သည်လို မဆုံတွေ့ကြရတာ ကြာပြီကော။ အိမ်ကြီးထဲဝင်လိုက်တော့ ကြီးမေကို သတိရကာ ဟောဝန် ငိုမိသည်။ ကြီးမေပြောခဲ့ဖူးသော စကားတွေ ခေါင်းထဲ ဖျတ်ခနဲ ဝင်လာသည်။

"ကြီးမေရော မင်းတို့ပါ ဥမကွဲသိုက်မပျက် မိသားစုဘဝကလေး နေလာကြရာက သည်အသိုက်အမြုံကလေး ပျက်သွားမှာကို ကြီးမေ စိုးရိမ်မိတာ အလွန်ပဲ"

အခုတော့ တကယ်ပဲ အသိုက်အမြုံကလေး ပျက်ရတော့မည်။ ကြီးမေပိုင်ဆိုင်ခဲ့ဖူးသော သည်ခြံကြီးကို ရောင်းချရတော့မှာမဟုတ်လား။ သူတို့တစ်တွေလည်း သည်ခြံကြီးထဲမှာ နောက်ထပ်ဆုံတွေ့ကြဖို့ မရှိနိုင်တော့ပြီ။ သည်လိုဖြစ်ရတာ ဘာကြောင့်လဲဆိုသည့် အမေးပုစ္ဆာကို သူ ဖြေနိုင်စွမ်းလည်း မရှိတော့ပါ။ သူတို့အားလုံး ပုထုဇဉ်လူသားများပီပီ မှားခြင်း မှန်ခြင်း ဆိုသည့် အကြောင်းနှစ်ရပ်အပေါ်မှာ ရှိခဲ့ကြတာမဟုတ်လား။ ဂနိုင်မေခြံကြီးကတော့ သူတို့အားလုံးကို ငေးရီကြည့်နေသည်။ နှင်းပွင့် နှင်းဖတ်ကလေးတွေက အမှောင်နှင့်အတူရောကာ ပြင်ဦးလွင်မြို့ကလေးကို ဖုံးလွှမ်းစပြုလာခဲ့ပြီ။ သည်တစ်ညတော့ သူတို့မောင်နှမတစ်တွေ မီးလင်းဖိုဘေးမှာ ထိုင်ရင်း စကားတွေ တစ်ဝကြီးပြောကြမည်။ ပြီးတော့ ကျေးဇူးရှင် ကြီးမေ တစ်ယောက် ထာဝရဘုရားသခင်ထံမှာ ငြိမ်းငြိမ်းချမ်းချမ်း ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့ကြမည်။

၄

ဟောဝန်ထွက်သွားပြီး နောက်ပိုင်းရက်တွေမှာတော့ ဂနိုင်မေခြံကြီးထဲမှာ ကြီးမေနှင့် မြိုင်၊ ဦးအဲမိသားစုတို့သာ ရှိတော့သည်။ ဟောဝန့်ဆီက စာဆိုတာကလည်း ကျဲကျဲပါးပါး။ စာဆက်တွေ ဝေးခဲ့ပြီ။ ဟောမန်နှင့် ဟောမာတို့လည်း ဘယ်ဆီနေကြပါလိမ့်။ မြိုင်ကတော့ ဒိုင်ခံ လွမ်းရသူမှုတ်လား။ ကြီးမေကတော့ သည်ဘက်နှစ်တွေမှာ သိသိသာသာ အိုစာသွားခဲ့သည်။ ဝတ်ပြုဆုတောင်းပွဲကို ခြံကြီးထဲမှာပဲ မကြာခဏ လုပ်ကြသည်။ ဘုရားကျောင်းကိုပင် မှန်မှန်မရောက်နိုင်တော့။ မြိုင်ကတော့ ကြီးမေ၏ လက်ကသုံးတောင်ဝှေး ဖြစ်နေရသည်။

"မြိုင် ကြီးမေပြောတာကို နားထောင်ကွယ်၊ မြိုင့်အတွက် မြိုင့်ကို ဆက်ခံမယ့် ကလေးတစ်ယောက် ရှိစေချင်တယ်။ မြိုင်လည်း အသက်ကလေး ရလာပြီဆိုတော့ မြိုင်နဲ့အတူရှိရမယ့် သံယောဇဉ်ကလေးပေါ့ကွယ်။ လောကမှာ ကိုယ်ချည်းနေရတာထက် ကလေးတစ်ယောက်နဲ့နေရတာ ပိုပျော်စရာ ကောင်းတယ်။ မိသားစု အဖွဲ့အစည်းကလေးနဲ့နေရရင်တော့ ပျော်စရာ အကောင်းဆုံးပေါ့ကွယ်။ ဘာဖြစ်လို့ မြိုင့်ကို ကလေးတစ်ယောက် မွေးစားဖို့ ပြောရတာလဲဆိုတော့ ဟောဝန်ဟာ ပေးထားတဲ့ကတိကို ဖောက်ဖျက်သွားပြီ ဆိုတာ ကြီးမေ အာရုံတွေက ပြောနေတယ်။ သည်တစ်ခါတော့ ကြီးမေ ဘာကိုမှ မခံစားတော့ပါဘူး။ ဘုရားသခင် စီမံတော်မူတာကိုပဲ ကြီးမေတို့ လက်ခံကြရတာမဟုတ်လား"

သည့်နောက်တော့ ဦးအဲ၏ အဆက်အနွယ်ထဲက လသားအရွယ် သမီးလေးတစ်ယောက် ဂနိုင်မေခြံကို ရောက်လာခဲ့သည်။ သည်ကလေးကို ကြီးမေကိုယ်တိုင်ပဲ 'ရုဂ့်' လို့ နာမည်ပေးသည်။ သင်းအုပ်ဆရာ၊ ရှေ့နေကြီး ဦးစောနိုင်တို့နှင့် တိုင်ပင်ညှိနှိုင်းကာ သည်ခြံကြီးကို ဂနိုင်မေ မှ မြိုင်နှင့် ရုဂ့် အမည်ပြောင်းသည်။ ကြီးမေပိုင်ဆိုင်သမျှ အတွင်းပစ္စည်းရတနာတွေကို ထုဖွဲ့ရောင်းချကာ အသင်းတော်ကိုလည်း လှူသည်။ ဆေးရုံ၊ မျက်မမြင် ကျောင်း၊ မိဘမဲ့ကလေးများ ရန်ပုံငွေ၊ လူအိုရုံ စသဖြင့် ကြီးမေ စိတ်သန်ရာကို မြိုင်နှင့် ဦးစောနိုင်တို့က လိုက်၍ လှူဒါန်းပေးရသည်။ သည်ခြံကြီးနှင့် အိမ်ကို မြိုင့်အမည်ပေါက် လွှဲပြောင်းသည်။ သေတမ်းစာအပေါ်မှာ မြိုင်တစ်ဦးတည်း ပိုင်ဆိုင်ခွင့် ရေးထိုးကာ လွှဲပြောင်းပေးခဲ့၏။

"ဘဝဆိုတာ ဝန်ထုပ်ဝန်ပိုးကြီးပဲဆိုတာ ဟောဒီသေတမ်းစာ ပေါ်မှာ လက်မှတ်ထိုးလိုက်တော့မှပဲ ကြီးမေ သဘောပေါက်ရတယ်။ ကြီးမေ ထမ်းရွက်ထားရတဲ့ နှစ်တွေ မနည်းပါလား မြိုင်။ ကနေ့တော့ ခေါင်းပေါ် ရွက်ထားရတဲ့ ကျောက်ထုပ်ကို ပစ်ချလိုက်သလို ပေါ့ပါးသွားခဲ့တယ်၊

ကြီးမေဟာ ခုနေ ဘုရားသခင်က ခေါ်တော်မူရင်လည်း ရင့်ဆိုင်ဝံ့ပြီ"

အဖြစ်အပျက်တွေက ဖျတ်ခနဲဖျတ်ခနဲ။ လျှပ်စီးတွေလက်သလို တစ်နေရာစီက ပိုးခနဲ ဝင်းခနဲ အလင်းရောင်တွေ ထွက်ပေါ်လာတာမျိုး။ သည့်နောက်ပိုင်းမှာ မြိုင့်အတွက် စိတ်မချမ်းသာစရာတွေချည်း ကြုံခဲ့ရ၏။

ကြီးမေသည် အိပ်ရာထက်မှ လုံးလုံးလျားလျား မထနိုင်တော့။ တစ်ချိန်လုံး မြိုင့်ကို အနားမှာ ရှိနေစေခဲ့သည်။ မြိုင်က သမ္မာကျမ်းစာကို ဖတ်ပြလိုက်၊ ကြီးမေနှင့် စကားတွေပြောလိုက်၊ ကြီးမေ ဝေယျာဝစ္စတွေ လုပ်လိုက်နှင့် ဘာရယ်မသိ၊ တစ်ချိန်လုံး စိတ်အားတွေ ငယ်နေမိသည်။ သည်အချိန်မှာ ဟောဝန်၊ ဟောမန်နှင့် ဟောမာတို့ကို တမ်းတမိသည်။ မြိုင် သတိထားမိသည်မှာ ကြီးမေသည် သူ့ကို စွန့်ခွာသွားကြသော ဟောဝန်တို့ သုံးယောက်အကြောင်း စကားစပ်၍မျှပင် မပြောခြင်းဖြစ်သည်။ ကြီးမေက မစတော့ မြိုင်လည်း မဟာရဲခဲ့ပါ။ ကြီးမေ စိတ်ချမ်းသာမှုသာ အဓိကထား ပြုစုခဲ့သည်။

"မြိုင် ကြီးမေရဲ့သေတ္တာကလေးထဲက စာရွက်ကလေး ထုတ် ဖတ်ပြစမ်းပါကွယ်"

ကြီးမေက သူ မြတ်နိုးရာရာ ပစ္စည်းကလေးများကို ယွန်းသေတ္တာ ကလေးဖြင့် ထည့်ထားတတ်တာ မြိုင် သိသည်။ ရွှေငွေရတနာပစ္စည်း မဟုတ်ပေမဲ့ ကြီးမေက သည်လိုပစ္စည်းလေးတွေကို တန်ဖိုးထား စွဲလမ်း တတ်သည်မဟုတ်လား။

စာရွက်ခေါက်ကလေးကို မြိုင် ဖြေကြည့်လိုက်တော့ မြိုင် ဝမ်းနည်းကြေကွဲမိရသည်။ သည်ကဗျာလေးကို ကြီးမေ ရွတ်မပြတာတောင် ကြာပြီကော။

"ပြားနှင့် ဂနိုင်၊ မြိုင်နှင့် ရဂုံ၊ စုံနှင့် ဟောဝန်၊ ဟောမန် ဟောမာ၊ ရိပ်သာဆိုင်းဆိုင်း၊ အင်တိုင်းစေးပျစ်၊ တောချည်းဖြစ်၏"

ကဗျာကလေးကို ဖတ်ပြရင်းက မြိုင် မျက်ရည်တွေ စီးကျလာခဲ့သည်၊ ကြီးမေရင်ထဲက နှလုံးသားခံစားမှုဝေဒနာကို မြိုင် တွေ့လိုက်ရလို့ပဲဖြစ်သည်၊

"မြိုင် ငိုနေသလား။ ကဗျာလေးက ကောင်းတယ်နော်။ သစ်ပင်တွေ တစ်ပင်စီ တစ်ပင်စီ နီးနီးကပ်ကပ် ပေါက်ကြလို့ တစ်ပင့်အရိပ် တစ်ပင် ယှက်သန်း အုပ်မိုးနေတဲ့ တောရိပ်သစ်ရိပ်များဟာ အင်မတန် အေးချမ်း ပါတယ်။ သည်လိုပဲ သစ်ပင်တွေ တစ်ပင်ချင်း တစ်ပင်ချင်း ဖယ်ကြည့်လိုက် ပါလား၊ အရိုးကျဲကျဲ အခက်ကျဲကျဲနဲ့ ကြည့်လို့ကောင်းပါဦးမလား။ အေးမြတဲ့ အရိပ် ရပါဦးမလား၊ ဟင် မြိုင်"

ကြီးမေသည် ပြတင်းပေါက်မှ လှမ်းမြင်နေရသော သစ်ပင်ကြီး တွေကို ငေးငေးရီရီ ကြည့်နေသည်။ လေတစ်ချက်လှုပ်လိုက်တိုင်း သစ်ရွက် သစ်ကိုင်းတွေက တရှဲရှဲမြည်နေကြသည်။ ကြီးမေရော ငိုနေသလား။

"ကြီးမေဟာ သစ်တောကို ပြုစုခဲ့တယ်။ ဒါပေမဲ့ ကြီးမေရဲ့ စေတနာဟာ ဝေဒနာဖြစ်ရတယ်လို့ ပြောရမယ်ထင်ပါရဲ့။ သစ်ပင်တွေဟာ တစ်ပင်စီတစ်ပင်စီ ကွယ်ပျောက်ကုန်ကြတယ်။ ကြီးမေရဲ့အရိပ်အာဝါသကို ကြီးမေပဲ ဖျက်ဆီးသလိုဖြစ်ခဲ့ရတယ်။ သည်ဒဏ်ကို ကြီးမေ ခံခဲ့တာပါပဲ၊ စေတနာက ဖြစ်ရတဲ့ ဒဏ် မှတ်လား။ မြိုင် မြိုင့်ကိုတော့ ကြီးမေ ကျေးဇူး တင်ပါတယ်။ ကြီးမေနဲ့ ဖဝါးခြေထပ် အတူနေခဲ့တယ်။ ကြီးမေစကားကို မြိုင်နားထောင်တယ်။ မြိုင်ဟာ ဘုရားသခင်က ပေးတော်မူတဲ့ ကြီးမေအတွက် လက်ဆောင်ပါပဲ။ မြိုင်ဟာ ကြီးမေအတွက်တော့ သူတော်စင်ကလေး ပါကွယ်။ ရဂုံကိုလည်း မြိုင့်လို စိတ်နှလုံးမျိုးရှိအောင် စောင့်ရှောက်ပါ။ ရဂုံကိုမှ မဟုတ်ပါဘူးလေ၊ ပြုစုစောင့်ရှောက်သူ မဲ့ရှာတဲ့ သစ်ပင်ကလေးတွေကို မြိုင် စိုက်ပါ။ သစ်တောကြီးတစ်တောဖြစ်အောင်ပေါ့ကွယ်"

နောက်ရက်ပိုင်းအတွင်းမှာပင် ကြီးမေသည် သူချစ်သော ဂနိုင်မေ (သို့မဟုတ်) မြိုင်နှင့် ရဂုံကို စွန့်ခွာသွားခဲ့ရှာပြီ။ မြိုင့်တစ်သက်လုံး အားကိုး

အားထားပြုခဲ့ရာ ကြီးမေ မရှိတော့ မြိုင့်မှာ စိတ်အားတွေ ပိုငယ်လာမိသည်။ ကြီးမေဆန္ဒအရ မြိုင်မွေးစားခဲ့သော ရဂုံကလေးသာ တွယ်တာစရာ မရှိပါလျှင် မြိုင်ဘဝသည် သစ်ပင်တစ်ပင်မျှမရှိသော သဲကန္တာရတစ်ခုလို ပူပြင်းခြောက်သွေ့နေမှာ အမှန်ပဲဖြစ်သည်။ အခုတော့ ကြီးမေချစ်ခင်သော 'တော' ဆိုသည့် အဓိပ္ပာယ်ကို မြိုင်ပိုလို့ နားလည်ခံစားတတ်လာခဲ့ပြီ။ ဒါကြောင့်လည်း ယောဝန်၊ ယောမန်၊ ယောမာတို့ကို မြိုင် လှမ်းခေါ်လိုက်သည်။ သည်ခြံကြီးထဲမှာ အတူနေနိုင်ပါလျှင် သူတို့မောင်နှမတစ်တွေ မိသားစုဘဝကလေးကို ပြန်လည်တည်ဆောက်မည်။ အတူနေလို့မဖြစ်လျှင်တော့ သည်ခြံကြီးကို ရောင်းချပြီး တစ်ခုစီပေးမည်ဟု မြိုင် ဆုံးဖြတ်လိုက်ခြင်းဖြစ်၏။

"သည်ခြံကြီးကို ရောင်းလိုက်တော့ မြိုင် ဘယ်မှာနေမလဲ"

ညစာ စားပြီး မီးလင်းဖိုဘေးမှာ ဝိုင်းဖွဲ့ထိုင်ကြရင်း ငယ်ဘဝတွေကို စားမြုံ့ပြန်ကြသည်။ ကြီးမေ၏ကျေးဇူးတရားကို အာရုံပြုဆုတောင်းကြသည်။ သူတို့မောင်နှမတစ်တွေ သည်ခြံကြီးထဲမှာ အတူနေကြဖို့ အစီအစဉ်ကို ဆွေးနွေးကြသည်။ ကိုယ်စီကိုယ်စီ ဘဝတွေ ထူထောင်လိုက်ကြပြီမို့ ဂနိုင်မေ ခြံကြီးထဲမှာ အတူနေဖို့အကြောင်း ရေစက်မရှိကြတော့ပါ။ မြိုင်ကလည်း မျှော်လင့်ထားပြီးသား မဟုတ်လား။ ခြံကြီးကို ရောင်းပစ်လိုက်ဖို့သာ ရှိတော့၏။

"ယောဝန် သည်လိုမေးဖော်ရတာ မြိုင် ဝမ်းသာတယ်။ မြိုင့်အဖို့ရာကတော့ ဘယ်မှာနေနေ ခြံစိုက်စားတာကလွဲလို့ ဘာမှလည်း မလုပ်တတ်ဘူးလေ။ သိပေါ်နားက ဦးအဲတို့ရွာကို လိုက်သွားမယ်။ ခြံတစ်ခြံဝယ်ပြီး သီးပင် စားပင်ကလေးတွေကို စိုက်စားမယ်။ သည်လိုပဲ စိတ်ကူးထားတယ်။ ရဂုံလေးအတွက် မြိုင် စဉ်းစားရဦးမှာလေ"

မြိုင့်ရင်ခွင်ထဲတွင် အိပ်ပျော်နေသော နှစ်နှစ်သမီးအရွယ် ရဂုံကလေးတော့ သည်အဖြစ်အပျက်တွေကို နားမလည်တတ်သေးပါလေ။

"ဟောမာ တစ်ခုမေးချင်သေးတယ် မြိုင်၊ ကြီးမေမှာ အတွင်းပစ္စည်း ကလေးတွေ ရှိသေးတယ်မှတ်လား။ အဲဒါတွေကရော"

"မြိုင်ကလည်း ပြောမလို့ပါပဲ။ အတွင်းပစ္စည်းအားလုံးကို ကြီးမေ ရှိစဉ်ကတည်းက ရောင်းချလှူဒါန်းသွားခဲ့တာပါ။ မနက်ဖြန် ရှေ့နေကြီး ဦးစောနိုင်လာရင် အားလုံး ရှင်းပြပါလိမ့်မယ်။ တစ်ခုတော့ရှိတယ်၊ မြိုင့် အတွက် တစ်ဆင်စာ၊ ရဂုံ့အတွက် တစ်ဆင်စာ သီးသန့်ပေးသွားတာ မြိုင် ပြမယ်လေ"

မြိုင်က သမီးကို အိပ်ခန်းထဲသိပ်ထားခဲ့ရင်းဖြင့် ရတနာသေတ္တာ ကလေးကို ယူလာခဲ့သည်။ မိးကျိုးခဲရဲရဲအရောင်ဖြင့် ဖိတ်လက်နေသော စိန် တစ်ဆင်စာနှင့် မိုးကုတ်ကျောက်နီ တစ်ဆင်စာက ဖျိုးဖျိုးဖျပ်ဖျပ် လက်လက် ခါနေသည်။ ဟောမာက ရတနာသေတ္တာကလေးကို ယူကြည့်ရင်း သံသယ တွေ ဝင်လာဟန်တူသည်။ သံသယဆိုတာထက် အလိုလောဘ ဆိုတာက ပိုမှန်လိမ့်မည်ထင်၏။ မြိုင့်မျက်နှာကို အကြည့်တစ်မျိုးဖြင့်ကြည့်ရင်း မေးသည်။

"ဒါ အကုန်ပဲလား မြိုင်"

"ဟောမာ ဘယ်လိုမေးလိုက်တာလဲ။မြိုင် ဘာကိုမှ ဝှက်မထားခဲ့ပါဘူး"

မြိုင်ကလည်း ခပ်ဆတ်ဆတ်ကလေးပင် တုံ့ပြန်လိုက်သည်။ မြိုင်တို့ စကားဝိုင်းကလေးသည် စောစောကလို စိစိဝေမနေတော့ဘဲ တိတ်ဆိတ် ငြိမ်သက်သွား၏။ အားလုံး၏မျက်နှာတွေကို တစ်ယောက်ချင်း မြိုင် လိုက်ကြည့်မိသည်။ ငယ်ရုပ်ကလေးတွေ မပျောက်ကြသေးသော်လည်း ကြီးရိပ်တွေ ထိုးနေကြပြီ။ မြိုင့်အသက်တောင် လေးဆယ်ကျော်ခဲ့ပြီဆိုတော့ သူတို့အားလုံး ငါးဆယ်တွင်း ရောက်ကြပြီပေါ့။ ငယ်ငယ်တုန်းကလို ပျော်လိုက်နောက်လိုက်မနေတော့သည့်တိုင် တစ်ဦးကိုတစ်ဦး ညှာတာ ထောက်ထား ကရုဏာတရားတွေတော့ ရှိသင့်သေးသည်ထင်၏။

"မြိုင့်ကို မယုံလို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကြီးမေမှာ ရှိသမျှ ပစ္စည်း တို့အားလုံး အညီအမျှ ပိုင်ဆိုင်သင့်တာပေါ့။ ကြီးမေက တို့ကို အမွေပြတ် စွန့်လွှတ်ခဲ့ပေမဲ့ ကြီးမေ ဆုံးခါနီးမှာ တို့တစ်တွေအတွက် ထည့်စဉ်းစားခဲ့လို့သာ သည်မြေကြီးကို ခေါ်ပေးတာမှတ်လား မြိုင်။ ဒါဆို ကြီးမေထားခဲ့တဲ့ပစ္စည်းတွေ တို့ သိသင့် ရသင့်တာပေါ့"

ဟေမာက ရှေ့ကိုသာ ဇွတ်တိုးပြောနေလေရော့ မြိုင် သက်ပြင်း ချလိုက်မိသည်။

ဟိုတစ်ချိန်တုန်းကဆို အခုလို ဒီဇင်ဘာနှင်းတွေကြားမှာ ပွင့်တတ်သော ခရစ်စမတ် ပန်းနီနီကလေးတွေကို မြင်တိုင်း သူတို့ကို လွမ်းရတာ အမော။ ခရစ်စမတ်ကျောင်းပိတ်ရက်ရောက်တိုင်း ခရစ်စမတ်ပွဲ ဆင်နွှဲဖို့ လေးယောက်သား ချုံတော မြက်တောတွေ ရှင်းကြ။ အုတ်စောင်းစီထားသော လမ်းကလေးကို ပြင်ကြ၊ ဆင်ကြ၊ ထုံးတွေ သုတ်ကြ။ သစ်ပင် ပန်းပင် ကလေးတွေကို ညှပ်ကြ၊ ဖြတ်ကြ၊ လျှပ်စစ်မီးပွင့်ကလေးတွေကို သွယ်တန်း အလှဆင်ကြ။ ချွေးတလုံးလုံးနှင့်။ ဝါးပြင့်ချိုးထားသည့် ကြယ်နီကြီး တစ်လုံးက အိမ်ဝမှာ ရဲမှည့်နေတာကိုလည်း မြိုင် အမှတ်ရမိ၏။

အခုတော့ သည်လိုမဟုတ်တော့ပါလား။ အချိန်ကာလနှင့် ဝေးကွာမှုတွေကပဲ သူတို့ကို စိမ်းကားသွားစေသလား။ ဒါမှမဟုတ် ပစ္စည်း ဥစ္စာခန့် ပိုင်ဆိုင်လိုမှုဇောတွေကပဲ ချစ်ခြင်းမေတ္တာတရားကို နင်းခြေပစ်လိုက် လေသလား။ မြိုင် ဘာဆိုဘာမှ မတွေးတတ်ပါလေ။

"ကြီးမေ ရေးသွားတဲ့ သေတမ်းစာရော မြိုင်"

ဟေမန်က လှမ်းမေးလိုက်တော့ မြိုင့်ကိုယ်လေး တောင့်ခနဲ ဖြစ်သွားရသည်။ သည်သေတမ်းစာကို ဖြစ်နိုင်လျှင် မြိုင် မပြချင်။ မြိုင်က သည်မြေကြီးကို ရောင်းချပြီး လေးပုံတစ်ပုံစီ ပေးဖို့ ရှေ့နေ ဦးစောနိုင်ထံမှာ လက်မှတ်ထိုးထားသည်။ ဒါက မြိုင် စိတ်သဘောအရင်းခံဖြစ်သည်မို့

သူတို့တစ်တွေ မြိုင့်အပေါ် သည်လောက် စိစစ်လာလိမ့်မည်မထင်တာလည်း ပါပါသည်။ မြိုင် အတွေးတိမ်မိတာလည်း ဖြစ်နိုင်သည်။

"သေတမ်းစာ ဘယ်မှာလဲလို့ ငါ မေးနေတယ် မြိုင်"

ဟောမန်က မာမာထန်ထန်မေးလိုက်တော့ မြိုင် လန့်သွားမိသည်၊ ဘာစကားမျှပြောမထွက်နိုင်တော့ဘဲ ဝမ်းနည်းမျက်ရည်တွေသာ တရဟော စီးကျလာတော့၏။ မြိုင် မျက်ရည်ကျလာတော့ ဟောဝန် မနေသာတော့ပါ၊ သူတို့တစ်တွေ ပြန်လည်ဆုံစည်းကြခြင်းသည် ပျော်ရွှင်မှုကိုသာ ဖြစ်စေချင်သည်၊

"ဟောမန်၊ တို့တွေ အခုမှ ဆုံကြ တွေ့ကြရတာ သိပ်အလေးမကြီး ပါနဲ့ကွာ။ မနက်ကျမှ ပြောကြတာပေါ့။ တကယ်ဆိုရင် မြိုင့်ကို အပြစ်တင်စရာ ဘာမှမရှိပါဘူး။ မြိုင်ဟာ တစ်သက်လုံး ကြီးမေအပေါ်မှာ တာဝန်ကျေခဲ့ ရှာသူပဲ။ သူ့မှာ လောကအကြောင်း၊ ဓမ္မအကြောင်းသိတဲ့ ဉာဏ်ပညာ နည်းရှာပေမဲ့ တို့သုံးယောက်ထက် စိတ်ဓာတ်ကောင်းတာကို တို့ အသိအမှတ် ပြုရလိမ့်မယ်။ တို့တစ်တွေဟာ မြိုင့်လို ဘာလို့မနေနိုင်ခဲ့ကြသလဲ။ ကြီးမေ လိုလားတောင့်တတဲ့ သစ်တောကြီးတစ်တောဖြစ်အောင်၊ သစ်တစ်ပင်အဖြစ် တို့ ဘာလို့ မကျင့်ကြံနိုင်ခဲ့ကြတာလဲ။ ငါတို့အတွက် ငါတို့ ကြည့်ခဲ့ကြတာပဲ၊ မြိုင့်မှာ ဘာအတွက်မှမရှိဘူးဆိုတာ ငါ ယုံကြည်တယ်။ ကြီးမေပိုင်ဆိုင်သမျှ မြိုင်ယူစေဦး၊ ငါ ကျေနပ်တယ်ကွာ"

ဟောဝန်က ဝင်ပြောတော့ အားလုံးတိတ်ဆိတ်ငြိမ်သက်သွား ပြန်သည်။ အိမ်အမိုးပေါ်မှာ နှင်းမိုးကြွေသံ တဖြောက်ဖြောက်ကို ကြားနေ ရသည်။ နှင်းတွေက ခါတိုင်းနှစ်တွေထက် ပိုကျနေသလား ခံစားရသည်၊

သည်အိမ်ကြီးကို စရောက်လာကတည်းက မနေ့တစ်နေ့ကအထိ ရက်စွဲတွေကို မြိုင် အသေးစိတ်မြင်ယောင်နေမိသည်။ သည်ခြံကြီးထဲကို မြိုင်သည် ဆန်းကြယ်စွာ ရောက်လာခဲ့သည်။ သည်ခြံကြီးထဲက ထွက်ခွာ၊ မှာကလည်း မြိုင့်အတွက် ဆန်းကြယ်နေတာပဲမဟုတ်လား။

၅

"မြိုင်"

အကြောင်းကိစ္စအားလုံး ရှင်းလင်းပြီးပြတ်သွားပြီမို့ ခြံထောင့်က ချယ်ရီပင်တန်းအောက်မှာ မြိုင် ငူငူးထိုင်နေလိုက်သည်။ စိတ်ပန်းလူပန်း နွမ်းလျလွန်းလှသော လူ့ဘဝကြီးကိုပင် မြိုင် ငြီးငွေ့လာသလို ခံစားရ၏။ မြိုင့်အတွက် သည်ခြံ သည်အိမ်ကြီးမှာ သည်ကနေ့ နောက်ဆုံးနေခြင်းလည်း ဖြစ်ချင် ဖြစ်နိုင်သည်။ သည်အတွေးဝင်လာတော့ မြိုင့်ရင်မှာ ဟာသွားသည်။

"မြိုင်"

ခေါ်သံကြားလို့ မြိုင် လှည့်ကြည့်လိုက်တော့ ဟောဝန်။ ဟိုတုန်းကလို နုနယ်ပျိုမျစ်မှုတွေ မရှိတော့သော်လည်း မြိုင်ချစ်သော ဟောဝန်ကတော့ ညင်သာနူးညံ့နေဆဲ။ မြိုင့်အပေါ် ညာတာထောက်ထား စာနာတတ်ဆဲ။ ဒါကို မြိုင် ခံစားလို့ရပါ၏။

"သိပ်စိတ်ထိခိုက်နေသလား မြိုင်။ တို့အားလုံး မြိုင့်အပေါ် အထင်မှားခဲ့ကြတယ်။ ငါ့ကို ခွင့်လွှတ်ပါ မြိုင်"

သည်မနက်ကပဲ ခြံကြီးကို အပြီးတိုင် ရောင်းချပြီးစီးသွားခဲ့ပြီ။ ရှေ့နေကြီး ဦးစောနိုင်၊ သင်းအုပ်ဆရာ၊ ရပ်မိရပ်ဖ အများရှေ့မှာပဲ မြိုင်က လက်မှတ်ရေးထိုးပေးလိုက်သည်။ သည်လို တရားဝင် ရောင်းခြင်း ဝယ်ခြင်း ကိစ္စမျိုးမှာတော့ မြိုင် လျှို့ဝှက်ထားချင်တာတွေ လျှို့ဝှက်ထားလို့ မဖြစ်နိုင်ပါ။ ရှေ့နေကြီး ဦးစောနိုင်က ပထမဆုံး ကြီးမေ ရေးသွားသော သေတမ်းစာကို ဖတ်ပြသည်။ နောက် မြိုင်က သည်ခြံကြီး ရောင်းချပြီး ရရှိသောငွေကို ဟောဝန်၊ ဟောမန်၊ ဟောမာတို့အား လေးစုလျှင် တစ်စုစီ အညီအမျှပေးအပ်သည့်အကြောင်း စာချုပ်ကို ဖတ်ပြသည်။ အားလုံးကို သဘောတူညီမှု၊ ကန့်ကွက်မှုရှိလျှင် တင်ပြဆွေးနွေးဖို့ ပြောသည်။ မြိုင်ကလွဲလျှင် ကျန် သုံးယောက်စလုံး အံ့ဩသွားကြပုံရ၏။ ရှက်ရွံ့သိမ်ငယ်စွာဖြင့် မြိုင့်ကို လှမ်းကြည့်ကြသည်။

မြိုင်ကတော့ ကြီးမေပြောခဲ့ဖူးသလို ဝန်ထုပ်ဝန်ပိုးကြီး ပစ်ချလိုက်ရသလို စိတ် ပေါ့ပါးနေမိသည်။ အားလုံးက သဘောတူကြောင်း လက်မှတ်ရေးထိုးကြသည်။ ဘာစကားမျှ မဆိုကြ။

"မြိုင် တစ်ခုပြောချင်ပါသေးတယ်။ ပြောခွင့်ပြုကြပါ"

အားလုံးက မြိုင့်ကို လှမ်းကြည့်နေကြတာ မြိုင် သိသည်။ သာမန်အားဖြင့်ဆိုလျှင် မြိုင်သည် စကားတစ်လုံးထွက်ဖို့ အင်မတန် ဝန်လေးသူတစ်ယောက်ဖြစ်သလို လူရှေ့သူရှေ့ စကားလှအောင်လည်း ပြောတတ်သူမဟုတ်။ အခုတော့ မြိုင်ပြောပြီ။

"မြိုင့်ဆီမှာ ကြီးမေ ပေးသွားတဲ့ အဖိုးတန်ပစ္စည်းဆိုလို့ ယောသည်ရတနာနှစ်ဆင်စာ ရှိပါသေးတယ်။ ဒါကိုလည်း မြိုင် ခွဲဝေပေးချင်ပါသေးတယ်၊ အစကတော့ သည်ပစ္စည်းကလေးတွေကို မြိုင့်သမီးလေး ရဂုံ့အတွက်သုံးမယ်လို့ ရည်ရွယ်ထားတာပါ။ ဒါပေမဲ့ မြိုင်ဟာ သူတို့နည်းတူ ကြီးမေရဲ့သားသမီးတွေထဲက တစ်ယောက်ပါပဲ။ မြိုင် ဘာမှပိုမယူချင်ပါဘူး။ ယူလည်းမယူသင့်ပါဘူး။ ဒါကြောင့် သည်ရတနာပစ္စည်းကိုလည်း ခွဲဝေပစ္စည်းအဖြစ်ရှေ့နေကြီးနှင့်တကွ လူကြီးများထံ မြိုင် အပ်ပါတယ်"

ဟေမာက မြိုင့်ကိုငေးကြည့်ရင်း မျက်ရည်တွေ ဝိုင်းနေသည်၊ ဟေဝန်နှင့် ဟေမန်လည်း စိတ်ကောင်းကြပုံ မပေါ်။ သုံးယောက်စလုံးက မြိုင် ပိုင်ဆိုင်သင့်ကြောင်းပြောသော်လည်း မြိုင် လက်မခံလိုပါ။ မြိုင့်ရင်ထဲမှာ တစ်ခုပြီးတစ်ခု ရှင်းလင်းသွားချင်တာပဲရှိသည်။ ဖြစ်နိုင်လျှင် သည်လိုက်နွဲ့မျိုးမြိုင့်တစ်သက် မကြုံချင်တော့တာလည်း ပါပါသည်။

ဦးစောနိုင်က ခြံဝယ်မည့်သူကို ဖုန်းဆက်ခေါ်သည်။ နေ့ချင်းပြီးငွေချေပြီး တစ်ခုစီ ခွဲဝေကြတော့ မြိုင် ငိုမိသည်။ ကြီးမေ ထိန်းသိမ်းပြုစုပျိုးထောင်ခဲ့သော သစ်တောအုပ်အုပ်ကြီးကို တောမီးကြီး လောင်သွားသလိုခံစားရမိ၏။ ရတနာပစ္စည်းကိုတော့ စာရင်းနှင့်တကွ ရှေ့နေကြီးထံမှာပဲ

အပ်နှံကာ အပြီးတိုင် ဆောင်ရွက်ပေးဖို့ အကူအညီတောင်းရပါသည်။ ကိစ္စအားလုံး ရှေ့နေကြီး၏ ကြိုတင်စီစဉ်ဆောင်ရွက်ပေးမှုကြောင့် အဆင်တပြေဖြစ်သွားတော့ မြိုင် စိတ်နှလုံးကို ဒုန်းဒုန်းချလိုက်မိတော့၏။

ညှို့သည်တွေပြန်သွားတော့ ချယ်ရီပင်တန်းအောက်မှာ မြိုင်လာထိုင်မိခြင်းဖြစ်သည်။ သည်ချယ်ရီပင်တန်းကလေးသည် သူတို့လေးယောက် ကြီးမေ မသိအောင် လာဆုံတွေ့ကြသည့် နေရာကလေးပဲမဟုတ်လား။

"မြိုင် ငါပြောနေတာတွေ ကြားရဲ့လား။ ငါတို့ကို နင် စိတ်ဆိုးနေသလားဟင်"

ဟောဝန့်အသံတွေက ငိုသံများပင် ပါလာသလို တုန်ယင်အက်ကွဲနေသည်။ မြိုင် စကားပြောဖို့ အားယူသော်လည်း လည်ချောင်းတွေကဆို့နင့်နေလေ၏။

"မြိုင် ဘယ်သူ့ကိုမှ ဘယ်တုန်းကမှ စိတ်မဆိုးခဲ့ပါဘူး ဟောဝန်။ တကယ့်ကို စိတ်မဆိုးခဲ့ဖူးပါဘူး"

"ငါသိပါတယ် မြိုင်ရယ်၊ ငါတို့ကို စိတ်မဆိုးတောင် နင် စိတ်နာသင့်ပါတယ်။ ဟောမန်တို့နှစ်ယောက်က ပွင့်ပွင့်လင်းလင်းရှိခဲ့ပေမဲ့ ငါကတော့တစ်ကိုယ်ကောင်းဆန်ခဲ့သူပါ။ ငါ နင့်အပေါ်မှာ မတရားခဲ့ဘူး"

"မြိုင်ကတော့ တရားတာတွေ၊ မတရားတာတွေ နားမလည်ပါဘူး။ ဒါပေမဲ့ ကြီးမေနဲ့ မြိုင့်ကို ဟောဝန် ပစ်ပစ်ခါခါ လုပ်သွားလိမ့်မယ်လို့တော့ထင်ကို မထင့်ခဲ့တာ။ တစ်ချိန်လုံး ဟောဝန့်ကို မြိုင် မျှော်ခဲ့မိသေးတယ်"

"မြိုင်ရယ်"

ဟောဝန်က မြိုင့်ဘေးမှာ ထိုင်ချလိုက်ရင်း ငိုသည်။ မြိုင်ကတော့မငိုမိပါ။ ခရစ်စမတ်ပန်းကလေးတွေ ရဲရဲနီနေသော သစ်ပင်ကလေးတွေကိုသာ ငေးကြည့်နေဖြစ်ခဲ့သည်။ ခဏနေတော့ ဟောမန်တို့ ဇနီးမောင်နှံပါ

ရောက်လာသည်။ မြိုင့်ကိုပဲ အထပ်ထပ်အခါခါ တောင်းပန်နေကြတော့ မြိုင်ပင် မနေတတ် မထိုင်တတ် ဖြစ်လာရ၏။

"ကဲပါ သည့်ကိစ္စတွေ ထားလိုက်ပါတော့။ မြိုင်တို့လေးယောက် အရေးအကြောင်းရှိတိုင်း သည်ချယ်ရီပင်တွေအောက်မှာ လာလာပြောဖြစ်ကြတာ မှတ်မိသေးလား။ မြိုင်ကတော့ တစ်ယောက်တည်းလည်း လာထိုင်တာပဲ"

ချယ်ရီတွေက ဖွေးဖွေးလှုပ်လှုပ် ပွင့်နေကြသည်။ အဖူးတွေကလည်း စိလို့။ ပြင်ဦးလွင်မှာ ဆောင်းငွေ့ကလေး မကုန်မချင်း ချယ်ရီတွေက ပွင့်နေကြဦးမှာပဲဖြစ်၏။ အဲသည်နေ့ ညနေက တော်တော်ကြီး ညဉ့်နက်မှ မြိုင်တို့ တစ်တွေ အိမ်ထဲဝင်ခဲ့ကြသည်။ အပြင်ဘက်မှာ နှင်းမိုးတွေ ဇွေနေပြီ။

ည မီးလင်းဖိုဝိုင်းကလေးမှာလည်း စကားတွေ ပြောဖြစ်ခဲ့ကြပါသေးသည်။ သည်တစ်ညက သူတို့အတွက် သည်ခြံ၊ သည်အိမ်၊ သည် မီးလင်းဖိုဘေးမှာ နောက်ဆုံး ဆုံတွေ့ကြရခြင်းမဟုတ်လား။ ရဂုံကလေးကလည်း ထူးထူးခြားခြား သည်ညကျကာမှ စောစောစီးစီး မအိပ်။ မြိုင့်ဘေးမှာပဲ ဆော့ကစားနေခဲ့သည်။ မြိုင်ငယ်ငယ်တုန်းကလည်း ကြီးမေ အနားမှာ သည်လိုပဲ ဆော့ကစားခဲ့လေသလား။

"အားလုံးကို မြိုင် တစ်ခုတောင်းဆိုချင်တယ်"

မြိုင်က အလေးအနက်ပြောတော့ အားလုံးက နားစိုက်ထောင်နေကြသည်။ မြိုင်သည်ပင် ကြီးမေလို ရင့်ကျက်လာနိုင်ခဲ့ပြီ။

"မနက်ဖြန် မနက်မှာပဲ မြိုင် သီပေါကို သွားတော့မယ်။ ကားလည်း မှာထားပြီးပြီ။ သည်အိမ် သည်ခြံကြီးထဲက ပောဝန်တို့ ပောမန်တို့ ပောမာတို့ လိုချင်သမျှပစ္စည်းအားလုံး ယူသွားကြပါ။ ကျန်တဲ့ပစ္စည်းကိုလည်း ပြင်ဦးလွင် အသင်းတော်ကို လှူဒါန်းလိုက်ဖို့ ဦးအဲကို မြိုင် မှာထားပြီးပြီ။ သည်တစ်ခါတော့ သည်ခြံကြီးထဲက မြိုင့်ကို အရင်ဆုံး ထွက်ခွာခွင့်ပြုပါ။ ဘာလို့လဲ သိလား၊ မြိုင် ဘယ်သူ့ကိုမှ မလွမ်းချင်တော့လို့"

တကယ်လည်း မနက်စောစောမှာ မြိုင်တို့တစ်တွေ သီပေါကို ထွက်ခဲ့ကြသည်။ မြိုင်၊ သမီးလေး ရဂုံနှင့် ဦးအဲမိသားစု။ ဦးအဲကတော့ ခြံကြီးကို ပိုင်ရှင်သစ်ထံ လွှဲပြောင်းပြီးသည်အထိ နေရစ်မည့်သူ ဖြစ်၏။ အားလုံးက ခရစ်စမတ်ပွဲကို အတူနွှဲကြဖို့ တားသော်လည်း မြိုင် မနေ တော့ပါ။ ဟောဝန်နှင့် ဟောမန်၏ ဂစ်တာတီးခဲ့သော လက်ချောင်းကလေး တွေကို ဆုပ်ကိုင်ရင်း မြိုင် နှုတ်ဆက်ခဲ့သလို မျက်ရည်တွေ ဖုံးနေသော ဟောမာ့ပါးပြင်ကိုလည်း မြိုင် နမ်းခဲ့ပါသေးသည်။

ပြီးတော့ သူတို့အားလုံး မေ့နေလောက်ပြီဖြစ်သော ကဗျာကလေး တစ်ပုဒ်ကို မြိုင့်လက်ရေးကလေးဖြင့် ရေးကာ ပေးခဲ့သည်။ ကဗျာကလေးကို ဖတ်မိလျှင်တော့ 'တော' ဆိုသည့် အဓိပ္ပာယ်ကို သူတို့အားလုံး နားလည် ခံစားနိုင်ကောင်းလောက်ပါ၏။

"ပြားနှင့်ဂနိုင်၊ မြိုင်နှင့်ရဂုံ၊ စုံနှင့်ဟောဝန်၊ ဟောမန်ဟောမာ၊ ရိပ်သာ ဆိုင်းဆိုင်း၊ အင်တိုင်းစေးပျစ်၊ တောချည်းဖြစ်၏"

တစ်ချိန်ကတော့ သည်ခြံကြီးထဲမှာ မိသားစုတွေ သိုက်သိုက် ဝန်းဝန်း ရှိခဲ့သည်။ အခုတော့ မိသားစု တောအုပ်ကြီးသည်ပင် တစ်ပင်စီ ကျိုးကျိုးကျဲကျဲ ဖြစ်သွားခဲ့ပါပကော။ မြိုင်ကတော့ သီပေါက ရွာကလေးမှာ သစ်တောကလေးတစ်တောဖြစ်အောင် စိုက်ပျိုးရဦးမည်။ ပြုစုစောင့်ရှောက်သူ မဲ့ရှာတဲ့ သစ်ပင်ကလေးတွေကို တစ်ပင်ချင်း စိုက်မည်။ သစ်တောကလေး တစ်တော ဖြစ်လာရင်တော့ 'မြိုင် နှင့် ရဂုံ' လို့ အမည်ပေးရမည်။

Family မဂ္ဂဇင်း၊ ၂၀၀၆၊ ဒီဇင်ဘာ

□

# အဝေးကမှန်း ဟိုရွာလမ်း ထီးတန်းကြီးလှပါဘိ

၁

"တိုင်း မန္တလာ အခြေခံကာပြုရမှာဖြင့် နိုင်းဆစရာ ဝေသန္တရာ ပမာတမျှလိုပ ရွှေခြံနဂရ မြောက်မျက်နှာတွင် တောက်လက်စွာ အစဉ်ဖြိုးဝေလျက် ရှိပေသော ရှင်ပင်မိုးဇွေ ဘုရားဘဂဝါအနီး၌ တရားဓမ္မာမိုးကာ တုမရတာကတော့ ဥဒယဂ္ဂာ ထိုဂါမ၌ ချိုသာဝစနနှင့် အမြဲနေထိုင်လျက် ရှိကြပေသော ယခုအခါမှာ အလှူဒါယကာ၏ အမိအဘ၊ အလှူဒါယိကာမ၏ အမိဘ နှစ်ဦးနှစ်ဝ အမှူးထား၍ ကုသလာ အထူးဆောင်ကြိုတတ်ပေသော အလှူအစ်မဒကာ ဦးအောင်ညိုနှင့်တကွ သမုဒယမျှော်ရလျှင် အလှူအစ်မ ဒေါ်မြတင်တို့က ကုသလမချို့ ဂါရဝေဖြင့် သဟာဆွေဆိုတဲ့ မိတ်နှံ အများတို့အား စာဝေလို့ ဖိတ်မန့်ထားရခြင်းအကြောင်းမှာ..."

မနက်စောစောလုပ်နေကျ အလုပ်ကလေး နည်းနည်းပါးသည့်မှန်း ကျွန်မကိုယ်တိုင် စည်းထားခဲ့သော မှတ်စုဟောင်း ဖြုတ်စဈင်းတောင်း တွေကို ထုတ်ရှင်းရာက သည်အလှူဖိတ် စာရွက်ကလေးကို အမှတ်မထင်

ကျွန်မ တွေ့လိုက်ရခြင်းဖြစ်ပါသည်။ အလှူဖိတ် စာရွက်ကလေးက ရက်စွဲကို ဖတ်ကြည့်တော့ မြန်မာသက္ကရာဇ် ၁၃၃၂ ခုနှစ်။ နှစ်ပေါင်းသုံးဆယ်ကောင် ကျော်ခဲ့ပြီ။ ဟောင်းနွမ်းမြည့်မြည့် အလှူဖိတ် စာရွက်ကလေးကို ဖတ်ရင်း ကျွန်မ ငယ်စဉ်က ကျွန်မ မိဘများ ရွှေးနဲ့စာဖြင့် လှူခဲ့ တန်းခဲ့ကြသည့် အညာကျေးလက်က တောရှင်ပြုပွဲကို မျက်စိထဲ မြင်ယောင်လာသည်။

သည်တုန်းက ကျွန်မ မူလတန်းကျောင်းသူဘဝ ပြေးလွှား ခုန်ပေါက် ဆော့ကစားနေတုန်း အရွယ်ဖြစ်သည်။ ကျွန်မအထက်က အစ်ကို နှစ်ယောက်ကတော့ မြင်းခြံမြို့ အလယ်တန်းကျောင်းက ကျောင်းသား ကြီးတွေ ဖြစ်နေပြီ။ အစ်ကိုကြီးက ခုနစ်တန်း၊ အစ်ကိုငယ်က ငါးတန်း၊ အစ်ကိုငယ်ထက် နှစ်နှစ်ငယ်သော ကျွန်မက သုံးတန်း။ ကျွန်မအောက်မှာ မောင်ငယ် သုံးယောက်ရှိရာ တော်တော်ငယ်ကြသေးသည်။ အငယ်ဆုံး မောင်လေးက ရင်ခွင်ပိုက် ကလေးအရွယ်သာ ရှိသေး၏။

ကျွန်မတို့ မိသားစုသည် မြင်းခြံမြို့ကွေ့ကြီးရပ်မှာ နေထိုင်ကြသော် လည်း ဘိုးဘွားမိဘ ဆွေမျိုးညာတကာရှိရာ မိဘနှစ်ပါး၏ ဇာတိရပ်ရွာကို ပြန်၍ အလှူပေးကြခြင်းဖြစ်သည်။ ဇာတိရပ်ရွာကို ပြန်ပြီး အလှူပေးခြင်းဖြင့် ဘိုးရပ်ဘွားရပ်မို့ ကွယ်လွန်ရှာသူတို့ ကုသိုလ်အဖို့ရနိုင်သည်ဟု ယုံကြည်တာ ပါသလို တစ်စုတစ်စည်းတည်းနေထိုင်ရာ ဆွေဥသြ မျိုးဥသြရှိကြသည့် ရွာရပ်မှာ လှူတော့ သိုင်းသူ ဝိုင်းသူ ပေါများနိုင်တာလည်း ပါပါသည်။ အဖေနှင့် အမေက တစ်ရွာတည်းသူ တစ်ရွာတည်းသားတွေမို့ သူတို့ ငယ်စဉ် တောင်ကျေး ကလေးဘဝက စာပေသင်ကြားပေးတော်မူခဲ့သော ငယ်ဆရာ ဘုန်းတော်ကြီးကို လက်ရောက်ဦးခိုက် ပူဇော်လိုသော ဆန္ဒရှိကြတာလည်း ပါပါသည်။

"ကိုယ့်ရပ် ကိုယ့်ရွာမှာ လှူလို့ အမျှအတန်းဝေရင် ကိုယ့်ရွာသချိုင်း ခေါင်းချခဲ့တဲ့ ဘိုးကြီး ဘေးကြီးတွေလည်း ကြားရတာပေါ့အေ"

အမေက နောင်အခါမှာ အလှူအကြောင်း စကားရောက်တိုင်း သည်စကားမျိုး ပြောလေ့ရှိသည်။ အမေ့စိတ်ထဲ တကယ် ယုံကြည်စွဲလမ်းလို့ ပြောတာ ဖြစ်နိုင်ပါသည်။

ကျွန်မ မိဘနှစ်ပါးစလုံး မြင်းခြံ မြောက်လက်နယ်အဝင် ဥဒယ ကျေးရွာ ဇာစ်မြစ်များ ဖြစ်ကြ၏။ အညာကျေးတောခေါင်ခေါင်မှာ မွေးဖွား ကြီးပြင်းကြသော တောသူတောင်သားများဆိုတော့ ရွာစိတ်ရပ်စိတ် အလွန် ကြီးမားကြသူများ ဖြစ်သည်။ စီးပွားရှာဖွေရာ မြို့မှာနေကြရသော်လည်း ကလေးတွေ အရွယ်ရောက်လို့ လှူချိန် တန်းချိန်ကျလျှင် ရွာပြန်လှူကြဖို့ နှစ်ဦး ညှိစရာမလိုဘဲ စိတ်တူကိုယ်မျှ ရှိခဲ့ကြသည်။ သည်အလှူဖိတ်စာ ကလေးကို အမေကိုယ်တိုင် အမြတ်တနိုးသိမ်းဆည်းလာခဲ့တာ နှစ်ပေါင်း သုံးဆယ် ကျော်ခဲ့ပြီ။ ကျွန်မ သိမ်းထားပါရစေဆိုတာတောင် အမေက နမြော နေပုံရ၏။

အလှူဖိတ်စာကဒ‌လေးကို ကျွန်မ အသံထွက်ပြီး အကြိမ်ကြိမ် ဖတ်ကြည့်မိပါသည်။ ဖတ်ရတာကပင် လွမ်းစရာကောင်းလှသည်။ ကျွန်မတို့ ရွာတွေမှာ အလှူဖိတ်စာရိုက်တော့မည်ဆိုလျှင် ကာရံတွေ နဘေထပ်တွေ လှိုင်လှိုင်သုံးကာ တဖွဲ့တနွဲ့ရေးစပ်ကြသည့် အလေ့ရှိသည်။ အလှူဖိတ်စာ ရပြီဆိုလျှင် ဖတ်သူကလည်း စိတ်ထဲက ဖတ်ကြတာ မဟုတ်ပါ။ တစ်အိမ်လုံး ကြားနိုင်အောင် အသံနေ အသံထားနှင့် ဌာန်ကရိုဏ်းကျကျ ဖတ်ကြသည်။ အလှူဖိတ်စာအဖတ်ကောင်းသဟဲ့ဆိုလျှင် ဟိုအိမ်သည်အိမ်က တကန်တက ခေါ်ယူကာ အဖတ်ခိုင်းလေ့ရှိကြ၏။ အလှူဖိတ်စာ အဖွဲ့အစပ် ဟန်မကျ လောက်ဘူးထင်လျှင်တော့ ဖတ်နေရင်းက ဖျတ်ခနဲရပ်ကာ "ညံ့ချက်တော့ ကွာ" ဟု ဆိုတတ်ကြသလို၊ ဖိတ်စာ အစပ်ကောင်းလျှင်တော့ သီချင်းလို အသံကလေး ထည့်ဆိုကြသေးသူတွေ ဖြစ်၏။ ပြီးလျှင်တော့ တစ်သက်လုံး သိမ်းထားကြတော့သည်။

"ပွဲဆောင်တို့အလှူတုန်းက ဖိတ်စာ စပ်ကောင်းချက် ရက်စက်သယ်၊ မြောက်ရပ်က ဘကြီးကံနဲ့ မောင်ချောတို့ ဆရာတပည့် ရေမွှေးကြမ်းတစ်အိုး ချစပ်ကြသာဟဲ့၊ ဖိတ်စာစပ်ရသာကိုက ငါ့စိတ်ထင် တစ်လ ကိုးသီတင်း ကြာသယ် မှတ်သာပဲ၊ ငါဖြင့် စိတ်ကူးရတိုင်း အိမ်ကကောင် ထေိကို ဖတ်ခိုင်း ရသာ အမော၊ တေို့ရွာမယ် လှူကြပေါင်းများပါပြီ၊ အေးမောင် အလှူဖိတ်စာ မဖွဲ့ဆုံးပဲ၊ ကတည်းမှ ကျည်းတော ချောင်းခြောက်ကြီးထဲ လှည်းကျွံရုန်း နေသာကျလို့ နင်းကျိုးနင်းကျွံနဲ့"

ကိုယ့်ရွာ ကိုယ့်တောမှာ အလှူပေးတာဆိုတော့ ဖိတ်ရမည့် ဆွေဆွေမျိုးမျိုးတွေက များလွန်းလှသည်။ တစ်အိမ် တစ်ဆောင် လိုက်ဝေ ရလျှင် ဖိတ်စာ လောက်နိုင်မှာမဟုတ်။ ပြီးတော့ ဟိုအိမ် သည်အိမ် သူ့အမျိုး ကိုယ့်အမျိုး မေ့ကျန်ခဲ့လျှင် တစ်သက်စာပြောဆုံးမည်မဟုတ်။ သည်တော့ ရွာဆော်လုပ်သူက ဖိတ်စာကို လမ်းဆုံလမ်းခွမှန်သမျှ တစ်ရွာဝင်တစ်ရွာထွက် ဆိုသလို ရပ်ပြီး အသံကျယ်နိုင်သမျှကျယ်အောင် ဖတ်ပြရတာမျိုးလည်း ရှိပါ၏။

"၁၃၃၂ ခု တပေါင်းလဆန်း ၁၁ ရက်နေ့ အလှူဝင်၍ ညတွင် မြင်းခြံ လှစန်းကြည် အငြိမ့်ပွဲ။ လူရှင်မမေ့စရာတွက်လျှင် ၁၂ ရက်မှာတော့ မသွေကြွ ဘိသိက်ဆရာမြက ငွေခရနှင့် အောင်ဖေယျတု သွန်းပဏ္ဏာ ဆက် အပြီး တစ်သောင်းခရီးဆွေသဟာတို့ တစ်ပေါင်းတည်း ပရိတ်တရားတော် နာဖို့ ကြွကြပါရန် ဖိတ်ကြားလွှာ ခေထားပြုလိုက်ပါတယ်။ စိန်ရွှေရတနာ လျှမ်းပတ် အလှူမင်္ဂလာမဏ္ဍပ်သို့ အိမ်ကို ဆူးဆို့ ကလေးလက်တို့ ခွေးအို့အို့ ခေါ် ကြွရောက်တော်မူကြပါဗျိုး"

သည်လို ရွာလုံးကြား ဗျိုးဟစ်ရသည်။ 'ဗျိုးဟစ်ဖိတ်သာတော်' ဆိုတာမျိုးကျတော့ အယုတ်အလတ် အမြတ်မရွေး အလှူကို လာနိုင်သည်။ သူ့မဖိတ်လို့ ငါ့မဖိတ်လို့ ဆိုတာမျိုး မရှိ။ အကဲ့ရဲ့လည်း လွတ်၏။

ဖိတ်စာရယ်မှ မဟုတ်ပါ။ အလှူအခမ်းအနား၊ မဏ္ဍပ်ဆင်၊ အကျွေးအမွေးကအစ ရှင်လောင်း လှ၊ မလှအဆုံး ဘိသိက် ဟန် မဟန်ပါ မကျန်ရအောင် ကောင်းတော့လည်း ကောင်းသလို၊ မကောင်းတော့လည်း မကောင်းသလို ပြောင်ကဲ့ရဲ့ ချီးမွမ်းလုပ်တတ်ကြသည်မို့ အဘက်ဘက်က မလစ်ဟာရအောင် ထောင့်စေ့နိုင်မှ တော်ကာကျရသည်။ ရွာခလေ့ ရပ်ခလေ့ ဆိုတော့ စကားချိုချို၊ လေချိုချို ဟန်လုပ်တာတွေ မရှိ။ အပြစ်ဆိုကြ သော်လည်း နှိမ့်နှိမ့်နဲ့နဲ့ ဟင်းရေပက် ဟင်းခွက်စဉ် ပြောကြတာမျိုး မဟုတ်ပါ။ အနီးမွေးမှ အဝေးကြိုင်စေချင်ကြသည့် စေတနာမျိုးသာ ဖြစ်ပါ၏။

၂

ကျွန်မတို့ မိသားစု နေထိုင်ရာ မြင်းခြံမြို့မှ ရွာကို အလှူပြန်ကြသည့်နေ့ ကိုလည်း ကျွန်မ ကောင်းကောင်းမှတ်မိနေပါသေးသည်။ အတန်းတင်စာမေး ပွဲကြီး ဖြေဆိုပြီးကြသည့် တပေါင်းလ နွေရာသီ ကျောင်းပိတ်ရက်ထဲမှာပဲ ဖြစ်သည်။ အဖေက မြင်းခြံဆိပ်ကမ်းမှာ မော်တော်စင်းလုံးပြတ်ငှားကာ ကျွန်မတို့တစ်တွေကို ရွာခြေအရောက် တင်ခေါ်လာခဲ့သည်။ မော်တော်ပေါ်မှာ လည်း အလှူအတွက် လိုအပ်သမျှ ပစ္စည်းတွေအပြည့်။ ကျွန်မတို့မောင်နှမ တွေကတော့ ရွာကို ပြန်ရတာရော အလှူကြီးလှူရမှာကိုပါ တွေးရင်း ပျော်လို့ မဆုံး တပြုံးပြုံးပေါ့။ အလှူ့မတိုင်ခင် တစ်လလောက်ကတည်းက အလှူ့ရှင် မိသားစုတို့ ရွာကို ရောက်နှင့်ကြရတာကလည်း ရပ်ရွာထုံးစံပဲ ဖြစ်သည်၊ အလှူနှင့်စပ်သမျှ ကိစ္စအဝဝကို ဆွေမျိုးများနှင့် တိုင်တိုင်ပင်ပင် ရောရောနှောနှော တပျော်တပါးဆောင်ရွက်ကြရတာမို့ တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်၊ ယုန်အတွက် ချုံက ကြောင့်ကြရသလို စိတ်မောနေကြသူတွေ မဟုတ်လား။

ရွာဆိပ်ကမ်းကို မော်တော်ကပ်လိုက်သည်နှင့် လာကြိုသူတွေက ရေဆိပ်ကမ်းညွတ်။ နှုတ်ဆက်ကြ စကားဖလှယ်ကြ။ ပစ္စည်းတွေ သယ်ကြ

ပိုးကြ။ ရွာဦးဆရာတော် ကျောင်းရှေ့ရှိ သော်ကပင်ကြီးနှစ်ပင်ပေါ် တက်ချိတ်ထားသော လော်စပီကာသံကပင် ကျွန်မတို့ကို ဆီးကြိုလိုက်ပါသည်။

"အလှူဒကာနဲ့ အလှူအစ်မတို့ရွာဆိပ် ရောက်ကြပါပြီ။ ရွာထဲကဆင်းသယ်ကြပါဦးဟ။ ပစ္စည်းတွေဂရုစိုက်ဟေ့၊ ကိုလှကြီးက ဦးဆောင်ပြီးကြီးကြပ်ပါဟေ့"

အဖေရော အမေပါ ဝမ်းနည်းဝမ်းသာ မျက်ရည်တွေစီးကျနေကြသည်။ ကျွန်မတို့ တည်းအိမ်ဝ ရောက်တော့လည်း အဘ(အမေ့၏အဖေ)က ဖျင်တဘက်ခေါင်းပေါင်းကြီးနှင့် ဖြိန့်ဖြိန့်ကြီးရယ်ကာ အလှူရှင်များကို ဆီးကြိုလိုက်သော မင်္ဂလာနှုတ်ဆက်စကားကိုပင် ကျွန်မ အမှတ်ထင်ထင်ရှိနေပါသေးသည်။ အဘကလည်း မျက်ရည်တွေနဲ့ပါ။

"အိုဗျာ့ မင်းကြီးဝေသန္တရာနဲ့ မဒ္ဒီဒေဝီသူတော်ကောင်းတို့ရွာကို ဘာအကြောင်းနဲ့များ ကြွလာကြသာတုံး"

"အလှူကြီးပေးဖို့ပါ အဖေ"

"သာဓု၊ သာဓု၊ သာဓု၊ နတ်သူတော်ကောင်း လူသူတော်ကောင်းများကလည်း စောင့်ရှောက်ကြပါပြီ၊ မင်္ဂလာရှိပါပြီ၊ ကိုင်း ဝင်ကြပေရော့"

သားသမီးများ၏ အလှူတော်ကို မင်္ဂလာရှိသော အတိတ်ဆောင် နိမိတ်ဆောင်စကားများဖြင့် ရွာအဝင်၊ အိမ်အဝင် ကျက်သရေရှိအောင် အတိတ်နိမိတ်ယူလိုက်ခြင်းသာ ဖြစ်၏။ အဘအိမ်မှာ တစ်အောင့်နားကြပြီး ကျွန်မတို့အလှူခင်းမည့် ရွာဦးဆရာတော်ကြီးကျောင်းကို မိသားတစ်စုလုံး ထွက်လာခဲ့ကြသည်။

ကျောင်းဝင်းထဲတွင် အလှူမဏ္ဍပ်ဆောက်ဖို့ ဝါးလုံးတွေ၊ နီးလျှော်စည်းကြီးတွေ ပုံထားနှင့်ပြီ။ သည်ဝါးတွေက အလှူအတွက် ဖောင်တစ်ဖျစ်စာ အထက်အညာမှ တကန်တက ကိုယ်တိုင်သွားရောက် တွဲယူလာကြခြင်းဖြစ်သည်။

ကျောင်းအနောက်ဘက် သစ်ပင်ရိပ်အောက်က ထင်းဖြတ်နေကြသူတွေက အဖေ့ကို ဝမ်းသာအားရ နှုတ်ဆက်ကြသည်။ မောင်မင်းကြီးသား အလှူပေးနိုင်မေလို့သာ တို့များ ကုသိုလ်ယူကြရတယ် အောက်မေ့ကြသူတွေ၊

အလှူအတွက် ထင်းကို တကန်တက ဝယ်စရာ မလို။ ကျွန်မတို့ရွာက သစ်ကြီးဝါးကြီး ပေါသောရွာ ဖြစ်သည်။ မန်ကျည်းပင်ကြီးတွေ၊ ကုက္ကိုပင်ကြီးတွေက နေရာတိုင်းလိုလိုမှာ ရှိသည်။ ကိုယ့်ဆွေကိုယ့်မျိုးထဲက အလှူပေးပြီဆိုလျှင် 'ဟောသည် မန်ကျည်းသုံးပင်ကို ကျုပ်က အလှူ ကူသယ်ဗျာ၊ ခုတ်သာခုတ်ကြပေရော့' ဆိုကာ လက်ညှိုးထိုး အလှူကုသိုလ် ဝင်တတ်ကြသည်။ ကိုယ့်အလှူ သူ့အလှူ ထင်းကူကြ၊ ဆိုင်းကူကြ၊ ဘိသိက်ကူကြ၊ အငြိမ့်ကူကြနှင့် ဝိုင်းတတ် ဝန်းတတ်တာကလည်း အညာ တောဓလေ့ဖြစ်၏။

ဘကြီးပေါက် ကုသိုလ်ဝင်လိုက်သော မန်ကျည်းသုံးပင်ကို လွှဖြင့်တိုက်ဖြတ်ကာ ဆရာတော့်ကျောင်း အရောက်သယ်ပြီး အလှူအတွက် ထင်းဖြတ်နေကြသည့် အားကောင်းမောင်းသန် ယောကျ်ားတွေမှာ ချွေးတွေ ရွှဲလို့၊ အလှူမတိုင်ခင်ရက်များတွင် ယောကျ်ားမှန်လျှင် ဓါးကြားထဲ ဓားမနှင့် နီးစလွယ်ပင်ကလေးတွေနှင့်။ မိန်းမပိုင်းကတော့ မောင်းထောင်းကြ၊ ဆန်ရွေးကြ၊ ဆေးလိပ်လိပ်ကြ၊ ရေခပ်ကြနှင့်။

"ဟဲ့ မိကျော့ ညည်း သည်ကနေ့ အလှူအိမ်ရောက်ပြီးပလား"

"မရောက်ရသေးပါဘူး မကြီးအုံးရယ်၊ အိမ်အလုပ်ကလေး လက်စသတ်ပြီးရင် တစ်အောင့်ခဏ သွားဦးမှ"

"အိမ်အလုပ်က တစ်သက်လုံး လုပ်ရမယ့်အလုပ်ပါအေ၊ ကိုယ့်ရွာ အလှူကလေး လှူသူရှိလို့ ကုသိုလ်ယူရသာ၊ သွားစမ်းဦးဟဲ့"

တစ်နေ့ တစ်ရက် အလှူမဏ္ဍပ် တစ်ခေါက် မရောက် မနေနိုင်ကြသူတွေ။ တစ်နေ့လောက် မရောက်မိလျှင် စိတ်ထဲ ဝဋ်ရှားမကျေမွန်လေခြင်း၊ တာဝန်မဲ့မိလေခြင်း အောက်မေ့တတ်ကြသူတွေ။

ကျောင်းအောက်မှာ ဆန်ရွှေနေကြသော ကြီးတော်တုတ်တို့တစ်တွေကို နှုတ်ဆက်ပြီးတော့ ကျွန်မတို့ မိသားစု ကျောင်းပေါ်တက်ကာ ဆရာတော်ကို ဝတ်ပြည့်ကြသည်။ ရောက်မဆိုင်းဆိုသလို ဆရာတော်က အလှူမဏ္ဍပ် ဆောက်ဖို့ကအစ အစီအစဉ်တွေပါ ဆွေးနွေးတိုင်ပင်သည်။ ကျောင်းပေါ် မှာလည်း ကျွန်မတို့အလှူအတွက် အလှူရုံပစ္စည်းများဖြစ်သည့် ဆန်အိတ်တွေ၊ ဆီပုံးတွေ၊ ငါးခြောက်တွေ၊ ပရိက္ခရာ ရှစ်ပါး၊ သင်္ကန်းပန်း ရောင်စုံတွေ အပြည့်။ ကျောင်းအောက်က ကပ်ကြမ်းတွေပေါ်မှာလည်း ကြက်သွန်တွေ၊ ကျောက်ဖရုံသီးတွေ ကျင်းထားလိုက်သေးသည်။ ပုတ်တောင်းကြီးတွေ ထဲမှာတော့ ပြောင်းဖူးဖက်စည်းတွေ၊ ဆေးရိုးဆေးကြေတွေ တင်းလို့။ နရုန်း ရွာတွေကပါ နွဲ့ကြမည့် အလှူတော် မဟုတ်လား။

ဆရာတော်ကိုယ်တိုင်ရွေးပေးတော်မူသည့် နေ့ကောင်းရက်သာတွင် အလှူမဏ္ဍပ်တိုင် စထူကြရသည်။ မဏ္ဍပ်တိုင်ထူတော့လည်း မင်္ဂလာယူ ကြသည်။ သစ်ကြမ်းဝါးကြမ်း မပါအောင် ပရိတ်တော် မွန်းခြင်း၊ ပရိတ်တော် ပန်းများချည်ခြင်းပြုလုပ်ကြရသည်။ အောင်သပြေညွန့်၊ မြေဇာညွန့်၊ အုန်းညွန့်၊ သီးညွန့် စသည့် အညွှန့်များနှင့်အတူ ကန်တော့ပွဲပေးရသည်။ မဏ္ဍပ်ကြီး အကြမ်းထိုးပြီးပြီဆိုမှ ထီးရိုးဝါးရှည်ရှည်ကြီးတစ်လုံးမှာ အပေါ်ဆုံးက သာသနာ့အလံ၊ အောက်က အလှူတော်အလံဖြူကို ချည်ကာ အဝေးက မြင်နိုင်အောင် လွှင့်ထူကြရသည်။

အလံဖြူကလေးကို တစ်ရွာလုံးက လှမ်းမြင်နိုင်သလို သစ်ခင်း သစ်ကွက်များရှိရာ တောထဲကလည်း အထင်းသား မြင်ရသည်။ သည် အလံဖြူကလေး တလွင့်လွင့် လွင့်နေတာ မြင်ရခြင်းကိုက ငါတို့ရွာမှာ အလှူကြီး လှူတော့မည်ဆိုသည့် သဘောဖြစ်ပါသည်။

တစ်ရွာလုံးကလည်း အလှူတော် မကျင်းပမီကပင် အလှူစိတ်တွေ ဝင်နေကြတော့၏။

၃

ကျွန်မတို့ ရွာရောက်သည့်ရက်နောက်ပိုင်း အဘအိမ်မှာ စိတ်ကူးလက်ရ နားနားနေနေ နေရသည်မရှိ။ မနက်မိုးလင်းသည်နှင့် ရွာဦးဆရာတော် ကျောင်းကို အခေါက်ခေါက်ရောက်ကြရပြီ။ ကျွန်မတို့ အလှူ့ရှင်မိသားစုမှ မဟုတ်ပါ။ ရွာနေပြည်ထိုင် လူကုန်နီးပါး သူဝင် ငါထွက် စဲသည်မရှိ။ အဘိုး အရွယ်၊ အဘအရွယ် သက်ကြီးရွယ်အိုတွေက မဏ္ဍပ်ဦးသံဃာစင်မှာထိုင်ကြရင်း နီးဖြာကြ၊ တံခွန်ကုက္ကား မုလေးပွားလုပ်ကြ၊ တရားဆွေးနွေးကြ၊ အလှူ့ အတွက် ဆွေးနွေးတိုင်ပင်ကြနှင့် လက်ဖက်ရည်ကြမ်းဝိုင်း ဖွဲ့နေကြသည်၊ ဆေးလိပ် အလိပ်ကောင်း နာမည်ရကြသော မိန်းမကြီးပိုင်းတွေက ပြောင်းဖူး ဖက် လိပ်ကြရသည်။ ဆေးရိုးစစ်စစ်ချည်း ဆေးစပ်ပြင်းမှာစိုး၍ အုန်နှီးရိုး ကလေးနှင့် ရောကာ မန်ကျည်းသီးအနှစ်ကလေးနှင့် လောလော နှပ်ထားရပါ သေးသည်။ အလှူအတွက် သီးသန့်ရွေးချယ်ထားသော ပြောင်းဖူးဖက် ချောကြီးတွေကိုက အထုပ်လိုက်၊ အစည်းလိုက်။ ပြောင်းဖူးဖက်ကိုခံကာ ဆေးရိုး စပ်ထည့်၍ တစ်တောင်လောက်ရှိသော ဆေးလိပ်ကြီးတွေ လိပ်နေ ကြပုံကို ကျွန်မ မျက်စိထဲ မြင်ယောင်နေဆဲဖြစ်သည်။ လိပ်ပြီးသား ဆေးလိပ် ကြီးတွေကို ပုတ်တောင်းကြီးထဲ ထောင်ကာ အခွေလိုက်လှည့်၍ စိကာစဉ်ကာ ထည့်ထားရသည်။ ကျွန်မတို့အလှူက ပြောင်းဖူးဖက်ဖြူလိပ် ကမ်းမှာ ဆိုတော့ ပုတ်ကြီးတစ်လုံးစာ လိပ်ရခြင်းဖြစ်၏။ အလှူပြန်သူတိုင်း၏ လက်ထဲမှာ ပြောင်းဖူးဖက်ဖြူလိပ်ကြီးတွေ ကိုယ်စီနှင့်။

အလှူဝင်ရက်မှာ မိဆိုင်ဖဆိုင် နတ်တင်ဖို့ မုန့်ဖြူ၊ မုန့်နီကြော်ရန် အတွက် ကောက်ညှင်းမှုန့်၊ ဆန်မှုန့်တွေရအောင် မောင်းထောင်းနေကြသော သားသည်မိခင်တွေကလည်း တောအကြောင်းတောင်အကြောင်း မောင်းချက် ကျသံနှင့်အပြိုင် ပွက်ပွက်ညံညံရှိလေသည်။ အပျိုကြီးတွေ အပျိုလေးတွေ ကတော့ ရွာအနောက်ခြေ နှစ်ဖာလုံလောက်ဝေးသော ရောဝတီမြစ်ကြီးထဲက

မြစ်ရေတွေကို ကုကယ် ခေါက်ကယ်ရှက်ကာ ရှာငါးဆယ်ဝင် (ပိဿာ ၁၅၀) စဉ့်အိုးကြီးတွေထဲခပ်ကာ ထည့်ကြသည်။ ဘယ်သူဘယ်နှခေါက်ဆိုတာပင် မရေနိုင်တော့။ ဆရာတော်ကျောင်းမှာ ရေချိုတွင်းကြီးရှိသော်လည်း ဇရာဝတီ မြစ်ရေကိုမှ ချိုသည်၊ လေးသည်၊ ပြောင်သည်၊ စင်သည် ထင်ကြသူတွေ။ နေဝင်ဖျိုးဖျတိုင်လျှင် ဆရာတော်ကျောင်းဝင်းနှင့် ပြစ်ဆိပ်ကြား ကမ်းပါးဆင်း သောင်ပြန့်မှာ ရေခပ်ကြသူတွေ ပုရွက်ကြောင်းလိုက်နေကြတော့သည်။

ကန်တော့ပွဲများအတွက် ငှက်ပျောသီးကို အပင်လိုက် ခုတ်ယူလာကာ မဏ္ဍပ်တိုင်တွေမှာ ချည်ထားလိုက်ကြပြီ။ အလှူမှာ ကျွေးဖို့ရည်ရွယ်ပြီး အလှူမတိုင်ခင်ကတည်းက အချိန်ကိုက်ကာ စိုက်ထားသော ကျောက်ဖရုံခင်းထဲမှ ကျောက်ဖရုံသီးဖွေးဖွေးတွေကို လှည်းနှင့် တိုက်လာကာ ကျောင်းအောက်မှာ အသီးချင်းထပ်အောင် ထောင်ထားလိုက်ကြပြီ။ သည် ကျောက်ဖရုံသီးတွေကို ခြမ်း၊ ဂျစ်နှင့်ခြစ်၊ အပုရည် အစပ်ရည်ထွက်အောင် ကျောက်ဖိထားရသည်။ လက်ညိုးလောက် လက်သန်းလောက်ရှိသည့် မြစ်ငါးဖျဉ်းတောင့် ခါးသွယ်ကလေးတွေကို ထမင်းသန့်သန့်ဖြင့် ဆားကိုက်ထားသော ငါးချဉ်နှင့် ကျောက်ဖရုံကျောက်ဖိနှစ်မျိုးရောကာ စဉ့်အိုးကြီးတွေထဲ အပြည့်ထည့်၍ ကုပ်သိပ်ထားရသည်။ အလှူမတိုင်ခင် ငါးရက်လောက် အလိုမှာ ဖော်ယူကာ ဆီ၊ ကြက်သွန်နီ၊ ကောက်ညှင်းဆန်၊ ငရုတ်ရည်များနှင့် လောလောနယ်ကာ စဉ့်အိုးကြီးတွေထဲ အပြီးနှပ်ထားရပြန်သည်။ အလှူ့ရုံစမ်း (အလှူခံဝင်သည့်နေ့ ) ရောက်တော့မှ စဉ့်အိုးကြီးတွေထဲက သန့်သန့်ဖော်ပြီး အလှူလာ ပရိသတ်ကို ကျွေးရသည်။ ကျောက်ဖရုံသီးဖတ်ကလေးတွေက အုန်းသီးဆန်လို ဆိမ့်ပြီး ထုပ်ထုပ်ကလေးဖြစ်နေတော့ ငါးချဉ်သုပ်ဟု အမည်တပ်ရသော်လည်း ငါးရယ်၊ ကျောက်ဖရုံရယ် မခွဲးတော့ပဲ အတွေးလိုက် မြုပ်စားကြသည်။ သည်ကျောက်ဖရုံငါးချဉ်ဟင်းခပ်က ကျွန်မတို့အလှူမှာ နာမည်အရဆုံး။

"ကိုရင်ညိုတို့ အလှူတုန်းက ငါးချဉ်သုပ် ကောင်းချက်တော့ ငါဖြင့် ငါးခြောက်ဟင်းတောင် ဖွန်းမကူးမိပေါင်ဗျာ"

ကျွန်မတို့ မြင်းခြံ မြောက်လက်တစ်ဝိုက် ကျေးရွာများတွင် အလှူထမင်း အလှူဟင်းကို မက်မက်မောမောရှိတတ်ကြသည်။ အိမ်ထမင်း အိမ်ဟင်းထက် အလှူထမင်းဟင်းကို ဒါနမြောက်စေခြင်းငှာ သုံးဆောင်ကြခြင်းဖြစ်သည်။ အလှူထမင်း အလှူဟင်းက အသက်ရှည် ကျန်းမာသည်ဟု အယူရှိကြသည်။

"အလှူက ဘာကျွေးတုံးဟဲ့"

တစ်ယောက်ယောက်ကမေးလျှင် ဝက်သားကျွေး၊ ငါးခြောက်ကျွေး စသဖြင့် အဓိက ဟင်းလျာကိုပဲ ပြောလေ့ရှိကြသည်။ ကျွန်မတို့အလှူကတော့ ငါးခြောက်ကျွေး။

အလှူထမင်းဟင်းချက် (အိုးကြီးချက်) နာမည်ကျော် ဘကြီးချင်းတို့ ဦးလေးပွဲတို့ ကိုကြီးတင်မြင့်တို့တစ်တွေ ခါးတောင်မြှောင်အောင်ကျိုက်ထားကြရင်း သရက်ပင်ကြီးတွေအောက် မီးတရဲရဲ ချွေးတလုံးလုံးဖြင့် ချက်ကြ ပြုတ်ကြပုံတွေကို အမှတ်ရမိ၏။

ငါးခြောက်ကို ဆားငန်ရည် ပေါ့သွားအောင် ၄က်ပျောအုန့်ရေပြုတ်ကာ ဆားနုတ်ကြရသည်။ ပြုတ်ပြီးသား ငါးခြောက်တုံးတွေကို ထောင်းမောင်းထဲ ထည့်ထောင်းကာ အရိုးအရေ ခွဲပစ်ကြရသည်။ အကွင်းလိုက်လှီးပြီး နေပြထားသည့် ကြက်သွန်နီတွေကို ဆီနှင့် အဖုံးအုပ်ကြော်ပြီး မကြွပ်ခင် ခပ်စိုစိုကလေးမှာ ငါးခြောက်ထောင်းထည့်ပြီး မွှေကြရသည်။ ဆီကလေးစိုစိုနှင့် အိစက်နေသော ငါးခြောက်ဟင်းကို ကျွန်မတို့ ရွာကတော့ 'ငါးခြောက်အစိုထိုး' ဟု ခေါ်ကြသည်။ ကြက်သွန်ကို သပ်သပ်ကြွပ်နေအောင် ကြော်၊ ငါးခြောက်ကိုသပ်သပ် ကြွပ်နေအောင်ကြော်ပြီး လောသည့်အစပ်ကိုတော့ 'ငါးခြောက်ကြော်' ခေါ်ကြ၏။ ငါးခြောက်အစိုထိုးကတော့

စားလို့လည်း အရသာရှိသည်။ ဆီကလေး ပျားကလေးနှင့်ဆိုတော့ လျှာခို တာပေါ့။ ငါးခြောက်အစိုထိုးကျွေးသတဲ့ ဆိုသည့်ဂုဏ်ကလည်း ရှိသေးသည်။

ငါးခြောက်အစိုထိုး၊ ကျောက်ပရုံသီး ငါးချဉ်သုပ်၊ ဆီမီးခုံငရုတ်သီး ကြော်၊ ကုလားပဲဆိမ့်ထိုး၊ မှန်ရေ ်ဟင်းချို။ သည်ဟင်းစပ်က ကျွန်မတို့ရွာ တစ်ဝိုက်မှာ နာမည်ရသော အလှူဟင်းစပ်ပဲ ဖြစ်သည်။ ရွာထုံးစံ အလှူ မတိုင်ခင် ခုနစ်ရက်လောက်ကတည်းက လုပ်သူကိုင်သူ ဝိုင်းသူဝန်းသူတွေကို ခုံကြီး ဝိုင်းကြီးခင်းကာ မဏ္ဍပ်ထဲမှာပဲ ထမင်းစ ကျွေးရပြီ။ ဟင်းကြီး ဟင်းကောင်း မဟုတ်သည့်တိုင် ရွာထွက် ခရမ်းချဉ်သီးနှင့် ငါးကလေးခြောက် ဒလိမ့်ထိုး၊ ပဲဟင်းချို၊ သရက်ချဉ်ပိုးတီသုပ်သည်ပင် ပွဲသတ်လို့ မရအောင် စားကောင်းလှသည်။ ခုနစ်ရက်ခုနစ်လီ ထမင်းရည်ချောင်းစီး ဆိုတာ ဒါမျိုးကို ပြောတာများလား။

အလှူရုံစမ်းရက် ညနေမှာတော့ ထန်းလက်တွေကာထားသော ထမင်းရုံကြီးထဲမှာ တစ်ရွာလုံးရှိသမျှ လူကြီးကလေးတွေ အပြည့်။ ညရောက် ဖိတ်ကြားထားသော နရန်းရွာတွေက ဧည့်သည်တွေကိုလည်း ကျွေးမွေး ဧည့်ခံရပြီ။ ရုံဖွင့်လို့လည်း ခေါ်၊ ရုံစမ်းလို့လည်း ခေါ်သော အလှူရုံစမ်း ညနေမှစ၍ တစ်ရွာလုံး မီးခိုးတိတ်။ အလှူထမင်းရုံရှိရာသို့ တောင်ဝှေး ကလေး ထောက်ကာ ထောက်ကာ အရောက်လာရင်း ထမင်းသုံးဆောင် ကြသော ဘကြီးအိုနှင့် အမေကြီးငြိမ်းတို့ကို ကျွန်မ သတိရမိ၏။

"ရုံစမ်းထမင်းလေး စားချင်လွန်းလို့ဗျာ၊ မျောသံ ကြားသာနဲ့ မယ်ငြိမ်း လာဟ ဆို ထွက်လာခဲ့ကြသာပဲ၊ သာဓုဗျာ သာဓု၊ သာဓု"

တောင်ဝှေးကလေးကူသော်မှ အရောက်မလာနိုင်ကြသူတွေ အတွက် နီးရာစပ်ရာ တာဝန်ယူကာ အလှူထမင်းအုပ် ပို့ကြရသည်။ ရပ်နီးရပ်ဝေးရောက် လာသမျှ မျက်နှာကြီး မျက်နှာသေး တန်းတူရည်မျှ မလောက်မင မရှိစေရ။

အလှူကြီးနေ့ရောက်တော့ ရွာထိပ် အရပ်လေးမျက်နှာတွင် နီးကြမ်းဖျာကြီးတွေခင်းပြီး အလှူမှာ ကျွေးသည့် ထမင်းစုံ ဟင်းစုံအတိုင်း အပုံကြီးတွေ ပုံထားကြရသည်။ မကျွတ်မလွတ်သေးသူတွေအတွက် ရည်စူးကာ အမျှအတန်းများ ဝေကြ၏။

အလှူပြီးပြီဆိုတော့ ကျွေးလို့ ပိုသမျှ ငါးခြောက်အစိုထိုးတွေကို အိမ်စေ့ ဝေငှရသေးသည်။ အလှူပြီး၍ တစ်လကိုးသီတင်းကြာသည့်တိုင် ရွာထဲရှိသမျှအိမ်တွေမှာ ကြောင်အိမ်ဖွင့်လိုက်သည်နှင့် အလှူနံ့တွေ ထောင်းထောင်း ထနေတုန်းပင်။ တကယ့်ကို ဖောဖောသီသီကြီး လှူခဲ့တန်းခဲ့ရတာကိုပဲ အဖေနှင့် အမေမှာ ပီတိမျက်ရည်တွေ စို့ဝေနေတာ ကျွန်မ ကောင်းကောင်း မှတ်မိပါ၏။

သည်လိုအလှူကြီး လှူဖြစ်အောင် အဖေနှင့် အမေ ခါးချည့်အောင် ကြိုးစားရုန်းကန် စုဆောင်းခဲ့ရသည်ကိုလည်း ကျွန်မတို့ မောင်နှမတစ်တွေ မြင်ရည် ကြားရည် ဝခဲ့ရသည်။

"ချွေးနဲ့စာကလေးနဲ့ လှူချင်လွန်းလို့ အဖေဖြင့် ထိတောင် မထိုးခဲ့ပေါင်ဗျာ"

အဖေဆိုခဲ့ဖူးသော စကားဖြစ်၏။ ချွေးနဲ့စာဆိုသည့်အတိုင်း အဖေနှင့် အမေသည် နဖူးက ချွေး ခြေမ ကျအောင် လုပ်ကိုင်ရှာဖွေခဲ့ရသည်။ ရောဝတီမြစ်ရိုးတစ်လျှောက် ခုန်ဆန်ကူးလူးရင်း ရှေးက အညာဆန်လှေကြီး တစ်စီးဖြင့် ကိုယ်တိုင်လှေထိုး၊ ကိုယ်တိုင် ကုန်တင်ကုန်ချ လုပ်ခဲ့ကြသည်။ စဥ့်အိုးဖောင်တွေကို ကိုယ်တိုင်တွဲကာ ဆယ့်နှစ်ပွဲလိုက်ပြီး စဥ့်အိုးစဥ့်ခွက်နှင့် မြေထည်များ ဆိုင်ခင်းရောင်းချခဲ့ကြသည်။ တကယ့်ကို ကိုယ်ကာယအားဖြင့် ပင်ပန်းကြီးစွာ ရှာဖွေစုဆောင်းပြီး တစ်မူးစု တစ်ပဲစု စုရာက ဖြစ်မြောက်ရသော အလှူတော်ကြီး မဟုတ်လား။ အလှူအတွက်ရည်ကာ သုံးနှစ်သုံးမိုးမက ဆန်ဆိုလျှင် တစ်အိတ်ချင်း၊ သကြားနဲ့ ပရိက္ခရာကလေး တစ်မယ်ချင်းဆိုသလို

သားကြီး လှပျို့ပေါက်ကို အရိပ်လို ကြည့်ရင်းက သာမဏေဘောင် တက်နိုင်အောင် အားသွန်ခွန်စိုက် လုံးပမ်းခဲ့ရသည်။

"အရင်းမစိုက် လေ့ထိုးလိုက် ဆိုသဲ့စကားဟာ အလွန်လွဲသဲ့စကားပဲ။ လေ့ထိုးသားများဟာ ကိုယ်ကာယ အားကို အရင်းရဆုံးပေါ့။ ကျွဲပခုံး ထအောင် အသားမာ တက်အောင် ရုန်းရသာ။ အဖေဖြင့် ကိုယ့်ခွန်ကိုယ့်အားနဲ့ ရင်းပြီး ရသဲ့ငွေနဲ့ လှူရသာဆိုတော့ ကျေနပ်လိုက်သာမှ၊ ပခုံးနဲ့ ထမ်းပြီး လှူရသဲ့ အလှူကွယ့်"

ပခုံးနဲ့ထမ်းပြီး လှူရတဲ့ အလှူဆိုတာ တင်စားပြောခြင်း မဟုတ်ပါ။ သားငါးယောက်ဖခင်ပိပိ ပဗ္ဗဇ္ဇ အမွေကောင်းကို ပခုံးစောင်းအောင် ရှာဖွေရင်း သန့်ရှင်းစွာ လှူဒါန်းခဲ့တာကို ဂုဏ်ယူစွာပြောခြင်း ဖြစ်ပါသည်။

၄

အလှူကြီးမတိုင်ခင် တစ်ရက်ကို ကျွန်မတို့ရွာတွေမှာ အလှူဝင်ရက်၊ အလှူရုံစမ်းရက်ဟုခေါ်ကြသလို ရှင်လောင်းလှည့်သည့်ရက်၊ ရှင်ကြီးပြသည့်ရက်ဟုလည်း ပြောတတ်ကြပါသည်။ ရှင်ကြီးပြဆိုတာကတော့ နှစ်ဖက်ရိုးရာမိဆိုင်ဖဆိုင် နတ်များနှင့်တကွ နယ်တော်ရှင် ပယ်တော်ရှင်ကို ရှင်လောင်းသွားပြရခြင်းပဲဖြစ်သည်။ ကျွန်မတို့ရွာများမှာတော့ နယ်တော်ရှင် နတ်အဖြစ် ပေါက်အိုနတ်ကို ရည်မှတ်ပါသည်။ အလှူရှိတိုင်း ပေါက်အိုနတ်ကွန်းကို ရှင်လောင်းလှည့်ရင်း ရှင်ကြီးပြသွားရသည့် ဓလေ့လည်း အစဉ်အဆက်ရှိလာခဲ့တော့၏။

ပေါက်အိုနတ်ကွန်းမှာ ကျွန်မတို့ရွာ၏ မြောက်ဘက် တစ်ရွာကျော် စားကြူးရွာမှာ ရှိသည်။ ရှင်ကြီးပြသွားမည့် နံနက်စောစောတွင် ရှင်လောင်းများကို ရွှေထီးကိုယ်စီ၊ မြင်းကိုယ်စီဖြင့် တစ်ရွာဝင် တစ်ရွာထွက် ကိုယ့်ဆွေကိုယ့်မျိုး ဘိုးကြီးဘွားကြီးများကိုလည်း ဝင်ကန်တော့ကြရင်း နတ်ပြကြရသည်။

ကျွန်မကတော့ နွားရုံလှည်းယာဉ်ကြော့ကလေးဖြင့် စီးလိုက်ရသည်၊ အညာနွေ နေပူပူ၊ ဖုန်တလုံးလုံးထနေသည့် လှည်းတန်းကြီးဖြင့် ရှင်လောင်းလှည့်တာကလည်း ကျွန်မအဖို့ မေ့နိုင်စရာ မရှိသည့် အတွေ့အကြုံ ဖြစ်ခဲ့ရပါသည်။

ရှည်လျားလှသော လှည်းတန်းကြီးကိုသာ ကျွန်မ မှတ်မိတော့သည်။ ဘယ်ရွာတွေက ဘယ်လှည်းတွေ ဘယ်လောက်တောင် ပါခဲ့ကြသလဲ မသိ။ လှည်းတန်းကြီးထွက်လာတော့ ရွာအရှေ့ဘက် ထန်းတောကြားမှာ နေမင်းကြီး ညပ်နေဆဲပဲ ရှိပါသေးသည်။ ရွာအနောက်ဘက်မှာ ရွာတန်းရှည်ကြီးနှင့် ယှဉ်ကာ စီးဆင်းနေသော ဧရာဝတီမြစ်ရိုးတန်းကလေးကို မြှောင်၍ ပေါက်နေသည့် လှည်းလမ်းကြောင်းအတိုင်း ရှင်လောင်းလှည်းတွေ မောင်းသွားရသည်။ ရှင်လောင်းလှည့် လှည်းတွေကို မျှော်နေကြသည့် ရွာပရိသတ်တွေကလည်း အလှူရှင်လောင်းလှည့်မည့်ရက်ကို ကြိုသိနေကြသူများပီပီ တစ်ရွာဝင်တိုင်း ဆွေဆွေမျိုးမျိုးတွေက လှည်းတပ်ကြီး ရှေ့တိုးမပေါက်အောင် ဆီးဆို့ကြိုဆိုနေကြလေသည်။

"ဖယ်ကြပါ ဖယ်ကြပါ၊ ရှေ့ခရီး ရှိပါသေးတယ်။ အချိန်တွေလင့်ကုန် လိမ့်မယ်"

ဩဇာရှိသူတွေက အော်ကြ ပြောကြသော်လည်း အလှူလှည့်လာသူတွေကို အလုအယက် တိုးဝှေ့ကြည့်နေကြသည့် ပွက်ပွက်ညံညံ လူအုပ်ကို မကျော်နိုင်ပါ။ ကြိုဆိုနှုတ်ဆက်ကြသူတွေကို ကျွန်မတို့က အလှူမုန့်တွေ လက်ဆောင်ပြန်ပေးကြရသည်။ အလှူမုန့်ဆိုတာကိုလည်း ပြောချင်ပါသည်၊ ကောက်ညှင်းမှုန့်နှင့် ထန်းလျက်ရည် ရောနယ်ကာ မြေပဲနှင့် အုန်းသီး ဖွာသနာ အဖြစ်အောင်းထားသော အညာကျေးလက် မုန့်တစ်မျိုးဖြစ်ပါ၏။ မုန့်လုပ်ရတာများတော့ ငှက်ပျောဖက်ရွက်များပင် မလောက်နိုင်သဖြင့် ရဲဗွာ ထန်းဖူးတွေ၊ သရက်ရွက်တွေ တည်းခပ်ဖြင့်ထိုးကာ ဖက်ထုပ်ပေါင်းကြရသည်၊

ပုန့်ဖက်ထုပ်ဟု ခေါ်နိုင်သော်လည်း ဘယ်သူမှ မခေါ်ကြပါ။ အလှူမုန့်လို့သာ ခေါ်ကြသည်။ အလှူကပြန်သည့် မုန့် မဟုတ်ပါလား။

ပေါက်အို ရှင်ကြီးပြု အပြန်ခရီးမှာတော့ ဆွေတွေ မျိုးတွေက လှည်းလမ်းတစ်လျှောက် ဆီးကြိုကာ ရှေ့ကြိုးငွေကြိုး တားကြပြန်သည်။ ဘယ်လမ်းကမှ ရှောင်စရာ မရှိ။ တစ်ရွာ တစ်ရွာ သည်တစ်လမ်း ရှိတာ မှတ်လား။ ရှေ့ဆွဲကြိုးတွေကို တစ်ကိုးနှင့် တစ်ကိုးဆက်ကာ ရှေ့ကြိုးဆက် ကြိုးတန်းကြီး တန်းပြီး တားကြခြင်းပင်။ ဒါကိုပင် ရှင်လောင်းတားသည် ဆိုကြ၏။ အလှူမုန့်၊ ပိုလိုဘူး၊ မျက်နှာသုတ်ပဝါစသဖြင့် သင့်သလို ပေးကမ်းကာ ရှေ့ကြိုးဖြေကြရသည်။ အပျော်သဘော ဝမ်းပန်းတသာ တားကြခြင်းမို့ ငွေရယ် ကြေးရယ် ပေးရန် မလိုသော်လည်း အလှူ့ဒကာ အလှူ့အစ်မနှင့်ရင်းသော ဆွေထဲမျိုးထဲက လူပျော်တချို့ကတော့ ထန်းရည်ဖိုး တောင်းတတ်ကြသည်။ အလှူ့ရှင်က သဒ္ဓါသလောက်ပေးသော တစ်မူးဖိုး နှစ်မူးဖိုး ငွေစ ကြေးစကလေးကို တန်ဖိုးထား မက်မောကြလို့ပဲ ဖြစ်သည်။

ရှင်လောင်း တားသည့်ဓလေ့အပြင် ရှင်လောင်းဝှက်ခြင်း ဓလေ့ လည်း ရှိပါသေးသည်။ မောင်ရှင်လောင်းကို အလှူမဏ္ဍပ်ထဲမှ တစ်နေရာ ခေါ်သွားပြီး ပြန်အရွေးခိုင်းခြင်းဖြစ်သည်။ ကျွန်မတို့ အလှူတုန်းက ကျွန်မ အစ်ကိုနှစ်ယောက်ကို ရှင်လောင်းဝှက်ထားသဖြင့် အဘ စိတ်ဆိုးခဲ့တာ ကိုလည်း မှတ်မိပါသေးသည်။

"ငါ့မြေးတွေ ဝတ်ကောင်းစားလှနဲ့ မဏ္ဍပ်ထဲ ဗိုလ်ရှုခံနေရမယ့် ဟာကို ချောင်ထဲသွားထိုးထားရသယ်လို့ကွာ မင်းတို့နှယ်"

အဘ စိတ်ဆိုးတာကိုပဲ ပျော်စရာအောက်မေ့ပြီး ပျော်ကြ ရွှင်ကြ သူတွေပဲဖြစ်၏။ ရှင်လောင်းဝှက်မှာစိုးသဖြင့် အဘကိုယ်တိုင် မောင်ရှင်လောင်း စင်ပေါ် ခေါင်းပေါင်းကြီးနှင့် တက်ထိုင်နေတော့ လူတွေ ပွဲကျမဆုံး ဖြစ်နေ ကြတော့သည်။

ရှင်ကြီးပြုအပြန် အမှတ်တရဖြစ်ခဲ့ရသည့် အဖြစ်အပျက်ကလေး တစ်ခုကို ကျွန်မ မှတ်မိနေပါသေးသည်။ ကြည်ရွာအရောက်တွင် ရှင်လောင်းတင် မြင်းမကြီး ရုတ်တရက်လဲကျသွားခြင်းကိုပဲ ဖြစ်သည်။ ရုတ်ရုတ်သဲသဲ ဖြစ်သွားသဖြင့် အထိတ်တလန့်ဖြစ်ကြရသည်။ မြင်းရှင်က အဖေ့ညီဝမ်းကွဲ ဦးလေးချစ် ဖြစ်သည်။ သူ့မြင်းကို မေတ္တာဖြင့် ကူညီခဲ့ရှာသူ ဖြစ်၏။

"မြင်းမကြီးက ကိုယ်ဝန် နေ့စေ့လစေ့ဗျ။ ကျုပ်က ကိုရင်ညို့ အလှူမှာ ကူဖို့ ရည်ရွယ်ထားသာ မဖျက်ချင်လို့ရယ်၊ မြင်းမက မိုက်နာသာ ထင်ပါရဲ့"

မြင်းမရှိတော့သည့်ရှင်လောင်းကို တခြား မြင်းတစ်စီးပေါ်မှာ နှစ်ပါး အတူစီးခိုင်းရတော့၏။ ကျွန်မတို့တစ်တွေ ရွာကိုဝင်တော့ နေလုံးကြီးတောင် အတော်စောင်းကျသွားခဲ့ပြီ။ ရှင်ကြီးပြုပြန် လှည်းတန်းကြီး အကအခုန် အတီးအမှုတ်တွေနှင့် ဆူဆူညံညံအသံပေးကာ ရွာဝင်လာသည်နှင့် မဏ္ဍပ်ထဲက ရှင်လောင်းအဝင် အသင့်စောင့်နေသည့် ဆိုင်းက ဗြောသံကြီးပေး လေသည်။ ဘဝင်ပေါက်အောင် ဆူညံနေသည့်အသံတွေကို ကျော်ကာ ဗြောသံက အသည်းနှလုံးကို ပုတ်ခါလိုက်သလို ခံစားရသည်။ အလှူမဏ္ဍပ်ထဲက ဗြောရိုက်သံကြားသည်နှင့် အမေကြီးက ပခုံးပေါ်တင်ထားသော တဘက် ကလေးဖြုတ်ပြီး မျက်ရည်စို့စို့ကို တို့ကာတို့ကာ ဟစ်အော်ငိုတော့၏။

"ဘိုးတိုင်းတို့၊ မယ်ဖော့အုတို့ရေ တော်တို့မြေးတွေ သာသနာ့ဘောင် ဝင်ကြပါပကော တော်ရေ့။ လာကြည့်ကြပါဦး၊ သာဓုခေါ်လှည့်ကြပါဦး"

အမေကြီးက ငိုလိုက်သည်နှင့် ရှိရှိသမျှကုန်သော ဆွေမျိုးတွေ အားလုံးတိုင်ပင်ထားကြသလို ငိုလိုက်ကြတာ ဝက်ဝက်ကြီး ကွဲလေတော့သည်၊ အဆက်ဆက်က ဘဝတစ်ပါးပြောင်းကြပြီဖြစ်သော ဘိုးဘွားများနှင့်တကွ အရွယ်မတိုင်မီ ကွယ်လွန်သွားရှာကြသူတွေကို တ တပြီး ငိုလိုက်ကြတာ ဗြောနှင့် အပြိုင် မြိုင်သွားတော့၏။ အမေကြီးငိုတာကို ကြည့်ပြီး ကျွန်မပင် ဘုမသိ

ဘမသိ မျက်ရည်ကျခဲ့ရသေးသည်။ ကျွန်မရှေ့မှာတင်ပဲ အမေကြီးခမျာ မရှူနိုင် မရှိက်နိုင် တက်ချက်သွားလို့ ရင်ဘတ်မှာ အဝတ်စည်းပေးထားရ၏။ ညပိုင်းမှာတော့ 'မြင်းခြံလှစန်းကြည်' အငြိမ့်ခင်မှာ အမေကြီးက ရှေ့ဆုံးကပါလား။ ပြောင်းဖူးဖက်ဖြူလိပ်ကြီး ကြေးဖလားထဲ ထည့်စိုက်ပြီး ပွဲခင်းထဲ တဝါးဝါး တဟားဟားဖြစ်နေသည့် အမေကြီးကို ကြည့်ပြီး ဆွေမျိုးတွေက ပြုံးကြသည်။

အလှူကြီးညမှာပဲ မြင်းမကြီးက မြင်းထီးကလေး မွေးသည်။ ရှင်လောင်းငါးပါးမှာ စီးမြင်းက လေးကောင်တည်းဆိုတော့ မနက် ရွာထဲ အလှူလှည့်ရန် မြင်းတစ်ကောင်လိုနေခဲ့သည်။ မြင်းဆိုတာကလည်း ချက်ချင်း ထရှာလို့ ရနိုင်တာမျိုးမဟုတ်။ သူ့အဆက်နှင့်သူ တစ်လ ကိုးသီတင်း ကြိုကာ ရှာထားရခြင်းမျိုးဖြစ်သည်။ အလှူကြီးရက်မှာမှ မြင်းတစ်ကောင်အတွက် ကသိကအောက်ဖြစ်ရတာဆိုတော့ အဖေ မျက်နှာ မသာရှာတော့။ ကိုယ့်အလှူမှာ အဖုအထစ်ဖြစ်လေရော့သလား တွေးပြီး စိတ်မကောင်းဖြစ်ရရှာပုံ ပေါ်သည်။ သည်သတင်းက ညတွင်းချင်း ဆရာတော့်ထံ ရောက်သွားခဲ့၏။

"ဟဲ့ မောင်ညို့ရဲ့၊ ဒါ နိမိတ်ကောင်းသာကွဲ့၊ မင်းအလှူညကျမှ တိုက်တိုက်ဆိုင်ဆိုင် မြင်းမက မြင်းကလေးပွားသာဆိုတော့ နောက်ထပ် သည်လို အလှူကြီးမျိုး မင်း ပေးရလိမ့်ဦးမယ်ဆိုသဲ့ နိမိတ်ကွဲ့၊ ပွားစီးခြင်း နိမိတ်လို့ မှတ်လဟဲ့"

ဆရာတော်က မင်္ဂလာရှိရှိ မိန့်တော့မှ အဖေ့ခမျာ ဝမ်းသာရှာနိုင်တော့သည်။ အဖေ့မျက်နှာချိုချိုကြီးကို ကျွန်မ ဘယ်တော့မှ မမေ့ပါ။

"နောက်ထပ် သည်လို အလှူကြီးမျိုး ငါလှူရဦးမယ်၊ ငါ့သားတွေ အလှည့်ပြီးတော့ ငါ့မြေးတွေ အလှည့်ပေါ့ကွယ်"

အဖေက ဆရာတော့် နိမိတ်ဖတ်ချက်ကို တစ်သက်လုံး ပြောလို့မဆုံး။ အမေကလည်း သည်အဖြစ်အပျက်ကို နှစ်ပေါင်းများစွာ ပြောပြနေတတ်ပါသည်။ ပွားစီးခြင်းဆိုတာ နိမိတ်ကောင်း မဟုတ်ပါလား။

## ၅

ကျွန်မတို့ရွာတွေမှာ အလှူရက်ကို သစ်ခင်းသိမ်းပြီးချိန်၊ လေကြီးမိုးကြီး ကင်းလွတ်ချိန်၊ တောင်သူတွေ အားကြ နားကြချိန်ဖြစ်သော တပေါင်းလမှာ ကျင်းပကြတာများပါသည်။ ကျွန်မကတော့ တပေါင်းလ ရောက်လေတိုင်း ဆရာတော့်ကျောင်းရှေ့က သော်ကပင်ကြီးနှစ်ပင်စလုံး ရဲရဲမှည့်အောင် ပွင့်ကြတာကိုပဲ ခွဲနေတတ်ပါသည်။ သော်ကပွင့်အနီနှင့် သော်ကရွက်စိမ်းစိမ်းတို့၏ လိုက်ဖက်မှုကို ကျွန်မ နှစ်သက်သည်။ လူ့လက်ဝါးကလေးတွေ ဖြန့်ထားသည်နှင့်တူသည့် အရွက်စိမ်းစိမ်းတွေကြားမှာ အပွင့်ကလေးတွေက အဆုပ်လိုက် အခိုင်လိုက် နွယ်ခက်နေတတ်သည်။ အစိမ်းရင့်ရင့် သစ်ရွက်ရင်ခွင်ထဲမှာ ကနွဲ့ကလျ အလိုက်သင့် မှိုမှိုနေတတ်သော သော်ကပွင့် နီနီကလေးတွေက တစ်ပင်လုံး ဝေဆာနေတော့၏။ ကျွန်မတို့ အလှူတော်ရက်မှာ ပင်လုံးကျွတ် ဝေဆာနေသော သော်ကပင်ကြီး နှစ်ပင်အောက် ခင်းသည့် နိပါတ်တော်လာ ပုံရိပ်တွေကိုလည်း ကျွန်မ မမေ့နိုင်ပါ။

အရှေ့ဘက် သော်ကပင်ကြီးအောက်မှာ သုဒိ၊ သုနာ၊ သုသေ၊ ရဟန်း ဆိုသည့် နိမိတ်ကြီးလေးပါး မြင်တော်မူဟန်သရုပ်ကို ရွာသားလေးယောက်က ဇာတ်ရုပ်ပြ ပုံသေ သရုပ်ဆောင်ထားကြသည်။ အမေ့ဘကြီး ဘိုးစံရာက တဘက်ဖြူ ခေါင်းပေါင်းကြီးနှင့် တောင်ဝှေးတစ်ချောင်းထောက်ကာ သူအိုအဖြစ် သရုပ်ဆောင်သည်။ အလှူကြီး မနက်ခင်းစကတည်းက ခါးကြီးကုန်းထားရသော အသက်ခုနစ်ဆယ်ကျော် အဘိုးအို ဘိုးစံရာကို အခုမှ ကျွန်မ တွေ့ပြီး သနားမိရ၏။ အမေ့မောင် ဦးနီမွှေးက တစ်ကိုယ်လုံး ပန်းဆီတွေ သုတ်လိမ်းပြီး အနာတွေဆီက ပြည်တွေ တစ်ပြိုပြိုဟန်ဖြင့် ဖျာကြီး တစ်ဖက်ကို ထောင်ကာ ယင်ကောင်တွေကို လက်ခုပ်ဖြင့် လိုက်ရိုက်ရင်း သူနာ လုပ်ရရှာသည်။ ဘိုးချို့မှန်းက မြေကြီးပေါ်မှာ ပက်လက်လှန်ပြီး ခနေ့ခနဲ့ကြီး လှဲနေလိုက်တာ တစ်ချက်ကလေး မလှုပ်။ ပုစိမောင်းရှည်ကြီးကို

လူ့အုခွေလို လိမ်လိမ်ခွေပြီး မိုက်ပေါ်တင်၍ အုတွေ ထွက်ကျနေပုံမျိုးလုပ်ထားတော့ အလှူမဏ္ဍာပ်ရှေ့မှာ မင်္ဂလာမရှိ မလုပ်ကောင်း လုပ်ကောင်း လုပ်ရပ့်မလားဆိုကာ အဘ စိတ်ဆိုးတာကိုလည်း ကျွန်မ မှတ်မိသည်။ ဦးလှမျိုးက ကတုံးပြောင်အောင် ရိတ်ပြီး သင်္ကန်းဝတ်၊ သပိတ်လွယ်၊ လက်တစ်ဖက်က ယယပ်တောင်ကိုကိုင်ကာ မျက်လွှာချ၍ ရဟန်းအဖြစ် သရုပ်ဆောင်သည်။ နိမိတ်ကြီး လေးပါးမြင်ဟန် ရုပ်သေပြနေကြပုံက တကယ့်ကို သရုပ်တူလှသည်။ အလှူလာကြသူတို့ တရားသံဝေဂယူဖွယ် ခင်းကျင်းကြခြင်းဖြစ်၏။

အနောက်ဘက် သော်ကပင်အောက်မှာတော့ အမေကြီး အေးတင်က မယ်မဒ္ဒီ သစ်သီးခူးနေဟန် သရုပ်ဆောင်ပါသည်။ ဘီးဆံပတ် ဆံထုံးပြောင်အောင် ထုံး၍ ယောဂီဝတ်စုံညိုဖြင့် တဘက်ကလေး ပခုံးမှာသိုင်းလို့။ ငှက်ပျောသီး၊ မာလကာသီး၊ ရှောက်သီးစသဖြင့် ထည့်ထားသော သစ်သီးခြင်းကို လက်တစ်ဖက်မှာ ချိတ်၊ လက်တစ်ဖက်မှာ ဝါးတံချူကလေးကိုင်ကာ သစ်သီးခူးဟန် သရုပ်ပြသည်။ ရှေ့မှာ ဘကြီး ဦးဝန်က ကျားဝတ်စုံကြီးနှင့် မယ်မဒ္ဒီကို ကျောင်းသခ်န်းဆီ မပြန်နိုင်ရန် ဆီးဆို့ဟန်၊ ကိုကြီးတင်ခွေးနှင့် ကိုပေသီးတို့က မျောက်ဝတ်စုံတွေဝတ်ပြီး ထိုင်လိုက်ကြ၊ ထလိုက်ကြ၊ ကျွမ်းထိုးလိုက်ကြ။ တောတောင်ထဲ သားရဲတိရစ္ဆာန် အပေါင်းမြူးတူးနေကြဟန်။ ဖြာကျနေသော သော်ကပင်ကိုင်းတွေမှာလည်း သစ်သီးမျိုးစုံတို့ တွဲလောင်းသီးနေကြပုံမျိုး ချိတ်ဆွဲထားလိုက်သေး၏။ မြင်ရသူတွအဖို့ တကယ့်ကို တောကြီးမျက်မည်းထဲ ရောက်နေကြရသလိုလို။ မယ်မဒ္ဒီ သစ်သီးခူးခန်း သရုပ်ပြကွက်ကတော့ ရုပ်သေအငြိမ်မဟုတ်ဘဲ အရှင်ဖြစ်ပါသည်။

"တကယ်တော့ အပေတို့ အမေတို့ကို တရားပြရှာတဲ့ သဘောပေါ့အေ။ သည်ကနေ့အဖို့ရာ အလှူကြီး အတန်းကြီးပေးနေပြီ၊ မပြုခင် ပြုဆဲပြုပြီး အချိန်တွေမှာ လှူသမျှ တန်းသမျှ မတွန့်တိုမိကြစေနဲ့။ ဝေသန္တရာမင်းကြီးခမျာ ရင်ကဖြစ်တဲ့ သားနဲ့ သမီးကိုတောင် ရက်ရက်ရောရော

လှူရှာတယ်။ မဒ္ဒီဒေဝီမိဖုရားကြီး သစ်သီးခူးထွက်နေတုန်း တောတိရစ္ဆာန်တွေက လင်သားရဲ့အလှူ အထမြောက်အောင် တားထားကြသဲ့သဘောကို သရုပ်ပြကြသာပဲ"

အမေ မကြာခဏ ပြောတတ်သောစကားတွေကို ကျွန်မ အတွေးဆက်ခဲ့ပါသေး၏။ သည်လို ခုနစ်ရက် ခုနစ်လီ ထမင်းရည်ချောင်းစီး အလှူကြီးပေးလျှင် များသောအားဖြင့် အလှူ့အစ်မများက တစ်ကွက်မဟုတ် တစ်ကွက်မှာ နပြောတွန့်တို စိတ်ဝင်တတ်ကြပြ ဖြစ်သည်။ ပုထုဇဉ်တွေ မဟုတ်လား။

အလှူရက်အတွင်း လိုအပ်သမျှ များသောအားဖြင့် အလှူ့အစ်မဆီက တောင်းယူကြရသည်။ တိုင်ပင်ကြရသည်။ သည်တော့ တစ်ကြိမ်မဟုတ် တစ်ကြိမ် စိတ်လွတ်ချင် လွတ်သွားနိုင်သည်။ သည့်အတွက် အလှူ့အစ်မကို မဒ္ဒီဒေဝီမိဖုရားကြီး သစ်သီးခူးခန်းဖြင့် တရားပြထားသည့် သဘောဖြစ်ပါ၏။ သည်ပြကွက်ကို တွေ့ကြသူ အလှူပွဲလာ ပရိသတ်တွေက နှစ်ထောင်းအားရ သာဓု ခေါ်တတ်ကြသည်။ ကျေးလက်နေ တောသူတောင်သားများဆိုတော့ ပွဲအလွန်ကြိုက်ကြသည်။ ရှားရှားပါးပါး တစ်နှစ်နေနေ တစ်ခေါ်ဆန်းဆန်းမှ ကြုံကြရသော သည်ပြကွက်မျိုးကိုလည်း တရားဓမ္မ ပြကွက်သေမဲ့ ပွဲလမ်းသဘင်လိုပင် သဘောပိုက်သူတွေက ပိုက်ကြသည်၊

အလှူအတန်းပြုကြပြီဆိုသည်နှင့် အလှူ့ဒကာ အလှူ့အစ်မများကိုယ်တိုင်က ခိတ်ပြတ်ထားနှင့်ပြီး ဖြစ်ပါ၏။ စကားအရာ ဖွင့်ဟဖို့ဝေလာဝေး၊ ငဲ့စောင်း၍ပင် ကြည့်ကြလေ့မရှိ။ လှူခွင့်ကြုံလို့ လှူရတာ တစ်သက် တစ်ခါ ကုန်စပ်းပလေ့စေ၊ အလှူကြီးပေးချင်လို့ တို့များ နှစ်ချီပြီး စုခဲ့ ဆောင်းခဲ့ကြတာပဲ ဆိုသည့်စိတ်သာ ထားတတ်ကြသည်။

သို့သော် အလှူ့ဒကာ အလှူ့အစ်မတို့၏ ဆွေမျိုးရင်းချာများထဲက ဘကြီး ဦးကြီး၊ ဘွားကြီးဒွေးကြီးတို့က မကုန်သင့်တာ မကုန်ခန်းရအောင် အစစအရာရာ အုပ်စီးထားတတ်တာများလည်း ရှိပါ၏။ မလေတန် မလေ၊

မလွှင့်တန် မလွှင့်၊ လောက်တေန်တာ လောက်အောင် ထိန်းကွပ်ကြခြင်း ဖြစ်သည်။ ဒါကို အများက 'ပိတ်ဒကာ' ခေါ်တတ်ကြပါသည်။ ကျွန်မတို့ အလှူမှာတော့ အဖေ့အစ်ကို ဘကြီးကြိုင်က ဦးစီးဦးဆောင်ပြုကာ ချက်ခန်း၊ ပြုတ်ခန်း၊ ကျွေးခန်း၊ မွေးခန်းတွေမှာ တာဝန်ယူထားသည်။ ဘကြီးကြိုင်က စေ့စပ်သည်။ သေချာသည်။ သူကိုယ်တိုင်ကလည်း နှမြောတတ်သည်။ ဆား တစ်ပွင့် ဆေးတစ်လိပ် ကြားမဟာရလေအောင် သူပင် အုပ်အုပ်စီးစီး စီမံခဲ့ခြင်း ဖြစ်၏။

"ကိုဘကြိုင်တို့များ ပြောပါသယ်၊ ငါ့ညီလေး တစ်သက်လုံး ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ ရှာခဲ့ဖွေခဲ့ရသာ အလှူလည်းပြီးရော မွဲကရော ဆိုသာမျိုး အဖြစ်မခံနိုင်ပေါင် ဆိုသဲ့ပြီး နေရာတကာ ပါတော့သာပဲ။ ထမင်း ချက်သဲ့ လူတွေက သူ့ကို ပြောမရဆိုမရတော့ အဖေ့ဆီ လာတောင်းကြ သာပေါ့။ အလှူ့ဒကာ ဘာလိုသယ် ညာလိုသယ် လာပြောကြတော့ ညည်းတို့ဘကြီး မသိအောင် အဖေ ထုတ်ပေးရသာ၊ သူသိရင် ကြားထဲက စိတ်ကွက်မှာစိုးလို့ဗျား"

အဖေကတော့ သူ့အစ်ကိုဘက်က စာစာနာနာ သဘောထားနိုင်သူ ဖြစ်သည်။ ပြောရင်းကလည်း ရယ်သည်။

အလှူပွဲကို လာကြသမျှသော ပရိသတ်တွေအားလုံး မဏ္ဍပ်ရှေ့က သရုပ်ပြတွေကို ကြိတ်ကြိတ်တိုးတိုး ကြည့်နေစဉ်မှာပဲ ရွာထဲ အလှူလှည့်ပြီး ဝင်လာသော လှည်းတန်းကြီးနှင့် ကျောင်းပေါက်ဝမှာ ဆုံကြပါလေရော။ ကျောင်းရှေ့မှာ ဆယ့်နှစ်ရွာက ပရိသတ်ပွဲတော်ခင်းကြီးဖြစ်နေပြီ။ အလှူ မဏ္ဍပ်ထဲမှာ နေရာမယူကြသေး။ သျှိုးလိုက်ရတဲ့ ဆိုကြသူတွေက ကျောင်း ပေါက်ဝမှာ အစွမ်းကုန်ကြိုက်ကာ အော်ကြတော့၏။ သျှိုးမသိမ်းမချင်း အလှူ မဏ္ဍပ်ထဲက ဆိုင်းကလည်း ဧည့်ခံတီးချင်လို့မရ။ ထမင်းရုံထဲလည်း လူမဝင်။ ရှင်လောင်းတင် မြင်းများရော နွားရုံလှည်းယာဉ်ကြော့များပါ သည်အတိုင်း

တောင့်ထားရတော့သည်။ ပရိသတ်ကလည်း ကျောင်းရှေ့မှာ များသထက် များလာတော့သည်။ သျှိုးဆရာတွေကလည်း ပညာကုန် ထုတ်သုံးကာ မပြီးနိုင်။ အလှူ့ဒကာ အလှူ့အစ်မက အတန်တန် တောင်းပန်တော့မှ စခန်းသိမ်းလေ၏။ သျှိုးသိမ်းလိုက်သည်နှင့် လူတွေ မလျှော့ပ်ထဲ တချို့၊ ထမင်းရုံထဲ တချို့ လိမ့်ဝင်လိုက်ကြတာ ထန်းလက်များပင် ပွင့်ထွက်တော့သည်။ ထမင်းကျွေး တာဝန်ကျသူတို့ ချွေးဒီးဒီးကျကြရပြီ။ အလှူဆိုင်းကလည်း သူ့အလှည့်ကျလာတော့ ဗြောင်းဗြောင်းဆူလေသည်။ ထမင်းရုံထဲမှာလည်း ပွက်ပွက်ကြိုရိုက်လျှက်။ မစားရသေးသူ စားပြီးသူတို့ ရောကာ တပေါင်းနွေပူကြီးအောက်မှာ ချွေးတလုံးလုံး။ ပျော်စရာလည်း ကောင်း၊ မောစရာလည်း ကောင်း။

ကျွန်မတို့ငယ်ငယ်က တောအလှူတွေကတော့ ပြောစမှတ်ဖြစ်အောင် အားခဲခဲ့ကြသည့် ကုသိုလ်ပွဲဖြစ်သည်။

၆

အခုတော့ ဖိတ်စာပေါ်က သက္ကရာဇ်ကို တွက်ကြည့်လျှင်ပင် နှစ်ပေါင်းသုံးဆယ်ကျော်ခဲ့ပြီ။ အဖေလည်း ဆုံးရှာပြီ။ အဖေ့ငယ်ဆရာတော်လည်း ရွာမှာ ပျံလွန်တော်မူခဲ့တာ ကြာပြီ။ ငါးခြောက်ထိုးကောင်းသော ဘကြီးချင်းတို့၊ မယ်မဒွိ အမေကြီး အေးတင်တို့၊ ဖိတ်စာ အဖတ်ကောင်းသည့် ဘဒွေးထိတို့လည်း ကွယ်လွန်ကုန်ကြပြီ။

အလှူမှာ မြင်းမွေးသည့် နိမိတ်ကောင်းကို ယူကာ နောက်ထပ် အလှူကြီး လှူနိုင်ဖို့ အဖေ အားခဲရှာခဲ့ပါသေးသည်။ သို့သော် အထမမြောက်ခဲ့။

"အဖေဖြင့် ပခုံးကို ဝါးနဲ့ထောက်ပြီး လေ့ထိုး စီးပွားရှာခဲ့တုန်းက လှူနိုင်ခဲ့သယ်၊ သည်တုန်းက အကြီးအကျယ် အလှူပေးခဲ့သာတောင် ငွေစာရင်းချုပ်ကြည့်တော့ တစ်သောင်းခွဲလောက်ပဲကုန်သာ။ တွက်ကြည့်လေ

ဆန်တစ်တင်း ရှစ်ကျပ်၊ ဆီတစ်ပိဿာ လေးကျပ်၊ ငါးခြောက် တစ်ပိဿာ ခုနစ်ကျပ်၊ ကိုင်း။ ဒါပေမဲ့ အဲသည် တစ်သောင်းခွဲကိုက ခါးချည့်အောင် ရှာခဲ့ရသာပေါ့၊ မနေပြောခဲ့ပေါင်ကွာ"

အဖေက စိတ်ကူးရတိုင်း သူ့အလှူအကြောင်း စိတ်လိုလက်ရ ပြောနေတတ်ရှာသည်။ ပြောတိုင်းလည်း သည်စကားပါ၏။ သည်လို အလှူကြီးမျိုး ပေးနိုင်ကြသည်ဆိုဦးတော့၊ သည်လို တစ်ရွာလုံးက အလှူ့ဝိတ်တွေ ဝင်ပြီး သိုင်းသိုင်းဝိုင်းဝိုင်း ရှိနိုင်ကြပါဦးမလား ကျွန်မ တွေးဖြစ်နေမိပါသည်။ ရွာက ကျွန်မဆွေမျိုးတွေကိုယ်တိုင်က စကားရောက်တိုင်း 'သည်လို အလှူကြီးမျိုး မကြုံကြိုက်ရတော့တာတောင် ကြာပါပြီအေရယ်' လို့ ပြောပြကြသည်။

"ညည်းအဖေက အလှူမှာ မြင်းမွေးတော့ သူ့မြေးတွေအလှည့် လှူရဦးမယ် တွက်သေးတာ။ ခမျာ ဆန္ဒ မပြည့်ရှာပေါင်အေ"

အမေက အဖေ့ဆန္ဒကို ပြောပြနေခြင်းဖြစ်သော်လည်း သူကိုယ်တိုင်ကလည်း သည်စိတ်ကလေးတော့ ဒုန်းဒုန်းချသေးဟန်မတူ။ မြေးတွေကို ရှာပြန် မတွေ့ပ်ကြီးထိုးကာ လှူလိုက်ချင်ပုံ ရသေးသည်။

အလှူ့ဖိတ် စာရွက်ကလေးပေါ်က အတိတ်၏အရိပ်တွေက ကျွန်မရင်ကို တလှပ်လှပ် ခုန်နေစေသည်။ ဖြစ်နိုင်လျှင် အဖေတို့ အမေတို့ ဆန္ဒကို ကျွန်မ ဖြည့်လိုက်ချင်ပါသေးသည်။ အခုတော့ မဒ္ဒီဒေဝီ မိဖုရားကြီးလို သစ်သီးရှာနေရဆဲ ဖြစ်ပါသည်။

ရွှေအမြုတေမဂ္ဂဇင်း၊ ၂၀၀၆၊ အောက်တိုဘာ

(ဝတ္ထုခေါင်းစီးကို ဆရာကြီး မင်းသုဝဏ်၏ 'ပြောသံ' ကဗျာမှ ယူပါသည်)

□

# ဂမ္ဘီရပန်းပွင့်များ

## ၁

သည်အဖြစ်အပျက်က ထနောင်းတောရွာကလေးမှာ တကယ်ဖြစ်ခဲ့တာပါ။ သည်ဘက်နယ်တစ်ကြောမှာတော့ ထနောင်းတောရွာက ရွာကြီး ရွာနိုင် မဟုတ်ပေမဲ့ တော်တော်လေးတော့ စည်ပင်တယ် ပြောရမှာပါ။ ထနောင်းတော ရွာမှာ တွဲဖက်အလယ်တန်းကျောင်းတစ်ကျောင်းရှိတာကလည်း တစ်ကြောင်း ပေါ့။ ပဲခွဲစက်တစ်လုံးရှိတာတို့၊ မြို့နဲ့ နေ့စဉ်ကူးလူးနေတဲ့ ထော်လာဂျီတစ်စီး ရှိတာတို့၊ အိမ်ခြေ ငါးရာလောက်ရှိတာတို့ကလည်း ထည့်တွက်ရမယ့် ကိစ္စပါ။

ထနောင်းတောနဲ့ နှစ်တိုင်လောက်ဝေးတဲ့ ကျောက်ကုန်းဆိုတာကမှ ရွာကြီး။ လေးရက်တစ်ဈေး ဈေးဝယ်တွေလည်း သွားချင်ရင် ကျောက်ကုန်းကို သွားကြရတယ်။ ကျောက်ကုန်းမှာက တွဲဖက်အထက်တန်းကျောင်းလည်း ရှိတယ်။ ကျေးလက်ဆေးပေးခန်းလည်း ရှိတယ်။ အနီးအပါးက မြို့တွေကို သွားချင်ရင်လည်း တောင်ဘက်ထွက်ထွက်၊ မြောက်ဘက်ထွက်ထွက် အဆုံ ကျတယ် ပြောပါတော့။

သို့ပေမဲ့ ကျောက်ကုန်းလိုရွာကြီးမှာ 'မခင်မောက်' လို မိန်းမသားတော့ မရှိဘူး။ သည်ဘက်နယ်တွေမှာ ကျောက်ကုန်းလို ရွာကြီးကို မရောက်ဖူးသူ ရှိချင် ရှိနိုင်သေးတယ်။ ထနောင်းတောကို မရောက်ဖူးတဲ့လူရယ်လို့တော့ ရှိကို မရှိတာ။ သည့်ထက်သေချာအောင်ပြောရရင် ထနောင်းတောကို မရောက်ဖူးဘူးဆိုတာထက် မခင်မောက်ဆီ မရောက်ဖူးဘူးဆိုတဲ့သူ မရှိဘူးလို့ ပြောရင်တောင် ရမယ်ထင်ပါရဲ့။ မခင်မောက်က အဲသလောက်ပါလို့တောင် ပြောရမယ့် မိန်းမသား။ ပြောလည်း ပြောလောက်ပါရဲ့။

မခင်မောက်က အပျိုတော့ မဟုတ်ဘူး။ အသက်လေးဆယ်ကျော့မှုဆိုးမပါ။ သားရယ် သမီးရယ် ကျောထောက်နောက်ခံရယ်လို့လည်း လောက်လောက်လားလားမရှိတော့ ရွာမြောက်ဖျားက ချောင်းကောကြီးဘေးမှာ ခြေတံရှည်အိမ်ကလေးဆောက်ပြီး တစ်ယောက်တည်းပဲ နေရသူပါ။ ကျေးတောရွာတွေဆိုတာက တစ်ယောက်တည်းမကလို့ တစ်ဖုံတည်း နေပါတယ်ဆိုရင်လည်း ကိုယ်အနေမှန်လို့ကတော့ စော်ကားဝံ့သူ မရှိပါဘူး။ ရွာနဲ့ရပ်နဲ့ နေထိုင်ပြီဆိုကတည်းက လုံခြုံလှပါပြီ။ သို့ပေမဲ့လို့ သည့်နောက်ပိုင်း နှစ်တွေမှာတော့ မခင်မောက်က ခြေရင်းအိမ်က ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ်လောက်ရှိမယ့် အပျိုပေါက်ကလေး မယ်ပုံကို အိမ်ခေါ်ထားလိုက်လေရဲ့။ လက်တိုလက်တောင်းကလေးလည်း ခိုင်းရ၊ အဖော်လည်း ရ ဆိုတဲ့သဘောပေါ့။

ထနောင်းတောရွာကတော့ တခြားရွာတွေ ထုံးစံလိုပါပဲ။ တောင်သူလယ်လုပ် ဓားမခုတ် ဆိုသူတွေက များသလို၊ အရွယ်ကလေး ရောက်ကြပြီဆိုတာနဲ့ မနက် မိုးလင်းက မိုးချုပ် လယ်ထဲကိုင်းထဲက တက်ကြရတယ်မရှိဘူးဆိုသူတွေက များတယ်။ သည်တော့ တောသူတောင်သားဘဝ၊ အလှရယ်အပရယ် ခြယ်သနေနိုင်ကြတာမဟုတ်တော့ နေရိုးနေစဉ် တောဝတ်တောစားနဲ့ နေလိုက်ကြတာ များတယ်။ မခင်မောက်ကတော့ တစ်ဘာသာပေါ့လေ။ သူ့ အပျိုဘဝ လှတုန်းပတုန်းအရွယ်မှာ ဝတ်ခဲ့စားခဲ့တဲ့ ပုံအတိုင်း အမြဲတမ်း

သပ်ရပ်ကြော့မော့နေအောင် နေတတ်တယ်။ ဆံအုံကောင်းကောင်း ဘီးဆံပတ် ဆံထုံးကြီး ချိုစောင်းလောက်မှာ ခြံထောင့်က ဆယ့်နှစ်ရာသီ ပွင့်နေကျ ခေါင်ရန်းပန်းကြီးတစ်ပွင့် အမြဲပန်ထားတတ်တာကလည်း သူ့ဟန်ပဲ။

မခင်မောက်ကို ကြည့်လိုက်ရင် ရင်ဖုံးအင်္ကျီ လက်ရှည်နဲ့ ထဘီ အပွင့်ရိုက် ဖားဖားဝေဝေကြီးတွေကို နေ့စဉ် ထည်လဲဝတ်တယ်။ ရုပ်ရည် ကတော့ အလှကြီးထဲက မဟုတ်ပေဘူး။ ရွှက်ကြမ်းရေကျိုပေမဲ့ အရပ်အမောင်း လှတယ်ဆိုတာထက် အယဉ်ကလေး ဖက်တာမျိုးနဲ့ ထင်းခနဲ ကွင်းခနဲ မြင်သာတယ်။ အကြည့်ခံတယ် ဆိုပါတော့။ တစ်ခုကလည်း မခင်မောက် ကိုယ်တိုင်က သူတကာမိန်းမသားတွေလို နေပူစပ်ခါး ပဲရိုတ်ပဲကောက် လိုက်ရ တာမျိုးမရှိလေတော့ တောသူ ရင့်မကြီး ဆိုပေမဲ့ ရင့်လှတယ် မပြောသာဘူး။ အသားကလေး နကို ညိုတာ လောက်တော့ရှိသလိုပေါ့လေ။ ထူးခြားတာက မျက်လုံးမျက်ဖန်ကောင်းတယ်၊ နှာတံပေါ်တယ်၊ နှုတ်ခမ်းကလေး မဆို သလောက် မောက်ချင်တယ်ဆိုပေမဲ့ နှုတ်ခမ်းတွဲကလေးနဲ့ဆိုတော့ မသိသာ လှဘူး။ ပါးစပ်ထဲမှာလည်း အမြဲလိုလို ကွမ်းတစ်ယာ ငုံထားတတ်သေးတယ်၊

မခင်မောက်မို့ အနားက ဖြတ်သွားရင် စမုံစပါးနံ့ကလေးကို သင်းလို့။ အာစလျှာစကလည်း ရှိ၊ နှုတ်ရေးကလည်း ကြွယ်သူ ကောင်းသူ ဆိုတော့ တော်ရုံလူက မခင်မောက်ကို သရိုးသရီ မလုပ်ဝံ့ကြဘူး။ အရွယ် ကောင်း မှုဆိုးမဆိုပေမဲ့ မခင်မောက်က အနေကလေး တည်တော့ ရွာမှာ လူရိုသေ ရှင်ရိုသေ စာရင်းထဲပါတယ်။ ဒါပေမဲ့ သည်လိုနေပုံထိုင်ပုံတွေကြောင့် မခင်မောက်ဖြစ်နေတာတော့ မဟုတ်ပါဘူး။ သူ့ကို လူသိတာ တစ်မျိုးပါ။

မခင်မောက် အကြားအမြင်ရတယ်ဆိုတာ ရွာကျော်ရပ်ကျော် ဆိုတော့ အရေးရယ်၊ အကြောင်းရယ်ရှိရင်တော့ သူ့ဆီရောက်ကြရပြီကိုး၊ အကြားအမြင်ရတယ်ဆိုကတည်းက ဆရာမ မခင်မောက်အိမ်ကို လူ မရောက်တဲ့နေ့ မရှိဘူး။ နေ့တရက်းရက်း ညတရက်းရက်းနဲ့။

၂

"ဗုဒ္ဓဘုရားနှင့် တရား သံဃာ၊ မိဘနှစ်ပါး သင်ကြားဆရာ၊ ဂုဏ်တော်ကျေးဇူး ဆံဦးတင်ကာ၊ သဒ္ဓါတိုး ရှိခိုးပါ၏ ဘုရား"

"အလောင်းတော် နတ်သားနှင့် သိကြား ဗြဟ္မာ ဂါရဝတရား ရှေ့ထားလို့သာ သဒ္ဓါတိုး ရှိခိုးပါ၏ ဘုရား"

"သူရဿတီမယ်တော်ကြီးနှင့် စတုလောကပါလ နတ်မင်းကြီးလေးပါး အမှူးထားလို့သာ သဒ္ဓါတိုး ရှိခိုးပါ၏ ဘုရား"

"တောမြိုင်အတွင်း ပျော်မွေ့နေရှာ၊ ရသေ့မြတ်အပေါင်းနှင့် ရှစ်သောင်းဝိဇ္ဇာ၊ တစ်နေ့မလပ် ဦးချလို့သာ၊ သဒ္ဓါတိုး ရှိခိုးပါ၏ ဘုရား"

မခင်မောက်က သူ့ဆီကို ဟောပေးပါဦး၊ ပြောပေးပါဦး ဆိုတဲ့ အကြားအမြင်မေး ဧည့်သည်တစ်ယောက် ရောက်လာတယ်ဆိုရင် ချက်ချင်း မဟောသေးဘူး။ တဘက်ကလေး ပခုံးတင်ပြီး ဘုရားစင်ရှေ့မှာ ကျုံ့ကျုံ့ကလေးထိုင်လို့ ထိခြင်း ငါးပါးနဲ့ ဘုရားဝတ်ပြုတယ်။ ပြီးတော့ သိကြား ဗြဟ္မာ သူရဿတီမယ်တော် မကျန်၊ ရသေ့ ရှစ်သောင်းပါ အသံနေ အသံထားနဲ့ ကန်တော့ပါလေရော။ ဒါတွေပြီးပြီဆိုမှ ဘုရားစင်ရှေ့မှာ အကျထိုင်ပြီး မျက်စိကို ကွမ်းတစ်ယာညက်လောက် မှိတ်ထားလိုက်သေးတာပါ။ သည်အချိန်မှာ ဧည့်သည်တွေခမျာ ရင်တထိတ်ထိတ်နဲ့ မခင်မောက် မျက်ခွံတွေကို စိုက်ကြည့်နေကြတယ်။ ဘယ်အချိန် ပွင့်လာမလဲပေါ့လေ။ မခင်မောက်ရဲ့ ခြေတံရှည်အိမ်ကလေး အပေါ်ထပ် ခေါင်မိုးမကျန်၊ ဝါးကြမ်းခင်းမကျန် လျှောက်ကြည့်သူကလည်း ကြည့်တယ်။

အကြားအမြင်လာမေးတဲ့သူနဲ့ မခင်မောက် နှစ်ယောက်တည်း ရှိတဲ့ ဓာတ်ခန်းထဲမှာ ကွမ်းတစ်ယာညက်လောက်ကြာတဲ့ အချိန်ကြီးကို ငုတ်တုတ်ထိုင်စောင့်နေရတာကိုက ရင်ခုန်စရာကိုး။ လူက ငြိမ်ငြိမ်နေပေမဲ့ မျက်စိက မငြိမ်နိုင်ကြဘူး။ တောင်တောင်အီအီ လျှောက်ကြည့်နေကြတာပဲ။

တစ်အောင့်လောက်နေမှ မခင်မောက်က မျက်လုံး တဖြည်းဖြည်းဖွင့်ရင်း ဘုရားစင်ရှေ့ကနေ ရုတ်ခနဲ ထလာတယ်။

"ကဲ အထက်ပုဂ္ဂိုလ်များကို အပ်ပြီးပါပြီ။ ရင်ထဲရှိသာ မေးကြတော့။ ကိုင်း ဘာများသိချင်ကြသတုံး ပြောပါဦးတော်"

မခင်မောက်က သည်လို ခွင့်ပြုလိုက်ပြီဆိုရင်တော့ တစ်ချိန်လုံး အောင့်ထားခဲ့ရတဲ့ ဧည့်သည်က လာရင်းကိစ္စကို မလိုတာရော လိုတာရော ရာဇဝင်အူပေါက် ဖြဖြန့်ပြပြီပေါ့။ စကားမကျန်ချင်တာလည်း ပါတာပေါ့လေ။

အဲသည် ဖြုတ်စဗျင်းတောင်း ရာဇဝင်အူပေါက်ကို ပြောသူက ပြောသလို မခင်မောက်ကလည်း သည်းခံပြီး နားထောင်တယ်။ မတားဘူး။ ပြီးရင်တော့ မေးသူတွေက သူတို့သိလိုရာတွေ အကုန်ကြည့်နိုင်းကြပြီ၊ ဟောခိုင်းကြပြီ။

"အင်း ရှင်တို့ပြဿနာက တန်းမသေးဘူးတော်။ အခု ရှင့်ယောက်ျားက အထက်ဖောင်ချသွားတာနော်။ ဟုတ်ပြီ၊ မြင်နေရပြီ။ မြင်နေရပြီ။ မျက်နှာတော့ မကောင်းရှာဘူး။ အလို နေပါဦး၊ ဘာပါလိမ့်"

"ဘာ ဘာမြင်နေရတာလဲ မခင်မောက်ကဲ့။ မထိတ်သာ မလန့်သာတော်"

"အင်း အင်း ဟုတ်ပ ဟုတ်ပ၊ ဆန်းတော့ မဆန်းပါဘူးလေ၊ ယောက်ျားတွေ သည်လိုချည်းဟာကိုး။ သူ့ဘေးမှာ မိန်းမတစ်ယောက်၊ ရှင့်ထက် ငယ်တယ်။ ပုံကြည့်ရတာ မိန်းမလည်ထဲကနဲ့ တူပါရဲ့၊ နှုတ်ခမ်းဆိုး ပန်းဆိုးထဲက ပါလား။ စိတ်မပူပါနဲ့၊ သိပ်မကြာပါဘူး၊ သိပ်မကြာပါဘူး၊ ပြန်လာပါလိမ့်မယ်။ အဲ နေပါဦး"

"ဘာဖြစ်လို့လဲဟင်၊ ဘာတွေ့လိုက်လို့လဲ မခင်မောက်ရဲ့"

မခင်မောက်က အမှုအရာကလေးနဲ့ အစ ချန်ထားတတ်လေ မေးသူ မိန်းမက စိတ်မရှည်လေ ဖြစ်ရပြီ။ သိချင်လှပြီ။ အဲသလို တစ်ဖက်က

လောလေ မခင်မောက်က နှုတ်ခမ်း တလှုပ်လှုပ်၊ မျက်လုံး တလှုပ်လှုပ်လေ။ ပြီးမှ မျက်လုံးပြူးကြီးနဲ့ ဆတ်ခနဲ ကောက်ပြောကရော။

"တော်တို့အိမ် လူပိုတစ်ယောက် ပါလာလိမ့်မယ်တော်။ ကြည့်သာနေ ကျုပ်ပြောသာ ဒဏ်သေပဲ"

မခင်မောက်က ဝါးကြမ်းခင်းကို သူ့လက်ဝါးနဲ့ ဖြောင်းခနဲရိုက်တဲ့ပြီး သေချာပေါက်ကြီး ပြောချလိုက်တယ်ဆိုရင်ပဲ မေးသူ မိန်းမလည်း လိပ်ပြာစဉ်မတတ် လန့်တော့တာပါပဲ။ ဒဏ်သေဆိုမှတော့ လွဲစရာမရှိတော့ဘူးကိုး။ ဟိုခမျာ လန့်ရုံတင်မကဘူး။ ထိတ်ကို သွားတော့တာပါ။ ယောကျ်ား ပြန်မလာလို့ စိတ်ကရောက်ကရက်ဖြစ်ရတဲ့ကြားထဲ မခင်မောက်ရဲ့ဟောချက်က တစ်ပုံပေါ် နှစ်ပုံဆင့်ရလေတော့ မျက်ရည်တွေ တာကျိုးသလို ကျပါလေရော။ သည်ကြားထဲ ယောကျ်ားဖြစ်သူက နောက်မယားယူထားသလိုဆိုတော့ လင်ကို မကျေနပ်ဖြစ်ရာက အသားတွေဆိုတာ ဆိုးဆိုးဆတ်ဆတ် တုန်လို့။

ရင်ထဲ လှိုက်တက်လာတဲ့ ဒေါက ဆောင့်တွန်းလိုက်တယ် ထင်ပါရဲ့။ ထအော်ပါလေရော။

"သင်းက သည်လိုလုပ်ရက်မှတော့ ကျုပ်ကလည်း ညှာနိုင်ပေါင်တော်ရေ့ ပေါ့။ မခင်မောက်ကယ် သင်း လာပစေစမ်း၊ လာလို့ကတော့ အိမ်ဝက ဆီးပြီး အရေကို ဆုတ်ပစ်မှာ"

အကြားအမြင်လာမေးတဲ့မိန်းမက တခြားအကျိုးရယ်အကြောင်းရယ် မမေးတော့ဘဲ ထဘီစွန်တောင်ဆွဲတဲ့ပြီး ဝါးကြမ်း တဂျွမ်းဂျွမ်းနင်းရင်း စုနစ်သံချီနဲ့ ဆင်းသွားတာမျိုးလည်း ရှိရဲ့။ တချို့ကလည်း နှစ်ကိုယ်ကြား နှစ်နားနဲ့ မျက်ရည်ကလေးသိမ်းပြီး တိုးတိုးတိတ်တိတ်ပြန်သွားကြတာလည်း ရှိရဲ့။ တချို့ကျတော့ တစ်ဦးချင်း ကိစ္စမဟုတ်ဘဲ အုံကြီးကျင်းကြီး ဖွဲ့ပြီး လာကြတာတွေလည်း ရှိတာပါပဲ။ လူတွေဆိုတာ ပြဿနာကလည်း သောင်းခြောက်ထောင်ကိုး။

"သည်လို မခင်မောက်ကဲ့၊ ကျုပ်တို့ရွာမယ် တန်ဆောင်မုန်းလည်း အရပ်ဘုရားပွဲ ရှိသယ်မှတ်လား။ အဲသာ အရပ်ယိမ်းချင်း ပြိုင်ကကြရမှာ၊ ဘယ်သူ့မှတော့ မပေါက်ကြားစေချင်ဘူး။ ကျုပ်တို့အပိုင်းက အပျိုကြီး ယိမ်းထွက်ကြမယ် စိတ်ကူးသယ်။ တောင်ရပ်ကတော့ သူငယ်တော်ယိမ်း လိုလို ကြားထားသာပဲ။ ကျုပ်တို့က အရပ်ချင်းပြိုင် နိုင်ချင်သပ။ အဲသာ မခင်မောက် နတ်မျက်စိထဲ ဘယ်လိုမြင်သတုံး၊ ကြည့်ပေးဦး"

အရပ်ယိမ်းချင်း ပြိုင်တယ်ဆိုတာကလည်း ဘယ်သူကမှ ပြိုင်ပွဲ ကော်မတီဖွဲ့ပြီး ဆုပေးမှာမို့မဟုတ်ပါဘူး။ ဘုရားပွဲလာသူတွေထဲကမှ မှတ်ချက်ပေးတဲ့ သဘောထားနဲ့ ဆုံးဖြတ်ကြမယ့်ကိစ္စ။ ဒါပေမဲ့ အဲသည် သဘောထားဆိုတဲ့ ပါးစပ်မဲကိုပဲ အပိုင်သိမ်းချင်ကြတာ။ နိုင်ရင် တော်ပြီ၊ နိုင်မှာလား၊ မနိုင်ဘူးလား။ ဒါ သိချင်တယ်။ နိုင်တော့လည်း ဘာမှမဖြစ်ဘူး၊ ရှုံးတော့လည်း ဘာမှမဖြစ်ဘူး။ ပွဲပြီး မီးသေမယ့်ကိစ္စ။ ဒါပေမဲ့ လူ့သဘာဝ ဆိုတော့ အခြေအနေကို ကြိုသိချင်ကြတယ်။

ဘုရားပွဲဆိုတာလည်း ဟိုတုန်းကတော့ ဇာတ်တွေ၊ အငြိမ့်တွေ မြို့တက်ငှားကြတာမျိုးရှိခဲ့ဖူးပေမဲ့ သည့်နောက်ပိုင်းနှစ်တွေမတော့ တန်းစီပြီး ဆွမ်းကြီးလောင်းကြရုံနဲ့ ဘုရားပွဲဖြစ်လိုက်ရတာချည်းကိုး။ သည်နှစ်တော့ ရှားတောင့်ရှားပါး အရပ်ယိမ်းကလေး နှစ်ဖွဲ့နဲ့ ရွာလူငယ်တွေကမယ့် ပြဇာတ် ကလေးတစ်ထုပ် စစ်စစ်ပေါက်ပေါက်ခင်းကျင်းပြီး ပွဲပါရုံ စီစဉ်ထားကြတာ ဆိုတော့ ကိုယ့်အလှည့်သင့်တုန်း ရပ်ရာဇဝင် ရွာရာဇဝင် တွင်နိုင်သလောက် တွင်ချင်ကြတယ်။ ဘယ်နှစ် ဘယ်ခါတုန်းက ငါတို့ရွာ အရပ်ယိမ်းပြိုင်ကြတာ ငါတို့အရပ်ယိမ်းက လူကြိုက်များလိုက်တာမှ ဆိုတာလောက် ကျန်ခဲ့ရင် တော်ပြီကိုး။

သည်ဂုဏ်က တစ်သက်တာလုံး ပါးစပ်အရသာရှိတာမျိုးဆိုတော့ မိုးစိန်ကြီး လာကလို့လည်း ပျောက်နိုင်တာမျိုး မဟုတ်ဘူးကိုး။ သည်တော့

နိုင်ဖို့လိုတယ်။ ရေပန်းစားဖို့ လိုတယ်။ သည်စိတ်အခံနဲ့ပဲ ယိမ်းကကြမယ့် ယိမ်းသမတွေအကုန်လုံး မခင်မောက်ဆီ ရောက်လာကြတာပဲ။ အကြား အမြင်ထဲမှာ ဒါလည်း ပါရမှာပေါ့။ မခင်မောက် မြင်ရ ကြားရမှာပေါ့။

မခင်မောက်ကလည်း မရဘူး မရှိပါဘူး။ ထုံးစံအတိုင်း ဘုရားစင် ရှေ့ ဘုရားဝတ်ပြုပြီး မျက်စိကို ခဏမှိတ်တော့တာပါပဲ။ ပြီးရင် သူ့အကြား အမြင် ထင်လာသမျှဆိုပြီး ပြောတော့တာပါပဲ။ ယိမ်းသမတွေက ရင်အစုံကို လက်ကလေးတွေနဲ့ ဖိကြလို့။ အဟော ဘယ်လိုရှိမလဲ သိချင်နေကြပြီ။

"အင်း နိုင်မယ် နိုင်မယ်၊ နိုင်လောက်ပါတယ်။ ဒါပေမဲ့ ငါ ပြောလိုက်မယ်။ အပြာရောင်များတော့ မဝတ်လေနဲ့။ ယောင်လို့မှ မဝတ် မိကြစေနဲ့။ အပြာက ရန်ဓာတ်၊ အဖျက်ဓာတ်။ အပြာဝတ်ရင် မကောင်းဘူး။ အင်း အဝါ၊ အဝါလည်း အားမရဘူး။ မဟုတ်သေးဘူး။ လိမ္မော် ဟုတ်ပြီ။ လိမ္မော်ရောင်ဝတ် ပြိုင်ကြ။ မနိုင်ရင် ပြောကြတော့အေ။ ငါမြင်သာတော့ ဒါပဲ"

မခင်မောက်က လိမ္မော်ရောင်လို့ ပြောလိုက်တာက အကြောင်း မဟုတ်ဘူး။ အကြောင်းက အပြာရောင်တွေ ချုပ်ထားကြလေတော့ လိမ္မော် ရောင် ပြောင်းချုပ်ကြရတော့မယ်။ ကုန်လိုက်တာမှ ဝက်ဝက်ကွဲကရော။ ကွဲခါမှ ကွဲလေ။ နိုင်ဖို့လိုတာဆိုတော့ ချုပ်ကြရတယ်။ အပြာဆိုလို့ တစိုး တစိမှမပါအောင် တစ်ယောက်တစ်ယောက် ကြည့်ကြရသေးတာ။ အဲသလိုနဲ့ ပွဲနေ့ရောက်တော့ မခင်မောက် ပြောတဲ့အတိုင်း လိမ္မော်ရောင်ဝတ် ပြိုင်တာမှာ အပျိုကြီးယိမ်းက လူကြိုက်များတယ်ဆိုတဲ့သတင်းကလည်း ဘုရားပွဲပြီး မခင်မောက်ဆီ ရောက်လာတာပါပဲ။ မခင်မောက်ကတော့ ဘာမှ မထူးဆန်း လေဟန်ပေါ့။ နာမည်တောင် ပိုကြီးသွားသေးတာပဲ။

ရွာထဲရပ်ထဲ လူနာရှိလို့ ဆေးဆရာဆီသာ မရောက် ရှိချင် ရှိမယ်။ မခင်မောက်ဆီတော့ မရောက် ရောက်အောင် ပြေးလာတတ်ကြတယ်။ တချို့များ လူနာ ပျော့တိပျော့ဖတ်ကို လှည်းပေါ်တင်ခေါ်လာပြီး မခင်မောက်

အိမ်ပေါ် ပွေ့တင်လာတာတောင် ရှိသေး။ အဲသလောက် အားကိုးကြတာ။ ယုံကြည်ကြတာ။ လူနာကို မခင်မောက်ကိုယ်တိုင် ကြည့်မှ မြင်မှ လူနာ့ ကံကြမ္မာကို ရှေ့ဖတ်ဟောနိုင်မှာ ဆိုတဲ့ အယူကလည်း ရှိတာကိုး။ လူနာက ဇက်ကျိုးနေတာတောင် ကြမ်းပေါ် ပက်လက်ကြီး ချပြထားတတ်ကြတယ်။ နကို မမာနေတဲ့ နာတာရှည် လူနာမှာ တစ်ရွာတစ်ရွာ လှည်းစီးလာရတဲ့ ဒဏ်နဲ့ပဲ ပျော့နေရှာပါပြီ။ သို့ပေမဲ့ မခင်မောက်က ရှေ့ဖတ်ဟောလို့ ကောင်းသွားမှာပါဆိုရင် လူနာက ငုတ်တုတ်ထထိုင်တော့မတတ် ယုံကြည်ကြတာ ဆိုတော့ မခေါ်လို့ကလည်း မဖြစ်ဘူး။ လူနာကိုယ်တိုင်ကလည်း မခင်မောက်ရဲ့ ရှေ့ဖတ်ဟောချက်ကို နားစွင့်ထားတတ်တယ်။

"အင်း အင်း ကောင်းသွားမှာပါ။ မစိုးရိမ်ပါနဲ့။ သည်ကပြန်ရင်သာ ရွာအဝင်မှာ မိန်းမတစ်ယောက် ရေအိုး ခေါင်းရွက်နဲ့ ဆုံမယ်။ ဒီမိန်းမ ကျော်သွားပြီဆိုမှ ရွာထဲဝင်ကြ။ ဒါပဲ မြင်ရတယ်၊ မြင်ရတယ်။ အင်း အင်း အင်း ကောင်းသွားမှာပါ"

ရွာထဲရပ်ထဲ သာရေးဖြစ်ဖြစ် နာရေးဖြစ်ဖြစ် မခင်မောက်ဆီက ဟောချက်ကလေး၊ ရှေ့ဖတ်ကလေး 'စည်းလုံးပါး' ရလိုက်မှ နေသာထိုင်သာ ရှိကြသူတွေ များလာတယ်။ တစ်နေ့တစ်နေ့ မခင်မောက်အိမ်ထဲဝင်တဲ့ သည်လို လူတွေ ဆန်ထုပ်ကလေးနဲ့ တစ်ဖုံ၊ ဆီပုံးကလေးနဲ့ တစ်နည်း ကန်တော့ ပစ္စည်းကလေးတွေနဲ့ လာကြတာဆိုတော့ မခင်မောက်အိမ်ရှေ့ တလင်းထဲ ချထားရင်တောင် တော်တော့်ကောင်းသူပိန့် အခင်းထွက်လောက်တော့ ရနေတယ်လို့ပဲ ပြောရမှာပါ။ တောသူတောင်သားတွေဆိုတော့ ငွေနဲ့ ကြေးနဲ့ လာကြတာမျိုးတော့လည်း နည်းပါတယ်။ ကိုယ့်အခင်းကထွက်တဲ့ ပဲကလေး၊ ရွှဲကလေး တစ်စိတ် တစ်ခွဲနဲ့ လာကြသူတွေ များတယ်။

အချိန်တန်လို့ အသုံးကလေးပေါ်လာရင် မခင်မောက်ခမျာလည်း တောင်သူတွေလိုပါပဲ။ ကိုယ့်ရှိတဲ့ ပဲရောင်းသုံး၊ နှမ်းရောင်းသုံး သုံးရတာပဲပေါ့။

တောင်သူကမှ ပိုးကျလို့၊ အဖျင်းအမှော် များလို့၊ မိုးတော် ရေတော် မမှန်လို့ စိုက်ကြွေးပျိုးကြွေး တင်ချင် တင်ဦးမယ်။ မခင်မောက်ကတော့ မိုးတော် ရေတော် မမှန်တဲ့ နှစ် မရှိဘူး။ ပိုးကျတဲ့ နှစ် မရှိဘူး။ အဖျင်းအမှော်လည်း မပါဘူး။ အကြွေးတင်တဲ့ နှစ် မရှိဘူး။

သူ့တစ်ကိုယ်ရေ တစ်ကာယများတော့ စားလို့လည်း မကုန်ဘူး။ လျှော့ပါးတယ်လို့လည်း မရှိဘူး။ ရှေ့ဖြစ် အကြားအမြင် အဟောရှိနေသရွေ့ ပဲလည်း ရ၊ နှမ်းလည်း ရကိုး။ ဒူးဗုံတောင် ခေါက်နေနိုင်လိုက်တာမှ။

၃

မခင်မောက်ကို တစ်ယောက်ယောက်က "ညည်း သည်ပညာ ဘယ်ကများ ရသတုံးအေ" လို့ မေးရင် တိတိကျကျ ပြောဖို့ခက်တယ်။ ရွာကလူတွေ ကတော့ ထင်ကြေးနဲ့ ပြောကြတွေ ရှိသပေါ့။ မခင်မောက်ကို ခမည်းတော် ဘုန်းကြီးက ပျံလွန်တော်မမူခင် ပေးသွားခဲ့တာလိုလို၊ ခမည်းတော် ဘုန်းကြီး ကိုယ်တိုင်က သမီးကို ပညာနဲ့ စောင့်ရှောက်နေသလိုလို ပြောကြတယ်။ တချို့ကလည်း ဒါမျိုးဆိုတာ သင်ပေးလို့ရတာမဟုတ်ဘူးတဲ့။ ဝမ်းတွင်းပါ ပါရမီရှိမှ ဖြစ်ရတာလို့ ပြောကြတယ်။

မခင်မောက် မတ်တတ်ပြေးအရွယ်လေးမှာ မအေ ဆုံးပါးသွားတော့ ဖအေလုပ်သူနဲ့ မအူမလည် ကျန်ရစ်ရှာတယ်။ မခင်မောက်က လူမှန်းသိတတ် ကတည်းက လိမ္မာရေးခြားရှိသူဆိုတော့ မတ်တတ်ပြေး အရွယ်ကနေ အပျိုကြီး ဒုတ်ဒုတ်ထိရောက်တဲ့နောက်တောင် ဖခင်ကြီးကို ယောကျ်ားသား တစ်ယောက်လို ဒိုးတူပေါင်ဖက် ရုန်းရင်းဖက်ရင်း လုပ်ကျွေးခဲ့တာပါ။

ကိုယ်ပိုင်မြေရယ် ယာရယ်လို့ ဖျာတစ်ချပ်စာတောင် မရှိတော့ သူများ စိုက်ခင်းစိုက်ကွက်တွေထဲ နေ့စား၊ အငှားလိုက်လုပ်ခဲ့ရတယ်။ ပဲရိတ်၊ ပဲကောက်၊ ပေါင်းလိုက်၊ နှမ်းခါ စသည်ဖြင့် လုပ်ခ ပိုက်ဆံရနိုင်သမျှ

မခင်မောက် အကုန်လုပ်တာပဲ။ မခင်မောက် အသက်ကလေး သုံးဆယ်သီသီ ဝေ့လာတော့ ဖအေကြီးကိုယ်တိုင်က အိမ်ထောင်ချထားပေးရှာတယ်။ ဖအေ ဆိုပေမဲ့ အမိမဲ့သမီးအတွက် မအေလည်း ကိုယ်ပဲမဟုတ်လား။

သည်တော့ သမီးအကဲကို ခတ်ရတယ်။ မခင်မောက်ကလည်း တစ်ယောက်မွေး တစ်ကောင်တင် ဆိုသလို ယောကျ်ားသားသန်သန်ကြီးလို နေသူဆိုတော့ ရည်းစားသနာ ကင်းရုံမကဘူး၊ ရွာထဲက ပိုးချင်ပန်းချင်တဲ့ ကာလသားတွေခမျာ စိတ်ရှိလို့မှ မကပ်ဝံ့ကြဘူးကိုး။ သည်တော့ ဖအေကြီး ခမျာ သမီးသဘော သိသူပီပီ သမီးအတွက် လင်ကောင်းသားကောင်း တစ်ယောက် ရဖို့အရေး ကိုယ်ပိုင်က သင့်တော်မယ့်သူ လည့်ရှာပြီး ပေးစား ယူရတယ် ပြောပါတော့။

ယူရမယ့်လူက ကိုဘကျော့ တဲ့။ တစ်ရွာသားပါ။ ကိုဘကျော့ အိမ်ကို စုံမွှားမွှားပါလာတော့ မခင်မောက်က ယူရမယ့်လင်ကို စကား တစ်ခွန်း ချည်တယ်။

"တော့်ကို ကျုပ်အဖေကိုယ်တိုင်က သဘောတူလို့ ယူရသယ် ဆိုပေမဲ့ ရိုးမြေကျ ပေါင်းမယ့်သူပါ။ ကျုပ်ကိုလည်း တော် သည်လိုပဲ သဘော ထားစေချင်သယ်။ တစ်ခုပဲ ကျုပ် ပြောချင်သာ။ သောက်စား မူးယစ်ပြီး ကျုပ်ကို ရိုက်လားနှက်လားတော့ ကျုပ် လုံးလုံးသည်းမခံဘူး။ အဲသာ ကျုပ်သဘော အရိုးခံအတိုင်း ပြောသာမှတ်။ ကျန်သာတော့ ဝတ္တရားရှိလို့ လုပ်မကျွေးချင်လို့မှ နေနေတော်၊ ချသယ်"

သည်တုန်းကတော့ ကိုဘကျော့ကလည်း ခပ်ပေါ့ပေါ့ပါပဲ။ "အေးပါ မခင်မောက်ရာ" လောက် လုပ်ခဲ့တဲ့သူ။ ဖအေကြီးကလည်း မခင်မောက် အိမ်ထောင်ရက်သား ချထားပေးပြီးပြီဆိုတာနဲ့ ရွာဦးကျောင်းမှာ တစ်သက်လုံး ဘုန်းကြီးဝတ်သွားတော့တာပါပဲ။ သမီးတာဝန်ကို ကိုဘကျော့ လက် ယုံယုံကြည်ကြည် လွှဲအပ်ခဲ့ပြီးမှတော့ စိတ်အေးရပြီကိုး။

အိမ်ထောင်ကျစကတော့ ကိုဘကျော့က ရှိုးရိုးမှတ်မှတ် လုပ်ကျွေးနေပါသေးရဲ့။ တောင်သူကြီး တောင်ငှတောင့်အိမ်တစ်အိမ်မှာ ကျွားစီးဖားစီး သူရင်းငှားလုပ်ရင်း ရသမျှ ဝင်ငွေ မခင်မောက်လက်ထဲ ရော အင့် ရယ်လို့ အကုန်အပ်တာပါပဲ။ မခင်မောက်ကလည်း လင်က လုပ်ကျွေးတော့ရယ်လို့ ဗွန်းခွဲ့ခံ လက်ဖြန့်ခံ အငြိမ်နေတဲ့ မိန်းမ မဟုတ်ပါဘူး။ အပျိုတုန်းကလိုပဲ ပဲရိတ်၊ နှမ်းခါ ရွာအလုပ်ပေါ်ရင် ပေါ်သလို လိုက်ပြီတမ်း လိုက်နေကျပါပဲ။ လင်နဲ့ မယား နှစ်ယောက်ကူမှ တန်ကာကျမယ်လို့ တွက်တဲ့ မိန်းမ မဟုတ်လား။ မနက်မိုးလင်းရင် ထမင်းဟင်းကျက်ပြီဆိုတဲ့ မိန်းမမျိုးဆိုတော့ ဆွမ်းတော်ပန်းတော် ကပ်ပြီးတာနဲ့ ရွာကျောင်းက ကျောင်းသားကလေး ဆွမ်းခံလာရင် ဆရာတော်အတွက်ရော ဖအေ ဦးပဥ္စင်းအတွက်ပါ ဆွမ်းတခ်ချိုင့် အဆင်သင့် ခူးခပ်ပြင်ဆင်ပြီးသား။ လင် ကိုဘကျော့ကို မနက်စောစော ရေနွေးကြမ်းနဲ့ ထမင်းတစ်ဇလုံ ခူးခပ်ကျွေးပြီးရင် သူကိုယ်တိုင်ကလည်း တောအလုပ်ဆင်းတော့တာပါပဲ။ သားသမီးရယ်လို့လည်း မပေါ်ပေါက်လေတော့ လင်ကိုယ်မယား နှစ်ယောက်တည်း လောက်လောက်ငငေ အေးအေးချမ်းချမ်း နေလာတာကိုပဲ တစ်နှစ်ကျော်လောက် ရှိကြပြီ။

ဒါပေမဲ့ အိမ်ထောင့်ဇာတ်ထုပ် ဆိုတာကလည်း အရှုပ်သား မဟုတ်လား။ အဆင်ချောလေခြင်းဆိုတဲ့ အိမ်ထောင်က ခပ်ရှားရှားဆိုသလိုပဲ ကိုဘကျော့က အသောက်အစားကလေး ဖက်ချင်လာတယ်။ မဟုတ်က ဟုတ်က အပေါင်းအသင်းတွေ များလာတယ်။ သတိထားမိကတည်းက မခင်မောက်က ပြောရှာပါသေးတယ်။ ဒါပေမဲ့ ကိုဘကျော့က ပြောမရတဲ့ အပြင် ပိုဆိုးလာတယ်။

နေ့နေ့ညည မျက်ထောက်နီကြီးနဲ့ မူးနေလေတော့ ဘယ်တောင်သူ၊ ဘယ်သူရင်းတိုင်ကမှလည်း ကိုဘကျော့ကို သူရင်းငှားရယ်လို့ မခေါ်ချင်ကြတော့ဘူး။ ကိုဘကျော့ကလည်း မူးပြီးရင်း မူးချင်နေတော့ အမူးပတ်

လည်ချင်တာကလွဲလို့ ဘာအလုပ်မှ မည်မည်ရရ မလုပ်ချင်တော့ဘူး။ အိမ်မှာထင်းက အစ ရေကအစ မခင်မောက်ခေါင်းပေါ် ပုံကျလာပါလေရော။

ဒါပေမဲ့ မခင်မောက်က သူ့ပေးခဲ့တဲ့ကတိစကားအတိုင်း သည်းညည်းခံပါတယ်။ ကိုဘကျော့ ဘာမှမလုပ်ဘဲ စားဖို့တောင် မကပါဘူး၊ လင် အရက်သောက်ဖို့တောင် ချွေးခံထဲက ပိုက်ဆံနှိုက်ပေးသေးတာလေ။ ကျောင်းကဦးပဥ္စင်းကြီးအတွက်လည်း ဆွမ်း၊ ဆွမ်းဟင်း မလစ်ဟင်းစေရသလို ရပ်မှုရွာမှုမှာလည်း မရောက် မရှိခဲ့ဘူး။

ခါတိုင်း ရွာအခင်းတွေထဲ ပဲရိတ် နှမ်းခါလောက်လိုက်တဲ့ မခင်မောက်ခမျာ အခုတော့ မြို့နဲ့ အသွားအပြန် ကူးလူးပြီ ပဲရောင်း၊ နှမ်းရောင်းတောင်လိုက်နေရပြီ။ ရွာထဲက သင့်မြတ်တဲ့ဈေးနဲ့ ကောက်ရသမျှ ပဲ၊ ပေါ်သမျှ သီးနှံ၊ ဟင်းရွက် ကန်စွန်းကမှမကျန် ရွာပေါက်ဈေးနဲ့ လိုက်ကောက်၊ နောက် ရပ်ရွာကကိုတက်စိန် ထော်လာဂျီနဲ့ အိတ်ကြီး အိတ်ငယ် တင်ပြီး မြို့တက်ရောင်း၊ ပဲရှင် နှမ်းရှင်ကို မြို့ပြန်ပေး စကားခံပြီး ငွေချေ။ အလုပ်ကလေးတွင်လာတော့ တစ်ရက်ခြား နှစ်ရက်ခြားဆိုသလို မြို့ကို မခင်မောက် ဈေးအရောင်းလိုက်ရပြီ။ မသွားမဖြစ် သွားလာနေရတာဆိုတော့ ထော်လာဂျီမောင်းတဲ့ ကိုတက်စိန်နဲ့က မတွေ့မဖြစ် တွေ့ရတယ်။ မဆုံမဖြစ် ဆုံရမယ်။ ဒါကလည်း မဆန်းပါဘူး။ သည်ထော်လာဂျီနဲ့မှမသွားရင် မြို့ကို ရောက်စရာ အကြောင်းမှမရှိတာဆိုတော့ စီးရတာပဲ။ သွားရတာပဲ။

"ခင်မောက်ကယ် နင့်ကြည့်ရတာ ပန်းလှသဟာ။ ဘကျော့ကြီးများသလောက် အပန်းခံ လုပ်ကျွေးနေရသေးသလား။ တစ်ထမ်း တစ်ရွက်အေးအေးဆေးဆေးလေးများ နေရောပေါ့"

ကိုတက်စိန်က သည်လို မထိခလုတ် ထိခလုတ် စကားသွင်းလာရင် မခင်မောက်က မခံဘူး။ ချက်ချင်း ဒင်းခနဲဆို ပြန်တွယ်တတ်တယ်။ သည်လိုအစခံလိုက်ရင် ပိုရောင့်တက်တော့မယ်မဟုတ်လား။

"သည်မယ် ကိုတက်စိန်၊ ကျုပ်ယောက်ျား ကိုဘကျော့ သူ့ဘာသူ မူးရူးမကလို့ သွက်သွက်ခါအောင် ရူးပဲနေနေ၊ ကျုပ်ဟာကျုပ် လုပ်ကျွေးချင်လို့ကို ကျွေးနေသာ။ တော်နဲ့ မဆိုင်လေးရယ်မှ အိုမဆိုင်။ အနေသာကြီး။ နောက် သည်စကားမျိုး ပြောကြည့်။ တော့်မယား မလှအေးကို ကျုပ် အပြော။ လူများ ဘာမှတ်လို့တုံး"

"ဟ ဘာဆိုင်လို့လဲဟ။ ငါက သဘောရိုးနဲ့ အကောင်းပြောတာပါ။ နင်ကလည်း အကဲပါချက်တော့"

"တော် အကောင်းပြောနေတာ မဟုတ်ဘူးဆိုတာ ကျုပ် သိပ့်တော်။ ခင်မောက်ပါတဲ့။ နောင် ကျုပ်ကို ဒါမျိုး လာမစမ်းနဲ့။ ခင်မောက် လက်က ပါးမရှေး မှတ်"

ထော်လာဂျီသမား ကိုတက်စိန်ဆိုတာက သားကြီးမယားကြီးနဲ့ ရွာခံတစ်ယောက်ပါ။ ဒါပေမဲ့ အတွေ့ဖန်များတော့ မခင်မောက်ကို ယောက်ျားသား တချို့ရဲ့ သဘာဝ ထိကပါး ရိကပါး လုပ်ချင်လာပါတယ်။ ကိုတက်စိန် တစ်ယောက် မခင်မောက်အပေါ် သည်လို မရိုးမသား စိတ်ကစားတော့ ဟုတ်တာ၊ မဟုတ်တာ ထား။ သည်သတင်းက တစ်ယောက်စကား တစ်ယောက်နားနဲ့ ကိုဘကျော့ဆီ ရောက်သွားပါလေရော။ သည်မှာတင် ကိုဘကျော့က နားကြားနဲ့ရမ်းရာက တစ်စခန်း ထလာတယ်။

"ခင်မောက်၊ နင်က ငါ့ကို ငမူးဆိုပြီး သစ်တုံးလို ချထားချင်လို့လား။ ငါ မရူးသေးပေါင်ဟ။ နင်နဲ့ တက်စိန်အကြောင်း ရွာထဲမှာ မကြားချင်မှအဆုံး ဖြစ်နေပါပကော"

သည်လိုစကားမျိုးပြောလာတော့ မခင်မောက်က နမ်းတစ်လုံး အစဉ်မခံဘူး။ အနာမဲ့ ဆားလူး ပက်ခနဲ ပြန်ပြောတယ်။

"သည်မယ် ကိုဘကျော့၊ ခင်မောက်က အပျိုတုန်းကတောင် မပွဲခဲ့တဲ့ တော်ကြီးငုတ်တုတ်နဲ့ အလကားနေရင်းနဲ့ ပွဲပါမလားတော်။ တော့်နယ်"

"အေး နင် ပဲ့လေသလား မပဲ့လေသလားတော့ ပြောတတ်ပေါင်ဗျာ။ တစ်ရွာလုံးသိပြီးမှ ငါသိရသာပါ။ အသည်းနာချက်တော့ကွာ၊ တောက်"

"ကိုဘကျော့၊ တော် တကယ်ထင်နေတယ်ပေါ့လေ။ လာ လာ ကိုဘကျော့ တော်မှ ရန့်မကင်းရင် ကိုတက်စိန်တို့၊ မလှအေးတို့အိမ် ကျုပ်နဲ့ တော် ကိုယ်တိုင် သွားရှင်းရအောင်။ ခင်မောက်ကို စကား မစိနဲ့၊ မရဘူး။ သီလ မကျိုးသဲ့ မိန်းမပါတော်"

မခင်မောက်က သူ့လင် အမူးသမား ကိုဘကျော့ကြီးကို လက်ဆောင့်ဆွဲတဲ့ပြီး ရွာတောင်ဖျားက ထော်လာဂျီသမား ကိုတက်စိန်အိမ်ကို တရွတ်တိုက် ဆွဲခေါ်သွားတယ်။ ကိုဘကျော့လည်း ပုဆိုးကျွတ် ပဝါကျွတ် ပါရတော့တာပေါ့လေ။ မခင်မောက်က သန်တာကိုး။ ဟိုရောက်တော့ ကိုတက်စိန်မိန်းမ မလှအေးရှေ့မှာတင် အထုပ်ဖြေပြတော့တာပါ။

"မလှအေးရေ တော်လည်း လင်ရှိမယား၊ ကျုပ်လည်း လင်ရှိမယား။ တော်နဲ့ ကျုပ်နဲ့ တစ်ရွာတည်းသားချင်းတွေပါ။ ကျုပ်အကြောင်း အုမချေးခါး တော် အကုန်သိပြီးသားပါ။ သည်မှာ ကျုပ်ယောက်ျားက ကိုတက်စိန်နဲ့ ကျုပ်ကို ပေးစားနေလို့ တော်ရေ။ တော့်ရှေ့မှာပဲ တော့်လင် ကိုတက်စိန်နဲ့ ကျုပ် နတ်ကိုင်း ဘီလူးကိုင်း ကွဲချင်လို့ ခေါ်လာသာ"

မလှအေးဆိုတဲ့မိန်းမက နာမည်နဲ့လိုက်အောင် အေးကလည်း အေး၊ အ ကလည်း အ ဆိုတဲ့အထဲက ဆိုတော့ မခင်မောက် ပြောနေတာ ကိုတောင် ဘာမှန်း လေးလုံးမကွဲဘူး။ ကိုတက်စိန်ကပဲ ကြားဝင်ပြောတယ်။

"ခင်မောက်ကယ် နင်နဲ့ ငါ့ကိစ္စကို ဘယ့်နှယ် ငါ့မယားရှေ့ လာရှင်းရသာတုံးဟ"

ကိုတက်စိန်စကားက ဘာလိုလို ညာလိုလိုဆိုတော့ မခင်မောက် လာရှင်းခါမှ ထပ်ရှုပ်သလို ဖြစ်တော့တာကိုး။ ကိုဘကျော့ သက်သာရှင်းပါစေတော့ရယ်လို့ လက်ဆွဲခေါ်လာခဲ့ကာမှ စကား တင်စီးခံရလေတော့

မခင်မောက်ကလည်း မခံဘူး။ ဝါးလုံးဆွေးပေါ် ကျောက်တုံးကျသလို ရှစ်စိတ်ကြီး ကွဲပါလေရော။

"အလိုတော်၊ ဘာ နင်နဲ့ ငါ့ကိစ္စလဲ မသာကြီးရဲ့။ ရှုပ်အောင် မပြောနဲ့။ သည်မယ် ကိုတက်စိန်၊ ကျုပ်ယောကျ်ား ကိုဘကျော့ကလွဲရင် သည်ကနေ့အချိန်အထိ ခင်မောက်တို့က ဘယ်လိုကောင်နဲ့မှ သီလ အပျက် မခံဘူး။ ကိုဘကျော့၊ ရှင့်စိတ်ထဲ မကျေနပ်သာရှိရင် ခု ချက်ချင်းရှင်းနော်။ ပြီးမှ ကျုပ်ကို ရန်မရှာနဲ့။ ကျုပ်အကြောင်း သိတယ်မဟုတ်လား"

မခင်မောက်က ဒေါတွေမာန်တွေနဲ့ ရှင်းနေပေမဲ့ ကိုဘကျော့ ကတော့ ရှက်နေလိုက်တာများ၊ မျက်နှာကြီး နီလို့။ ဘယ့်နှယ် သည်မိန်းမ၊ တိုးတိုးတိတ်တိတ် ရှင်းရမယ့်ကိစ္စ။ အခုတော့ ရွာကျော် ရပ်ကျော်တွေ ဖြစ်ကုန်ပါရောလား။ ခင်မောက်လုပ်တာနဲ့ ယောကျ်ားချင်း လက်ပါကုန် ကြရင် ဒုက္ခ။ ကိုဘကျော့က သည်လိုရှင်းတာ ကိုယ်က သူ့ကို သက်သက် အရှက်တကွဲဖြစ်အောင် လုပ်တာပဲလို့ တွက်တယ်။ ဘာမှလည်း ရှင်းမနေချင် တော့ပါဘူး။ နေရာကနေ ချာခနဲ လှည့်ထွက်သွားလိုက်တာ အိမ်ပြန်မရောက် တော့ဘူး။ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းလည်း မသိတော့ဘူး။ စကား ကလေး တစ်ခွန်း တနင့်တပိုး အပြောခံရတာက စလိုက်တဲ့ ပြဿနာ ကလေးဟာ ပြဿနာကြီး ဖြစ်ရပြီ။ သည်အဖြစ်ဟာ ပြောရင် ယုံစရာမရှိပေမဲ့ ကိုဘကျော့ ပျောက်သွားတာကတော့ အမှန်ပါ။

၄

ကိုဘကျော့က ပျောက်သွားတာတောင် လေးငါးနှစ် ရှိပါပြီ။ မခင်မောက် လည်း ကိုဘကျော့ထွက်သွားပြီးတဲ့နောက်ပိုင်း တစ်နှစ်လောက်ကြာအောင် သဲ့သဲ့ကြားရလေတိုင်း ခြေတိုအောင် ရှာခဲ့ပါသေးတယ်။ သည်ဘက်နယ် တစ်ကြောတင် မကပါဘူး။ အနားက မြို့ကြီးပြကြီးတွေအထိ ကိုဘကျော့ပုံကို ပြောပြောပြီး နီးစပ်ရာ လက်တို့မှာ ရှာခဲ့တာပါ။ ဒါပေမဲ့ ကိုဘကျော့

သတင်းက ဘယ်မှ အစရှာမရဘူး။ တွေ့လည်း မတွေ့ဘူး။ နောက်ဆုံးတော့ မခင်မောက်ကိုယ်တိုင် ငွေကုန်လုပ်ပန်း အပတ်တင်ရာက လင်ရှာတဲ့အလုပ်ကို လက်လျှော့လိုက်ရတော့တယ်။

ကိုဘကျော် ရွာကပျောက်သွားပြီး နောက်တစ်နှစ်လောက်မှာပဲ ခမည်းတော် ဦးပဥ္စင်းကြီးလည်း ရွာကျောင်းမှာ ပျံတော်မူသွားရှာတာပါပဲ။ ဦးပဥ္စင်းကြီး ပျံတော်မမူခင်က သမီးဖြစ်သူ မခင်မောက်ကို ကျောင်းခေါ်ပြီး စကားတစ်ခွန်း မိန့်ခဲ့ရှာတယ်။

"သမီး၊ သူတော်ကောင်းများဟာ ဘာပဲလုပ်လုပ် ကောင်းကျိုးကို မျှော်ကိုးပြီးမှ လုပ်ကြကိုင်ကြတယ်။ မကောင်းတဲ့ အကုသိုလ်အလုပ်လို့ထင်ရင် မလုပ်ကြဘူး။ ငါ့သမီးလည်း သည်လိုပဲ။ ကောင်းမယ်ထင်လို့ လုပ်ပြီးခါမှ မကောင်းတာ ဖြစ်လာလေခြင်းရယ်လို့ မဥပါဒ်မိစေနဲ့။ နောင်လည်း ဘာကိုပဲ လုပ်လုပ် ကောင်းတာကို လုပ်၊ မကောင်းတာကို မလုပ်နဲ့။ ဒါပဲ ဦးပဥ္စင်းကြီး မှာချင်တယ်"

သည့်နောက်ပိုင်းတော့ မခင်မောက်လည်း မြို့တက် ဈေးရောင်းတာမျိုး၊ ရွာက သစ်ခင်းတွေထဲ အလုပ်လိုက်လုပ်တာမျိုးတောင် မရှိတော့သလောက်ပါပဲ။ တစ်ဝမ်းတစ်ခါး မရှိ ရှိတာလေးနဲ့ ကြံဖန်စားပြီး အိမ်ထဲမှာပဲ အနေများလာတယ်။ တစ်ခါတလေ မလွှဲသာတော့မှ ခြေညှောင်း လက်ဆန့်ကလေးလောက်ပဲ ရွာထဲ လည်ထွက်တော့တာပါ။ သွားရင်းလာရင်း မြင်သမျှလည်း ပြောဆိုသွားတတ်သေးတာပါ။

"ဟဲ့ မိသန်း၊ ကလေး ပုခက်ကြီးက မြင့်လိုက်သာအေ။ မတော် ပြုတ်ကျမှဖြင့် စားပွဲနဲ့ တန်းလို့။ ကလေးအေ မွေးတုန်းက အကောင်း၊ ညည်း လုပ်ကာမှ ချိုဆောင်းပေါက်ရချည်ရဲ့"

အပြင်မတော်တာတွေ့ရင် အောင့်မထားတတ်ဘူး။ ဖြစ်ချင်တော့ မခင်မောက်ပြောသွားလို့မှ အရိပ်မလွတ်ချင်သေးဘူး။ မမိသန်းအိမ်က

စောင်ပုခက်ကြီး လျှောကျပါလေရော။ ပုခက်ပေါ်က လိမ့်ကျတဲ့ကလေးခမျာ စဆွဲနဲ့ ချိုစောင်း ရိုက်မိလိုက်တာ ကွဲကရောတဲ့လေ။ "မခင်မောက်ကတော့ ပြောသွားပဲတော်။ ကျုပ်လည်း ပေ့တီးပေ့ဆ နေလိုက်မိသာ" လို့ မမိသန်းက ရွာထဲ လည်ပြောသတဲ့။

တစ်ရက်ကလည်း ရွာအနောက် ရေတွင်းကုန်းမှာ မိန်းကလေးတွေ ရေခပ်နေကြတုန်း မခင်မောက် ရွာလမ်းပေါ်က ဖြတ်လျှောက်သွားတာမြင်လို့ ရေခပ်နေတဲ့ မိန်းကလေးတွေက လှမ်းနှုတ်ဆက်ကြတယ်။ နေဝင် ရေခပ်ချိန် ဆိုတော့ အပျိုမတွေ မနည်းဘူး။

"အရီးမောက်၊ ဘယ်သွားမလို့တုံးတော်"

"အေ တောင်ပိုင်းက မလှရှင်တို့အိမ်ဘက်ပါအေ။ ဟဲ့ နေကြဦး၊ ကောင်မကလေးတွေ ရေခပ်သာ ကောင်းကောင်းကြည့်ခပ်ကြ။ ရေငင်ပုံး ပြတ်ကျဦးမယ်နော်။ ငါမြင်သေးတယ်"

မခင်မောက်ပြောသွားလို့မှ ရွာလမ်းပေါ် လူလုံးမပျောက်သေးဘူး၊ ရေငင်နေတဲ့ နှီးပုံးကြီး ငင်ရင်းတန်းလန်း ကြိုးပြတ်ကျသွားပါလေရော။ ဒါက ဒုတိယတိုက်ဆိုင်မှုဆိုပါတော့။ သည်လိုပါပဲ၊ ရွာလယ်ပိုင်းက ကိုပေသီး တောထဲ နွားစာ မြက် သွားရိတ်ဖို့ ခမောက်ကလေးဆောင်း ထွက်လာတုန်း ရွာလယ်လမ်းမှာ မခင်မောက်နဲ့ ဆုံရော။ မခင်မောက်က ကိုပေသီးကို ကြည့်ပြီး "မြွေပါးကင်းပါး သတိထား ပေသီးရေ" လို့ သတိပေးလိုက်တယ်။

ထမင်းအိုးတစ်လုံးကျက်လောက်ကြာတော့ တောထဲမှာ ကိုပေသီး တစ်ယောက် ပိုးထိလာလို့ ဆိုတဲ့ အသံ ကြားရတာပဲ။ ကျောက်ကုန်းက ကျေးလက်ဆေးခန်းပြေးဖို့ လှည်းကောက်ပြီးထွက်အလာ ရွာမြောက်ဖျားက မခင်မောက်အိမ်ရှေ့ကို ဖြတ်ရတယ်။ မခင်မောက်က အိမ်ထဲ အဝတ် ကလေးတွေ ဖာရင်းက "ပေသီးတော့ မရလောက်ပါဘူးတော်။ ငါ သိသလောက်တော့ ရွာဦးရွာသာ ညောင်ပင် မကျော်ဘူး" လို့ လွှတ်ခနဲ

ပြောလိုက်မိတယ်။ မခင်မောက်အိမ်မှာ ရေနွေးကြမ်းထိုင်သောက်ရင်း အတူရှိနေတဲ့ ဒွေးလေးခြုံက ဒါကို သူ့နားနဲ့ ဆတ်ဆတ်ကြားလိုက်ရတော့ ခင်မောက် ဘယ့်နှယ်ပြောပါလိမ့်ပေါ့။ တကယ်လည်း ခင်မောက်ပြောသလို ဖြစ်လာတော့ ဒါကို ရွာထဲ လည်ပြောတော့ ရွာက အံ့သြကြရပြီ။

သည်လိုအဖြစ်တွေက တစ်ခုလည်း မဟုတ်၊ နှစ်ခုလည်း မဟုတ်ဆိုတော့ မယုံလို့လည်း မရတော့ဘူးမဟုတ်လား။ မခင်မောက်သတင်းတွေက ဟိုတစ်စ သည်တစ်စနဲ့ ရွာထဲ တော်တော်ပြန့်လာခဲ့တယ်။ မခင်မောက်ကို ထူးထူးဆန်းဆန်း အကြားအမြင်ရတဲ့ ပညာသည်လိုလို ရွာက ထင်ကြေးပေးလာကြရာက သေချာပေါ့တော်လို့ ပြောရလောက်တဲ့ အကြောင်းကြီး ဖြစ်လာခဲ့တယ်။

အဲသည်နှစ်က ဆောင်းဦးပေါက် စောတဲ့ နှစ်။ ပေါက်ပင်တွေတောင် မှည့်နေအောင် ပွင့်ကြလို့။ လက်ပံတွေလည်း ဖူးကင်းတွေ ပြလာကြပြီ။ လူတွေမှာ နတ်တော် ပြာသို နှင်းစိုစိုကြား နမ်းကိုင်ကြ၊ ကြက်သွန်ပျိုးကြအချိန်ရှိစသေး။ ငွေဆိုတာက အနံ့တောင် သိုးသိုးသိသိ မရသေးဘူး။ မခင်မောက်က ရွာထဲ စကားတစ်ခွန်း လှည့်ပြောနေခဲ့တယ်။

"တော်တို့ မယုံ ကြည့်နေ၊ သည်နှစ် မိုးခေါင်လိမ့်မတော်။ အပူကြီး ခြောင်းခြောင်း ဆုလိမ့်မတော်။ ရွာက ရေတွင်းတောင် ရေခန်းတဲ့အဖြစ် ရောက်ကြဦးမှာ"

သည်စကားကို မခင်မောက်က ပြောတာဆိုတော့ ရွာသူမိန်းမတွေက ကျိုးလန့်တစားရှိကြပေမဲ့ ယောကျ်ားသားတွေက မယုံကြဘူး။ မယုံကြတဲ့အပြင် မခင်မောက်ကိုတောင် အပြစ်ပြောလိုက်ကြသေးရဲ့။

"ခင်မောက်ကို အကြားအမြင်ရသလိုလို ဘာလိုလို လူတွေက ထင်နေကြသာ။ ဘယ့်နှယ် တစ်သက်လုံး သောက်လာတဲ့ ရေတွင်းတွေ ခန်းရမယ်လို့။ သည်မိန်းမ မရှုးမကောင်းနဲ့ လူအထင်ကြီးအောင် ပြောနေသာ

ပါဟာ။ မဟုတ်မဟတ်တွေပြောနေလို့ကတော့ ရွာထဲက ဆွဲထုတ်ပစ်လိုက်ရုံပဲ"

ဒါပေမဲ့ မကြာပါဘူး။ နွေရောက်လို့ နေပြင်းပြင်းတောင် မပူလိုက်ရသေးဘူး၊ မခင်မောက်ပြောတဲ့အတိုင်း ဖြစ်လာတာပါပဲ။ မိုးဆိုလို့လည်း တစ်မှုန်တစ်မွှားမှ မရွာတဲ့အပြင် ပူလိုက်တဲ့ အပူကြီးကလည်း နှစ်ပေါင်းများစွာ ရွာထိပ်မှာရှိနေတဲ့ ရွာသာညောင်ပင်ကြီးတောင် သူ့အလိုလို အရွက်တွေရော အကိုင်းတွေပါ ခြောက်ပြီး အပင်လိုက်ကြီး သေသွားခဲ့တယ်။ တစ်ရွာလုံးသုံးနေတဲ့ ရေတွင်းတွေလည်း ရွှံ့နှစ်မကျန်အောင် ခန်းသွားကြတယ်။

သည်အဖြစ်ကြုံရတဲ့အခါမှာတော့ မခင်မောက်ကို လူတွေ လန့်ကုန်ကြပြီ။ ယုံလည်း ယုံကြပြီပေါ့လေ။ မခင်မောက်ကို မရူးမကောင်းလို့ ပြောခဲ့သူတွေကတောင် "ခင်မောက်က အကြားအမြင်များတော့ အဟုတ် ရသာဟ" ဖြစ်လာခဲ့ကြတယ်။ တောသူတောင်သားတွေ မဟုတ်လား။ သည့်နောက်ပိုင်းတော့ အလှူကြီးအတန်းကြီးပေးတာကအစ၊ လူမမာ သေရေးရှင်ရေးအဆုံး မခင်မောက်ရှေ့ လာပြီး အဆုံးအဖြတ် ခံလာကြတော့တာပါပဲ။ သည်သတင်းက ထနောင်းတော ရွာတင်မကဘူး၊ ရွာနီးချုပ်စပ် ကြားရာအရပ်ကလူတွေကပါ တစ်ယောက်ကအစ တစ်ရာဖြစ်လာတော့ ထနောင်းတောရွာက မခင်မောက်ဆိုရင် မသိသူရယ်လို့ မရှိဘူး။ မခင်မောက်ဆီ တစ်ခေါက်တစ်ကျင်း မရောက်ဖူးသူရယ်လို့လည်း မရှိဘူး။ လူတွေကိုး။ ကိုယ့်ရှေ့ရေး၊ ကိုယ့်အနာဂတ်၊ ကိုယ့်ကံကြမ္မာ အချိန်မတိုင်ခင် ကြိုသိချင်ကြတာ သဘာဝပဲ။ ဒါမှ ရှောင်စရာရှိတော့ ရှောင်နိုင်ကြမှာကိုး။

အစပိုင်း လေးငါးခေါက်လလောက်ကတော့ မခင်မောက်က ဟောတာပြောတာ မလွှနအောင် ထိန်းထိန်းသိမ်းသိမ်းရှိပါသေးတယ်။ နောက်ပိုင်းမှာတော့ ယုံကြည်သူတွေကလည်း များလာသလို မခင်မောက်ကလည်း နှုတ်ရဲလာ ထင်ပါရဲ့။ ပြောစရာရှိရင် မညာတော့ဘူး။ အားနာပါးနာလည်း မရှိဘူး။

"ကဲ နင်တို့လူမမာ အိမ်ပေါ်က အောက်ချလိုက်တော့။ ငါ ရှင်းရှင်းပဲ ပြောလိုက်မယ်။ ညည်းတို့လူမမာ နေ့မကူးဘူးတော်။ ပြန်သာခေါ်သွားတော့"

"ဩော် မိကျင်ပု၊ ညည်းလင် ကျော်လှများတော့ ဆန်ကုန်ခံပြီး မေးမနေနဲ့တော့။ သမန်းကိုင်းဘက်မယ် မယားငယ်ရနေသာတော်။ ညည်းဆီ တစ်သက်ပြန်လာစရာ မမြင်ပေါင်အေ"

"သည်မယ် ကိုစံဘော်၊ ကျုပ်မြင်တဲ့အတိုင်း အတပ်ဟောလိုက်မယ်။ သည်နှစ် တော့အလှူ မဖြစ်မြောက်ဘူးတော်ရဲ့။ အလှူ ဘယ်ရက် မမေးနဲ့ဦး၊ ရှေ့နေရှေ့ရပ် ငှားဖို့ပြင်။ သည်ကြားထဲ တော် အမှုသင်းကဲတောင် ရင်ဆိုင် ရလိမ့်ဦးမတော်။ လက်ချိုးသာ စောင့်ရော့"

မခင်မောက်က နားခံသာတာ မရှိတော့ဘူး။ ဟောဟောဒိုင်းဒိုင်း ဟောချလိုက်တာပဲ။ ဘယ်သူကမှ မမေးလည်း သူမြင်ရာ သူပြောနေတော့ တာလည်း ရှိရဲ့။

"သည်နှစ် တို့ရွာက နွားတွေ ကြပ်ကြပ်ဂရုစိုက်ကြစမ်းပါဟေ့။ ရောဂါကြီး ကျလိမ့်မယ်။ နွားတစ်ကောင် တစ်သိန်း၊ ကိုးသောင်း တန်သဲ့ခေတ်။ တစ်ကောင်တစ်ကောင် ဝယ်ဖို့ရာ မလွယ်ဘူး။ နွားမရှိရင် တောင်သူတွေ လက်ကျိုးမှာ မြင်သေးတော်"

"ဟေး မယ်တွတ်ပုတို့ရေ၊ ကိုဘခင်အကွက် ပဲဆွတ် မလိုက် ကြနဲ့ဟဲ့။ ညည်းတို့ နေကုန်လို့ ဆွတ်ခ တစ်တောင်းမရဘူး။ မယုံရင် နတ်သာကြည့်ကြ၊ သူ့အခင်းက မြေပဲ ဥမှ မဥသာ"

အဲသလိုတွေပြောလာတော့ လူတွေက မခင်မောက်အပေါ် နဂို ကြည်ညိုရင်းစွဲတွေ ပျက်လာတယ်။ ဒါပေမဲ့လို့ မခင်မောက်ပြောတိုင်းလည်း လွဲခဲတယ်ဆိုတော့ လူတွေမှာ မခင်မောက်နှုတ်က တစ်ခုခုပြောလိုက်မှာ ကိုတောင် စိုးလာကြတယ်။ အိမ်အလည်လာရင်လည်း ပိုးစိုးပက်စက် ပြောလိုက်မှာစိုးလို့ မကြိုက်ချင်ကြတော့ဘူး။ လမ်းမှာ မျက်နှာချင်းဆိုင်

တွေ့လာရင်တောင်မှ မခင်မောက် လျှောက်လာတာမြင်ရင် လွတ်ရာ လွတ်ကြောင်းရယ်လို့ တစ်အိမ်တစ်အိမ် ဝင်ပြေးတာမျိုး၊ တစ်လမ်းလမ်း ချိုးကွေ့ရှောင်ကြတာမျိုး ဖြစ်လာတယ်။

ပိုဆိုးတာက ကိုဘကျော် ရှိတုန်းကတည်းက မခင်မောက်ကို ပါးစပ်ပိုး ပိုးနေတဲ့ ကိုတက်စိန်ကလည်း သူ့မယား မလှအေး သေလို့ မုဆိုးဖို ဖြစ်သွားတော့ မခင်မောက်ကို ပြောင်ပိုးလာတယ်။ မခင်မောက်ကလည်း သူ့ချစ်လင် ကိုဘကျော်တစ်ယောက် ပျောက်ချင်းမလှ ပျောက်သွားရတာ ဒင်း တရားခံပဲရယ်လို့ စွဲနေတော့ မျက်နှာသာ မပေးဘူး။ တစ်သက်လုံး အခဲမကျေဘူး ဆိုတာမျိုး။ ကိုဟက်စိန်နဲ့မို့ ဆုံရင် ခြေဆောင့် ပနောင့် ပေါက်ရုံတင်မကဘူး၊ ပါးစပ်ကပါ ထို ထွမ်နဲ့ လုပ်တာပါ။ ကိုတက်စိန် ကလည်း အဲသည်လိုလုပ်လေ ဆိုးလေ။

"သလောက်ရှိလှတာ ခင်မောက်ကို ငါ ရအောင် ယူပြမယ်" လို့ ပြောတဲ့အကြောင်း ရွာမှာ သတင်းဖြစ်နေလေရဲ့။

တစ်ရက် မခင်မောက်နဲ့ ကိုတက်စိန် ရွာလယ်လမ်းမှာ ပက်ပင်းကြီး ဆုံပါလေရော။ ညနေ အလုပ်သိမ်းချိန်ဆိုတော့ ရွာလယ်လမ်းမှာလည်း လူတွေ သွားချည်ပြန်ချည် မနည်းလှဘူး။ မခင်မောက်ကိုမြင်တော့ ကိုတက်စိန်က သွားကြီးဖြဲပြီး မခင်မောက်ကို ဘာရယ်မဟုတ်ဘဲ လှမ်းခတယ်။

"ခင်မောက်၊ တစ်ယောက်တည်းလားဟ။ အိမ်စောစောပြန်၊ မိုးမချုပ်စေနဲ့နော်"

"ကိုတက်စိန်၊ ကျုပ်တို့ နှစ်ယောက်တစ်ဘဝကို ဖျက်ရတာတောင် အားမရသေးဘူးလား။ တော်လောက် အရှက်နည်းသဲ့လူ ကျုပ်ဖြင့် တွေ့ဖူးဘူး။ အင်း မကြာပါဘူးတော်၊ မကြာပါဘူး၊ သေမယ့် မသာကြီး"

"အဲသည်ကျတော့လည်း တစ္ဆေကြီးဘဝနဲ့ နင့်ကို မျှော်နေရုံ ပေါ့ဟာ၊ ဟား ဟား ဟား"

ရွာသူရွာသားတွေရဲ့ အပြောခံရပေမဲ့ ကိုတက်စိန်ကတော့ စကားအသာစီးရအောင် ဆိုလိုက်သေးတာပါ။ မခင်မောက် သည်လို ဆိုလိုက်ပြောလိုက်တာကို ကြားလိုက်ရတဲ့သူတွေကတော့ မျက်လုံးကို ပြူးခနဲဖြစ်သွားကြတယ်။ သည်တစ်ခါလည်း မခင်မောက် မှန်တာပါပဲ။ ကိုတက်စိန်တစ်ယောက် ထော်လာဂျီမှောက်လိုက်တာ ပွဲချင်းပြီးပဲ။

သည့်နောက်တော့ မခင်မောက်ကို လူတွေ ပိုရှောင်လာကြတယ်။ မခင်မောက်ပါးစပ်ကထွက်ရင် ဖြစ်သဟဲ့ဆိုတော့ ဘယ်သူကမှ အနားမကပ်ဝံ့ကြတော့ဘူး။

၅

တစ်ရက်မှာတော့ မခင်မောက်တစ်ယောက် ဘယ်လိုဖြစ်တယ် မသိဘူး။ "ကိုဘကျော် ပြန်လာတော့မယ်" "ကိုဘကျော် ပြန်လာတော့မယ်" နဲ့ ရွာထဲကို လျှောက်ပြောနေလိုက်တာ၊ အိမ်ပေါက်ကို စေ့ရော။ လူတွေကတော့ ဆယ်နှစ်နီးပါးရှိတဲ့အထိ သတင်းအစအနတောင် မရတဲ့ ကိုဘကျော်ကို မေ့တဲ့သူက မေ့တောင် မေ့ကုန်ကြပါပြီ။ ကိုဘကျော်လို တောခေါင်ရွာကလေး တစ်ရွာက အရက်သမားတစ်ယောက်ဟာ ဘယ့်နှယ်လုပ် ဆယ်နှစ်ကာလ လောက်ကြာအောင် နေဖြစ်မှာတုံး။ မူးမူးရူးရူးနဲ့ ဖောရောင်သေရုံကလွဲလို့ ဘာမှမဖြစ်နိုင်တော့ဘူးကိုး။ မခင်မောက်ကိုယ်တိုင်တောင် သူ့ကိုယ်သူ မုဆိုးမလို့ ခံယူထားတာမဟုတ်လား။ မဖြစ်နိုင်တာတွေ လျှောက်ပြောနေတဲ့ မခင်မောက်ကို လူတွေက ရူးသွားပြီလို့ သတ်မှတ်ကြတယ်။ သတ်မှတ်ခါမှ သတ်မှတ်လေ။ မခင်မောက်ကတော့ စကားကြုံတိုင်း သူ့ယောက်ျား ပြန်လာမယ်ချည်း ပြောနေတော့တာပါပဲ။

သည်ဘက်ပိုင်းမှာ မခင်မောက်အိမ်ကို ဘယ်သူမှလည်း ရှေ့ဖြစ်မေး မလာကြတော့ဘူး။ အိမ်မှာ အဖော်အလှော်ကလေးရအောင်ခေါ်ထားတဲ့ မယ်ပုကလေးတောင် သူ့အိမ် သူပြန်ပြေးတာ ကြာလှပေါ့။ မခင်မောက်

ကတော့ ဘာစိတ်ကူးရတယ် မပြောတတ်ပါဘူး၊ မနက်လင်းလာရင် သနပ်ခါး ခြေဆုံး ခေါင်းဆုံး လိမ်း၊ ဘီးဆံပတ် ဆံထုံးကြီး ထိပ်တက်ပတ်ပြီး ခေါင်ရန်းပန်းကြီးတစ်ပွင့် ချိုစောင်းမှာ ပန်လို့။ ကွမ်းတစ်ယာ ပါးစောင်ထဲငုံထည့်ပြီး ရွာထဲ လည်တော့တာပဲ။

"ဒေါ်လှကြီး တော်သိလား၊ ကိုဘကျော် ပြန်လာတော့မယ်တော့"

"ဟေ့ ကိုဘသိုက်၊ တော့်သူငယ်ချင်း ကိုဘကျော် ပြန်လာတော့မယ်တော့"

တွေ့ရာလူကို သည်စကားတွေပဲ လိုက်ပြောနေတော့တာပါ။ မခင်မောက် ခုလိုဖြစ်သွားတော့လည်း ရွာက စိတ်မကောင်းကြဘူး။ ကျွေးဟယ်၊ မွေးဟယ်၊ ပေးဟယ်၊ ကမ်းဟယ်လည်း ရှိကြပါရဲ့။ ကိုယ့်ရွာသူကိုး။ တချို့ကလည်း အကြားအမြင် ပေါက်အားကြီးရာက ကြောင်သွားတာလို့ပြောကြတယ်။ တချို့ကလည်း အထက်ပုဂ္ဂိုလ်တွေက ရူးအောင် လုပ်လိုက်တာလို့ ဆိုကြတယ်။ ရွာထဲက သက်ကြီးဝါကြီး ဘိုးဗေဒါကတော့ မခင်မောက်နဲ့ပတ်သက်လို့ တစ်ခွန်းပဲ ပြောတာပါ။

"ခင်မောက်က အခုမှ ရူးရှာသာ။ နင်တို့တစ်ရွာလုံး ရူးကြတာဖြင့်ကြာလှပေါ့။ ဘယ့်နှယ်ဗျာ၊ သူ့ဟာသူ ပြောချင်ရာပြောနေတဲ့ ခင်မောက်ကို အကြားအမြင် ရသလေး ဘာလေးနဲ့ ကိုးကွယ်လိုက်ကြသာ၊ ဘုရားမေ့တရားမေ့။ ရတနာသုံးပါး ကိုးကွယ်သာထက် ဘာကများ အကျိုးကြီးလိမ့်မတုံး"

တစ်မနက် ရွာထဲကို အရိုးပေါ်အရေတင် လူတစ်ယောက် ပေါက်ချလာတယ်။ ဘယ်သူဖြစ်လိမ့်မတုံး။ မခင်မောက်ယောကျ်ား ကိုဘကျော်ပေါ့။ ရွာက ထွက်သွားပြီး ရာဇဝတ်မှု ကျူးလွန်မိရာက ထောင်ထဲ တန်းထဲ ခုနစ်နှစ်ကြာခဲ့သတဲ့လည်းဆိုရော လူတွေမှာ အံ့သြလို့မဆုံးကြဘူး။ သည်တော့လည်း "ဟယ် ခင်မောက်ပြောပြောနေသာ မှန်သားပဲ" ဖြစ်ကြပြန်ရော။

တိုက်ဆိုင်တာက ကိုဘကျော် ရွာပြန်ရောက်လာတဲ့နေ့မှာပဲ မခင်မောက်တစ်ယောက် ရွာက ပျောက်သွားလိုက်တာ ကနေ့အချိန်အထိ မတွေ့ကြရတော့တာပါ။ လူတွေကတော့ ခေါင်ရန်းပန်းတွေ လှိုင်လှိုင်ကြီး ပွင့်ကြပြီဆိုရင် မခင်မောက်ကို သတိရကြတုန်း။

၆

ခေါင်ရန်းပန်းတွေကတော့ မခင်မောက်ကို စောင့်နေတာမျိုး မရှိပါဘူး။ ရာသီအခါသင့်ပြီဆိုတာနဲ့ ပွင့်စရာ ရှိတာ ပွင့်ကြတာပါပဲ။ ခေါင်ရန်းပန်းတွေ အပွင့်လှိုင်ရင် မခင်မောက်ကို ရွာက ဖျတ်ခနဲ သတိရမိတတ်ကြတယ်။ တချို့က မခင်မောက်ရဲ့ ရှေ့ဖြစ် အဟောကို အောက်မေ့လို့ သတိရကြတာပါ။ ရှေ့ဖြစ်သိတော့ ဆိုးရင်လည်း ဆိုးတဲ့အလျောက်၊ ကောင်းတော့လည်း ကောင်းတဲ့အလျောက် ပြင်နိုင်ဆင်နိုင်တယ်ပေါ့လေ။ တချို့ကျတော့ ရှေ့ဖြစ်အဟောကို မသိချင်ကြသူတွေ၊ မသိဝံ့ကြသူတွေ၊ ဖြစ်လာမှ ရောက်ရာ ရင်ဆိုင်မယ် ဆိုသူတွေပေါ့။

သည်နှစ်လည်း မခင်မောက်မရှိမှ ခေါင်ရန်းပန်းတွေ ပွင့်လိုက်ကြတာမှ ရဲလို့ မှည့်လို့။

heart မဂ္ဂဇင်း၊ ၂၀၀၈၊ မေ

❑

# မရိုးကောက်

*"ကိုရင်သာဖန်းရယ် ကျုပ် ဝတ်ချင်စားချင်လှလို့ပြောသာ မဟုတ်ပါဘူးတော်။ လှချင်ပချင်စိတ် ဆိုသဟာများတော့ ဝေးရော့၊ ကျုပ်တစ်သက်ဖြင့် မသေခင် စပ်ကြား နားကပ်ကလေးတစ်ရန်လောက်တော့ ဝတ်ဖူးသယ်ရှိအောင် ဝတ်ကြည့်ချင်စမ်းလှတော် တကယ်ပဲ"*

၁

သည်လို နေဝင်ဖျိုးဖျ ထတောကြီး(ထန်းတောကြီး)ညို့ချိန်ဆိုရင် ထတောကြီးဘက်က မီးခိုးလုံး အလိပ်လိပ်ကြီးတွေ မှိုင်းမှိုင်းထအောင် အူနေတတ်ပြီ။ ထန်းလျက်ချက်တဲ့ မီးဖိုတွေဆီကကော၊ မြူအိုးဖုတ်တဲ့ မီးခိုးတွေပါ ရောပြီး အူနေတာဆိုတော့ ထတောကြီးတစ်ခုလုံး နှင်းမှိုင်း တိုက်နေသလိုပဲ။ အရစ်အရစ် ထနေတဲ့ ပင်စည်ရိုးရှည်ကြီးတွေနဲ့ ထန်းပင်ကြီးတွေက လည့်ခေါင်းတမော့အဆုံး ကြည့်ရလောက်အောင် မားမားကြီးတွေ။

ထတောကြီးထဲမှာ ထန်းပင်ပေါင်း နှစ်ရာ သုံးရာလောက်တော့ ရှိမှာပေါ့။ သည့်ထက်များမယ်ဆိုရင်လည်း များနိုင်သေးတယ်။ ပင်သစ်တွေ

ကလည်း ရှိသေးတာမဟုတ်လား။ ထန်းပင်ကြီးတွေကြားမှာ အရွယ်အမျိုးမျိုး ရှိနေတဲ့ ထန်းပင်တွေကလည်း မနည်းဘူး။ အရွယ်အမျိုးမျိုး၊ အလှအမျိုးမျိုး။ မြေကြီးထဲက အညှောင့်ပေါက်စ နှစ်ရွက် သုံးရွက်ရှိသေးတဲ့ 'ကျေးမြီး' အရွယ်လည်း ရှိတယ်။ ထန်းလက်ငယ်ပေါ်လာတဲ့ 'လက်မျှော်' အရွယ်လည်း ရှိတယ်။ ဦးခေါင်းပြူလာတဲ့ 'ဆင်ခြေပေါ်'အရွယ်လည်း ရှိတယ်။ ထန်းပတ်တွေ ပတ်ဝိုင်းထားတဲ့ 'သမီးလှ' အရွယ်လည်း ရှိတယ်။ ထန်းနို့ခိုင်၊ ထန်းသီးခိုင် မြိုင်မြိုင်ထွက်တဲ့ 'ရည်ရ' အရွယ်လည်း ရှိတယ်။ ထန်းပတ်တွေ စင်ပြီး ပင်လုံးချည်း ထီးတည်းဖြစ်လာတဲ့ 'ပင်ထွတ်' အရွယ်လည်း ရှိတယ်။ အစုံပဲ။

အဝေးကများ လှမ်းကြည့်ရင် ထတောကြီးတစ်ခုလုံး ပိတ်ပိတ်သည်းသည်းကြီးရှိတတ်ပေမဲ့ ထတောထဲမှာတော့ တစ်ပင်နဲ့ တစ်ပင် ထန်းလုံးသစ်တပ်လို ညပ်သပ်နေတာတော့ မဟုတ်ဘူး။ သည်နားတစ်ပိုက်တော့ ဘိုးစဉ်ဘောင်ဆက် ပိုင်လာကြတဲ့ ထန်းပိုင်ရှင်ကလည်း မရှိဘူးဆိုရင် လေးငါး ခြောက်ဦးလောက်တော့ ရှိမှာပေါ့။ ထတဲ (ထန်းတဲ) ကလေးတွေကလည်း ဟိုနားတစ်တဲ၊ သည်နားတစ်တဲနဲ့ စစ်စစ်ပေါက်ပေါက် လိုက်ကြည့်ရင်တော့ ဆယ့်လေးငါးတဲလောက်တော့ ရှိမယ်။ ထတောနဲ့ ထန်းသမားဝေးနေလို့ကလည်းမဖြစ်တော့ နေဖြစ်တယ်ဆိုရုံ သည်လိုနေကြတာ များတယ်။ တဲကလေးတွေရှိတဲ့ ထတောကြီးပတ်ဝန်းကျင်ကို ရွာရယ်လို့ ပြောဖို့ကလည်း ခက်တော့ လွယ်လွယ်ပါပဲ၊ ထစုတဲ့။ ထန်းစုပေါ့။ ထစုလို့ပြောရင် ဘယ်သူမဆို သည်နေရာကိုပြောမှန်း သိကြတယ်။ သည်ထစု ကလေးထဲမှာ နေထိုင်ကြတဲ့ လူတွေကို ထစုက လူတွေလို့ ခေါ်လိုက်ကြတာပါပဲ။ ထစုက ညိုအေး၊ ထစုက ပိုက်တင် စသဖြင့် ခေါ်တတ်ကြတယ်။

ထစုက ဘယ်သူဘယ်ဝါဆိုပေမဲ့ အများအားဖြင့်တော့ သည်အနားဝန်းကျင် ဂေါစဂါမ်ရွာကလေးကလူတွေ များတာပါပဲ။ သည်နား လာစုလို့သာ

ထစု ခေါ်ကြတာကိုး။ တစ်နယ်တစ်ကျေးက ထန်းလာတက်ကြတဲ့ ထန်းတက်သူတွေလည်း ရှိတယ်။ ထန်းတက်လုပ်သားတွေလို့ ခုံအောင် ခေါ်နိုင်ပေမဲ့ ထန်းသမား ခေါ်ကြတာ များတာပါပဲ။ ထစုမှာ နေကြသူတွေကို ထန်းလုပ်ငန်းနဲ့ အသက်မွေးကြသူတွေလို့ပြောရင် လွဲစရာမရှိဘူး။ ထန်းရှင်တွေကတော့ ထတောထဲ လာနေခဲ့ပါတယ်။ အနားဝန်းကျင် နယ်နှံ့ရွာတွေက ထန်းပိုင်ရှင်တွေဆီမှာ သဘောတူညီမှုနဲ့ ထန်းစုယူပြီး ထန်းအလုပ် လုပ်ကြတဲ့သူတွေ များတယ်။ သည်နား ပိုးနားရွာတွေကတင် မကပါဘူး။ ထန်းလျက်ပွဲရုံတွေရှိတဲ့ မြို့ကြီးက ထန်းလျက်ပွဲရုံပိုင်ရှင်တွေ အဝေးက လှမ်းပိုင်တဲ့ ထန်းတောတွေလည်း ရှိတတ်တယ်။ ကိုယ့်ဆိုင်ရာဆိုင်ရာ ပတ်သက်ရာ ပတ်သက်ကြောင်း ထန်းစု(အစု)ရယ်လို့ ယူပြီး အလုပ်လာလုပ်ကြတဲ့သူတွေ ရှိသလို ငှက်ပျောပင်ဖိုက် မိလိုက် ဖပါ ဆိုသလို ထန်းမျိုးရိုးက ဆင်းသက်လာလို့ မိမွေ ဖမွေ ဆက်ခံရင်း ထန်းတောထဲက ရုန်းမထွက်နိုင်ကြရှာသူတွေလည်း ရှိတာပါပဲ။

ကိုသာဖန်းဆိုရင် သည်ထစုကလေးမှာ သက်ရင့်ထန်းသမားကြီးတစ်ယောက်လို့ ပြောရမှာပဲ။ ထပင်ကို ခေါင်းခိုက်၊ ထရိပ်ကို ခိုပြီး ကြီးလာရသူဆိုတော့ သူလည်း မထူးပါဘူး။ ကျေးပြီးလက်မှော်ဘဝကနေ ရည်ရပင်ထွက် ဖြစ်လာရတယ်လို့ပြောရင်လည်း ဖြစ်တယ်။ သူ့အဘိုး ဦးဘတော်လည်း ထန်းပင်တွေကြား ကြီးခဲ့ရတယ်။ သူ့အဖေ ဦးကြာရုံလည်း သည်လိုပဲ။ သည်အဘိုး၊ သည်အဖေတွေဆိုရင် ထန်းသမားအဖြစ်နဲ့ ဘဝဆုံးခဲ့ရတာဆိုတော့ ကိုသာဖန်းအလှည့်မှာလည်း ထတော ကျောပေါ်တင်ရတာပါပဲ။ ကိုသာဖန်းက မွေးတဲ့ သူ့သား 'ဧရာ' တောင် မြူအိုးကောက်ဖော် ရနေပြီ။ ထတောပိုင်ရှင်တွေသာ မျိုးဆက် နှစ်ဆက် သုံးဆက် ပြောင်းချင် ပြောင်းရော။ ကိုသာဖန်းတို့မျိုးဆက်ကတော့ ထူးပြီး မပြောင်းပေါင်လို့ ဂုဏ်ယူပြောမယ်ဆိုလည်း ရပါရဲ့။

ကိုသာဖန်းငယ်ငယ်က သူ့အဖေ လက်နဲ့စိုက်ခဲ့တဲ့ ထပင်ကို အခု ကိုသာဖန်း တက်နေရပြီ။ ထန်းရှင်က တစ်ပင်လဲမှ တစ်ပင်ထု ဆိုသလို ထန်းတစ်ပင် အထွက်နည်းလို့ လှဲရတော့မယ်ဆိုတာနဲ့ နောက်ထပ် ပင်သစ် လေးငါးပင်လောက် စိုက်ပစ်လိုက်တော့တာကိုး။ ထန်းရှင်က သူ့မြေပေါ် သူစိုက်တယ်ဆိုပေမဲ့ စိုက်ပေးရတာကတော့ ကိုသာဖန်းတို့လို ထန်းသမား တွေက စိုက်ပေးရတာပါ။ ကိုယ့်မှာ စိုက်စရာ မြေမရှိတော့လည်း ကိုယ့် လက်နဲ့ စိုက်တဲ့အပင်ဆိုပေသိ ထန်းရှင်ကသာ ထန်းပင်တိုးတာကိုး။ ကာရန် သင့်လို့ နောက်ထပ် အနှစ် နှစ်ဆယ်လောက် ကိုယ်က အသက်ရှင်နေဦးမယ် ဆိုရင် ကိုယ့်လက်နဲ့ စိုက်တဲ့ထန်း ကိုယ်ပြန်တက်ရချည်သေးပေါ့။ ကိုသာဖန်း တို့မှာတော့ ထန်းပင်ကပဲ ဘဝမှတ်လား။ လုပ်ကိုင်စားစရာ ထန်းပင်ရယ်လို့ ရှိနေတာကိုပဲ ကျေးဇူးကြီးလှပြီ မှတ်ရတာပါ။

ထန်းကိုချစ်တဲ့ဘဝမတော့ ထန်းရိုင်းလက် ခုတ်တာတောင် ရမ်း မခုတ်ဘူး။ ပြင်ခုတ် ခုတ်တာ။ ထန်းပင်ကို ခွနေတဲ့ ထန်းပပ်ခွ အစွန်း ပါအောင် ခုတ်ပေးတော့ ထန်းပင်ကို ထန်းပပ်တွေက စုဆုပ်ထားသလို ဖြစ်မကျန်ခဲ့တော့ဘူး။ ဟ ကျန်ခဲ့ရော။ သည်လို အဟ ကျန်မှ ထန်းပင်က သန့်စွမ်းတာပါ။ 'ငယ်ခါ တဘက်ဝတ်၊ ကြီးတော့ တဘက်ချွတ်' ဆိုတဲ့ စကားတောင် ရှိသမှတ်လား။ ထန်းပင်ကလေး ကျုံ့ရိုးကျုံ့တောင်ကို ထန်းပပ်ခွ ခွာပြန်တော့လည်း အပင်က လှိုပြန်ရော။ အပင်သက် ဆယ်နှစ် သားလောက် ရှိပြီဆိုရင်တော့ ထန်းရိုင်းလက်တွေကို ပြင်ခုတ် ခုတ်ပေးရပြီ၊ ပပ်ခွ လှန်ပေးရပြီ။ ဒါမှ လုံးစေ့ပတ်စေ့ ထန်းပင်ကောင်း ဖြစ်တာကိုး။

ကိုသာဖန်းကတော့ ထန်းပင်များ ထန်းဆော်လေနဲ့ ထန်းရည် ဖွံ့ရသလို ထန်းနဲ့ ဘဝဖွံ့ရတာ ဆိုတော့ ထန်းသဘော ထန်းကိစ္စများ 'နော' နေပြီ။ ထန်းရှင်ကလည်း သည်လိုလူမျိုးနဲ့ဆိုရင် စိတ်ချလက်ချ ရှိတတ်တယ်။

သည်ထစုကလေးထဲမှာ ထန်းကို ပင်ပြတ်နှုန်းနဲ့ လုပ်ခွင့်ရသူဆိုလို့ ကိုသာဖန်းတစ်ယောက်ပဲ ရှိတယ်။ ပင်ပြတ်နှုန်းဆိုတာက ထန်းတစ်ပင်ကို တစ်နှစ်အတွက် ထန်းလျက် ဘယ်ရွေ့ဘယ်မျှ ထန်းရှင်ကို ပေးပါ့မယ် ဆိုတဲ့ ကတိတစ်လုံးနဲ့ လုပ်ရကိုင်ရတာကို ပြောတာပါ။ ပင်ပြတ်နှုန်းလုပ်တဲ့သူက ရင်းထောင်၊ ရင်းဆွဲ၊ မြူအိုးကအစ လောင်စာထင်းချောင်းအထိ ထန်းသမားကပဲ အရင်းအနှီးစိုက်ရတယ်။ ကိုယ်တိုင်လည်း ထောင့်ဓာ့အောင် ပါရတယ်။ ထန်းပင်ကရတဲ့ ထရွက်၊ ထံသီး၊ ထနို့၊ ထလျှော်၊ ထပင်မြစ်မှန်သမျှ သူကပဲ ရတယ်။ ထန်းပိုင်ရှင်က ထန်းတစ်ပင်ကို ဘယ်လောက်ရမယ်ဆိုတဲ့ ညှိနှိုင်းချက်အတိုင်း ထန်းလျက်ရတယ်။ ထန်းရည် အထွက်ကောင်းတဲ့နှစ်ဆို ထန်းသမားက ပွတာပဲ။ အလုပ်မသင့်လို့ အထွက် မကောင်းပြန်တော့လည်း ထန်းရှင်ချထားတဲ့ နှုန်းထားအတိုင်းတော့ ထန်းလျက်ဖြစ်အောင် ပေးရတာပဲ။ ထန်းရှင်နဲ့ ထန်းသမားကြား ကတိထားကြတဲ့အတိုင်းလည်း တစ်ဖက်နဲ့ တစ်ဖက် သစ္စာရှိကြတာများတယ်။ ဒါပေမဲ့ တစ်နှစ် တစ်နှစ် ထန်းပင်တွေက ကျသမျှ ကိုယ်ရတာတော့ ရှိတယ်။ ထခလက် (ထန်းရွက်) ခုတ်ရောင်းမလား ရတယ်။ ထသီး (ထန်းသီး) ချိုင်ရောင်းမလား ရတယ်။ ထပင်မြစ် ပျိုးရောင်း ဦးမလား ရတယ်။

ရှေးလူကြီးများက 'ထန်းကိုးပင် လင်တစ်ယောက်' လို့ ပြောတတ်ကြတယ်။ ထန်းကိုးပင်လောက်ရှိရင် လင်တစ်ယောက်လောက် အားကိုးရတယ်ပေါ့။ 'နွေ ထရေ၊ မိုး ထသီး၊ ဆောင်း ထမြစ်' လို့လည်း ဆိုရဲ့။ အဓိက ကတော့ ထန်းလျက်ပေါ့။

တချို့ ထန်းသမားများကတော့ ကိုသာဖန်းတို့လို ပင်ပြတ်နှုန်းနဲ့ မရကြရှာဘူး။ ထန်းပိုင်ရှင်ကို 'သုံးရက် တစ်ရက်'၊ 'လေးရက် တစ်ရက်' ဆိုသလို ထန်းလျက်ပေးပြီး လုပ်ကြရတယ်။ ထန်းပင်ကထွက်တဲ့ ပစ္စည်းမှန်သမျှလည်း ထန်းရှင်ပဲ ရတာပါ။ ထန်းသမားက အရင်းအနှီးရော

လုပ်အားရော စိုက်ကြရတယ်။ 'ရက်လုည့်' ခေါ်ကြတယ်။ တချို့လည်း ရက်လုည့်အဆင့်တောင် မရရှာပါဘူး။ လုပ်အားချည်း သက်သက်ပေးပြီး လုပ်ရတဲ့ 'ကိုယ်ဝင်စနစ်' နဲ့ လုပ်ရသူတွေလည်း ရှိတယ်။ လက်ခစား သဘောမျိုးလို့ပြောရင် ရမယ်ထင်ပါရဲ့။

သည် ထစုကလေးမှာရှိတဲ့ ထတဲ ဆယ့်လေးငါးတဲမှာတော့ ကိုသာဖန်းက အမားဆုံးပဲ။ ဝင်ငွေအပေါ်မှာပဲကြည့်ကြည့်၊ လုပ်ခွင့် ကိုင်ခွင့် စနစ်အပေါ်မှာပဲကြည့်ကြည့်၊ ထန်းသမား ဝါအပေါ်မှာပဲ ကြည့်ကြည့် ကိုသာဖန်းက အစစအရာရာ မဆိုးဘူး ပြောပါတော့။ သည်တော့လည်း ကိုသာဖန်းက ထစုကလေးမှာတော့ ထတောလူကြီးပဲ၊ ထတောအုပ်ပဲ၊ ထတောထဲက အရေးအရာအားလုံးမှာ ကိုသာဖန်းက အချုပ်ပဲ။ ကိုသာဖန်းက ပြီးဆိုရင် ပြီးကြရတာ များတယ်။ "နင် တန်ဟဲ့၊ နင် တော်ဟဲ့" ဆိုရင် လည်း နားထောင်ကြရတယ်။ ဘယ်ရပ်ရွာလူကြီးဆီကိုမှ ထစုက အမှုကြီး အမှုငယ် ရောက်လာတယ်မရှိဘူး။ ထစုက လူတွေကလည်း ကိုသာဖန်း ဖြူဆို ဖြူ၊ မည်းဆို မည်းလိုက်ကြတာပါပဲ။ အကြောင်းရယ်လို့ ရှိလာရင် ထန်းသမားများ ဥတုမျှော်သလို ကိုသာဖန်းကိုပဲ မျှော်ကြတယ်။

ကိုသာဖန်းက သည်ထစုထဲမှာတော့ ထပလပ် (ထန်းပလပ်) မေမှဲ နတ်ရုပ်ကိုး။

## ၂

ကိုသာဖန်းရဲ့အိမ်သူက မခေါင်းရင် တဲ့။ အသံကြီး ကျယ်သလောက် အာသင် အာရင်းကလည်း သန်သလားမပြောနဲ့။ ရေးက ဇာတ်မင်းသားများ အသံ ပစ်လိုက်ရင် လှည်းထောက်ဆန် မှန်တယ်ဆိုတာမျိုးပါပဲ။ ထန်းတောလုံး ပေါက်အောင် အော်နိုင်တဲ့ အသံဆိုတော့ မခေါင်းရင်ကို 'ထတောကြား' လို့ ခေါ်ကြတယ်။ မခေါင်းရင် စကားပြောရင် လက်သုံးစကားကလေးတောင် ထည့်ပြောတတ်သေး။ 'ခေါင်းရင်တို့က မောင်းတင်ထားတာတော့' တဲ့။

ထစုမှာ ရှိရှိသမျှကုန်သော ထန်းယောကျာ်း၊ ထန်းမိန်းမမှန်သမျှ မဒေါင်းရင်နဲ့ မုန့်တစ်ဖွဲ့ အလှည့်ကြုံ ဆိုသလို မကြုံရတဲ့လူ မရှိသလောက်ပဲ။ လင်တော်တဲ့ ကိုသာဖန်းတောင် မဒေါင်းရင်ရဲ့ အအော်အပြုကြ မလွတ်ချင်ဘူး။

မဒေါင်းရင်ကိုယ်တိုင်ကတော့ ထန်းမျိုးရိုးထဲက မဟုတ်ပါဘူး။ ထစုအနောက်ဘက်ဝေးဝေးက ခွေးတောက်ကုန်းရွာသူပါ။ မိဘတွေက မြေပိုင်ယာပိုင် မဟုတ်ပေသိ ယာနဲ့ကိုင်းနဲ့ လုပ်စားရသူတွေဆိုတော့ ခရေကောက်လိုက် စာခြောက်လိုက်ထဲကပါပဲ။ မြေပိုင်ယာပိုင်မဟုတ်သည့်တိုင် နွားကလေး တစ်ရှဉ်းနဲ့ လှည်းကလေးတစ်စီး ဖျစ်ဖျစ်မြည် ပိုင်ထားကြသူတွေဆိုတော့ မဒေါင်းရင်အဖေက နွားထွန်လိုက်စရာရှိ လိုက်တယ်။ လှည်းတိုက် လိုက်စရာရှိရင် တိုက်တယ်။ မအေက ပဲဆွတ်၊ ပဲရိတ်ကအစ တောင်သူကြီးတွေအိမ်မှာ ခေါ်ကောက်အလုပ်ကလေးတွေ လုပ်တဲ့အခါ လုပ်၊ ထန်းရည်ကလေး ခေါင်းတင်ရောင်းတဲ့အခါ ရောင်းပေါ့။

မဒေါင်းရင်ကတော့ မိန်းကလေးပေသိ ရွာဦးဆရာတော်ကျောင်း နေလိုက်ရသေးတယ်။ ဘုန်းကြီးကျောင်းက တန်းကုန်လို့ ကျောင်းက ထွက်ရပြီဆိုကတည်းက မအေနဲ့ စမုန်နက် ဆေးဖက်ဝင်ရတော့တာပါ။ ပဲနတ်၊ ပဲကောက်၊ မြက်ရိတ်၊ နွားစာစဉ်းလောက်ကတော့ ဒေါင်းရင်အဖို့ အပျော့ပေါ့။ ဖအေ မအားတဲ့အခါ လှည်းငှားတောင် လိုက်လိုက်သေး။ တောင်သူလုပ်ငန်းကလေး နားချိန်မျှားမတော့ မအေနဲ့အတူ ထရေချို့ ထရေခါး ခေါင်းရွက်ပြီး ရွာစဉ် လည်ရောင်းတယ်။ ကိုသာဖန်းနဲ့တွေ့ရတာလည်း ထန်းရည်ဖောက်သည်ယူရာက တွေ့ရတာပါ။ ကိုသာဖန်းက လူရိုး။ မယားမရှိပေမဲ့ တင်းတိမ်တကာကာသမား။ မဒေါင်းရင်နဲ့တွေ့တော့ တင်းတိမ်လုပ်ရတော့တာပါပဲ။ သည်လိုနဲ့ ထန်းစုက ကိုသာဖန်းနဲ့ အကြောင်းပါတော့လည်း မဲဇလီက လက်ဖက်ဖြစ်၊ လက်ဖက်က မဲဇလီဖြစ် ဆိုသလို မြူအိုးကောက်၊ ထန်းလျက်ချက်၊ ထင်းရှာ အကုန်ပါရတာပါပဲ။

အလုပ်များတော့ လက်ကြောတင်းတင်းနဲ့ ဒေါင်းတိမောင်းတိ လုပ်နိုင်တာလား။ တစ်ခါတလေ ကိုသာဖန်း လုပ်နေတာ ကိုင်နေတာ အားမရလို့ ထန်းပင်ပေါ်တက်ပြီး ထသိး ထခိုင်တောင် တက်ချိုင်ချင် ချိုင်သေးတာပါ။

ကိုသာဖန်းနဲ့ မဒေါင်းရင် အကြောင်းပါကြတာလည်း ဆန်းတော့ အဆန်းသား။ တစ်သက်လုံး ထန်းတောထဲ ကြီးပြီး ထန်းပင်တကာ တက်လာရတဲ့ ကိုသာဖန်းကိုယ်တိုင်က ထန်းပင်ကြီးတစ်ပင်လိုပဲ။ အသားက ထပပ်ခဲရောင် (ထန်းပင်စည်ရောင်) ပေါက်အောင်ကို မည်းပြီး ကြမ်းတာလား၊ အရပ်ငေါရောကြီး နိုင်ရတဲ့အထဲ ပုလွေရိုး ဒူးရှည်ကြီးနဲ့။ ဒါပေမဲ့ ထရေချို မယိုနိုင်တဲ့ ထန်းစလို ထန်းစကန်းတော့ မဟုတ်ပါဘူး။ ကိုသာဖန်းမို့ ထန်းပင်တက်ရင် လွှားလွှား လွှားလွှားနဲ့ ထန်းပင်ထိပ်ရောက်သွားတာများ သစ်ပုတ်စင် ရှဉ့်တက်သလိုပါပဲ။

မဒေါင်းရင်ကတော့ကောတဲ့။ အပျိုဘဝတုန်းကသာ အပျိုရှည် အပျိုသွေးကလေး ထွက်စဆိုတော့ သွားကလေး ယောင်ယောင်ခေါတာ မသိသာပေမဲ့ ကလေးသုံးယောက်မအေ ဖြစ်လာတော့ သွားက ပါးချောင် ထဲက ငေါထွက်နေပြီ။ အသက်ကလေးကလည်း ထောက်လာပြန်ဆိုတော့ ပါးဆက် နားဆက်တွေဆိုတာများ ကျချင်တိုင်း ကျရုံမကဘူး။ လူကလည်း ရင်ကော့ကြီးနဲ့ ဖြစ်လာတယ်။ သည်ကြားထဲ ထန်းလျက်ဖိုနားက ခွာရတယ် မရှိတော့ ငါးကျည်းခြောက်များ ကျပ်တိုက်ထားသလို မာကျောကျော နက်ကြုတ်ကြုတ်နဲ့။

သူတို့နှစ်ယောက် ညားကြတာ တောသူ တောင်သားပီပီ တစ်ယောက်ကို တစ်ယောက်က လုပ်ရည်ကိုင်ရည် ကြည့်ကြရင်းက ဟန်လောက်မယ်ထင်လို့ ယူကြတာလည်း ပါပါတယ်။ ထန်းသီးကြွေခိုက် ကျီးနားခိုက်မျိုး မဟုတ်ဘူး။

"ကိုရင်သာဖန်းလို ထန်းသမား ယုလို့ကတော့ ထန်းပေါတဲ့ တော့်အရပ်မယ် ထမင်းတော်နိုင်ပေါင်။ ထဂို့လိုးရင် ထရေကျမယ့်ဟာမျိုး"

မဒေါင်းရင်က ရွယ်တူချင်းတွေ့လို့ စကားရောက်ရင် အဲသလို ပြောတတ်သလို၊ ကိုသာဖန်းကလည်း မဒေါင်းရင်နဲ့ပတ်သက်ရင် သူ့ သဘောထား ပြောတတ်တယ်။

"ဒေါင်းရင်ကတော့ ထောင်းလည်း မနာ၊ ကြိတ်လည်း မနာ ဆိုသာမျိုးဟ။ လက်ကြောများ တင်းချက်တော့။ လင့်အလုပ်တောင် လုလုပ်မယ့် မိန်းမမျိုး။ ဘိလူးက ပွဲတော်အုပ်ဆက်ရမယ့်ဟာမျိုးဆိုတော့ ထကြောထက်တောင် မာသေး"

သည်လို သေချင်းပေါင်း ရှင်ချင်းပေါင်း လိုက်မဟဲ့ရယ်လို့ သူ့ သဘောကျ၊ ကိုယ့်သဘောကျ ညားကြရတဲ့ အိမ်ထောင်မျိုးဆိုတော့ သူတို့ တွေးတဲ့ထင်တဲ့အတိုင်း ပေါက်တာလည်း ကံကောင်းတယ် ဆိုရမှာပေါ့။

မနက်မိုးလင်းတာနဲ့ လင်စုံမယားဖက် သူ့အလုပ် ကိုယ့်အလုပ် သိပ်ခွဲနေတာ မဟုတ်တော့ဘူး။ ထန်းလျက်ချက်ရာ တည်သီး ကန့်လန့် ဆိုတာမျိုး မရှိဘူး။ ကြုံရာ လုပ်ကြတာပဲ။ မဒေါင်းရင်က လင်းကြက် တွန်သံတောင် မစောင့်ဘူး။ တောင်ပံခတ်သံကြားတာနဲ့ အိပ်ရာက ငေါက် ခနဲ လူးလဲထတော့တာပဲ။ နောက်ဖေးနောက်ဖိသွားရင်း ထင်းခြောက်တစ်ဖွေ့ ဖွေ့လာတဲ့ပြီး မီးမွေးဖို့ပြင်တယ်။ မီးဖိုချောင်ရယ် ဘာရယ်လို့ သပ်သပ် ခပ်ခပ်တော့ မရှိပါဘူး။ တဲအောက အဆွယ်လေးအောက်မှာ မြေစိုင်ခဲ သုံးလုံး ခေါင်းချင်းဆိုင်ပြီး မီးဖိုလုပ် ချက်လိုက်ပြုတ်လိုက်တာပါပဲ။ သည်အနားမှာပဲ ထမင်းဟင်းချက်၊ သည်နားမှာပဲ ခုံပိုင်းကလေး ခင်းပြီး ထမင်းစား၊ စားသောက်ပြီးတော့လည်း ခုံပိုင်းပေါ် သည်အတိုင်း ပစ်ထားလိုက်ကြတာ ပါပဲ။ အားတော့မှ ရှုတ်တက်နေတဲ့ ပန်းကန်တွေ ရေပြန်နှူးပြီး တိုက်တယ်၊ ချွတ်တယ်။

သည်မီးဖိုကလေးတောင် သက်တမ်း မနည်းတော့ဘူး။ ကိုရင်သာဖန်းနဲ့ အိမ်ထောင်ရယ်လို့ ကျပြီးကတည်းက မီးဖိုဆိုတော့ အနှစ်နှစ်ဆယ်မဲ့မဲ့လောက် ရှိရောပေါ့။ တဲအေး ထောင်ထားတဲ့ စဥ့်အိုးကွဲပက်လက်ကြီးတောင် မြေထဲ တစောင်းကျွံဝင်ပြီး ဇွက်ကိုက်နေတာ အင်္ဂတေကိုင်ထားသလို မာတောင့်လို့။ စဥ့်အိုးအေးက တီကျစ်စာပုံကြီးတောင်မှ ကြီးလှပေါ့။

ထင်းခြောက်တွေကို မီးဖိုထဲပစ်ထည့်ပြီး ထန်းလက်မိုး တံစက်မြိတ်စွန်းတွေကြား ဒန်မီးခတ် စမ်းရှာတဲ့ တဂျွမ်းဂျွမ်းမြည်သံဟာ မဒေါင်းရင်တို့အိမ်က မနက်ခင်းသီချင်းပဲ။ မီးမွေး ရေနွေးအိုးတစ်လုံး ကျိုထားရင်းက ဆီးချေးမည်းမည်း ဖင်ထူထူ သံဒယ်ပိုင်းထဲ ဆိန့်အောင်ပွတ်ပြီး ညကကျန်တဲ့ ထမင်းကြမ်းတွေ ခြေထည့်။ ရေနွေးပွက်တော့ လက်ဖက်ခြောက် တစ်ဆုပ်ခတ်တဲ့ပြီး မီးဖိုအေးချ နှပ်ထား။ ထမင်းဒယ်ပိုင်း မီးဖိုပေါ်တင်ပြီး သံယောက်မနဲ့ မွှေရင်းနောက်ရင်း အိပ်ရာထဲက ကိုသာဖန်းကို လှမ်းနှိုးတယ်။

"ကိုရင် ကိုရင် ကိုရင်"

မဒေါင်းရင်နှိုးသံကြားတာနဲ့ ကိုသာဖန်းကလည်း အိပ်ရာက ငုတ်ခနဲ ထလိုက်တာပါပဲ။ ရေတစ်မှုတ်နဲ့ မျက်နှာလေး ခြိုးခြံသစ်၊ ရေနွေးကြမ်းနဲ့ ထမင်းကြော်စားပြီးတာနဲ့ ဓားနီး ခါးချိတ်၊ ညှပ်တွေ ကလိုင်တွေဆွဲပြီး ထန်းပင်တွေဘက် ထွက်လာတာပါပဲ။ ရောင်နီကလေးကလည်း အရှေ့ ထတောကြားက ပျို့လာပြီ။ ကိုသာဖန်းကလည်း ထန်းတက်ဖို့ အဆင်သင့်ဖြစ်ပြီ။

ကိုသာဖန်း ထတောထဲ မဝင်ခင် ထမင်းကြော်စားနေတုန်း မဒေါင်းရင်က အငြိမ်မနေပါဘူး။ မနေ့ညက ဆေးကြောမီးဖုတ်ထားတဲ့ မြူအိုးတွေကို တစ်လုံးချင်းချပြီး ပြာတွေ၊ ဖုန်မှုန့်တွေ စင်အောင် အဝတ်ခြောက်နဲ့ သုတ်ခါတယ်။ မြူအိုးကို 'ကြိုးဖြေ' တစ်ကွင်းစီ လိုက်တပ်တယ်။ ပြီးရင် ထုံးရည်ကျဲကျဲ ခတ်တယ်။ ထုံးရည်ခတ်ရတာက ထရေချို ကြည်လင်

အောင်လို့ပါ။ တာရှည်လည်း အထားခံတယ်။ ထုံးရည်ခတ်တဲ့နေရာမယ် များလွန်းသွားရင်လည်း ထရေချို့က နီရဲသွားတတ်တယ်။ ထန်းလျက် ချက်ရာမှာလည်း ခဏခဏ ဝေကျတတ်တယ်။ ထန်းလျက်လည်း အရောင် မလှဘူး။ ဒါတွေကြောင့် မဒေါင်းရင်းက ထုံးရည်ကို သူကိုယ်တိုင်ပဲ ခတ်တယ်။ ပြီးပြီဆိုရင် မြူအိုးတွေကို စချည်ပြီး ထမ်းပိုးမှာ ကွင်းစွပ်ချည်ပေး ထားတယ်။ ကိုသာဖန်းက အသာကောက်မရုံပဲ။ ကိုသာဖန်း ထွက်သွားပြီ ဆိုမှ ကလေးတွေကို တစ်ခါနှိုးရတယ်။

"ဟဲ့ ဗေဒါမတို့ ရွှေကြာမတို့ ထကြတော့။ ဖအေကြီးတောင် ထန်းတက်သွားပြီ။ ဧရာလည်း ထ၊ ထမင်းကြော် စားကြ။ မရိုးကောက် နောက်ကျမယ်"

မရိုးကောက် ဆိုတာ မြူအိုးကောက်တာကို အလွယ်ခေါ်တာပါ။ ကိုသာဖန်း ထန်းပင်ပေါ်က ချပေးသမျှ မြူအိုးတွေကို ထန်းပင်အောက်က စောင့်ပြီး ဆီးယူရတယ်။ ထန်းပင် လေးငါးပင်လောက် စောင့်ယူပြီးရင် ထန်းရည်မြူအိုးတွေကို တဲဘက် တစ်ခေါက်ပြန်ပို့ရတယ်။ ပြီးရင် ထန်း တောဘက် ပြန်လာ။ နောက်ထပ်ကျလာတဲ့ ထန်းရည်မြူအိုးတွေကို စောင့်ယူပြီးရင် တဲဘက်ပြန်ပို့။ သည်ပို့ခြင်းယူခြင်းအလုပ်ကို မဒေါင်းရင်က သူတစ်ယောက်တည်း ဒုံးရိုး ဝေါင်ဂင်မြည်အောင် လုပ်ရတယ်။

အကြီးဆုံး ဗေဒါမ ဆိုရင် ထတောထဲ မွေး၊ ထတောထဲ ကြီးလို့ ထတောထဲမှာပဲ အပျိုဖော်ကလေး ဝင်နေပြီ။ ထန်းစကားနဲ့ပြောရင် သမီးလှ အရွယ်ဆိုတော့ တဲမှာပဲ မအေဖြစ်သူ မဒေါင်းရင်နဲ့ မင်းစာတစ်ဝက်၊ မင်းစိုး တစ်ဝက် ဆိုသလို အလုပ်တွေ ကူရတာပေါ့။ ထန်းရည်ချိုတွေကို ထန်းစစ် ခံထားတဲ့ ပေါင်းချောင်နဲ့ စစ်ရတယ်။ ထရည်ချိုလှယ်ထားတဲ့ မြူအိုးတွေကို ရေစင်အောင် ဆေးပြီး မှောက်ရတယ်။ ညနေစောင်းရင် မြူအိုးတွေကို မီးဖုတ် ရတယ်။ နေ့လယ်ဘက်မှာ မအေ ထန်းလျက်ချက်ရာ ကူရသေးတယ်။

အငယ်နှစ်ယောက်ကတော့ အရှေ့ရွာက မူလတန်းကျောင်းမှာ ကျောင်းတက်နေကြတုန်း။ ကျောင်းအားရက်တွေမှာ ထတောထဲက အလုပ်တွေ ဝိုင်းကူတတ်ကြပါတယ်။

အခုလို တပေါင်း၊ တန်ခူး၊ ကဆုန်လတွေက ထန်းသမားတွေ ယားလို့တောင် မကုတ်အားဘူးဆိုတဲ့ အချိန်တွေပေါ့။ ထန်းဖိုညပ် ရာသီချိန်နဲ့ ထန်းမပင်တွေ ယောင်ထုချိန်က မကွာတော့ ကိုသာဖန်းတို့လို ထန်းသမားများ နေရောင် စုန်းစုန်းမြုပ်တဲ့အထိ အလုပ်နဲ့ လက် ပြတ်ရတယ် မရှိဘူး။ တစ်ခါတလေ အခန့်မသင့်ရင် ညဘက်မှာ မီးထိုးပြီး ထန်းတက်ရတာများတောင် ရှိသေး။ မဒေါင်းရင်ခမျာ ထန်းပင်မတက်ရရုံတစ်မယ် ထန်းသမားနဲ့အပြိုင် အောက်မှာ အလုပ်များရတာပါပဲ။ ကိုသာဖန်း ထန်းပင်ပေါ်က မဆင်းမချင်း မဒေါင်းရင်မှာ မရိုးကောက်နေရတာဆိုတော့ ကိုသာဖန်း အလုပ်မသိမ်းမချင်း မဒေါင်းရင်ကလည်း လက်စသတ်လို့မရဘဲကိုး။ ညမိုးချုပ်လို့ ထန်းလျက် မချက်နိုင်တော့ရင်တောင် စုလာသမျှ ညရည်တွေကို မီးအေးကလေးနဲ့ 'လှုံ့'ထားရသေးတာ။ လှုံ့တယ်ဆိုတာ ထန်းရည် အချဉ်နံ့မပေါက်အောင် ရေဓာတ်ကလေးပြယ်အောင် နွေးထားရတဲ့သဘောပါ။ သည်လိုလှုံ့ထားမှ ထန်းလျက်ချက်တော့ အချဉ်နံ့ မထွက်မှာကိုး။ ပြီးရင် မြူအိုးပုတ်ဖို့ အလုပ်က ရှိသေး။

ဆိုးတာက သည်လိုထန်းရာသီချိန်ဆိုတာ လေပြင်းက မထင်ရင် မထင်သလို ကျလာတတ်လေတော့ ထန်းသမားတွေမှာ မပြောကောင်း မဆိုကောင်း ဖြစ်တတ်ကြတယ်။ 'ရာသီမပိုင် ထန်းမကိုင်' နဲ့လို့တောင် ဆိုကြတာမဟုတ်လား။ ထန်းပင်ဆိုတာ ဥတုပြင်သမျှ နရတာမျိုးပါ။ အပူဒဏ်ခံနိုင်စွမ်းရှိတဲ့ အပင်ဆိုပေသိ ပူလွန်းပြန်တော့လည်း ထန်းရည်က အယိုနည်းတတ်ပြန်လို့ နွေပူပူရာသီထဲမှာ ရှားရှားပါးပါး ဝင်လာတဲ့ အေးမြတဲ့ ဥတုကလေး ရပါမှ ထန်းရည်သတ်တာလည်း ရှိတယ်။ လေချိန် မိုးချိန်များ

ကျတော့လည်း ကိုသာဖန်းတို့ ထန်းသမားတွေ စိတ်အပင်ပန်း ရဆုံးပေါ့။ လေမှန်ပြီဆိုလို့ကတော့ ထန်းပင် ကျောက်ချတက်ဖို့ စိတ်မကူးဝံ့ဘူး။ လေပြင်းကျမယ့် နိမိတ်ဖြစ်တဲ့ ရှေ့တော်ပြေး ကင်းစမ်းလေကလေး လာရင် ထန်းလိုးနေရာက သုတ်ခနဲ ဆင်းနိုင်ဖို့ ပြင်ကြရပြီ။ ထန်းပင် ဆိုတာက လေတိုးတိုင်း ယိမ်းထိုးယမ်းခါနေတတ်တော့ အန္တရာယ်ဆိုတာ အခါမရွေး ကျနိုင်တာမျိုး။

လေကြောကြီးရှည်လို့ ည မိုးချုပ်သွားရင် လေအငြိမ်စောင့်ပြီး ည ထန်းလိုးကြရတော့တာပါ။ သည်အခါမျိုးဆိုရင် ထန်းပင်အောက်ကနေ မဒေါင်းရင်က လက်နှိပ်ဓာတ်မီး ထိုးပြရတယ်။ တစ်ခါတလေ ဓာတ်မီးက ဓာတ်ခဲအားကုန်သွားရင် ထန်းပင်ခြေမှာ ရွက်ယောင်းခြောက်တွေ မီးရှို့ပြီး ရနိုင်သမျှအလင်းနဲ့တောင် ပြရသေးရဲ့။ ကိုသာဖန်း ထန်းပင်ပေါ်က မဆင်းသရွေ့ မဒေါင်းရင်ကလည်း အိမ်ပြန်ဖို့ စိတ်မကူးဝံ့ဘူး။ လေ့ကွဲနဲ့ လိုင်းမိ ရသလိုပါပဲ။ ထန်းအလုပ်ဆိုတာ သွားတစ်တိုင် ထိုင်ခဏ အချိန်နဲ့အမျှ ပင်ပန်းဆင်းရဲကြရတာဆိုတော့ တစ်ယောက်တစ်ယောက် ညှာကြရတယ်။ ထန်းပင်ကို ထန်းရွက်မိုးပေမဲ့ မိုးလုံတာမဟုတ်ဘူးကိုး။

၃

သည်ကနေ့တော့ မဒေါင်းရင် မြို့ပွဲရုံတွေဘက်သွားလို့ ဗေဒါမက မအေ့ အလုပ်တွေဖြစ်တဲ့ မြူအိုးကောက် ဝင်ရတယ်။ ထန်းလျက် ချက်ရတယ်။ မြူအိုးဖုတ်ရတယ်။ ကိုသာဖန်းလည်း ထန်းလိုးပြီးပြီ။ အငယ်နှစ်ယောက်လည်း ကျောင်းကပြန်လာကြလို့ သူ့အစ်မ ဗေဒါမကို ကူနိုင်သလောက် ကူကြတယ်။ ထတောကြီးတစ်တောလုံး မီးခိုးမှိုင်းတွေ ဝေလို့။ ကိုသာဖန်း ကတော့ တဲရှေ့ ဘူးစင်ကလေးအောက်က ထန်းငုတ်ဟောင်းပေါ်ထိုင်ရင်းနဲ့ မဒေါင်းရင် အပြန်လမ်းကို လှမ်းမျှော်ကြည့်နေတယ်။

သည်ကနေ့ မဒေါင်းရင် မြို့ကိုသွားတာ ခါတိုင်းလို ထန်းလျက်ပွဲရုံတင်လောက် မဟုတ်ဘူး။ တခြားအလုပ်ကလေးလည်း ပါတယ်ဆိုတာ သူအသိ။ ကိုသာဖန်းနဲ့ မဒေါင်းရင် ညားတဲ့ အနှစ် နှစ်ဆယ်လောက်ကာလတွေအတွင်းမှာ မဒေါင်းရင်လည်း မြို့ဘက်ကို သွားဖန်များလှပေါ့။ ခါတိုင်း မမျှော်ခဲ့ရပေါင်။ သည်ကနေ့ကျကာမှ မဒေါင်းရင်ကို ကိုသာဖန်း မျှော်နေမိတယ်။ မဒေါင်းရင်ပြောတတ်တဲ့စကားတွေလည်း ကြားယောင်မိပါရဲ့။

"ကိုရင်သာဖန်းရယ်၊ ကျုပ် ဝတ်ချင်စားချင်လှလို့ပြောသာ မဟုတ်ပါဘူးတော်။ လှချင်ပချင်စိတ် ဆိုသဟာများတော့ ဝေးရော့၊ ကျုပ်တစ်သက်ပြင့် မသေခင်စပ်ကြား နားကပ်ကလေး တစ်ရန်လောက်တော့ ဝတ်ဖူးသယ်ရှိအောင် ဝတ်ကြည့်ချင်စမ်းလှတော်၊ တကယ်ပဲ"

မဒေါင်းရင် ပူဆာမယ်ဆိုလည်း ပူဆာထိုက်ပါပေရဲ့။ ခမျာ အပျိုဘဝနဲ့ တစ်ယောက် တစ်ယောက် မေတ္တာရှိကြပြီဆိုကတည်းက နားပေါက်ဟောင်းလောင်းနဲ့ လိုက်သာလာခဲ့ရတာ။ သူနဲ့ညားပြီဆိုတော့လည်း နားပေါက်သာ ပိတ်သွားရော၊ နားကပ်ဆိုတာ ချိုနဲ့လားကွယ့်ကိုး။ ထန်းသမား မယားရယ်လို့ ရွှေနဲ့ ငွေနဲ့ အခြေနဲ့အနေနဲ့ မနေရဘူးလို့တော့ ဘယ်ရှိပါ့မလဲ။ ကိုသာဖန်းတို့မှာ စားဝတ်နေရေးရယ်လို့ အကျပ်တည်းကြီး မဟုတ်ပေမဲ့ အချိန်တန် မီးဖိုက မီးခိုးထွက်နိုင်အောင် လုပ်ဟယ်ကိုင်ဟယ်နဲ့ တစ်ချက်ကလေး မနားရအောင် လုပ်ခဲ့ရတာပါပဲ။ သားသမီး သုံးယောက်နဲ့ပေါင်းရင် ငါးယောက်အိုးကြီး မီးပြင်းခိုက် ရေမလိုက်နိုင် ဆိုသလိုပဲ။ သည်ထန်းသမားဘဝနဲ့ ကြာမှောက်ကြာလှန် တတ်စွမ်းသမျှ သူ ရှာကျွေးနေတာပဲ။ မစားရလေခြင်း၊ မသောက်ရလေခြင်းရယ်လို့တော့ မရှိခဲ့ရပါဘူး။ ဒါပေမဲ့ ရွှေတွဲလွဲငွေတွဲလွဲဆင်ဖို့ဆိုတာ သူ့အလိုတော့ စိတ်ကူးထဲတောင် ထည့်မယဉ်တတ်ခဲ့တာ အမှန်ပဲ။

မဒေါင်းရင်ကတော့ မိန်းမသားမှတ်လား။ ထစုကလေးထဲမှာ သူတို့က ကွေးကွေးကြားက ကောက်ကောက်ဆိုတဲ့ ဂုဏ်ကလေးကလည်း ခံနေလေတော့ ရွှေနားပွင့်ကလေးလောက် ပန်ချင်ရှာပေလိမ့်မယ်။ နားပေါက် ဟောင်းလောင်းကို အနှစ် နှစ်ဆယ်လောက် ပစ်ထားရတယ်ဆိုတာလည်း မကောင်းလှဘူးပေါ့လေ။

သည်နှစ်တော့ ဖြစ်ချင်ရာဖြစ်ကရော့။ မနှစ်က လုပ်ငန်းကောင်းတဲ့ အရိုန်ကလေးနဲ့ ထန်းဖိုဦး ပေါ်ကတည်းက ရတဲ့ ထန်းလျက်ကလေး မြို့ တက်ရောင်းပြီး မဒေါင်းရင်အတွက် နားကပ်တစ်ရန် ဆင့်ရတော့တာပေါ့။ ထဖိုဦး ထန်းလျက်က တပို့တွဲလကုန်လောက်ကတည်းက ထန်းဖိုနှ ရစ်ရလို့ ယိုတဲ့ထဖိုနှရည်ကလေးကို ကျိုတဲ့ ထန်းလျက်ဆိုတော့ ပေါ်ဦးပေါ်ဖျား ဈေးကောင်းလည်း ရတတ်တယ်။ ထဖိုနှ ထန်းလျက်ကို လူတွေကလည်း မက်စက်ကြတယ်။ ခေတ်ကာလ ရွှေဈေးနဲ့ နားကပ်တစ်ရန်ဖိုးတော့ ရကောင်းစေ အောက်မေ့ရတာပါပဲ။

"ဟော အမေပြန်လာပြီတော့"

ရွှေကြာမက မြူအိုးတွေ စီနေရာက သူ့အမေပြန်လာတဲ့ ထတော စပ်ကို အပြေးသွားကြိုတယ်။ မဒေါင်းရင်က ထန်းခေါက်တောင်းကြီး ခေါင်းတင်ရွက်ပြီး ချွေးတွေ သံတွေနဲ့ တဲပြန်ရောက်တော့ နေကြီး စုတ်စုတ် ချုပ်ပြီ။

"နင့်မလဲ ကြာလိုက်သာဟာ၊ ကတည်း တကယ့်နေ့ကျကာမှ"

ကိုသာဖန်း ဗျစ်တီးဗျစ်တောက်ပြောလိုက်တဲ့ အဓိပ္ပာယ်ကို မဒေါင်းရင်ကလည်း သိလိုက်တာမှ။ ရွှေထည်ပစ္စည်းကလေးနဲ့ဆိုတော့ လမ်းပန်းကိစ္စ ပူရှာတဲ့သဘော ပါတာကိုး။

"ကျုပ်လည်း ခါတိုင်းလို ဇီးတောက ထွေလာဂျိနဲ့ လိုက်လာသာ ပါပဲတော်။ သည်ဘက်ကျတော့ ရောက်ချင်ဇောနဲ့ သုတ်သုတ်ပါအောင်

လျှောက်ခဲ့သာပါပဲ။ ဘယ့်နှယ်ကြောင့် နောက်ကျသလဲ ပြောတတ်ပါဘူး"

ခါတိုင်း သည်လိုမျိုး ကိုသာဖန်းက ငေါက်လို့ကတော့ ကက်ကက်လန်အောင် ပြန်ပြောနေကျ။ ကနေ့တော့ လေပြေကလေးတင်မကဘူး၊ အသံကတောင် အဖျားနွဲ့ကလေးနဲ့။

"ကိုင်း ကိုင်း ပြစမ်းပါဦး၊ နင့်ဥစ္စာ"

မြေကြီးပေါ်ချထားတဲ့ ထန်းခေါက်တောင်းကြီးဘေး တစ်မိသားစုလုံး ဝိုင်းထိုင်နေကြတာပေမဲ့ ထန်းခေါက်တောင်းကြီးကို ဘယ်သူမှ စိတ်မဝင်စားကြဘူး။ မဒေါင်းရင်နားမှာ လောလောလတ်လတ် ဖောက်လာခဲ့တဲ့ သွေးစို့နေတဲ့ နားပေါက်ကို မျက်လုံး ရှစ်လုံးနဲ့ ပြူးကြည့်နေကြလေရဲ့၊ မဒေါင်းရင်က အပေါ်အင်္ကျီကိုလှန်ပြီး ချွေးခံအင်္ကျီအိတ်ထဲမှာ အပ်ချိတ်နဲ့ အသေအချာတွယ်ယူလာတဲ့ အိတ်ကလေးကို ထုတ်လိုက်တယ်။ အိတ်ကလေးကို ဖြေလိုက်တော့ ကော်ဘူး နီနီဝိုင်းဝိုင်းကလေး ထွက်လာတယ်၊ အဲသည် ကော်ဘူးကိုလည်း မျက်တောင်မခတ်တမ်း စိုက်ကြည့်ကြလို့၊ ကော်ဘူးကလေးကို ဖွင့်လိုက်တော့ ထန်းပင်တွေကြားက တစောင်းကျနေတဲ့ နေဝင် အလင်းတန်းကြောင့် ခြယ်နားကပ်လေး လက်ခနဲ မြင်လိုက်ကြရော၊

"ဘယ်လောက်ကျခဲ့သာတုံး"

ကိုသာဖန်းက မယားကို ရွှေဆင်နိုင်ပြီဆိုတဲ့စိတ်နဲ့ ဝမ်းသာလုံးဆို့သံကြီး ပါလို့။ သူ့တစ်သက် ထန်းတက်လာခဲ့တာ သည်နှစ်တော့ ရွှေကလေးတောင် စုမိပါရော ဆိုတဲ့ အခံကလေးနဲ့ ဝမ်းသာခွပ် ထနေတာကိုး၊

"သုံးသောင်းနဲ့မှ နှစ်ထောင်တော်၊ သည့်ထက်ချိုလို့ကတော့ နားကပ်ရယ်လို့ ပန်မဖြစ်ဘူး။ ရွှေဈေးကလည်း ကြီးချက်တော်"

"ဟ သောက်ကျိုးနည်း၊ သဟာလေးကို အဲသလောက် ပေးခဲ့ရသာလား။ ထညက် (ထန်းလျက်) ပါသွားသာနဲ့ အံမကိုက်လောက်ပါဘူး၊ နင့်ဟာ ဘယ့်နှယ်လုပ် ဝယ်ခဲ့တုံး"

"ကုန်စုံဆိုင်က မစိန်သုံကိုယ်တိုင် လိုက်လုပ်ပေးသာ၊ ဗမာရွှေလေ။ တရုတ်ရွှေက ကုန်နုပ်မရောင်းဘူးတဲ့။ ထည့်ကက်ဖိုးက နှစ်သောင်းကျော် ကလေး ရသာဆိုတော့ မစိန်သုံက ကျန်သာ စိုက်လုပ်ပေးလိုက်သယ်။ နောက်တစ်ခါသွင်းသဲ့ ထည့်ကက်ဖိုးထဲက နှိမ်ပေးရမှာပေါ့။ ကျုပ်လည်း ပစ္စည်း အဖတ်တင်အောင် ခေါင်းညိတ်ခဲ့တယ်"

ကိုသာဖန်းကတော့ တပို့တွဲလ ချမ်းချမ်းစီးစီးကြီးထဲ ထန်းပင်ပေါ် တက်၊ ကလိုင်ပေါ် ခွထိုင်ပြီး ဓားပွင့်နဲ့ အနုရစ်ခဲ့ရတဲ့ ထန်းစကလေးတွေကို မြင်ယောင်လာမိတယ်။ 'ထန်းဖိုနှ အပျိုထက်ယု' ဆိုသလို သူ တယုတယ ကိုင်ပြီး ရစ်ခဲ့ရတဲ့ ထန်းစကလေးတွေကထွက်တဲ့ ထဖိုနှ ထန်းလျက် ဖွေးဖွေးက ဘဝပြောင်းလာတဲ့ ရွှေကိုး။ ရွှေ ရွှေနဲ့ ထိုက်မှ ရတာမျိုးပါလား။ ကိုသာဖန်းကတော့ လေပူကြီးမှုတ်ထုတ်လိုက်ပြီး မယားဖြစ်သူရဲ့ နားပေါက် ကိုပဲ ကြည့်နေတော့တယ်။

"အေးလေ ဘာတတ်နိုင်မှာတုံး။ သခွပ်ပွင့်များလို တစ်ပြည် ပြုတ်မှ တစ်ဆုပ်လောက်ရသာကိုးဟ။ သည်လိုပေါ့၊ နားပေါက်ဟောင်းလောင်း ဘဝကတော့ ကျွတ်ပကောပေါ့ဟာ။ ကိုင်း ကိုင်း နင့်နားကပ် ဝတ်ပြစမ်းပါဦး၊ ကြည့်စမ်းပါရစီ"

ကိုသာဖန်းစကားတောင် မဆုံးသေးပါဘူး။ မဒေါင်းရင်က နားကပ်ကလေးနှစ်ဖက်ကို ဖျိုးဖျိုးဖျပ်ဖျပ် ဝတ်ပြလိုက်တယ်။ နားပေါက်က လောလောလတ်လတ် ဖောက်လာတာဆိုတော့ အထိမခံနိုင်အောင် နာတဲ့ ကြားက ဆိုးဆိုးဆတ်ဆတ် ဝတ်ပြလိုက်တာပါပဲ။

အဲသည်ညနေက ညစာထမင်းဝိုင်းမှာ ခါတိုင်းလို ထမင်းတောင် ကောင်းကောင်းမစားမိကြပါဘူး။ တစ်မိသားစုလုံးက မဒေါင်းရင်ကို အဖိုးတန်ပစ္စည်းကြီးတစ်ခုလို ငေးကြည့်နေကြတော့တာပါ။ ဗေဒါမတို့၊ ရွှေကြာမတို့ဆိုရင် မိန်းကလေးတွေပီပီ သူ့အမေနားက နားကပ်ကလေးကို

လျှောက်ကိုင်ကြည့်လား ကြည့်ကြရဲ့။ အကြီးမက နေရာတောင် ဦးလိုက်သေး၊ "အမေ သန်ဘက်ခါ ကျုပ်အလှည့်နော်"

အဲသည့်ညက စားတဲ့ထမင်းတောင် ကောင်းကောင်းမဝင်ကြရဲ့ မကဘူး၊ ညအိပ်တော့လည်း နွားကပ်ကလေး စိတ်မချတာနဲ့ တဖျပ်ဖျပ် နိုးကြရသေးတာ။ အိပ်ရာဝင်တော့ နွားက တစခ်စခ် ကိုက်လာတာနဲ့ မဒေါင်းရင်ကလည်း နွားကပ်ကလေး စမ်းချတ်၊ လက်ကိုင်ပဝါနဲ့ စုချည်၊ ခေါင်းအုံးအောက် ထားအိပ်ရတယ်။ နိုးတိုင်း ထထစမ်းရတာလည်း အမော၊

မဒေါင်းရင် နွားကပ်ကလေး လုပ်လာသတဲ့ ဆိုတဲ့သတင်းက ထစုကလေး တစ်စုလုံး သိမ့်ခနဲ ပြန့်သွားလိုက်တာ မနက် မကူးဘူး။

၄

ထစုကလေးထဲကို ညနေတိုင် ထန်းရည်လာသောက်ကြတဲ့သူတွေရှိပေမဲ့ ကိုသာဖန်းတို့တဲကိုပဲ ပုံမှန်လာတတ်တဲ့ ဖောက်သည်က မဲကြီးတို့လူစုပဲ။ မဲကြီးဆိုတာ ထစုမြောက်ဘက်နား ခရီးတိုင်ဝက်လောက် ဝေးတဲ့ အင်းမကြီး ရွာသား။ သည်နယ်တစ်ဝိုက်မှာတော့ အင်းမကျိုး လို့ပဲ ခေါ်ကြတယ်။ မဲကြီးက အင်းမကျိုးသား ဓမ္မစစ်လားဆိုတော့ မဟုတ်ပြန်ဘူး။ မြင်းခြံဘက်ကနေ သည်ဘက်နယ်ကို ထန်းလာတက်ရင်းက အင်းမကျိုးသူ မကျော့တင်နဲ့ အိမ်ထောင်ကျပြီး အင်းမကျိုးသား ဖြစ်ရတာ။ မဲကြီးက ထန်းသမားဘဝက လာတာပေမဲ့ အိမ်ထောင်ရက်သားကျပြီးကတည်းက ထန်းမတက်တော့ဘူး။ ယောက္ခမများရဲ့ စီးပွားရေး တောင်သူအလုပ်လည်း ဟုတ်တိပတ်တိ စိတ်ဝင်စားတာမဟုတ်ဘူး။ နွားပွဲစားယောင်ယောင်၊ ပဲပွဲစား ယောင်ယောင်နဲ့ အိတ်ထောင်ထဲ ပိုက်ဆံကပ်ပြီး ပေတေနေတာ များတယ်။

ဒါပေမဲ့ မဲကြီးက ဟိတ်ကလေး ဟန်ကလေးကလည်း ရှိ၊ လက်ခ လက်နကလေးလည်း ရှိတဲ့လူဆိုတော့ ထစ်ခနဲရှိရင် သူ့ပဲ။ အင်းမကျိုးသား မိုက်သဟဲ့ဆိုတဲ့ သတင်းကလည်း ရှိတယ်။ လေကလည်း ထွားထွားဆိုတော့

ထရေအိုးနဲ့ တရားဟော ဆိုသလိုပေါ့။ စုန်းရှိမှ ရွာတည်ဆိုသလို ရွာတွေမှာလည်း လူမိုက်တစ်ယောက်ကတော့ ရှိကြတာပါပဲ။ ကိုယ့်ရွာမှာ ရွာခံလူမိုက်ရှိတော့ တော်ရုံတန်ရုံ တခြားက လာပဆော်ကားဝံ့တာလည်းပါတယ်။ မဲကြီးကို လိုတာထက် ပိုမြှောက်ကြရာက မဲကြီးလည်း မိုက်ရတော့တာပါ။

အဲသည့်မဲကြီးကို မကြောက်သူဆိုလို့ ထစုက မဒေါင်းရင်ပဲ ရှိတယ်လို့ပြောရင် မဲကြီးက မနာဘူး။ ပြုံးတောင် ပြုံးနေသေးတာပါ။ မဒေါင်းရင်ကို ထရည်ကြွေး မပေးနိုင်တဲ့ရက်တွေ များလာရင် မဒေါင်းရင်ရဲ့ အဆဲအဆိုတောင် ခံရသေးတာလေ။

"ဟဲ့ မဲကြီး၊ သေနာ၊ ထရည်ကြွေးလေးဘာလေး ဆပ်ဦးလေ။ ရွာစွန်ရွာဖျားမှာ သက်ဦးဆံညွန့် လုပ်စားရသာဟဲ့။ ထရည်ကြွေးကလေးမှ မဆပ်တော့ ငတို့က ဘာနဲ့စားရမှာတုံး။ အကြွေးတစ်ဖြတ်တော့ ဆပ်ဦးမှပေါ့ ကာလနာရဲ့"

ထရည်သမားများ ထရည်မသောက်ရမှာတော့ အကြောက်သား။ ထရည်တော်မှာစိုးတော့ သည်နေရာမှာ မဲကြီး လူမိုက်မလုပ်ဝံ့ဘူး။ မဒေါင်းရင်နဲ့ တုဖက်အော်နေလို့ကလည်း မဖြစ်တော့ မျက်နှာချိုသွေးရတယ်။

မဒေါင်းရင်ကလည်း မထင်ရင် လုံးသတ်ဝံ့တဲ့ မိန်းမမျိုးပဟုတ်လား။

"မနက်ဖြန် ယူပါဗျာ။ မမဒေါင်းတို့များ ကိုယ့်မောင်ကို မသထာတော့ဘူး ထင်ပါရဲ့"

"မသထာနိုင်ပေါင်တော်။ နင်က ဘာကောင်မို့တုံး။ မနက်ဖြန် နင့်ကတိ နင် တည်ပစေ။ မဟုတ်လို့ကတော့ ဒေါင်းရင်တို့က မောင်းတင်ထားပြီသာမှတ် မြွေပွေးကိုက်"

အဲသလို ကျိန်လို့ ဆဲလို့များ မဲကြီးက ရှက်စိတ်နဲ့ ထရမ်းမယ် ထင်သလား၊ မမဒေါင်း မမဒေါင်းနဲ့ ဒေါင်းချင်းတောင် ထပ်နေလိုက်သေး။ ထရည်ကြပ်ကြပ်မှုးလေ ကြပ်ကြပ်ချော့လေပဲ။

တစ်လျှောက်လုံး နိုင်ချင်တိုင်း နိုင်၊ ဆဲချင်တိုင်း ဆဲခဲ့တဲ့ မဲကြီးကို နားကပ်ကလေး ဝတ်ရတဲ့နေ့ကစပြီး မဒေါင်းရင်က ပြန်ချော့နေရပြီ။ မဲကြီးရော၊ ပါလာတဲ့ ထရည်သောက်ဖော်တွေကရော မထင်ရင် မထင်သလို အနုကြမ်းစီးရင် အခက်လို့ တွေးမိတာလည်း ပါရဲ့။ မဲကြီးကတော့ ခါတိုင်းလို သူ့ထတဲကို ပုံမှန်လာတာပါပဲ။ မဒေါင်းရင်ကို စမြဲတိုင်း စ၊ နောက်မြဲတိုင်း နောက်၊ ချော့မြဲတိုင်း ချော့နေတာပါပဲ။ ထရည်ကြွေးကလည်း မှုးတိုး ပဲတိုးနဲ့ များလှပြီ။

"မဲကြီး၊ ကနေ့ မိုးချုပ်လှချည်လားဟဲ့။ ငါ့မောင် ကနေ့တော့ အစ်မတို့တဲ မလာတော့ဘူးတောင် ထင်နေတာ။ လာ လာ မင်းအကြိုက် ပင်ကျနေကျော်လေး သပ်သပ်တောင် ဖယ်ထားသေးသာ"

ပင်ကျနေကျော်ဆိုတာ ထန်းပင်ပေါ်က ချလာတဲ့ ထန်းရည်ကို တစ်နေကုန် နေကျော်အောင် အရိပ်အေးမှာထား။ ညနေစောင်းတော့ ငှက်ခါးတောင်လို စိမ်းဖန့်နေတဲ့ ထန်းရည်ခါးပါ။ ထန်းစက တစက်စက်ကျနေတဲ့ ထရည်ချိုက မြူအိုးထဲက ထန်းရည်အလျှဉ်နဲ့တွေ့တော့ ထရည်ခါး ဖြစ်သွားတာပေါ့။ ပင်ကျရည် ဆိုကြရဲ့။ အချိန်အခါလိုက်လို့ ထရည်က ပြင်းခါးလိုက်သွားတတ်တာမျိုး။ ရဟာန်းကြီးကြိုက်တဲ့။ ပုစွန်ဆိတ်ခုန်တဲ့။ အနည်ထိုင် ပင်ကျရည်တဲ့။ ပင်ကျနေကျော်တဲ့။ ပင်ကျနေကျော်ကတော့ ပြင်းပြင်းခါးခါး ဆိုတော့ မဲကြီးတို့လို ထရည်သောက်သက် ရင့်သူတွေက ကြိုက်ကြတယ်။

"အဲသဟာတွေကြောင့် ကိုကြီးသာဖန်းတို့၊ မမေဒေါင်းတို့ ထရည် မသောက်ဘဲကို မနေနိုင်သာ။ ထရည်ကြွေးလောက်တော့ မပူစမ်းပါနဲ့ဗျာ။ မဲကြီးတို့က ပိုက်ဆံများတော့ လက်ဖျောက်တစ်ချက် မတီးရပါဘူး။ မသကာ ဘယ်ကမှ ရစရာမရှိရင် မမဒေါင်းနားက နားကပ်ချွတ်ရုံပေါ့"

မဲကြီးက စရီး စ စဉ် စ တာလည်း ဖြစ်မှာပေါ့။ တကယ်ပဲ စိတ်ထဲ ရှိလို့ ပြောတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် မဒေါင်းရင်မှာ

ရင်ထဲ ထိတ်ခနဲ ပျာခနဲ ဖြစ်သွားရတာတော့ အမှန်ပဲ။ ညဘက်တောင် မဟုတ်ပါဘူး၊ ထတောထဲ မှောင်ကြီးကျလာတယ်ဆိုတာနဲ့ မဒေါင်းရင်နားက နားကပ်ကလေး ထားစရာမရှိဘူး။ ကိုသာဖန်းခများလည်း တစ်နေကုန် ပင်ပန်းပေမဲ့ ကျောကျအောင် မအိပ်နိုင်ဘူး။ ထတောစပ်က ခွေးဟောင်သံကြားရင် ညလူများလားလို့ နားစွင့်ထားရတာ အမော။ ထန်းလှီးဓားတော့ မြနေအောင် သွေးထားရတာ သဘာဝဆိုတော့ လက်တစ်ကမ်းမှာ ထားတယ်။

နားကပ်ကလေး စမ္ဘန်စမ္ဘားနဲ့ အဲသလောက်တောင် ဖြစ်ကြရသလားလို့ မေးရင် ကိုသာဖန်းတို့ မဒေါင်းရင်တို့အဖို့ကတော့ သည့်ထက်တောင် ပိုသေးလို့ ပြောရုံပါပဲ။ မြို့ဈေးထဲက မစိန်သုံအကြွေးကလည်း ရှိသေး။ ထန်းရှင်ကို ထန်းလျက် ပေးရဦးမှာက ရှိသေး။ သည်ကြားထဲ နားကပ်ကလေး လုသွားတာထား။ နားရွက်ပါ လှီးသွားရင် မခက်ပါလား။ ထရည်မူးနေတဲ့ လူမိုက် ဆိုတာ ပြောဖြစ်တာမဟုတ်ဘူး။ ကိုသာဖန်းက ထန်းပင်သာ ညောင်ဦးဖိုးလို တစ်ပင့် တစ်ပင် ခုန်ကူးချင် ကူးနိုင်တယ်ထား၊ လူလူချင်း ဖက်လုံးဖို့ကျတော့ ဝံ့တာ မှတ်ဘူးကိုး။

မဒေါင်းရင်ကလည်း မိန်းမကြမ်းဆိုပေသိ မိန်းမဟာ မိန်းမပဲ။ ယောကျ်ားသားနဲ့တုပြီး မိုက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ပြီးတော့ သမီး အရွယ်ရောက်ကလေးတွေကလည်း ရှိသေးတယ်။ သူတို့ဘဝမှာ တစ်ခါမှ မကြောင့်ကြဖူးတာကို ကြောင့်ကြနေကြရပြီကော။ မပူမပန်ခဲ့ရတာကို ပူပန်နေကြရပြီကော။ ရွှေလှောင်ချိုင့်ထဲက မိုးစွေငှက်များလိုပဲ နေပျော်စရာ မကောင်းတော့ပါလား။

အဝေး ထတောစပ်က ခွေးဟောင်သံကြားတာနဲ့ ကိုသာဖန်းရော မဒေါင်းရင်ပါ ထကြရပြီ။ ထန်းလှီးဓား တစ်ယောက် တစ်ချောင်း ကိုင်ပြီး အမှောင်ထဲကို မျက်စိရော နားပါ လွှတ်ထားကြရပြီ။

၁

သည်နှစ်က ဥတုမကောင်းလေတော့ ကိုသာဖန်းတို့ ထန်းသမားတွေ ထန်းလျက် အရနည်းကြတယ်။ နွေရယ်လို့ စဝင်ကတည်းက ခံလိုက်ရတဲ့ အပူဒဏ်။ ပူလွန်းတော့ ထန်းစတွေ ခြောက်ပြီး ထန်းရည် အယိုနည်းရတဲ့ အထဲ ထန်းဖိုညှပ်ရာသီမှာ မိုးဒဏ်ခံရပြန်တော့ ညှပ်တုပ်တွေ မိုးရေစို၊ နေက ပူလာပြန်တော့ နေဒဏ်ခံရနဲ့ ညှပ်တုပ် လက်ချောင်းတွေ ဖျားစွပ်ပြီး ခြောက်ကုန်ရော။ ခြောက်ကုန်တော့ လှီးထုတ်ရ၊ နောက်ထပ်တစ်ခါ ညှပ်ဒဏ်ပိတော့ ထပ်လှီးရနဲ့ တဖြည်းဖြည်း ထရည်ချိုသာ နောက်ဆုတ်ပြေးကရော၊ ထရည် ရယ်လို့ မယိုလိုက်ရပါဘူး။ နောက်ပိုင်းရက်တွေမှာ မြစ်ရေတိုးတော့ ထန်းရည်တော့ အယိုများပါရဲ့။ ထန်းလျက်က မတင်ပြန်ဘူး။ ထန်းရည် ယိုပေမဲ့ ရေတွေသာ များနေတဲ့ သဘောပေါ့။ ထန်းလျက် ချက်ပြန်တော့ ကုန်လိုက်တဲ့ ထင်းကလည်း မခေါင်းရင်တို့ သားအမိတစ်တွေ ဖြည့်လို့ မလောက်နိုင်ဘူး။ ပဲသိမ်းသွားတဲ့ အခင်းတွေထဲက ပဲငုတ်၊ ပြောင်းငုတ်၊ ဝါငုတ်တောင် မကျန်ဘူး။

သည်ဒဏ်က ကိုသာဖန်းတို့တင် မကပါဘူး။ သည်နယ်တစ်ဝိုက်က ထန်းလုပ်ငန်းအားလုံးမှာ ခံကြရတာပါ။ ရည်လှည့်၊ ကိုယ်ဝန်သမားတွေ ကတော့ ကိုယ့်အတွက် ထန်းလျက်အရနည်းပေမဲ့ ထန်းရှင်နဲ့ မျှခံကြရတဲ့ သဘောပေါ့။ သူလည်း မရ၊ ကိုယ်လည်း မရ၊ ကိုသာဖန်းတို့မှာ ပင်ပြတ်နှုန်း လုပ်တဲ့လူဆိုတော့ ထန်းရှင်ကို သတ်မှတ်တဲ့စကားအတိုင်း ထန်းလျက် ပြည့်အောင် ပေးကို ပေးရတော့မယ်။ ဒါကတော့ ကံတိုက်ပေါ့။ ကိုယ့်ဘက်က ကျွန်တဲ့နှစ် ကျွန်သလို ထန်းရှင်ဘက်က ကိုက်တဲ့ နှစ် ကိုက်တယ်။ သည်နှစ် လိုကျ ကိုယ်ခံရတဲ့အလှည့်။ ရာသီက ကြမ်းလို့၊ ထန်းပင်က အရည်မယိုလို့ အကြောင်းမပြနဲ့။ ထန်းရှင်ကတော့ ညှိထားတဲ့အတိုင်း ယူမှာပဲ။ ထန်းလျက်က ငွေပေါ်တာ မပေါ်တာလည်း ထန်းရှင်နဲ့ မဆိုင်ဘူး။ သည်ကြားထဲ မနှစ်ကလို

ထန်းလျက်ကောင်းမယ်အထင်နဲ့ မဒေါင်းရင်နားကပ်ကလေး လုပ်မိထား တော့ ငွေကလည်း ထုပ်ထုပ်ပိုက်ပိုက် မရှိဘူး။

မနှစ်တုန်းကတော့ ဥတုကလည်း မှန်၊ 'နေရည် လေရည်' ကလည်း ကောင်းလေတော့ ပင်ပန်းသလောက် ထန်းလျက်ကလည်း အဖတ် တင်တယ်။ ရင်းထောင်၊ ရင်းဆွဲလုပ်ဖို့ မြင်ဝါးကလေးတွေ ဝယ်နိုင်ခဲ့တယ်။ ဓားနီးနှစ်လက် ဝယ်နိုင်ခဲ့တယ်။ ဆောက်ခေါက်ကလေး၊ ဓားပွင့်ကလေး၊ မြှုအိုးသစ်ကလေးတွေကအစ စုမိဆောင်းမိတယ်။ ကိုယ့်အတွက် ထမင်းစား လက်နက်ကလေးတွေ ထူမိထောင်မိတာကိုပဲ ကိုသာဖန်းတို့ ထန်းသမားများ အတွက် ဝမ်းသာကြည်နူး ရှိရတာမဟုတ်လား။ သည်နှစ်တော့ ထန်းဖို ကလေးမှ နမယ်ကြံကာရှိသေး မဒေါင်းရင် နားကပ်က စပြီး အကြွေး တင်လိုက်တာ၊ ပေးစရာတွေကချည်း မနည်းလှဘူး။

"တော့် ကိုရင်သာဖန်း၊ ကျုပ်ခေါ်နေတာ အသံပြာနေပြီ။ တော် ဘာတွေစဉ်းစားနေသာတုံး၊ ကတည်းမှ"

ထန်းပင်ပေါ်ကဆင်းပြီး ဆေးလိပ်ခေါင်းကျိုးတစ်လိပ်ဖွာရင်း စဉ်းစားခန်းဝင်နေတဲ့ ကိုသာဖန်းခမျာ မဒေါင်းရင် အော်လိုက်သံကြောင့် လန့်သွားတယ်။ မဒေါင်းရင်ကလည်း မရိုးကောက်ရာကအပြန် မောလွန်း ပန်းလွန်းလို့ ကိုသာဖန်းအနား ထန်းမြစ်ဆုံဘေး ဇွေ့ခနဲ ဝင်ထိုင်ချ လိုက်တယ်။

"ငါ သည်နား ထိုင်နေသာ နင် မမြင်ဘူးလား"

"မြင်သယ်၊ မြင်သယ်၊ မြင်လို့ခေါ်သာ။ တော့်နှုတ်က ထူးသချင်လို့ ခေါ်သာ"

"ဘာများတုံးဟာ၊ ကိုင်း ပြောပါဦး"

မဒေါင်းရင်က ပါးစပ်က ဘာမှ မပြောသေးဘူး၊ ကိုသာဖန်း လက်ကြားညှပ်ထားတဲ့ တံတွေးစိုစို ဖက်ကြမ်းလိပ်ကို လှမ်းဆွဲယူပြီး

တစ်ချက် နှစ်ချက် ဖွာလိုက်သေးတယ်။ ပြီးမှ ကိုသာဖန်းကို မကြည့်ဘဲ ငေးမိငေးရာ ထန်းပင်ခြေက ပုရွက်ဆိတ်ကြောင်းကြီးကို ငေးကြည့်ရင်းက ပြောတယ်။

"မနက်ဖြန် သန်းလှတို့ မြို့က ထည်ကိုင်း ထည်ကိသွားပို့ မလို့တဲ့။ ကျုပ် လိုက်သွားရ ကောင်းမလားလို့"

ခါတိုင်းလည်း သန်းလှတို့နဲ့ အတူသွားနေကျပေမဲ့ သည်တစ်ခါ ကိုသာဖန်းကိုပြောတာက တိုင်ပင်တဲ့သဘော ပါတယ်။ မြို့က ထည်ကိုင်း ဆိုတာက ကိုသာဖန်းတို့ ထန်းပိုင်ရှင်ကို ရည်ရွယ်တာကိုး။ တစ်နှစ်အတွက် ထန်းလျက်ကို တစ်ပတ် တစ်ခါ နှစ်ခါ ထန်းလျက် ထွက် ထွက်သလို သွားသွင်းရတယ်။

ဟိုက စာရင်းနဲ့ လက်ခံထား၊ အခုလို ထန်းသိမ်းခါရောက်ရင် စာရင်း ချေရတော့မယ်။ အကြွေးသဘောမျိုး ပေးရတော့မှာဆိုတော့ ဘယ်ရွေ့ ဘယ်မျှကျန်တယ်၊ ဒါတော့ ယူထားပါဦး၊ လိုတာကို ဘယ်တော့လောက် အကျေပို့ပါ့မယ် ပြောခဲ့ရတော့မယ်။ ကုန်စုံဆိုင်က မစိန်သုံကလည်း နားကပ် ကလေးဖြစ်ဖို့ လက်လှည့်စိုက်ထားတဲ့ ပိုက်ဆံအတွက် ထန်းလျက်ဈေးနဲ့ စက်ပြီး ပေးခဲ့ရဦးမယ်။

"ကျုပ်တော့ သည်လိုစဉ်းစားထားသယ်"

ကိုသာဖန်းက တစ်လုံးမှ မပြောတော့ မဒေါင်းရင်က သူ့စိတ်ကူးကို ချပြတယ်။

"ထန်းရှင်တော့ ကျေနပ်အောင် ရှိတာလေး ပို့ရမှာပဲ။ ကျန်သာ နောက်လထဲ အကျေပို့ပါ့မယ့်အကြောင်းတော့ စကားခံခဲ့ရုံပေါ့"

ထန်းရှင်ကို ထန်းခ ထန်းလျက်အသွင်း လျှော့လို့မဖြစ်ဘူးဆိုတာ ကိုသာဖန်းရော မဒေါင်းရင်ပါ အသိ။ သူတို့အပေါ် မညှာမတာလုပ်မယ့် ထန်းရှင် မဟုတ်ပေမဲ့ ဖြစ်နိုင်ရင် ကျေချင်ကြတယ်။ ထန်းရှင်ကို ထန်းလျက်

အကျေ မသွင်းမိရင် ထစု (ထန်းစု) ကို ပြန်သိမ်းတာတွေ ဘာတွေ ရှိလာမှာ နိုးကြတာလည်း ပါပါတယ်။ ဒါနဲ့ပဲ လုပ်လုပ်စားစားရှိကြရသူတွေဆိုတော့ ထန်းသမားက ထန်းမရှိရင် ဘာလုပ်စားမလဲ။

"နှင့်မစိန့်သုံ အကြွေးကရော"

"မစိန့်သုံ အကြွေးတော့ သည်နှားကပ်ကလေးပြန်ရောင်းပြီး ဆပ်လိုက်တော့မယ်တော်။ ပိုတဲ့ပိုက်ဆံ ပြန်ထွက်လာဦးမှာပဲ။ အဲဒါကို"

မဒေါင်းရင်အသံက ထန်းလျက်မရတာကို ဝမ်းမနည်းဘဲ နွားကပ်ကလေးကို နမြောနေရှာတဲ့ အသံပါရဲ့။

ကိုသာဖန်းကတော့ ဘာမှပြန်မပြောတတ်တော့ သည်အတိုင်းပဲ ငြိမ်နေလိုက်တယ်။ သူလည်း ဘာမှ အကြံမပေးတတ်ဘူး။ ထန်းပင်တွေ ထပ်တက်ချေဦးဆိုရင် တက်လိုက်ချင်သေးတယ်။ ခါးချည့်အောင်လည်း လုပ်နေတုန်းပဲ။ သည်ကြားထဲ စဉ်းစားပါဦး ဆိုတာတော့ သူလည်း မစဉ်းစားတတ်ဘူး။

မဒေါင်းရင်နွားက ခြယ်နွားကပ်ကလေးက ကနေ့မှ ပိုပြီးတော့ တောင် အရောင် ဖျိုးဖျိုးဖျပ်ဖျပ် ထွက်နေသလားလို့။

## ၆

သည်လို နေဝင်ဖျိုးဖျအချိန်ဆိုရင် ထတောကြီးဆီက မီးခိုးမှိုင်းတွေ အူအူ ထနေတတ်ပြီ။ ထတဲကလေးရှေ့မှာတော့ မဒေါင်းရင်တို့ မိန်းမတစ်သိုက် ထန်းလျက်တွေ လုံးနေကြတယ်။ သည်ထစုကလေးထဲမှာတော့ ထန်းလျက် ဖိုကို သူ့ဖို ကိုယ့်ဖိုရယ်လို့ ခွဲခွဲခြားခြား လုပ်မနေကြပါဘူး။ အားတဲ့ဖို ဝင်ပြီး ထန်းလျက် တစ်ဒယ် နှစ်ဒယ်စာလောက်တော့ ဝင်ကျိုလိုက်ကြတာပါပဲ။ ပြီးတော့ အားတဲ့လူက အားသလို ထန်းလျက် ကူလုံးကြ၊ မီးကူထိုးကြနဲ့။ သည်အထဲမှာ မဒေါင်းရင်တို့က ထန်းလျက်ဖိုပိုင်လည်း ဖြစ်၊ ထန်းလျက်

အများဆုံး ကျိုရသူဆိုတော့ မဒေါင်းရင်တို့တဲရှေ့ လူပိုစုကြတာ များတယ်။ ကိုသာဖန်းကတော့ မိန်းမပေါင်းစုံ၊ စကားပေါင်းစုံကြား ဝင်ပါလေ့ရှိသူ မဟုတ်တော့ သူ့ကွပ်ပျစ်ကလေးရှိရာ ထန်းလျက် တံစက်မြိတ်အောက်မှာ ထိုင်ရင်း ထရည်သောက်လာမယ့်သူတွေကိုပဲ မျှော်တယ်။

"ဒေါင်းရင် ညည်းနားက အနာရင်းနေသာလား"

"ဟုတ်ပ မဘုတိုရယ်၊ နားကြောမတည့်လို့လား မသိပါဘူး။ နားပေါက်ဖောက်ကတည်းက အနာပျောက်လိုက်၊ ရင်းလိုက်နဲ့။ အခု နားကပ် ချွတ်လိုက်တော့ အပေါက်က မန်းရေတွေ ယိုတာထင်ပါရဲ့အေ"

"မန်းသုံးခွရွက်ကလေး မီးကင်အုံပါလားအေ့။ ငါ့ကလေးတွေ နားကွဲနာ ပေါက်တုန်းက မန်းသုံးခွရွက်နဲ့ ပျောက်သာပဲ"

သန်းလှကပြောတော့ မစံအေးကလည်း ဝင်အကြံပေးပြန်တယ်။

"မန်းသုံးခွရွက်ကမှ မီးကင်နေရသေးအေ၊ အုန်းဆီကလေး တို့ပေး"

"ကိုယ့်တံတွေး ကိုယ်ဆွတ်လည်း ပျောက်ပါသတဲ့"

မဒေါင်းရင် နားကပ်ကလေး ဝယ်ပန်တုန်းက အကြံပေးခွင့် မရလိုက်ကြတဲ့ မဘုတိုတို့၊ မသန်းလှတို့၊ မစံအေးတို့တစ်တွေက နားကပ်ကလေး ချွတ်လိုက်လို့ နားပေါက်ရင်းလာတဲ့ နားပေါက်နာကျမှ သိသလောက် အကြံပေးခွင့် ရကြရှာတယ်။ သူတို့ကသာ အကြံပေးတာပါ။ မဒေါင်းရင်က သုံးမျိုးစလုံး ခံုပြီ။ နားပေါက်ဟောင်းလောင်းဖြစ်ရတာကို ဘဝဟောင်းလောင်း ဖြစ်ရသလောက်လည်း ခံစားရပါရဲ့။ နားကွဲနာကို ဘဝကွဲနာလို့လည်း အောက်မေ့ပါရဲ့။ မဝတ်ရတုန်းက ဝတ်ရကောင်းစေ့ မရှိခဲ့ပေမဲ့ ချွတ်လိုက်ရတော့မှ ချွတ်ရကောင်းစေ့ ဖြစ်နေရပြီ။

"ဒေါင်းရင်ရယ် ထန်းသမားကြီးတွေ လုပ်နေပြီး နားကပ်ကလေး တစ်ရန်များတော့ မြဲအောင် ဝတ်ထားစမ်းပါဟဲ့။ ငတို့ ထစုဆို လူတွေက

အထင်အမြင်သေးတတ်ကြလွန်းလို့ နောက်နှစ် ထဝိုနချိန်ကျ ပြန်လုပ်ဝတ်စမ်းပါအေ"

မဘုတိုကပြောတော့ မဒေါင်းရင်က ယဉ်းရောင်နေတဲ့ သူ့နားနှစ်ဖက် သူ ပြန်စမ်းရင်းက ပြောတယ်။ ရှက်သလိုလိုတော့ ဖြစ်မိသား။ ထန်းသမားကြီးတွေတဲ့။ မြဲအောင် ဝတ်စမ်းပါတဲ့။

"တော်ပါပြီအေရယ်၊ နားကပ်ကလေးတစ်ရန် လုပ်ဝတ်မိပါသယ်။ ပူအောင် မဆုပ်လိုက်ရပါဘူး။ နားရောင်သာ အဖတ်တင်သာပါပဲ။ သည်ကြားထဲ မဲကြီးလို ထရည်ကြွေးလာသောက်တဲ့ သူတောင်းစားတောင် ချော့ရတာ ပိုသေး။ သေနာ ထရည်ကြွေးကိုက ထန်းတစ်ပင်ဖိုး မကတော့ဘူး။ လာနှင့်စမ်းဦးဟဲ့၊ သင်းတော့လည်း သည်ကနေ့မှ ပိုက်ဆံမပါလို့ကတော့ လည်ပင်း အနင်းပဲ။ ဒေါင်းရင်တို့က မောင်းတင်ထားသာ"

ဥတုမကောင်းတာရော၊ ထန်းလျက်အထွက် ဆုတ်တာရော၊ ပေးရမယ့် ထန်းလျက်အကြွေးတွေရော စုံကျရတဲ့ကြားထဲ နားကပ်ပါ ဖြုတ်ရလို့ မကျေမချမ်းဖြစ်နေတဲ့ဒေါသက မဲကြီးတို့ လူသိုက်အပေါ် ပုံကျသွားတော့တာပါပဲ။

နားပေါက်ဟောင်းလောင်းနဲ့ဖြစ်ရမှတော့ လူမှာလည်း မပူရတော့ဘူး မှတ်လား။ သင်းကို သည်ကနေ့တော့ လူချင်း လုံးသတ်ဖို့တောင် စိတ်ကူးထားမိပြီ။

ထန်းသမားများတော့ ပျားကလည်း ဒုက္ခပေးတယ်။ ရှဥ့်ကလည်း ဒုက္ခပေးတယ်။ ကြွက်ကလည်း ဒုက္ခပေးတယ်။ လိပ်ပြာတွေ၊ ကျိုင်းကောင်တွေ၊ လင်းဆွဲတွေ၊ ပုရွက်ဆိတ်တွေ၊ ကျီးကန်းတွေလည်း ဒုက္ခပေးတယ်။ ခု မဲကြီးကကော ဘာထူးတုံး။ သင်း လာစမ်းပစေ။

"မိုးကလေး ရွာရင်နော်ဗျာ မမဒေါင်းကို ဘာနဲ့မိုးရပါ့၊ ပဒုမ္မာ ရွှေကြာရိုးကို အိုဗျာ ထီးလုပ်လို့ မိုး အိုး ဟိုး"

ထတောစပ်က ဟာစ်လိုက်တဲ့ သံဝါကြောင်က မဲကြီးအသံမှ အစစ်။ သည်သီချင်းသံ ကြားပြန်တော့လည်း မဒေါင်းရင် ဒေါသတွေ ပြေသလိုလို ဖြစ်ရသား။ သမီးတွေ မရှိးကောက်လာတာမြင်မှ မဒေါင်းရင် စုတ်ခနဲ ထရပ်တယ်။ မဲကြီးတို့လာရင် ငှက်ခါးတောင်ရည်ကလေး ချပေးရဦးမယ်လေ။

ပန်းအလင်္ကာမဂ္ဂဇင်း၊ ၂၀၀၆၊ ဒီဇင်ဘာ

*[ထန်းနှင့်ပတ်သက်သည့် အချက်အလက်များကို မောင်လင်းသူ (ညောင်ဦး) ၏ ထန်းနှင့် ထန်းလုပ်ငန်းဆိုင်ရာ သိကောင်းစရာစာအုပ်မှလည်းကောင်း၊ ရေစကြိုမြို့မှ ဆရာကြည်မောင်ခင်၊ ဦးတွတ်နှင့် တာပေမိတ်ဆွေများ၏ ပြောပြချက်မှလည်းကောင်း ယူပါသည်]*

❑

# ကျားထူးအလွန်

၁

မနက်စောစော သုံးနာရီလောက်ကတည်းက အိပ်ရာမှ ကျွန်မ နိုးနေခဲ့သည်။ ခရီးသွားစရာရှိလျှင် ညဦးအိပ်ရာဝင်ကတည်းက စိတ်စောနေမိတတ်တာ ကျွန်မ အကျင့်လိုဖြစ်နေပြီ။ မန္တလေး ကျွဲဆည်ကန် အဝေးပြေးကားကြီးကွင်းကို မနက်ခြောက်နာရီ မထိုးခင် အရောက်သွားရမှာမို့ ကျွန်မတို့စီးနေကျ လေးဘီးကားကို မနက်စောစော ငါးနာရီလာကြိုဖို့ တစ်ရက်ကြိုမှာထားရသည်။ ညဦးပိုင်းကတည်းက ကျွန်မတို့မိသားစု သုံးယောက်စာ ခရီးဆောင်အိတ်နှင့် လိုအပ်မည့်ဆေးဝါးကအစ ခရီးဆောင်တိုလီမုတ်စပစ္စည်းပစ္စယတွေထည့်ကာ သိုကာ အပြည့်အစုံ ပြင်ဆင်ပြီးသား။ လေးဘီးရောက်လာလျှင် အသင့်ထလိုက်သွားရုံသာ။ ဘာကျန်သေးသလဲ။ သတိရသမျှ စာရင်းတို့ထားသည့် နံရံပေါ်က စာရွက်နှင့်လည်း တိုက်ကြည့်ရသေးသည်။ ဒါတွေပြီးစီးလို့ စိတ်ချလက်ချအိပ်ရာဝင်ခဲ့ရသော်လည်း ကျွန်မ နိုးနေခဲ့တာ တစ်ညလုံးလိုလို ဖြစ်ပါလိမ့်မည်။ အိမ်နှင့် မနီးမဝေး ဘုန်းတော်ကြီးကျောင်းဘက်ဆီက သံစုံနာရီထိုးသံတွေကိုဆယ့်ငါးမိနစ်ပြည့်တိုင်း ကျွန်မ ကြားနေရသည်။

"နိုးပြီလား ဘယ်နှနာရီထိုးပလဲ"

ခင်ပွန်းသည်က လှမ်းမေးတော့ သူလည်း ကျွန်မလိုပင် သည်ခရီးကို စိတ်စောနေခြင်း ဖြစ်မည်ဟု ကျွန်မ တွက်လိုက်မိ၏။

"သုံးနာရီ ထိုးတော့မယ်၊ စောတော့ စောပါသေးတယ် ဆက်မအိပ်ချင်တော့လို့"

"သမီးကော နိုးပြီလား"

"မနိုးသေးဘူး အိပ်လိုက်တာမှ တရှူးရှူးနဲ့"

တစ်နှစ်နှင့် ကိုးလသာရှိသေးသော သမီးကလေးကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရှာသည်။ ကျွန်မတို့ ဇနီးမောင်နှံ စိစဉ်သမျှ ဘုမသိဘမသိ ဆန်စဉ်ရာ ကျည်ပွေ့လိုက်နေရသည်။ မိဘနှစ်ပါး ခရီးထွက်ရသမျှနေရာတိုင်းကို သားပိုက်ကောင်ကလေး တစ်ကောင်လို ရင်ခွင်ပိုက်လိုက်ရရှာသော သမီးကလေးပင်လျှင် မြို့မြို့ရွာရွာ အတော်များများ ရောက်ဖူးနေခဲ့ပြီ။ သည်နှစ်ထဲမှာပဲ ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်း၊ မုံရွာ၊ စလင်း၊ ကုန်းဖောင်း၊ ရေစကြို။ အခု နတ်မောက်မြို့ကို သမီးကလေး ရောက်ရဦးမှာပါလား။ သမီးကို ကားလာကြိုမှ နှိုးရတော့မည်။ အိပ်ပါစေဦး။

ပူပူလောင်လောင်ရှိလှသည့် သည်လိုနွေရာသီတွေမှာ သာမန်အားဖြင့် ကျွန်မတို့ ခရီးထွက်လေ့ သိပ်မရှိကြပါ။ ခရီးသွားခြင်း ရည်ရွယ်ချက်သက်သက်ဖြင့် စိတ်ပန်းကိုယ်ပန်း မဖြေနိုင်သော ကျွန်မတို့အဖို့ အခုလိုတကန်တက ဖိတ်ကြားလာကြသည့် စာပေဟောပြောပွဲများကို နှယ်၍ နယ်တကာမြို့တကာ ရောက်ခွင့် ပေါက်ခွင့်ရခြင်းသည်လည်း ကုသိုလ်တစ်မျိုးပင် ဖြစ်၏။ ရေအေးအေးကလေးလည်း ချိုးရင်း၊ ကြာမွေးမွေးလည်း ခူးရင်း ဆိုသလို ခရီးလည်း ထွက်ရ၊ ချစ်ခင်လေးစားရသော စာဖတ်ပရိသတ်နှင့်လည်း တွေ့ရမို့ စာပေဟောပြောပွဲဆိုလျှင် အကြောင်းကိစ္စ ဗာဟီရတွေကြားက ကျွန်မတို့ ကြိုးစားလိုက်လေ့ရှိပါ၏။ ပုံမှန်အားဖြင့်တော့ စာပေ

ဟောပြောပွဲရာသီလို့ ဆိုနိုင်သည့် နတ်တော်၊ ပြာသို၊ နှင်းစိုစိုလတွေမှာ ကျင်းပကြမြဲ၊ စီစဉ်ကြမြဲ ဖြစ်သည်။ ခရီးသွားရသူအဖို့လည်း အေးအေးမြမြရှိ၊ ရာသီဥတုကလည်း ဖေးဖေးကူကူရှိသည်ဆိုတော့ ဆောင်းလတွေမှာ သွားရတာ အဆင်ပြေသည်။

သည်နှစ်တော့ သင်္ကြန်အပြီး တန်ခူးလကြီးသိသိရောက်ကာမှ နတ်မောက်မြို့ စာပေ စာနယ်ဇင်းအဖွဲ့က စာပေဟောပြောပွဲ ဖိတ်ကြားလာသည်။ ဟောရ ပြောရမည့် စာရေးဆရာတွေကိုမေးတော့ ကျွန်မတို့ ဇနီးမောင်နှံနှစ်ယောက်တည်း စီစဉ်ထားသည်ဟု ဆိုပြန်လေ၏။ ကျွန်မတို့ သမီး ခင်ပွန်း နှစ်ဦးတည်း ကြုံရမည့်ပွဲပါလား။

တကယ်ဆိုရင် ကျွန်မမှာ အခါလည်ကျော်ကျော် သမီးကလေး တစ်ဖက်နှင့်မို့ သည်လို ပူကြီးပူလောင် နွေခေါင်ခေါင်ရက်တွေထဲ ဖိတ်သူက ဖိတ်ဦးတော့၊ ဓွေ့ခနဲ ကောက်ကာငင်ကာ မလိုက်သင့်မှန်း သိနေသည့်ကြားက နတ်မောက်ဆိုသည့် မြို့အမည်ကို ကြားလိုက်ရသည်ဆိုလျှင်ပင် ချက်ချင်း ဖုတ်ဖက်ခါ ရောက်ချင်နေခဲ့ပြီ။ လက်ငင်လင်တို့ ဆူးဆို့ချင်လှပြီ။ ကျွန်မတို့နှစ်ယောက်စလုံး အတောင့် ပကြီး၊ အသိး မမာ ကျေကျေနပ်နပ်ကြီး လက်ခံကာ ထိုနေ့ ထိုရက် ဆက်ဆက်အရောက်လာခဲ့ကြပါမည့်အကြောင်း ပြန်ကြားလိုက်ကြ၏။

မန္တလေးတွင် သင်္ကြန်ပြီးရက်တွေမှာ ရာသီဥတုက တစ်ရက်ထက် တစ်ရက် သိသိသာသာ တိုးလို့သာ ပူလောင်လာခဲ့ပြီ။ သွားရမည့်ခရီးစဉ်က မြန်မာပြည်အလယ်ပိုင်း။ လမ်းအူကြောင်း တစ်လျှောက်လုံးကလည်း အညာဒေသ၏အပူကြောကြီးကို အလျှားလိုက်ကူးရမည့်ခရီး။ မိတ်ဆွေများ၊ ဆရာသမားများက အပူဒဏ်ကို အကြောင်းပြုကာ တားကြရှာသည်။

"ကလေး ပန်းလှသအေ။ ဆရာ လိုက်ချင်လိုက်ပစေပေါ့၊ ညည်းနဲ့ ကလေး နေခဲ့ပါဟဲ့"

အမေကတော့ သူ့မြေးကလေး မတီမတာကို ပန်းမှာစိုးရှာတော့၊ မတားသာ တားသာ တားပါသေးသည်။ ကျွန်မမှာလည်း နတ်မောက်ကို ရောက်ချင်သည့်ဇောက သပ်သပ်၊ စုံကန္တာ နေပူခရီး ထီးမပါဘဲ သွားရမည့် အရေးက သပ်သပ်ဆိုသလို အားပြိုင်နေရပါသည်။ ဖိတ်ကြားတာကမှ နှစ်ယောက်တည်း၊ တစ်ယောက် မပါတော့ဘူးဆိုလျှင် တစ်ယောက်ပဲ ရှိတော့မည်။ ပူခါမှသာ ပူရော့။

"ကလေး ပန်းမှာသိပါတယ်အမေရယ်၊ ဖိတ်တာကိုလည်း လက်ခံ ပြီးကြပြီ၊ ပြီးတော့ နတ်မောက်ဆိုတာ တကန်တကတောင် သွားရမယ့် မြို့ဥစ္စာ၊ အခုလို အကြောင်းအလှည့်သင့်တုန်း ရောက်ရတာ လိုက်မှ ကောင်းမှာပါ"

ကျွန်မက အမေ့ကို အကျိုးသင့်အကြောင်းသင့် ပြောပြတော့လည်း အမေက 'ညည်းသဘောပေါ့အေ' ဟုဆိုသည်။ အမေက ကျွန်မကို ငဲ့လို့ မဟုတ်ပါ။ အဝေးပြေးကားတစ်စီးပေါ်မှာ တစ်နေကုန် ထိုင်လိုက်ရမည့် ခရီး အတွက် သူ့မြေးကို ပူခြင်းဖြစ်သည်။ အမေကိုယ်တိုင်သည်ပင် သန်တုန်း မြန်တုန်းက ဆယ့်နှစ်ပွဲလိုက်ခဲ့သည့်ဈေးသည် မဟုတ်လား။ ကျွန်မက နတ်မောက်မြို့အကြောင်းသိသမျှ ပြောပြတော့ အမေက 'ညည်းပြောပုံဆိုရင် ငါတောင် ထလိုက် လိုက်ချင်စမ်းအေ' တဲ့။ အသက်ခုနစ်ဆယ်ကျော်ပြီ ဆိုသော်လည်း ကျွန်မတို့ကသာ ခေါ်လျှင် ထလိုက်မည့်ပုံ။ အမေငယ်စိတ်နဲ့ ငယ်မာန်တွေ မလျှော့သေးပါလား။ နောက်ဆုံးတော့လည်း အမေက ကျွန်မကို မတားတော့ပါ။ သူ့မြေးကိုသာ ရေပြောင်းမြေပြောင်းမှာ ဂရုစိုက်ဖို့ မှာလိုက်ရှာသည်။

မနက် လေးနာရီထိုးလို့ ကျွန်မ သနပ်ခါးလူးနေတုန်းမှာပဲ သမီးက တအင့်အင့် တအဲအဲ အသံပြုလာသည်။ ခါတိုင်းဆိုလျှင် မနက်ခင်း ခုနစ် နာရီလောက်အထိ အိပ်တတ်သော သမီးပင် ကျွန်မတို့ လှုပ်ရှားသံကြောင့်

နီးလာခဲ့ပြီ။ သမီးကို ပုတ်နှိုးလိုက်ရမှာကို သနားနေမိတုန်း နီးလာတော့ တော်ပါသေးရဲ့ အောက်မေ့ရပါသည်။

"သမီး ထတော့၊ ကား ကားကြီးစီးရအောင်နော် ပူး ပူး၊ သမီး မေမေနဲ့ လိုက်မှာလား"

"နိုက် နိုက်"

သမီးက သဘောတူကြောင်းပြလျှင် နှစ်လုံးတွဲပြောတတ်သည်။ လိုက်လိုက်၊ စားစား၊ သောက်သောက် စသဖြင့်။ ကျွန်မက ကားမောင်းပြတော့ သမီးကလည်း သဘောပေါက်ပုံဖြင့် ကျွန်မကို စိုက်ကြည့်နေသည်။ သမီးကလေးပင် ကျွန်မတို့သွားလေရာ လိုက်ရင်း ခရီးသွားကျင့်ရှိခဲ့ပြီကော။ ကျွန်မတို့သားအမိ သားအဖ သုံးယောက် ခရီးအတွက် လိုအပ်သမျှ ပြင်ဆင်အပြီးမှာ လေးဘီးရောက်လာသည်။ မန္တလေးမြို့အထွက် ကျွဲဆည်ကန်ကားကြီးကွင်းအဝင်က 'ပန်းသခင်' လက်ဖက်ရည်ဆိုင်မှာ ကားခဏရပ်ကာ ဆီထမင်း ပဲပြုတ်တစ်ထုပ်နှင့် ထပ်တစ်ရာ သုံးချပ် ဝင်ဝယ်ခဲ့ကြသည်။ ကားကြီးကွင်းထဲရောက်တော့ မန္တလေး နတ်မောက် မကွေး ကားဂိတ်ကို မေးရ စမ်းရသည်။

"မကွေး နတ်မောက် ကားဂိတ်က တည်းခိုခန်းနားမှာ အောင်သစ္စာလို့ မေးလိုက်"

ကားကြီးကွင်းအဝက ကုန်စောင့်နေပုံရသော အလုပ်သမားကလေးက ညွှန်လိုက်သည်။ ကျွန်မတို့ကားဂိတ်ကိုရောက်တော့ ခြောက်နာရီထိုးဖို့ မိနစ်နှစ်ဆယ်လောက် လိုသေးသည်။

မှန်လုံကားကြီးပေါ် တက်ပြီဆိုကတည်းက အားယူ၍ တက်ရသည်။ ကားထိုင်ခုံအောက်တွေမှာ မြေဆီအိတ်လို အိတ်ကြီးတွေအပြည့်။ အလယ်အုကြောင်းမှာလည်း ပိတ်နေအောင်ထပ်ထားသည့်အတွက် ကားကြမ်းခင်းကို မမြင်ရဘဲ ခရီးသည်က မြေဆီအိတ်တွေပေါ်က ခါးကိုင်းလျှောက်ရသည်။

ခရီးသည်တင်ကားဆိုသော်လည်း ကုန်တွေကို တနင့်တပိုးကြီးတင်ထားတာ ခြေချစရာပင် မရှိ။ ကိုယ့်ခုံနေရာ ကိုယ် ထိုင်လိုက်တော့ ခြေထောက် သွင်းမရ၊ အိတ်တွေက ခုံနေတော့ ဒူးနှစ်လုံးထောင်ထားရသလိုဖြစ်နေသည်။ ပိုဆိုးတာက ပစ္စည်းထားစရာ နေရာမရှိခြင်းပင်။ ထိုင်ခုံပေါ်မှာ တင်ပျဉ်ခွေလိုက်ရတော့မည့်ပုံ။

ကျွန်မက ဖြစ်နိုင်လျှင် ခြေချစရာနေရာလေးလောက်တော့ လုပ်ပေးဖို့ ပြောတော့မှ စပယ်ယာကောင်လေးက ခြေနှစ်ချောင်းချသာရုံ ခုံတစ်ခြမ်းစာ အိတ်တစ်လုံး ဖယ်ပေးသည်။ ခရီးဆောင်အိတ်နှင့် လက်ဆွဲခြင်းကို ကျွန်မ ဘေးက အလယ်အူကြောင်းမှာ မောက်နေသည့် မြေဆီအိတ်ထပ်ကြီးပေါ် တင်ရသည်။ ကျွန်မနှင့် သမီးအတွက် ထိုင်ခုံနှစ်ခုံစာ ဖြတ်ထားတာမို့ ကိုယ့်ခုံနေရာမှာပဲ ပစ္စည်းတချို့တင်ရသည်။ ကျွန်မခင်ပွန်းသည်ကတော့ သူ့ ခန္ဓာကိုယ်နှင့် သူ့နေရာ စရွေးစွပ်ထားသလို ဖြစ်နေသည်။ ခရီးသည်တွေ ကတော့ ညည်းရုံသာ ညည်းနိုင်ကြ၏။

"မင်းတို့ဟာက လူထိုင်စရာ ခြေချစရာ နေရာလေးတော့ ချမ်းသာ ပေးဦးမှပေါ့။ အိတ်တွေ ဒီလောက် တရကြမ်းကြီးတင်ထားတော့ ငတို့က ဘယ့်နှယ်လုပ်ထိုင်ရမတုံး။ ပိုက်ဆံကျတော့ အပြည့်ယူတယ်။ နေကုန်ခရီး သွားရမယ့်ဟာ။ မင်းတို့ ကိုယ်ကျိုးချည်း မကြည့်နဲ့"

ကျွန်မတို့သားအမိနှင့် ဘေးတိုက်ခုံက ခပ်စွာစွာ အဒေါ်ကြီး နှစ်ယောက်ကတော့ စပယ်ယာကောင်လေးကို ဂိုပြီး မာန်မဲနေသည်၊ ကောင်လေးကလည်း ပြန်အော်သည်။ သူတို့ကပဲ တရားသလိုလို။

"နတ်မောက်ကားက သည်လိုပဲ။ သည်လို ထိုင်လိုက်ရမှာပဲ ကြီးတော်ရေ"

"လိုက်နိုင်ပေါင်ကွယ်၊ ငတို့က လေးငါးရက်ကတည်းက ပိုက်ဆံပေး လက်မှတ်ဖြတ်ထားတာ၊ လက်မှတ်ဖြတ်တုန်းက အိတ်တွေ ပါမှာလို့ မင်းတို့ ပြောပါလား"

အညာသူကြီးတွေပိပိ ပြောစရာရှိတာတော့ အကြွေးချန်ချင်ပုံမရ။ ရင်ထဲရှိတာ ပြောလိုက်မဟဲ့ ဆိုသည့်ပုံနှင့် ယောယောဒိုင်းဒိုင်းကြီးတွေ ပြောနေတာကို နားထောင်ရင်း ကျွန်မ ပြုံးမိရသည်။ ကောင်လေးကလည်း မျက်နှာကြီးစုပုပ်ထားကာ တတွတ်တွတ် ပြောနေသည်။

"လက်မှတ်ဖြတ်ထားလို့ သည်ကားပေါ် လိုက်ရတာပေါ့ဗျ၊ ကျုပ်တို့က ခရီးသည်ကိုချည်း အားကိုးလို့ မရဘူး။ ကုန်ကို အားကိုးရတာ"

"ဒါဆိုရင် ကုန်ကားလို့ ရေးပေါ့ကွဲ့"

စပယ်ယာကောင်လေး စကားကို ဖြုန်းခနဲ ကျွန်မ နားမလည်မိ။ ခရီးသည်တင်ကားက ဘယ့်နယ်ကြောင့် ကုန်ကို အားကိုးရပါလိမ့်။ ကြီးတော်တွေက ကုန်ကားလို့ရေးထားပါလားတဲ့။ ဒါလည်း ဟုတ်သလိုလို။ ကိုယ့်အကြောင်းနဲ့ ကိုယ်ချည်းပါလား။ ကားထွက်စက ကားပေါ်မှာ တကယ်ပင် ခရီးသည် ခုံပြည့်ပါမလာတာ ကျွန်မ သတိထားမိသည်။ မကွေး နတ်မောက်ဘက်ကို အသွားအလာနည်းကြလို့လား။ ခရီးသည်များ၏ ပွညံပွညံ အသံဗလံတွေကြားကပင် မှန်လုံကားကြီး ကျွဲဆည်ကန် ကားကြီးကွင်းထဲက အိခနဲ လှုပ်ထွက်ခဲ့တော့သည်။ ခြောက်နာရီထိုးပြီ။

၂

နွေဆိုသော်လည်း မှန်ပြတင်းဝမှ တိုးဝင်လာသော မနက်စောစော လေကြောင့် အေးခနဲ စိမ့်ခနဲ ဖြစ်သွားရသည်။ ကားမှန်ပြတင်းက ဇွတ်ဝင်လာသော လေအေးဒဏ်ကို သမီးကလေး ခံနိုင်မှာ မဟုတ်။ ကားပြတင်းမှန်ကို ချဖို့ပြင်ရသည်။ ကားမှန်ချဖို့ စိတ်ကူးပြီးခါမှ သည်မှန်ပြတင်းကို ကျွန်မတို့ ထိုင်ခုံနေရာက တစ်ဝက်သာ ပိုင်ဆိုင်ကြောင်း သတိထားမိလိုက်သည်။ ပြတင်းမှန်ချပ်က ရှေ့ခုံနှင့် နောက်ခုံကို ခွထားသလို ဖြစ်နေတော့ ကျွန်မတို့ နောက်ခုံက ခရီးသည်တွေ ကားမှန်ချပ်ချဖို့ သဘောတူညီနိုင်ပါ့မလား။

သည်ပြတင်းမှန်ချပ်နှင့်ဆိုင်သော လှနစ်ယောက်စလုံး သဘောတူပါမှ မှန်ချလို့ရမှာမဟုတ်လား။ တစ်ဖက်ကို သဘောထား တီးခေါက်ကြည့်ရသည်။

"ကလေး သိပ်အေးနေမှာစိုးလို့ တံခါးလေး ပိတ်ထားချင်လို့ ရမလားရှင်" .

ကျွန်မတို့ နောက်ခုံက ခပ်ရွယ်ရွယ်ဖနီးဖောင်နံက ခပ်ဆိုင်းဆိုင်း သဘောတူကာ မှန်တံခါးကို ကူချပေးကြပါ၏။ ကျေးဇူးတင်စကား လှည့်ပြောရင်း ကျွန်မ ပြုံးပြရပါသည်။ သမီးကတော့ သည်ကားပေါ် ဘယ်လိုက ဘယ်လိုရောက်နေရတာလဲ တွေးချင် တွေးလိမ့်မည်။ ကားလမ်းဘေးက မြင်ကွင်းတွေကို လိုက်ကြည့်ရင်း ပျော်နေလို့ တော်ပါသေးရဲ့။ နွေရာသီအခင်းမှာ ရွက်နုသစ်များဖြင့် စိမ်းစိုလန်းဆန်းနေသော သစ်ပင်ကြီးတွေ ကားလမ်းဘေး ဝဲ ယာမှာ တစ်လျှောက်လုံး တွေ့နေရသည်။ ကြိုးကြား ကြိုးကြားဆိုသလို စိန်ပန်းမွှင့် နီနီရဲရဲကလေးတွေကိုလည်း အစိမ်းတွေကြားမှာ ရိပ်ခနဲ ရိပ်ခနဲ မြင်ရသည်။ နေ့စဉ် မြင်နေကျ မြင်ကွင်းကျဉ်းကျဉ်းထဲက အလှမဟုတ်ဘဲ ကျယ်လွင့်သော မြင်ကွင်းကျယ်ကြီးထဲ ဝိုးဝင် ပြတ်သန်းနေရတာကိုက ခရီးသွားခြင်း၏ အရသာတစ်မျိုးလို့ ကျွန်မ ထင်ပါသည်။

ခရီးသွားခြင်းသည် စိတ်နှင့် ကိုယ် နှစ်ပါးစလုံးကို အာရုံ အပြောင်းအလဲလည်း ဖြစ်စေသည်။ အတွေ့အကြုံသစ်၊ အသွင်အပြင်သစ်တွေ ရစေသည်။ ရေသစ်မြေသစ်ကိုလည်း ထိတွေ့ခွင့်ရသည်။ လူ့ဘဝ အရောင်အမျိုးမျိုးကို မြင်ခွင့်ရသည်။ မိတ်သစ် ဆွေသစ် တိုးရသည်။ သိပ်ကွင်းအောင်းနေရတတ်သော ကျွန်မတို့လို အိမ်ထောင်ရှင်မများအတွက် ခရီးခဲ့ထွက်ရခြင်းကိုပင် ဒုလ္လဘတရားဟု ကျွန်မကတော့ ခံယူမိပါ၏။

ကျွန်မ မြင်ရာကျရာ အတွေးကောင်းနေတုန်းမှာပင် သမီး အိပ်ပျော်သွားခဲ့ပြီ။ ကျောက်ဆည်မြို့ကိုဖြတ်တော့ မနက်နာရီလိုးပြီးပြီ။ ခရီးသည်တွေ

မနက်ခင်းစာ လက်ဖက်ရည်သောက်ဖို့ ကူမဲမှာ ကား ရပ်ပေးသည်။ သမီးလည်း နိုးလာသည်။

"ကော်ဖီလေး ဘာလေး သောက်ရအောင်"

ခါးကို တစ်ဆစ်ချိုးကာ မြေဆီအိတ်တွေ ထပ်ခင်းထားသော အုကြောင်းလမ်းက ဆင်းဖို့ တက်ဖို့ စဉ်းစားရသည်။ မန္တလေးမှဝယ်လာသော ဆီထမင်းနှင့် ပဲထပ်တစ်ရာကို ကူမဲရောက်မှ အထုပ်ဖြေကာ စားဖြစ်ကြသည်။ ကူမဲမှာ ထိုင်ဝမ်ပြောင်းဖူးပြုတ်သည်တွေ အများသား။ ခရီးသည်တချို့ ကတော့ ပြောင်းဖူးကြီးတွေကို အားရပါးရ စားနေကြ၏။ ရောင်းသူကများပြီး စားသူက နည်းသည်။ နာရီဝက်လောက် နားပြီးတော့ ကားပြန်ထွက် လာသည်။

ကူမဲကကျော်တော့ ဝမ်းတွင်းမြို့။ မြို့အဝင်ကတည်းက ဝမ်းတွင်း စက်ရုံထွက် လုံချည်ကြော်ငြာ ပိုစတာကြီးတွေက တခမ်းတနား ဆီးကြို နေကြသည်။ 'လက်ခတ်သံ ညံမစဲ ပွဲတော်နီးပြန်'ဆိုသည့် တေးသံရှင် ရီရီခင်၏ 'မလေးလက်ခတ်သံ'သီချင်းကလေးကိုပင် ဖျတ်ခနဲ သတိရလိုက် မိသည်။ ရက်ကန်းမြို့ ဝမ်းတွင်းကို ဟောပြောပွဲဖိတ်ကြားစဉ်က ကျွန်မ ဟောပြောခဲ့ဖူးတာကိုလည်း သတိရလိုက်မိ၏။

ဝမ်းတွင်းမြို့ကို ကျော်ပြန်တော့ မိတ္ထီလာမြို့ကိုရောက်ဖို့ သိပ်မဝေး တော့ပါ။ မိတ္ထီလာမြို့အဝင်က ကုက္ကိုပင်တန်းကြီးကိုတော့ ကျွန်မ အလွတ် ရနေပြီ။ ကျွန်မ ငယ်ငယ်က မိတ္ထီလာမြို့ရှိ ဆွေမျိုးများထံ မကြာခဏ ရောက်လာရလေ့ရှိသည်။ ကျွန်မ ဖခင်၏ နမ ဒေါ်ဒေါ်ရှိစဉ်အခါတုန်းက တစ်နှစ် တစ်ခေါက် ဆိုသလို ရောက်ရတတ်ပါသည်။ ဒေါ်ဒေါ်ဆုံးပြီး နောက်တော့ ကျွန်မလည်း သိပ်မရောက်ဖြစ်တော့ပါ။

မိတ္ထီလာမြို့မှာတော့ လမ်းစီး ခရီးသည်တော်တော်များများ ကားပေါ် တက်လာကြတာ သတိထားမိပါသည်။ ကျွန်မနှင့် ဘေးတိုက်ခုံ၏ နောက်

ခုံလွတ်နှစ်ခုံမှာ အိန္ဒိယနွယ်ဖွား မိန်းမသားနှစ်ဦး ဝင်ထိုင်ကြသည်။ လက်ထဲမှာ ပွေ့ထားသည့် ကလေးလေးက သမီးထက်ပင် ငယ်ဦးမည်။ ကာခြယ်တွေ ဆိုးထားသော မျက်လုံးကလေးတွေက ချစ်စရာကောင်းလှ၏။ သမီးကို မြင်လိုက်တော့ ခစ်ခနဲ ရယ်လေသည်။ သမီးကလည်း သူ့အရွယ် ကလေး လေးကို မြင်တော့ "မေမေ ကေးရေး (ကလေးလေး)" ဟုဆိုကာ ကျွန်မကို ပြနေသေးတော့။ ကလေးနှစ်ယောက်၏ ချစ်စရာကောင်းသော အတုံ့ အပြန်ကို ကြည့်ရင်း ကျွန်မ ချမ်းမြေ့ရပါ၏။

"ဖယ် ဖယ် သည်ခုံက ကျုပ်ခုံရယ်"

ကလေးနှစ်ယောက်ကို စိတ်ဝင်စားနေမိသော ကျွန်မအာရုံတွေ လွင့်စဉ်သွားသည်။ အော်သံက သူ့ပစ္စည်းကို မတရားလုယူထားပုံမျိုး မာရေ ကျောရေ နိုင်လှ၏။ အမျိုးသမီးနှစ်ယောက်ခမျာ ထိုင်ခါရှိသေး ရုတ်တရက် ပေါ်လာသော လူတစ်ယောက်က ထလာကာ ဖွတ်ဖယ်နိုင်းခြင်း ဖြစ်သည်။ ကလေးတစ်ဖက်နှင့် အမျိုးသမီးနှစ်ယောက်မှာ ခုံပေါ်က ရုတ်တရက် ဖယ်ပေးဖို့ မလွယ်။ အိတ်တွေကြားမှာ ညပ်နေတာ မဟုတ်လား။ ဖယ်နိုင်းသူ ကလည်း ဖွတ်သာ ဖယ်နိုင်းနေတော့သည်။

"ကျွန်မတို့ကို သည်ခုံထိုင်လို့ရတယ်ဆို၊ ဒီမှာ သည်လူကြီးက သူ့ခုံလို့ ပြောနေတယ် ရှင်းပေးဦး"

ကုလားမလေးတစ်ယောက်က အော်လိုက်တော့ ကားစပယ်ယာ ကောင်လေး ရောက်လာသည်။ ကောင်လေးက လက်ထဲမှာ ကလစ်ဘုတ်နှင့် တွဲကိုင်ထားသော ထိုင်ခုံနံပါတ်ဇယားကို တစ်ချက်ငုံ့ကြည့်သည်။ ခုံနံပါတ် တွေကိုလည်း ကြည့်သည်။ ဒေါသထွက်နေသည့် လူကြီးက ဟုတ်လို့ ကတော့ ကုပ်ဆွဲ ထုတ်လိုက်မဟဲ့ဆိုသည့်ပုံနှင့် မျက်နှာကြီး တင်းထားသည်။

"ခင်ဗျားလက်ထဲက လက်မှတ် ပြစမ်းပါဦး"

လူကြီးက လက်မှတ်ထုတ်ပြတော့ စပယ်ယာက

"ဟာ ခင်ဗျားခုံက ရှေ့ခုံလေ၊ ဆယ့်ငါး။ ဆယ့်ငါးမှာထိုင်နေတဲ့ လူတွေ ဖယ်ကြဗျို့။ ခင်ဗျားတို့ ဝင်ထိုင်နေတော့ ရှုပ်ကုန်ပြီ။ ဒါက ဆယ်ကိုး နှစ်ဆယ်၊ ကဲ ခင်ဗျား ရှေ့ကြွ၊ ခင်ဗျားတို့နှစ်ယောက်ကလည်း သည်မှာပဲ ထိုင်"

လူကြီးက သူ့မှန်တယ်ထင်တုန်းက ဖျက်နှာကြောတင်းသလောက် မှားတယ်ဆိုတော့လည်း ရှက်ကိုးရှက်ကန်းဖြင့် ရှေ့ခုံကို ပြောင်းထိုင်သည်။ သည်တော့မှ အမျိုးသမီးနှစ်ယောက်ခမျာ အိတ်တွေပေါ် ခဏတက်နေကြ ရာက လျှော့ထိုးဆင်းကာ ထိုင်ကြရလေသည်။ ဒါပေမဲ့ မိန်းမသားသဘာဝ ဗျစ်တောက် ဗျစ်တောက် လုပ်ဖြစ်အောင် လုပ်လိုက်သေး၏။

"ကိုယ့်ထိုင်ခုံနံပါတ်တောင် ကိုယ် မသိဘူး၊ သူ့တောင် တပြန် သင်ပေးရဦးမယ့်ပုံပဲ"

ကလေးအမေဖြစ်ဟန်တူသော အမျိုးသမီးက ထိုင်ခုံနှင့် အိတ်ပေါ် တစ်လှည့်စီ ကူးလိုက်ရတာကိုပဲ မောပန်းသွားဟန်ဖြင့် မကြားတကြား ပြောနေခြင်း ဖြစ်၏။ ရတ်တရက် ရောက်လာကာ ဒေါသတကြီး ဆော်လိုက် သည့် လူကြီးသည် ကားရှေ့ပိုင်း မြေဆီအိတ်ပုံပေါ်မှာ တစ်ယောက်တည်း ချောင်ချောင်ချိချိထိုင်လိုက်လာခဲ့တာ မန္တလေးမှ မိတ္ထီလာရောက်သည်အထိ။ မိတ္ထီလာရောက်ခါမှ မိန်းမသားနှစ်ယောက် တက်လာပြီး ထိုင်လိုက်တော့ သူ့ခုံနေရာကို ဝင်ထိုင်လေခြင်းဆိုသည့် သဘောဆိုးဖြင့် ဓွတ်ခနဲထကာ အော်ထုတ်နေခြင်း ဖြစ်သည်။ ပိုက်ဆံပေးထားရသည့်ခုံဆိုတော့ အတ္တစိတ် ကလေး ဝင်လာပုံရပါ၏။ ဒါသည်လည်း လူရောင်စုံတွေကြားက အရောင် တစ်မျိုးပဲ မဟုတ်လား။

"ကျုပ်တို့က ခုံမရမှာစိုးလို့ မန်းလေးကို တယ်လီဖုန်းဆက်ပြီး လက်မှတ် ဖြတ်ထားတာ။ ခုံမှ မထိုင်ရရင် ပိုက်ဆံ ပြန်လျော်ပေး။ ဘယ့်နယ်တော်"

ကားနောက်ပိုင်းမှာလည်း သူ့ပြဿနာနှင့်သူ။ ထိုင်ခုံတစ်နေရာစာ အတွက် ငြင်းကြခုန်ကြ ,အော်ကြဟစ်ကြ အသံတွေ ညံနေတော့၏။ မိတ္ထီလာက ထွက်လာတော့ ခရီးသည်တွေ ခုံပြည့်ပါလာပြီ။ ခုံပြည့်ရုံမက အလယ်အူကြောင်းမှာ ထပ်ထားသည့် အိတ်တွေပေါ် သည်အတိုင်း ဆောင့် ကြောင့်ထိုင် လိုက်လာကြသူတွေလည်း မနည်းလှ။

မိတ္ထီလာကန်ဆောင်းကို ဖြောင့်၍ ကားဖြတ်မောင်းတော့ စည်းတပွက် အမတ်ကြီးခေါ် ဝန်ဇင်းမင်းရာဇာကို ကျွန်မ သတိရလိုက်မိ၏။ သမိုင်းထဲက မိတ္ထီလာကန်ပေါင်ပေါ်က မိန်းမရုပ်နှင့်ပတ်သက်၍ ဖြေရှင်းပေးခဲ့သော စာတို ညှိဇာတ်ကို ကျွန်မတို့ မူလတန်းကျောင်းသူဘဝက သင်ကြားခဲ့ရသည်။ ရေဒီယိုမှအသံလွှင့်နေကျ 'ဖိုးရာဇာဟာ တကယ်တော့ လယ်သမားလေးပါဗျ။ သူ တကယ်လိုက်စားခဲ့တာက လုံ့လနဲ့ ပညာကိုသာ' ဆိုသည့် သီချင်းကလေး ကိုလည်း ကျွန်မ ခွဲနေမိသည်။ စာစိတ်ပေစိတ်ကလေးကြောင့် ထင်ပါ၏။ ခရီးနှင့် မြင်ကွင်း ဆက်ရာ စပ်ရာ အောက်မေ့ကျင့်ကလေး ကျွန်မ ရနေပြီ။

မိတ္ထီလာက ပျော်ဘွယ်အထွက် လမ်းမှာလည်း ပင်သက်ရင့်လှသည့် ကုက္ကိုပင်ကြီးတွေကို အတန်းလိုက်တွေ့ရပြန်သည်။ မိတ္ထီလာက ကျော်လွန် လာသည့် သည်ဘက်ခရီးလမ်းကို ယခုတစ်ကြိမ်သာ ကျွန်မ ရောက်ဖူးခြင်းမို့ လမ်းဘေးမြင်ကွင်းတွေကို စိတ်ဝင်တစားကြည့်မိ၏။ ပျော်ဘွယ်မြို့ကို ဝင်တော့ နေကြီး စူးစူး ပူနေသည့် နေ့လယ် ဆယ့်တစ်နာရီ ရှိပြီ။

"ကဲ ခရီးသည်အားလုံး သည်မှာ နာရီဝက်လောက် နားမယ်နော်"

နာရီဝက်လောက် နားမယ်ဆိုတော့ ကျွန်မတို့လည်း ကား အောက်ကို ခြေညောင်း လက်ဆန့်ဆိုသလို ဆင်းကြရပြန်သည်။ သည်နေရာ ကတော့ မကွေး၊ မန္တလေး၊ ပျဉ်းမနားမှန်လုံကားတွေ တစ်အောင့်တစ်နား နားလေ့ရှိကြသည့် လမ်းဆုံနေရာမို့ ခဏနားခြင်းသာဖြစ်၍ ထမင်းစား နားခြင်း မဟုတ်ဟန်မတူပါ။

"ထမင်းက ရှေ့နားက ရနေခင်မှာစားမယ်။ ဒီမှာ လက်ဖက်ရည်ကလေး မုန့်ကလေး စားချင်စားကြပေါ့။ သံဃာတော်များကတော့ ဆွမ်းမိအောင် သည်မှာ ဘုဉ်းပေးနိုင်ပါတယ်ဘုရား"

ကျွန်မတို့လည်း မဆာကြသေးပါ။ ရနေခင်ဆိုတော့ ကျွန်မစိတ်ဝင်တစားဖြစ်သွားမိသည်။ မန္တလေး ရတနာပုံမ်ခေတ် နန်းတွင်းမှာ အထင်ကရ ရှိခဲ့သော မြောက်ဒဝယ်မိုလ် ရနေခင်မြို့စား မောင်မောင်တုတ် အပိုင်စားရာ ရနေခင်ရွာ ဟုတ် မဟုတ် ဆိုတာ သည်ရွာကိုရောက်မှ မေးကြည့်ရဦးမည်။ သိပေါဘုရင်လက်ထက်က ရနေခင်မောင်မောင်တုတ် ဆိုတာ အတော်ကလေး နေရာရခဲ့သူ မဟုတ်လား။ နောက်တော့လည်း သိပေါဘုရင်၏ အကျဉ်းသား ဖြစ်ရရှာလေသည်။ ကြေးတိုက်ထဲမှာပင် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားသည်ဆို၏။ တရားကျစရာ။

"ငုံးဥပြုတ် ရမယ် ငုံးဥပြုတ်"

"အချဉ်ပေါင်းရမယ် အချဉ်ပေါင်း"

"ပေါက်စီရမယ် ပေါက်စီ ပေါက်စီ"

ကားဂိတ်ဈေးသည်ကလေးတွေဆီက အသံကျယ်စူးစူးကို ကြားနေရသည်။ နေပူကြီးထဲမှာ ကားတွေကို ပတ်ချာလှည့် ရောင်းကြရရှာသူကလေးတွေ။ ပေါက်စီသည်ကတော့ လက်တွန်းလှည်းနှင့်ဖြစ်သည်။ သရက်ကင်တွေ ရဲနေအောင်ထည့်ထားသော အချဉ်ပေါင်းသည်တွေကတော့ ရောင်းအကောင်းဆုံး။ ကွမ်းယာဆိုင်နှင့် တွဲဖွင့်ထားသော မုန့်ဆိုင်ရှေ့က ဝါးကုလားထိုင်မှာ ကျွန်မတို့သားအမိထိုင်ရင်း ခရီးသည်ရောင်စုံကိုသာ ငေးမောကြည့်နေမိပါသည်။ ကားက ရပ်ထားတော့ ကားထဲမှာ အပူငွေ့တွေ လှောင်နေသော်လည်း မဆင်းကြသူတွေလည်း ရှိ၏။

ခဏနေတော့ မှန်လုံကားကြီးတစ်စီး ထိုးဆိုက်လာသည်။ မကွေးနတ်မောက် ပျဉ်းမနား ခရီးသည်တင်ကားကြီး။ သည်ကားပေါ်မှာလည်း

ကုန်တွေရော-လူတွေရော တင်းကြပ်။ ကားခေါင်မိုးပေါ်မှာပင် လူတွေ မောက်လျှံနေလေသည်။ ထော်လာဂျီလေးတွေကလည်း သည်လမ်းခရီးမှာ တော်တော်များပုံရ၏။ တကျွန်းကျွန်း တကျိုင်းကျိုင်း လမ်းပေါ်မှာ ရက်ကန်း ရှယ်သလို ပြေးလွှားနေကြသည်။ ပျော်ဘွယ်မြို့ကလေးသည်ပင် ခရီးသွား နေသော မြို့ကလေးနှင့် တူသည်။

"အစ်မ ပေါင်မုန့်ခြောက်ဝယ်ပါဦးလား။ ကျွန်မတို့ ပျော်ဘွယ်က ပေါင်မုန့်ခြောက် ကောင်းတယ်"

ပေါင်မုန့်ခြောက်ဆိုတာ ကျွန်မတို့ မန္တလေးအခေါ် မုန့်ကြွပ်ကို ပြောခြင်း ဖြစ်သည်။ ပျော်ဘွယ်မုန့်ကြွပ်ပေါ့။ ပျော်ဘွယ်မုန့်ကြွပ်၊ ပျော်ဘွယ် ပေါင်မုန့်ခြောက်ကလည်း နာမည်ကြီးသည်။ ပျော်ဘွယ်မြို့၏ အမှတ် အသားပင် ဖြစ်နေသည့် မုန့်ဖြစ်ပါ၏။ သမီးပင် နာရီဝက်လောက် သူ့နားထဲ တစ်ခီခီ ကြားခဲ့ရသော ကားဈေးသည်ကလေးများ၏ အော်သံကို သံယောင် ပြီကာ ဟစ်တတ်နေပါပကော။

"ငှတ်သုတ်ရမယ် ငှတ်သုတ်၊ ပေါက်ချိုရမယ် ပေါက်ချို"

ငုံးဥပြုတ်ကို ငှတ်သုတ်လို့ အသံထွက်သော သမီးကိုကြည့်ကာ ကျွန်မ သဘောကျမိရသည်။ ထိုရက်တွေက $H_5N_1$ ကြောင့် ကျွန်မတို့ မန္တလေးဘက်မှာ တွင်တွင်ကျယ်ကျယ်မရှိသေးသော်လည်း ပျော်ဘွယ် ဘက်မှာတော့ ကြက်သားကြော်တွေ၊ ငုံးဥပြုတ်တွေ ရောင်းကြ ဝယ်ကြ စားကြ သောက်ကြတာများ အားရစရာ။

"ကျွန်မတို့ဘက်က တခလလောက် ပိတ်လိုက်တာသဲ့ရှိတယ်၊ ဘာရောဂါမှ ဖြစ်တယ် မကြားရပါဘူး၊ ဝယ်စားပါဦး အစ်မရဲ့"

ကျွန်မမှာ ဈေးသည်ကလေးကို အားပေးချင်သော်လည်း အား မပေးဝံ့သေးပါ၊ သည်ဘက်နယ်တွေမှာ ဆိတ်တွေ၊ သိုးတွေ မွေးအား ကောင်းကြသည်ဟု ဆိုပါသည်၊ ကားဂိတ်မှာပင် ဆိတ်သားကြော်

စည်းကြီးတွေ ရောင်းနေကြတာ စားချင့်စဖွယ်။ စားကျက်ကောင်းကောင်း ရှိကြပုံရ၏။

"ကဲ မကွေး နတ်မောက် ခရီးသည်တွေအားလုံး တက်ကြပါ။ ကားထွက်မယ်"

ပျော်ဘွယ်က ကားထွက်လာတော့ ဆယ့်တစ်နာရီခွဲပြီးပြီ။

၃

ပျော်ဘွယ်မှ အနောက်တည့်တည့် နတ်မောက်လမ်းသည် ယခင်ကတည်းက ရှိခဲ့သော်လည်း လမ်းကြမ်းဟု ဆိုသည်။ ပျော်ဘွယ် နတ်မောက် ကားလမ်း ပွင့်တာ သိပ်မကြာသေးပါလို့ ဒရိုင်ဘာက ပြောပြသည်။ ကျွန်မတို့ စီးလာသော အောင်သစ္စာ မှန်လုံကားကြီးတွေပင် ပြေးဆွဲတာ မကြာသေးဟု ဆို၏။

"သည်လမ်းက သည်ဘက်ပိုင်းမှာမှ ကျောက်ချော ခင်းပြီး လမ်းချဲ့လိုက်တာ ဟိုတုန်းကတော့ စစ်သုံးလမ်းဟောင်း ဖောက်ထားခဲ့တာပေါ့။ ဟိုရွာသည်ရွာက လော်ရီကားကြီးတွေ၊ တစ်နေ့ တစ်စီးလောက် ထွက်တဲ့ ထော်လာဂျီကလေးတွေလောက် ရှိကြတာ၊ အခုလောက်တော့ ဘယ်ခရီးရောက်မလဲ။ ခုတော့ ကားလိုင်းတွေ ဘာတွေ ပွင့်သွားပြီဆိုတော့ နတ်မောက် သွားချင်ရင် အသာလေးပေါ့"

ကျွန်မတို့ရှေ့မှာထိုင်နေသော ခရီးသည်ကြီးတစ်ယောက်က အော်ကျယ် ဟစ်ကျယ် ရှင်းပြနေသည်။ ပျော်ဘွယ်မြို့က ထွက်ပြီဆိုကတည်းက နှစ်ချို့ မန်ကျည်းပင်ကြီးတွေ စတွေ့ရပြီ။ မန်ကျည်းပင်ကြီးတွေက သက်တမ်း တော်တော်ရင့်ပုံရသည်။ တချို့ပင်စည်ကြီးတွေဆိုလျှင် ပုဆိုးနှစ်ပတ်စာ လောက်တောင် ရှိမည်ထင်၏။ မန်ကျည်းရွက်တွေကတော့ ရွက်နုတွေ ထိုးကြပြီ။

'ပက်တော စံပြကျေးရွာ'

ပျော်ဘွယ်မှ ထွက်လာလာချင်း တွေ့ရသော ရွာဖြစ်ပါသည်။ သည်ဘက်လမ်းတစ်ကြောရှိ ကျေးရွာအမည်ကလေးတွေကို ကျွန်မ သိထားချင်သောကြောင့် မှတ်စုစာအုပ်ကလေးထုတ်ကာ 'ဖက်တောရွာ' ဟု ရေးမှတ်ထားလိုက်သည်။ ကျွန်မ မှတ်စုစာအုပ်ကလေးကို ပြန်မသိမ်းရသေးခင်မှာဘဲ ကားက ဂျုန်းခနဲမြည်ကာ ကားလမ်းတစ်ဖက်ကို ဒရွတ်ဆွဲသွားတော့၏။ ခရီးသည်များ၏ အလန့်တကြားအော်သံတွေက ကျိုးပြိုကျသလို ဝေါခနဲ ထွက်ကျလာသည်။ သမီးကို ရင်ခွင်ထဲဆွဲပွေ့ကာ ထိုင်ခုံတန်းကို မြဲမြဲဆုပ်ထားရင်း ကျွန်မမှာ ဘုရားကိုသာ တရတော့သည်။ ကားကြီးက ရုတ်တရက်ဆောင့်ချိုးလိုက်သလို ငြိမ့်ခနဲ အိကျသွားကာ စက်ရပ်သွားတော့၏။

"ကဲ ခရီးသည်တွေအားလုံး ကားအောက် ခဏဆင်းပေးကြပါ"

ခရီးသည်တွေ ကားအောက်ကို တစ်သုတ်ပြီး တစ်သုတ် ဆင်းကြရသည်။ ကားက စက်ပျက်သွားတာတော့ မဟုတ်။ ဘာဖြစ်မှန်းမသိ။ ကျွန်မကတော့ လိုအပ်မည်ထင်သည့် သောက်ရေသန့်ဘူး၊ ဆေးဝါး၊ မုန့်ထုပ် စသည့်ပစ္စည်းပစ္စယ တိုလီမုတ်စကလေးများကို ခြင်းတစ်လုံးဖြင့် စုထည့်ကာဆင်းလာခဲ့သည်။ လက်က နာရီကို ကြည့်လိုက်တော့ ဆယ့်နှစ်နာရီမတ်တင်း။ နေလုံးကြီးက ခေါင်းပေါ်တည့်တည့်မှာ နေရာယူကာ အပူတွေ မှုတ်ထုတ်နေသလား မှတ်ရသည်။ ကားလမ်းဘေးက တမာပင်ရိပ်မှာ ကျွန်မတို့ ခိုကြရပြီ။ တမာပင်က ကားလမ်းကုန်းပေါ်မှာရှိသော်လည်း အရိပ်က ချောက်ထဲမှာဆိုတော့ ချောက်ထဲဆင်းထိုင်ကြရခြင်း ဖြစ်သည်။ တချို့ကလည်း ကားလမ်းတစ်ဖက်မှာရှိသည့် ကုက္ကိုပင်ကြီးအောက် သွားထိုင်နေကြသည်။

"ကားဘီးပေါက်တာလား"

"မဟုတ်ဘူး ယူဘိုး ကျိုးသွားတာတဲ့။ ပျော်ဘွယ်ကို တစ်ခေါက်ပြန်ပြီး ပစ္စည်းယူ ပြင်ရမယ် ပြောတာပဲ"

"ဪ ဟုတ်လား၊ ဒါဆို တော်တော်ကြာဦးမှာပေါ့"

"အင်း၊ ပစ္စည်းရရင်တော့ ပြန်လောက်ပါတယ်။ မရရင်တော့ ညနေ သုံးနာရီ လေးနာရီလောက်ပြီးရင် ကံကောင်းပေါ့"

ကားဆီကိုသွားပြီးစနည်းနာလာသူကို ကျွန်မခင်ပွန်းက ပေးကြည့်ခြင်း ဖြစ်ပါသည်။ ကြီးတော်နှစ်ယောက်ကတော့ 'ကားပေါ်ကို ကုန်တွေ နင်းကန် တင်လာလို့ ကျိုးတာ' ဆိုကာ ဗျစ်တောက် ဗျစ်တောက် လုပ်နေသည်။ ခရီးသည်တွေကတော့ တစ်ယောက်မှ မနက်စာ ထမင်း မစားကြရသေး။ ရနောင်မှာ ထမင်းစားရပ်မည်ဆိုတော့ ထမင်းမစားရသေးသူက များသည်။ နာရီဝက်လောက်ကားနိုက်ပြီးကော့ ကားဆရာက ပစ္စည်းတချို့နှင့်အတူ သူ့ကောင်လေးနှစ်ယောက်ကို ပျော်ဘွယ်ဘက်သွားမည့် ကားကြုံတစ်စီးပေါ် ထည့်လိုက်သည်။ နေကလည်း ပူသထက် ပူလာသည်၊ ကားပျက်သတင်း ကြားလျှင်ကြားခြင်း ဖက်တောရွာက ကလေးဘုစုခရုတွေ တစ်ခဲနက် ထွက် လာကာ ကျွန်မတို့ ခရီးသည်တွေကို ထိုင်ကြည့်နေကြသည်။ သမီးကတော့ ကလေးတွေ တစ်ပြုံတောင်ကြီးကို မြင်လိုက်ရတော့ 'ကေးရေးဒေ' လို့ အော်သည်။ သမီး နေမှ နေပါစေတော့ အောက်မေ့ကာ ကျွန်မလည်း ဖက်တောကလေးအုပ်ကြီးထဲသွားရောကာ ထိုင်နေရတော့သည်။

နေ့လယ်တစ်ချက်ထိုးခါနီးတော့မှ ပျော်ဘွယ်ဘက်သွားကြသူတွေ ပြန်ရောက်လာကြသည်။ ကားဝပ်ရှော့ဆရာတွေပါ ပါလာသည်။ ဝပ်ရှော့ ဆရာတွေကို တင်လာသည့် ဒတ်ဆန်းကားဖြူကလေးက ထမင်းစားလိုသည့် ခရီးသည်များကို ပျော်ဘွယ်မြို့ဘက် ကူသိုလ်ဖြစ် လိုက်ပို့မည်ဆို၏။ သည်တော့လည်း ခရီးသည်တွေ ကားဖြူကလေးထဲ ပြုတိုးကြလေတော့သည်။ တချို့ ခရီးသည်များကလည်း ကိုယ့်ထမင်းချိုင့်နှင့် ကိုယ် ပါလာကြတာမို့ သစ်ပင်ရိပ်ကောင်းကောင်းမှာ ချကာ စားနေကြပြီ။ ကျွန်မတို့ မိသားစု ကတော့ ပျော်ဘွယ်ဘက် ပြန်လိုက်ကာ ထမင်းစားကြရမည်။ ရနောင်ရွာ ကလေးမှာ ထမင်းစားလိုက်မဟဲ့ ဆိုသည့် ကျွန်မဆန္ဒ မပြည့်တော့။

ပျော်ဘွယ်မြို့တစ်နေရာရာမှာ ထမင်းဆိုင်ကောင်းကောင်း ရှိနိုင်သော်လည်း ကျွန်မတို့မှာ ကားဆရာပို့ပေးသော ဆိုင်မှာ စားကြရသည်။ စောစောက ကားရပ်နားသည့် လက်ဖက်ရည်ဆိုင်မှာပဲဖြစ်သည်။ ထမင်းဆိုင် သက်သက်တော့ မဟုတ်။ လက်ဖက်ရည်ဆိုင်နှင့် တွဲဖွင့်ထားသည့်ဆိုင် ဖြစ်သည်။ ကားဖြူကလေးပိုင်ရှင်၏ ဆိုင်လို့လည်း ဆို၏။ ထမင်းဖြူတစ်ပွဲ ငါးကြော်ချက်နှင့် လက်ဖက်သုပ်တစ်ပွဲဆိုသော်လည်း ဆာတော့လည်း ကောင်းလှပါ၏။ ကျွန်မတို့နှစ်ယောက်တည်း စားတာ နှစ်ထောင်နီးပါး ရှင်းလိုက်ရတော့ ခေတ်အမီသားပဲလို့သာ တွက်လိုက်ရတော့သည်။ ဒုတ်ဆန်းကားဖြူကလေးက ကျန်ခဲ့သေးသည့် ခရီးသည်တွေကို တစ်ခေါက် ပြန်ကဲဖို့ ထွက်သွားပြန်တော့ သည်ကား ပြန်မလာမချင်း ဆိုင်ရှေ့မှာ ကျွန်မတို့ ငုတ်တုတ်ထိုင်စောင့်ရသည်။ သည်တစ်ခါတော့ ကားဂိတ်မှာ ရောင်းသည့် ဈေးသည်တွေနှင့် ကျွန်မတို့သားအမိ ရင်းနှီးခွင့်ရပြီ။

"ပေါက်ချိုရမယ် ပေါက်ချို၊ ငုတ်သုတ် ငုတ်သုတ်၊ ကျီပေါင်းရမယ် ကျီပေါင်း ကျီပေါင်း"

ဈေးသည်တွေလိုအသံတုပြကာ မပီကလာပီကလာအော်နေသော သမီးကို ကြည့်ကာ သူ ပျော်လို့ တော်ပါသေးရဲ့ အောက်မေ့ရသေးသည်။ ဈေးသည်တွေက ဖက်တောရွာနားမှာ ကားပျက်နေပတဲ့ ဆိုသည့်သတင်းကို ရကြပြီ။ ဖက်တောဘက် ကားကြိုစီးကာ ကားပျက်ခရီးသည်တွေကို ဈေး လိုက်ရောင်းကြဖို့ အချင်းချင်းတိုင်ပင်နေကြသံကို ကြားရတော့ ကား ပျက်ခြင်းကသည်ပင် သူတို့အတွက် အခွင့်အရေးပါကလား တွေးမိရသည်။

"ထမင်းစားရတာ အဆင်မပြေဘူးနော်"

"ခရီးဆိုတာ သည်လိုပေါ့ကွာ၊ ထမင်းရှိတာ ကျေးဇူးတင်ရသေးတယ်"

ကျွန်မကပြောတော့ ခင်ပွန်းသည်က ပြေပြေပါသည်။ ဟုတ်သားပဲ ထမင်းရှိတာ ကျေးဇူးတင်စရာပေါ့။

ခုတ်ဆန်းကားဖြူကလေးက ပထမအခေါက် ခရီးသည်တွေကို လာခေါ်တော့ မွန်းလွဲနှစ်နာရီထိုးနေပြီ။ ကျောက်လမ်းပုပ္ပကြီးပေါ်က အမှိုး အမှေ့တွေကပင် ကျွန်မတို့ကို လာဟပ်နေသည်။ မှုလိုက်တဲ့ဖြစ်ခြင်း။ ကျွန်မ သမီးကလေးကို ပိုက်ပွေ့ထားရင်း အမှေ့မှိုးရှိုပ်ထိုက်ကို သတိရလိုက်မိ၏။ ဖက်တောရွာဘက်ပြန်ရောက်တော့ မုန့်လုံးကားကြီးသည်ပင်လျှင် နေမွန်းလယ်ခေါင်မှာ မီးထတောက်တော့မလား မှတ်ရသည်။ ကားအောက်ကို ဝင်ကာ ပြုပြင်ပေးရှာကြသည့် ဝပ်ရှော့ဆရာတွေဆိုမှာ ဘယ်လောက်တောင် ပူရှာကြလေမလဲ။ ခရီးသည်တွေကတော့ သစ်ပင်ရိပ်ကောင်းကောင်းရှိရာမှာ ရှာကာကြံကာ ခိုလှုံနေကြရသည်။

ညနေ သုံးနာရီလောက် ရောက်တော့ ကျနေနှင့်အတူ သစ်ပင်ရိပ်တွေလည်း နေရာရွှေ့သွားကြပြီ။ သစ်ရွက်တွေကြားက ကွက်ပြောက်ထိုးနေသော ကျနေရှိန်က ပိုပြီး ပူလောင်လာသလို ခံစားရ၏။ ပျော်ဘွယ်ဘက်မှ ရေခဲပုံးကြီးနှင့် ရောက်လာသော ရေသန့်ဘူးသည်လည်း တစ်လုံးမှ မကျန်အောင် ရောင်းကောင်းလှလေတော့ ကြုံရာကားနှင့် ပျော်ဘွယ်ဘက် ပြန်လိုက်သွားပြီ။ ကျွန်မတို့မှာ ရေသန့်ဘူး သုံးဘူး ထပ်ဝယ်ထားလိုက်သော်လည်း သည်ရေ သုံးဘူးကုန်သည်အထိ ကားပြင်ဆင်မပြီးလျှင်တော့ ရေတောင်သောက်ရဖို့ လမ်းမမြင်။ စောစောကလေးကတင် ရောက်လာသော အချဉ်ပေါင်းသည်လည်း ဇလုံဟောက်ဟောက်တစ်လုံးကုန်ပြီ။ နေကြာစေ့၊ မလိုင်လုံး စသည့်အထုပ်တွေ လည်ပင်းသီဆွဲလာသော သရေစာသည်လည်း ပြန်သွားခဲ့ပြီ။

ခရီးသည်အပေါင်းလည်း ကား ကောင်းနိုး ကောင်းနိုး မျှော်လင့်ချက်ဖြင့် ကားကို မချင့်မရဲကြည့်ကြရင်း တစ်ပဝါးမှမခွာနိုင်ကြရှာပါ။ ကားပြင်ဆရာတွေလည်း ကျောက်လမ်းပူပူကြီးပေါ်မှာ ကျောခင်းကာ ချွေးအိုင်ထဲ နစ်နေကြရှာ၏။

"ရွာထဲက အိမ်တစ်အိမ်မှာ မင်းတို့သားအမိ သွားနားကြပါလား။ ကလေး အပူရှပ်ပြီး ဖျားမှာ စိုးရတယ်"

ကျွန်မခင်ပွန်းက ပြောတော့ ကျွန်မတို့သားအမိ ကားလမ်း တောင်ဘက်ရှိ ဖက်တောရွာကလေးထဲ ဝင်ခဲ့ကြသည်။ မန်ကျည်းပင်ကြီးတွေ ဝိုင်းနေသော ခြေတံရှည်အိမ်ကလေးရှိရာကို ကျွန်မ သွား၍ နားခိုခွင့်တောင်းရပါသည်။ အိမ်ခြံဝိုင်းထဲ ဝင်လိုက်ကတည်းကပင် အေးစိမ့်သော အရသာ ထူးက ကျွန်မတို့ကို ဆီးကြိုမွေ့ဖက်လိုက်သလို ခံစားလိုက်ရ၏။ သည်နေရာ မှာတော့ အေးမြခြင်းအတွက် ဓာတ်အား မလို။ သဘာဝတရားကပဲ သဘာဝ အရသာ ပေးဝေထားလေသည်။

၄

"အိုဗျာ၊ သဘောရှိ လာနားကြစမ်းပါလေ့၊ ကျုပ်တို့က ကားပျက်တာ မြင်ကတည်းက စိတ်မရှမ်းသာလိုက်တာမှ၊ လာပြု ခေါ်ချင်ပေသိ ခင်ဗျား တို့က မကြိုက်မှန်းသိ ကြိုက်မှန်းသိနဲ့ပို့ အသာနေရတာ၊ လိုင် လိုင်"

အိမ်ရှင်ဖနီးမောင်နှံက ဖော်ဖော်ရွေရွေ ရှိရှာပါသည်။ ကျွန်မတို့ သားအမိကို ခြေတံရှည်အိမ်အောက်မှာ ခင်းထားသော တန်းလျားရှည်ကြီး တစ်လုံးပေါ် နေရာထိုင်ခင်းပေးရုံမက ရေနွေးပွဲ၊ လက်ဖက်ပွဲပင် တည်လိုက် သေး၏။ ခြေတံရှည်အိမ်ကလေးက အောက်ထပ်မှာ ကာရံမထားသော ဘောပတ်လည်က လေတွေ လွတ်လွတ်လပ်လပ်ရှပ်နေကြသည်။ မန်ကျည်း ပင်ကြီးတွေဆီက ယက်ထုတ်လိုက်သည်လေမို့ အေးလိုက် စက်လိုက်တာ မပြောပါနဲ့တော့ ဆိုသည့်အထဲက ဖြစ်၏။ ကားလမ်းဘေးက သစ်ပင် အောက်ထက်စာလျှင် မန်ကျည်းရိပ်ကောင်းကောင်းအောက်က ခြေတံရှည် အိမ်ကလေးက ပိုကောင်းသည်မဟုတ်လား။ အိမ်ရှင်တွေကလည်း မနော ကောင်းကြပါပေသည်။ သစ်ရိပ် ဝါးရိပ် အိမ်ရိပ်လေးက ယခုလို နွေမှာ အေးမြ သော အရိပ်ပါတကား။ ကျွန်မက ခင်ပွန်းသည်ကိုပါ လှမ်းခေါ်လိုက်သည်။

"ရေမွေးကြမ်းနဲ့ လက်ဖက်သုပ်စားကြဦး၊ ကိုယ်တောတော့ ရှိတာ ကျွေးရတာပဲ အားမနာနဲ့၊ နေဦး၊ ခင်ဗျားတို့ ခြေညောင်းလက်ဆန့် လုံချင် လုံရအောင် အဲ ဟို စင်ပေါ် ကျုပ်ရှင်းလိုက်ဦးမယ်"

ကျွန်မတို့က အားနာ တား တားသော်လည်း အိမ်ရှင် ကိုရိုးနိုင်က ဇွတ်ရှင်းသည်။ ဆိတ်လေး ငါးကောင်ရှိနေသည့် ဆိတ်ခြံအောက ကွပ်ပျစ်ကြီးကို တဘုန်းဘုန်းနှင့် ရိုက်ခါကာ သင်ဖြူးတွေခင်း၊ ခေါင်းအုံးတွေကို ပုဆိုးကောင်းပတ်ကာ ချပေးလိုက်ကြသေး၏။ သမီးကတော့ ဆိတ်တွေကို မမြင်ဖူးသဖြင့် အထူးအဆန်းဖြစ်နေရှာသည်။ ခဏနေတော့ အိမ်ရှင့် ကလေးတွေနှင့် အဖွဲ့ကျကာ ဆိတ်ခြံထဲပင် ဆင်းဆော့နေလိုက်သေးတော့၏။ ကျွန်မခင်ပွန်းက ကက်ဆက်တစ်လုံးနှင့် ဖက်တောရွာ သဘာဝတွေကို မေးလေသည်။

"မန်ကျည်းပင်ကြီးတွေ အကြီးကြီးပဲနော် ကောင်းလိုက်တာ"

"ကောင်းတာတော့ ပြောမနေနဲ့တော့၊ ကျုပ်တို့ မမွေးခင် ပဆသကာ ကတည်းက အပင်ကြီးတွေ၊ ကျုပ်တို့မိဘများ တစ်သက် အခု ကျုပ်တို့ တစ်သက် သည်မန်ကျည်းပင်နဲ့ စားနေရတာဘဲ"

မန်ကျည်းပင်မှာ မန်ကျည်းရွက်နုကလေးတွေက ပုရစ်ဖူး စီနေသည်။ သည်မန်ကျည်းရွက်နုကလေးတွေကို ခူးလိုသူ လာခူးနိုင်သည် ဆို၏။

"ကျုပ်တို့ဆီက မန်ကျည်းရွက်က ခင်ဗျားတို့ မန်းလေးထိ ရောက်တယ်၊ ရန်ကုန်လည်း ရောက်တာပဲ"

"သည်မန်ကျည်းရွက်ကလေးတွေ ကျွန်မတို့ မန္တလေးဘက် ရောက်တယ်ဆိုတော့ လမ်းခရီးမှာ ကြွေမကုန်ဘူးလား။ ကျွန်မဖြင့် မနက် ဈေးက ဝယ်လာပြီး မချက်ဖြစ်ရင် နောက်တစ်နေ့ ရိုးတံ တခြား၊ အရွက် တခြား ဖြစ်တာ များလွန်းလို့"

"ခူးတာ နည်းမကျလို့ နေမှာပေါ့ဗျ၊ ခူးတတ်ရင် ထားချင်သလောက် ထားစမ်း၊ ဒီမှာ ခင်ဗျား ကျုပ် ပြောလိုက်မယ် မန်ကျည်းရွက်ခူးတဲ့နေရာမယ် အရွက်ကို သပ်ခူးရင် မခံဘူး၊ လက်ပူမိရော။ အတက်ကလေးတွေ ဖဲ့ခူးမှ ခံတာ၊ ပြီးရင် ရေစိုပုဆိုးနဲ့ထုပ်ပြီး တောက်လျှောက်ပို့တာပဲ၊ ရေခြောက် သွားလိုက် ပက်လိုက်နဲ့ သယ်ရတာပေါ့၊ ဟိုရောက်လို့အထုပ်ဖြေလိုက်ရင် လတ်ကော့လို့။ တစ်စက် မညှိုးဘူး"

ကိုစိုးနိုင်က ပြောပြောဆိုဆိုဖြင့် မန်ကျည်းကိုင်းတစ်ကိုင်းကို ထနှိမ်တဲ့ပြီး အတက်ဖဲ့စနစ်သုံးကာ ခူးပြလိုက်သေး၏။ သူ့ပုံကိုကြည့်ပြီး ကျွန်မစိတ်ထဲ ခင်မင်သွားမိသည်။ ကိုစိုးနိုင်၏အစ်ကိုတော်သူ ကိုဗွေးမောင်ကလည်း မန်ကျည်းတစ်ပင် အသုံးဝင်ပုံတွေအကြောင်း အားရပါးရ ပြောပြပါသေးသည်။

"မန်ကျည်းရွက်ပြီးတော့ မန်ကျည်းသီးနုကလေးတွေ ပေါ်ပြီဆိုတာနဲ့ ခူးရောင်းကြတာပဲ၊ မန်ကျည်းသီး နုချိန်ရောက်ရင် ကုန်သည်တွေလာကြပြီပေါ့။ အသီးကြည့်ပြီး တစ်ပင်လုံး ပုတ်ပြတ်စနစ်နဲ့ အထွက်ခန့်မှန်းပြီး ဝယ်ကြတာပဲ"

မန်ကျည်းသီးဖိုးကချည်း တစ်နှစ်တစ်နှစ် ဝိုင်းထဲရှိသည့် အပင်တွေသီးသမျှ တစ်သိန်း၊ တစ်သိန်းခွဲ ပြေးမလွတ်ဟု ဆိုသည်။ ငွေကြေးထက်မိမွေဖမွေကို တန်ဖိုးထားပြောနေမှန်း ကျွန်မ သိပါသည်။ ဖက်တောရွာကလေးက တောင်သူလယ်လုပ် ခားမခုတ်ဘဝတွေ ဆိုသော်လည်း နွားမွေးကြ၊ ဆိတ်မွေးကြ တစ်ဖက်တစ်လမ်း ဝင်ငွေရှာကြသည်။ တောင်သူလုပ်ငန်းနားချိန်တွေမှာ ပန်းရန်လုပ်ငန်း ဝင်သူက ဝင်၊ လက်သမားလိုက်သူက လိုက်ကြသေးသည်။ စင်ကြယ်သော ဝင်ငွေဖြင့် ဝမ်းကျောင်းကြရှာသူတွေ။

"ဒါနဲ့ ခင်ဗျားတို့က နတ်မောက်သွားမှာဆိုတော့ အမျိုးရှိလို့လား"

"ကျွန်တော်တို့က စာရေးဆရာတွေပါ၊ ကနေ့ည နတ်မောက်မှာ စာပေဟောပြောပွဲ ဟောရမှာလေ။ ကားပျက်တော့ မမီလောက်တော့ပါဘူး"

"အေးအေးသာနေ၊ နတ်ရထားနဲ့ခေါ်လို့တောင် မမီဘူး။ ခရီးက ဝေးသေးပေါ့၊ ဩော် ဩော် ခင်ဗျားတို့က စာဟောဆရာတွေပေါ့"

"ဟုတ်ပဗျာ၊ ကျွန်တော်တို့က စာဟောဆရာတွေပါ၊ ရေးလည်း ရေး ဟောလည်း ဟောပေါ့၊ အခုတောင် ကိုစိုးနိုင်တို့အိမ်လာပြီး ပြောဟော စားနေတာပဲ" .

ကျွန်မခင်ပွန်းက အရှန်း ဖောက်လိုက်တော့ အိမ်ရှင်တွေက ရယ်ကြသည်။ ခဏအတွင်းမှာပင် ကျွန်မတို့အချင်းချင်း ခင်မင်ရင်းနှီးသွား တော့သည်။ တောသူတောင်သားများ၏မေတ္တာကား ပကတိ ဖြူစင် ရိုးသား လှပါသည်။

"ကိုင်း ခင်ဗျားတို့လည်း တစ်မနက်စာလုံး ကားစီးလာရတာ ညောင်းမှာပေါ့၊ ကွပ်ပျစ်ပေါ် သွားလှဲချည်ကြ၊ တစ်ရေးတစ်မောအိပ်ကြ၊ ကားက မပြီးသေးပါဘူးဗျ။ အိပ်ရာကနိုးရင် ရေချိုး၊ ထမင်းလည်း ချက်နေပြီ၊ ညစာပါ စားသွားကြ"

"ဟာ မလုပ်ပါနဲ့ဗျာ၊ နားရ ခိုရတာကို ကျေးဇူးတင်လှပါပြီ။ ရေချိုး ထမင်းစားတော့ သည်းခံကြပါ၊ ကားလည်း ပြီးတော့မှာပါ"

" ဒီမှာ ခင်ဗျား ကျုပ်ပြောလိုက်မယ်၊ ကျုပ်တို့က အိမ်လာလည် လှည့်ပါ ဆိုလို့ ခင်ဗျားတို့ မလာနိုင်ကြပါဘူး၊ မှန်တာပြောတာ။ ကျုပ်တို့ ကလည်း လမ်းမှာတွေ့လို့တောင် ခင်ဗျားတို့ကို သိတာမှတ်ဘူး။ တစ်ယောက်နဲ့ တစ်ယောက် ရေးက ဘဝရေစက်ရှိလို့ ဆုံကြရတာ သည်လိုမှ ထမင်းမကျွေး ရရင် ဘယ်ကုသိုလ်ရလိမ့်မတုံး"

ကျွန်မတို့ ကွပ်ပျစ်ပေါ်လှဲနေတုန်းမှာပဲ ကိုစိုးနိုင်က ရေပုံးနှစ်ပုံး ထ ဆွဲကာ စဉ့်အိုးထဲ ရေတွေ ထမ်းထည့်လေတော့သည်။ လေးနာရီတောင် ခွဲသွားပြီ။ ကျွန်မတို့ ဟောရမည့် နတ်မောက်မြို့ စာပေဟောပြောပွဲလည်း သည်ည ကျင်းပဖြစ်စရာ မမြင်တော့။ စိတ်ကိုသာ တုံးတုံးချလိုက်ရပြီ။

နာရီဝက်လောက် ခြေဆန့်လက်ဆန့် နားကြပြီးတော့ ကျွန်မတို့ မိသားစု ရေချိုးကြသည်။ အေးလိုက်သည့် ဖက်တောတွင်းရေ။ ပူလောင်နေခဲ့သမျှ အေးမြ လန်းဆန်းသွားရသည်။ ကျွန်မတို့ ရေချိုးနေတုန်းမှာပဲ ကိုစိုးနိုင်က မန်ကျည်းပင်ကြီးတစ်ပင်ပေါ် လွှားခနဲ လွှားခနဲ တက်နေပြီ။ လမ်းပေါ်က ကားကြီးကတော့ တုတ်တုတ်မျှ မလှုပ်သေး။ ကားပြင်နေကြသူတွေခမျာ အတော် ကြိုးစားပမ်းစား လုပ်နေကြရရှာသည်။ နေကလေးညိုသွားတော့ ခရီးသည်တွေ ကားဘေးမှာ စုကြပြန်ပြီ။ ကိုယ့်အစုကလေးတွေနဲ့ကိုယ် ဟိုတစ်စု သည်တစ်စု။

"ကဲ ဟောသည်မှာ မန်ကျည်းရွက်လက်ဆောင်၊ ရေစိုဝတ် ကလေးနဲ့ ထုပ်သွား၊ ခင်ဗျားတို့ နတ်မောက်က ပြန်လို့ မန်းလေးရောက်တဲ့ အထိ ခံတယ်။ ကျုပ်တို့ တောတော့ ဒါပဲ ပေးစရာရှိတာပဲ"

သည်စကားကြားရတော့ ကျွန်မ ဝမ်းနည်းသွားမိရသည်။ မန်ကျည်းရွက်နု လက်ဆောင်တဲ့လား။ ကိုယ့်တောရှိတာ ပေးရတာတဲ့လား။ မွန်မြတ် လှပသော လက်ဆောင်ပါတကား။

ကိုစိုးနိုင်က မန်ကျည်းရွက်တွေ တစ်ထုပ်ကြီး လက်ဆောင်ပေးနေစဉ်မှာ ကိုစိုးနိုင်၏ဇနီး မနီနီဝင်းက ထမင်းပွဲကြီး ပြင်ပါလေတော့သည်။ မန်ကျည်းရွက်နှင့် ငါးခြောက်ချက်၊ ကြက်ဥမွှေကြော်၊ လက်ဖက်သုပ်။ ဆရာကြီး ရွှေဥဒေါင်းစကားနှင့် ပြောရလျှင် ကျွန်မအတွက်တော့ မမေ့နိုင်သော ထမင်းတစ်နပ်ဖြစ်ရပါသည်။ ကျေးဇူးကြီးလှပါပေ့။

ခရီးလမ်းပန်း အဆင်မပြေ မချောမသာသဖြင့် စိတ်ညစ်ညူးမိရသော်လည်း နွေးထွေးလှိုက်လှဲသော ဖက်တောရွာကလေးမှာ တစ်နေခိုခွင့် ရသည့်အတွက်တော့ စိတ်ချမ်းမြေ့ရပါ၏။ ကားပေါ်မှာ တစ်လမ်းလုံးလိုလို လူ့စိတ်သဘော၊ လူ့စိတ်မနှောတွေကို မြင်ခဲ့ရပြီ။ အရောင်စုံ အသွေးစုံ။ အခုလည်း ရိုးသားဖြူစင်လှစွာသော ကျေးတောနေ တောသူတောင်သားများ၏

စိတ်စေတနာကို မြင်ခွင့်ရပြန်သည်။ သည်ဝလေ့၊ သည်စရိုက်၊ သည်အရိုးခံ စေတနာတွေ ရှိနေပါသေးလားဆိုသည့် ခံစားမှု ဝင်လာတော့ မျက်ရည် စို့အောင် ဝမ်းသာမိရပါ၏။

"ကဲ ကိုစိုးနိုင် ကျွန်တော်တို့က မေတ္တာနဲ့ပေးတဲ့ လက်ဆောင် တိုလည်း လက်ခံပါ၊ တန်ဖိုးမရှိပေမဲ့ အမှတ်တရပေါ့"

ကျွန်မတို့မှာ လျှပ်စစ်ဖြင့် ဓာတ်အားသွင်းရသည့် လက်နှိပ် ဓာတ်မီး တစ်ယောက်တစ်လက်စီ ပါကြသည်။ ဖက်တောရွာမှာ လျှပ်စစ်မီး ရှိတာမို့ သူတို့အတွက် အသုံးတည့်လောက်သည့် လက်နှိပ်ဓာတ်မီးတစ်လက် လက်ဆောင်ပေးတော့ ကိုစိုးနိုင်တို့က ငြင်းကြသည်။

"တရားဟာဆို ယူပါတယ်ဗျာ၊ အစ္စ ခင်ဗျားတို့က ခရီးသွား ကြတာ မှတ်လား၊ လမ်းမှာ ရှေ့ခင်းလက်ခင်း သုံးရမယ့် ခရီးဆောင်ပစ္စည်း မလိုရှင်ဘူးဗျာ"

ကျွန်မက ကျွန်မထံမှာပါလာသော နောက်ထပ် ဓာတ်မီးတစ်လက် ထုတ်ပြတော့မှ အားနာနာနှင့် ယူရှာသည်။ ကျွန်မခင်ပွန်းက ဓာတ်အားသွင်း ခလုတ်ကလေးကို ထုတ်ပြီး ပလပ်ပေါက်မှာထိုးပြတော့ ကိုစိုးနိုင်က သဘော ကျနေသည်။

ကျွန်မတို့မှာ ခြေညောင်းလက်ဆန့် နားပြီးပြီ။ ရေမိုးလည်း ချိုးပြီးပြီ။ ညစာထမင်းလည်း စားပြီးပြီ။ လက်က နာရီကိုကြည့်လိုက်တော့ ညနေ ခြောက်နာရီ ထိုးလုပြီ။ တစ်နေတောင် ဝင်သွားပါပြီကော။ ကားကြီး ကိုတော့ ပြင်ကြ ဆင်ကြတုန်း။ လူတွေကလည်း စိတ်ရှည်လက်ရှည် ထိုင်စောင့်နေကြတုန်း။ မကွေးနတ်မောက်အထိ သွားချင်လို့ ခရီးကြုံ ကားလည်း မရှိ။ သည်မှန်လုံကားတစ်စီးသာ ထွက်သည်မဟုတ်လား။ လမ်းရွာကလေးတွေဘက်ဆီ ခေါက်တိုကူးနေကြသော ထော်လာဂျီကလေး တွေပင် အသွားအလာ သိပ်မရှိတော့ပါ။ ပေါ်လာသမျှ ထော်လာဂျီတွေ

ပေါ်မှာလည်း ခရီးသည်တွေရော ကုန်တွေရော အပြည့်။ ဆိတ်တွေ၊ သိုးတွေ၊ ဝက်တွေ၊ ကြက်တွေပင် ပါလိုက်သေးသည်။

"ပစ္စည်းတပ်ပြီးသွားပြီတဲ့၊ ကား ကောင်းသွားပါပြီ"

ကားဆီကိုသွားပြီးကူညီနေသော ဖက်တောရွာသား ကိုဌေးမောင်က သတင်းကောင်းကို သယ်ဆောင်လာသည်။ ညခုနစ်နာရီလည်း ထိုးလေပြီ။

"ကား ကောင်းတော့လည်း သွားတာပေါ့၊ ကားပြင်မပြီးလည်း ကျုပ်တို့အိမ် အိပ်လို့ ရပါသဗျား"

"နတ်မောက်အထိ ဘယ်လောက်မောင်းရဦးမှာလဲ ကိုစိုးနိုင်"

"မောင်းရတာပေါ့ ငါးနာရီ ရောက်နာရီလောက်တော့ ပျော်ဘွယ် နတ်မောက် ရောက်ဆယ့်နှစ်မိုင် ခရီးရှိတယ်၊ နည်းမှတ်လို့။ ခင်ဗျား ကျုပ် ပြောလိုက်မယ်၊ ခင်ဗျားတို့ ည တစ်ရှက် နှစ်ရှက်လောက်ရောက်ရင် အာဂပဲ"

မနီနီဝင်းတို့တစ်တွေကို နှုတ်ဆက်ပြီး ကားလမ်းဘက် ကျွန်မတို့ တက်ခဲ့ကြသည်။ ခရီးသည်တွေအားလုံးလည်း ကားနား စုပြုလာကြပြီ။ ကိုဌေးမောင်နှင့် ကိုစိုးနိုင်က ကျွန်မတို့ကို ကားပေါ်လိုက်ပို့ရင်း ခရီးကြုံတိုင်း ဝင်ဖို့ ပြောကြသေးသည်။ ခဏတစ်ဖြုတ် ဆိုသလိုသာ တွေ့ကြ ဆုံကြရသော်လည်း စိတ်ကောင်းနှလုံးကောင်းရှိသော မြေလတ်အညာမြန်မာတွေ ကတော့ အရိုးစွဲအောင် ဖော်ရွေစိတ် ထားနေကြဦးမှာမလွဲ။ သည်မိသားစုနှင့် ခွဲရတော့ လွမ်းမိသလိုလို ဖြစ်ရသေးသည်။

ည ခုနစ်နာရီခွဲတော့မှ ကားကြီးနိုးလာကာ နတ်မောက်ဘက်ကို ဦးတည်မောင်းနှင်လာခဲ့နိုင်သည်။ ဖက်တောရေ နှုတ်ဆက်ခဲ့ပါရဲ့။

၅

"ကားမီး ပိတ်လိုက်စမ်းပါဗျို့၊ သည်မှာ ပိုးကောင်တွေ မျက်စိတောင် ဖွင့်လို့ မရဘူး"

ကားက ထွက်စဆိုတော့ မကြာမကြာ ကားရပ်ကာ လိုက်လံစစ်ဆေးနေရသည်။ ကားစက်ရှိန်လျှော့လိုက်တိုင်း လမ်းဘေး ချုံပုတ်တွေထဲမှာ အောင်းနေသော ပလူကောင်တွေ၊ ပိုးဖလံတွေ၊ ပိုးတောင်မာတွေက မီးဖွင့်ထားသည့် ကားမီးရောင်ဆီ အလုအယက် တိုးဝင်လာကြသည်။ ကျွန်မတို့သားအမိမှာ တဘက်တစ်ထည်ဖြင့် ရိုက်ချနေရ၏။ ကားမီးပိတ်လိုက်တော့လည်း မှောင်နှင့်မည်းမည်း။ လမ်းဘေးဝဲယာရှိ သစ်ပင်ချုံပုတ်များ၊ မိုင်တိုင်များ၊ ရွာကလေးများကို ကားဆလိုက်မီးရောင်ဖြင့် အပြေးအဖြန်းသာ မြင်ရ၏။ အမှောင်ထဲကနေ ဝိုးတဝါးလှမ်းမြင်လိုက်ရသော ရွာအမည်ကလေးတွေကိုလည်း ခေါင်းထဲမှာပဲ တေးမှတ်ထားလိုက်ရတော့၏။

ကုက္ကိုခါးလှ၊ ရနေဝင်၊ ညောင်ကုန်း၊ သဖန်းချောင်း၊ ရွာတော်၊ စိုင်ကောင်း၊ ဗူးတော၊ ဃဲကြီး၊ ကျားထူး၊ ရွာမွန်၊ လေးအိမ်၊ ကျွဲမကျ။ ကားလမ်းဘေးတစ်လျှောက် ရွာစဉ်အတိုင်း မဟုတ်သော်လည်း ကျွန်မ ခေါင်းထဲစွဲနေသော ပျော်ဘွယ် နတ်မောက်နယ်က အညာရွာကလေးများ ဖြစ်ပါ၏။

မနက်စာစားမည်ဆိုသော ရနေဝင်ရွာကလေးကိုရောက်တော့ ညစာ စားဖို့ ကားရပ်ပေးသည်။ ခရီးသည်တချို့လည်း ထမင်းစားကြသည်။ ကျွန်မတို့နှစ်ယောက်ကတော့ ကော်ဖီတစ်ခွက်စီပဲ သောက်လိုက်ကြပါသည်။ နှစ်နာရီ သုံးနာရီလောက် မောင်းမိတော့ လမ်းဆင်းခရီးသည်တွေ ဆိုင်ရာဆိုင်ရာ ရွာကလေးတွေမှာ ဆင်းကြသည်။ တချို့လည်း အချိန်တွေ လင့်နေတော့ တစ်ရွာတစ်ရွာမကူးနိုင်ကြတော့။ ကြုံရာ ရွာမှာ ညအိပ်ကြရမည်ဆို၏။ ကားထွက်လာတော့ အမှောင်ထဲမှာ စမ်းတဝါးဝါး ပျောက်ကွယ်သွားကြသော ခရီးဖော်များကို ကျွန်မ လှမ်းကြည့်ဖြစ်ခဲ့သည်။ မကြာခင်မှာပဲ ကျားထူးချောင်းခြောက်ကျယ်ကျယ်ကြီးထဲ ကားဖြတ်မောင်းလာခဲ့သည်။ အမှောင်ထဲက လှမ်းကြည့်ရသော်လည်း ချောင်းကြီးက ကျယ်လွန့်မှန်းသိသာလှသည်။

"ကျွန်တော်တို့ မကွေး နတ်မောက်ကားတွေမှာ အဆိုရှိတယ်၊ ကျားထူးကို မကျော်နိုင်ရင် မန္တလေး မရောက်ဘူးတဲ့၊ အခုထိတော့ မိုးချောင်း ကျတာ မကြုံဖူးသေးဘူး"

စပယ်ယာကောင်လေးက ပြောနေခြင်းဖြစ်၏။ ရွာမွန်ရွာကို ရောက်တော့ မီးရောင်တွေ လင်းနေတာ တွေ့ရသည်။ ရွာမွန်လမ်းဆုံမှာ လမ်းညွှန်ဆိုင်းဘုတ်ကြီးကတော့ အချိန်အခါမရွေး ရောက်လာတတ်သော ခရီးသည်များကို တာဝန်ကျေပွန်စွာ လမ်းညွှန်ပေးနေ၏။ မကွေး နတ်မောက်ဘက်သို့ တစ်လမ်း၊ ကျောက်ပန်းတောင်းသို့တစ်လမ်း၊ ပျော်ဘွယ်သို့ တစ်လမ်း။ ရွာမွန်လမ်းဆုံက ကားထွက်တော့ ညသန်းခေါင်ချဉ်းခဲ့ပြီ။

"ငွေးချို ဖုံကုန်း ဇရပ်ပါတယ်၊ ရှေ့နားဆင်းမယ်ဗျို့"

ကျွန်မတို့နောက်ခုံမှာ ထိုင်လိုက်လာသော ခပ်ရွယ်ရွယ် ဇနီး မောင်နှံက ကျွန်မတို့သားအမိကို နှုတ်ဆက်သည်။ သည်ဇနီးမောင်နှံက ငွေးချို မြောက်ရွာကဟု ဆိုသည်။

"သည်ညတော့ ရွာဘက်သွားနိုင်မှာ မဟုတ်ဘူး၊ ချောင်းကူးရဦး မှာလေ။ မနက်မှ ရွာကိုသွားရမှာ၊ သွားမယ်နော် အစ်မ"

ငွေးချိုဖုံကုန်းဆိုတာ ဆရာကြီး သခင်ဘသောင်း၏ ဇာတိ ရွာကလေး ဖြစ်၏။ ကားပြတင်းက ခေါင်းပြူပြီး မြင်ရသမျှ လှမ်းကြည့် ရင်းက သည်လို တောနယ်ကလေးက သမိုင်းဝင် မျိုးချစ်သူရဲကောင်းတွေ ထွက်တဲ့ နယ်ပါလားလို့ ခံစားမိပါရသည်။ ဆရာကြီး၏ 'ပန်းသာ မစာအု' ဝတ္ထုထဲမှာ ဖွဲ့နွဲ့ထားသော ပေပင်ကုန်းရွာကလေး၏ သဘာဝ အလှအပ ကလေးတွေများ တွေ့ရလေမလား အမှောင်ထဲမှာပဲ ကျွန်မ မှန်းဆ ကြည့်လိုက်ရပါသည်။ ကားဆင်းတွေ များလာတော့ နတ်မောက်ကို သိပ်မဝေးတော့ဟု ဆိုသည်။ မကြာခင်မှာပဲ ကျွန်မတို့ ရောက်လိုသော နတ်မောက်ကို ရောက်လာခဲ့ပြီ။

'နတ်မောက်မြို့'

မိးရောင်ထဲမှာ လှပ်းမြင်လိုက်ရသော မြို့ဆိုင်းဘုတ်ကြီးက ကျွန်မရင်ကို နွေးစေခဲ့ပြီ။ မနက်ခြောက်နာရီက ကျွန်မတို့ စီးလာခဲ့သော မှန်လုံကားကြီးသည် ညတစ်နာရီသာသာလောက်မှာ မီးရောင်တွေ လင်းနေသည့် နတ်မောက်ကို ဝင်ခဲ့ပြီ။ ခရီးက မကွာလှမ်းလှသော်လည်း နတ်မောက်ကို ရောက်ဖို့ အချိန်တွေ အများကြီးပေးလိုက်ရသည်။ ခရီးလမ်းမှာ မကြာသင့်ဘဲ ကြာခဲ့ရ၏။ အချိန်တွေ လင့်ခဲ့သော်လည်း နောက်ဆုံးတော့ နတ်မောက်ကို ရောက်ရပြီကော။ ကျွန်မတို့မိသားစု နတ်မောက်မြို့ကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီးရောက်ခဲ့ပြီကော။ သမီးကလေးတောင် နိုးနေပေါ့။

မှန်လုံကားကြီးပေါ်က ကျွန်မတို့မိသားစု ဆင်းကာ နတ်မောက်မြေကို ခြေချလိုက်မိသည်နှင့် ကျွန်မ ရင်တွေ သိမ့်ခနဲ ခုန်မိရသည်။ စာပေကော်မတီတွေ ကြိုဆိုနေကြပြီ။ ကားပျက်သည့်သတင်း ရသည်ဆိုကတည်းက စာပေပရိသတ်ကို တောင်းပန်ပြီး ပြန်လွှတ်လိုက်ရသည် ဆို၏။

"ကိုင်း နားကြဦး၊ မနက်တော့ နတ်မောက်ဈေးကိုလည်း လိုက်ပြပါ့မယ်၊ ဗိုလ်ချုပ်အောင်ဆန်း နေအိမ် ပြတိုက်ရော၊ ရုပ်ထုပန်းခြံရော မြင်းလှည်းနဲ့ လိုက်ပို့ပါ့မယ်၊ ညဘက်မှာလည်း အားရပါးရ ဟောပေးကြပါဦး"

သည်လိုဆိုပြန်တော့ အမောတွေ ပြေရပါသကော။

နတ်မောက်မြို့ မနက်ခင်းကို ကျွန်မ မြင်ချင်လှပြီ။

ရွှေအမြုတေမဂ္ဂဇင်း၊ ၂၀၀၆၊ ဖေဖော်ဝါရီ

□

# ညနေပန်းသိ

၁

လေပူကြီးတစ်ချက် မွှေ့လိုက်သဖြင့် ရွက်ကျင်ရွက်ဟောင်းတို့ တဖြုတ်ဖြုတ် ကြွေကြလေပြီ။ အညာဒေသ၏ ပြင်းထန်သော နေပူလေပူ အခိုးအငွေ့တွေ အောက်မှာ သရက်ကန့်ရွာ သင်္ချိုင်းမြေသည် သဘာဝအလျောက် တိတ်ဆိတ် ငြိမ်သက်လျက် ရှိ၏။ လေပူ 'ဝဲ' လေပူ 'ကတော့' တွေ ဟိုတစ်နေရာ သည်တစ်နေရာက ခေါင်းထောင်ထလာလေတိုင်း ဖုန်ခိုးတွေက ပတ်ဝန်းကျင် တစ်ဝိုက် မှုန်မှိုင်းသွားစေသည်။ နှစ်ထမ်းကြာလှပြီဖြစ်သော ကုက္ကိုပင်ကြီး များ၏ အုပ်အုပ်ဆိုင်းဆိုင်း အရိပ်များအောက်ရှိ သင်္ချိုင်းဇရပ်ကလေးကတော့ ဟောင်းနွမ်းလှသလောက် ပကတိတိတ်ဆိတ်လျက်ရှိပါ၏။ တစ်ခါတစ်ရံ နွားကျောင်းသား တစ်ယောက်စ နှစ်ယောက်စ လောက်သာ ဇရပ်ခါးပန်း ခေါင်းတင်ရင်း အိပ်မောကျ နေတတ်တာမျိုး ရှိတတ်ပါ၏။

ကျေးရွာသင်္ချိုင်းဆိုတော့ အုတ်ဂူရယ်လို့ များများမရှိ။ လှည်း လမ်းမတန်းဘက်က မြင်ရသော သင်္ချိုင်းဝမှ အုတ်ဂူပြာသာဒ်ကြီးကတော့ ထင်းရှူးပဒေသာပင်သန်သန်ကြီးလို အောက်ကား၊ အပေါ်ရှူး မားမားကြီး

ရပ်တည်လျက်ရှိရာ အဝေးကပင် ထင်းခနဲ မြင်နိုင်ပါ၏။ ထိုပြာသာဒ်ကြီး ထိုးထိုးထောင်ထောင်သည်ပင် သရက်ကန်သင်္ချိုင်း၏ သင်္ကေတဖြစ်သည်။ အဝေးရွာတွေဆီက လှည်းသမားတွေက အုတ်ဂူပြာသာဒ်ကြီးကို မြင်ရပြီဆိုလျှင် သရက်ကန်ရွာ အနောက်ဇည်းရိုးတံခါးကို နီးပြီလို့ မှန်းနိုင်ကြသည်။ ရေညှိတွေ တက်နေပြီဖြစ်သော သည်ပြာသာဒ်မားမားကြီးက အပြုအပြင်မရှိ။ ပကတိ ဟောင်းနွမ်းနေပါပြီ။ တစ်ခါက သစ်လွင်ခဲ့ဟန်တူသော ကနုတ်ခက်၊ ကနုတ်နွယ်တွေကလည်း အပြည့်အစုံ မရှိတော့။ ပျက်တာတွေ ပျက်ကုန်ပြီ။ ပဲ့တာတွေ ပဲ့ကုန်ပြီ။ ချုံတွေ နွယ်တွေကလည်း ပိတ်၍နေကြပြီ။ ညိုမွဲမွဲ ရေညှိရောင် မြင့်ချွန်ချွန်ကြီး ထိုးထွက်နေခြင်းသည်ပင် ထူးခြားသောအသွင်ကို ဆောင်လျက်ရှိပါ၏။

"ဒေါ်သန်းမှိ"

အုတ်ဂူပြာသာဒ်အောက်ခြေခုံပေါ်က အင်္ဂတေထွင်း စာလုံးတွေကတော့ ချုံတွေကို ဖယ်ရှားပြီး ဖတ်မည်ဆိုလျှင်တော့ ဖတ်လို့ရနိုင်ပါသည်။ ထူးခြားတာက နှစ်စဉ် တန်ခူးလကွယ်နေ့ဆိုလျှင် သရက်ကန်ရွာကို ဦးပဥ္စင်းကြီးတစ်ပါး ကြွလာတတ်ခြင်းဖြစ်သည်။ ရွာကတော့ ဦးပဥ္စင်းကြီးကို သိနေကြသကဲ့သို့ နှစ်အဆက်ဆက် တစ်ဆင့်စကား တစ်ဆင့်နား လက်ဆင့်ကမ်းလာကြသဖြင့် ပြာသာဒ်ချွန်ချွန်နှင့် နီးနွယ်သော ရေးဖြစ်ဟောင်းကိုပါ သိထားကြလေသည်။ သရက်ကန်နှင့် အနီးပတ်လည်ရွာတွေမှာတော့ သည်အဖြစ်သည် စကားရောက်တိုင်း ပြောကြရသည့် ဇာတ်လမ်းဖြစ်၏။ တချို့က အာဂန္တုပဥ္စင်းကြီး၏မယ်တော်ကြီး လဲလျောင်းနားခိုရာ သရက်ကန်သင်္ချိုင်းသို့ နှစ်စဉ် မပျက်မကွက် ကြွရောက်ပြီး အမျှဝေခြင်း၊ မေတ္တာပို့ခြင်းများ ဝတ်မပျက် ပြုလုပ်တတ်သည်ကို သိကြသဖြင့်လည်း နှစ်စဉ် တန်ခူးလကွယ်နေ့ဖတိုင်ခင် ရက်တွေမှာ ကြိုတင်ရှင်းလင်း ကုသိုလ်ယူကြတာလည်း ရှိ၏။ ဦးပဥ္စင်းကြီးက သူသာနိဗ္ဗာရပ်တွင် 'နေရာထိုင်'ခင်းကာ တစ်နေ့ပတ်လုံး မေတ္တာဘာဝနာ

စီးဖြန်းတော်မူလေ့ရှိသည်။ ဆောင်ရှက်စရာပြီးဆုံးလျှင်တော့ တိတ်တိတ်ဆိတ်ဆိတ် ပြန်ကြွသွားလေ့ရှိ၏။ သည်ပြုမြဲဝတ်ကို ဆောင်ခဲ့သည်မှာ နှစ်ပေါင်း သုံးဆယ်ကျော်ခဲ့ပြီ။ နှစ်ပေါင်းသုံးဆယ်ကျော်ကာလများအတွင်း တစ်နှစ်မှ မပျက်ကွက်ခဲ့။

ဦးပဉ္စင်းကြီး ကြွလာသည့်အခါတိုင်း သရက်ကန်ရွာတွင် နံနက်ပိုင်း အိမ်စဉ် ပတ္တပိုက် ဆွမ်းခံလေ့ရှိ၏။ ဆွမ်းကိုလည်း သုသာန်ဇရပ်မှာပင် သပိတ်ဖြင့် ဘုဉ်းပေးတော်မူ၍ ဆွမ်းကိစ္စပြီးသည်နှင့် မေတ္တာဘာဝနာ စီးဖြန်းသည်။ ထိုနေ့တွင် လာနေကျ နွားကျောင်းသားတွေပင် အနားမသီကြတော့။ ကျွဲ နွား လွှတ်ကျောင်းတာမျိုးလည်း မလုပ်ကြ။ ဆွမ်းကိစ္စပြီးသည်နှင့် တစ်နေ့ပတ်လုံး ဇရပ်ပေါ်မှာပဲ တရားထိုင်သည်။ ပြုဖွယ်ကိစ္စ ဆောင်ရွက်သည်။ ညနေစောင်း ပြန်ကြွသွားသည့်နောက် တစ်နှစ်လုံး ပေါ်မလာပြန်တော့။

တချို့က ဦးပဉ္စင်းကြီးကို 'သုသာန်ဓူတင်' ဆောင်သည့် ပုဂ္ဂိုလ်ဟု ပြောကြသည်။ တချို့က 'တောကျောင်း' ၌ သီတင်းသုံးသည့် ပုဂ္ဂိုလ်ဟု ပြောကြသည်။ တချို့က သုံးထည်သော သင်္ကန်းဖြင့် ခြိုးခြံသော တိစီဝရိတ် ပုဂ္ဂိုလ်အဖြစ် ပြောကြသည်။ ဦးပဉ္စင်းကြီးကတော့ ပြုမြဲဝတ်ကိုသာ ဆောင်တော်မူသည်။ နှစ်စဉ်ကြွရောက်လာမြဲ ကြွလာသည်ကလွဲ၍ တခြားဘာကိုမျှ မိန့်တော်မူလေ့ မရှိ။

ရွာလူကြီးများက တည်းကျောင်း ဆောက်လှူရန် လုံးပမ်းကြသည်၊ ဦးပဉ္စင်းကို ချဉ်းကပ်ကာ ရွာမှာပင် သီတင်းသုံးရန် လျှောက်ကြသည်၊ ဦးပဉ္စင်းကြီးက လက်မခံပါ။ ရွာက လှည်းဆင့်ကာ ကုသိုလ်ယူကြတော့မည် ဆိုတော့လည်း ခွင့်မပြု။ ခြေကျင်သာ ပြန်ကြွတော်မူသည်။ သပိတ်ကို လွယ်လျက် ရွာလမ်းအတိုင်း တလှုပ်လှုပ်ပြန်ကြွတော်မူသည်။ ဦးပဉ္စင်းကြီး ပြန်ကြွသွားပြီဆိုသည်နှင့် ထိုအုတ်ဂူပြာသာဒ်နှင့်ဆိုင်သော ဇာတ်လမ်း

ဟောင်းသည် အသစ်ဖြစ်ရပြန်တော့သည်။ သတိတရ ပြောဖြစ်ကြပြန်တော့သည်။

တစ်ခါက သည်ရွာကလေးမှာ ဖြစ်ခဲ့သော လူ့သဘာဝ သရုပ်ဖော်ဇာတ်လမ်း ရိုးရိုးပင်ဖြစ်သော်လည်း အနားရွာတွေမှာတော့ တစ်နှစ် တစ်ခါ ပြောစရာဖြစ်ခဲ့ရသည်။ တစ်နှစ် တစ်ခါ သည်ဇာတ်လမ်းကို ပြန်လည်သတိရစရာ ဖြစ်ကြရသည်။ နေဝင်ရိုးရီမှာ ပြန်ကြွသွားတတ်သော ဦးပဥ္စင်းကြီး၏ ပုံရိပ်များနှင့်အတူ ဝေဝါးလုပြီဖြစ်သော တစ်ခါက ထိုဇာတ်လမ်းသည်လည်း ပြန်လည်အသက်ဝင်လာလေတော့သည်။

၂

"သံချောင်းမီးကင် ကံကောင်း သင်းရီ"
"မြေကြီးအုပ်စုံချ ပေသီး ဘုတ်ဆုံမ"
"အကောင်ရှည် လင်းမြွေ မောင်ရွှေ နှင်းမေ"
"ညနေ ပန်းသီ မြဖေ သန်းမို"

သရက်ကန် ရွာဦးကျောင်းက ကျောင်းဝင်းကြီး ကျယ်သလောက် ရဟန်းသာမဏေ များသည်။ ကိုရင်၊ ကျောင်းသား၊ ကျောင်းသူတွေလည်း များသည်။ သစ်ပင်ပန်းမန်တွေလည်း စုံလှပါ၏။ ကျေးငှက်များ၊ ကျောင်းခွေးများသာမက ဆရာတော်မွေးထားသော ယုန်များနှင့် ဥဒေါင်းများပင် ရှိသည်။ စာအံသံ တညံညံ၊ ဝတ်တက် အမျှဝေသံ တစီစီ၊ စည်ထိုးသံ၊ နှောင်ဒိုင်းရိုက်သံများကလည်း အချိန်နှင့်အမျှ စဉ်ဆက်မပြတ် ပေါ်ထွက်နေတတ်သည့် ရှေးကျောင်းကြီးဖြစ်သည်။

သရက်ကန် ရွာဦးရွာဖျားရှိ သရက်ကန်ဘုန်းကြီးကျောင်း ကျောင်းလွှတ်လိုက်ပြီဆိုသည်နှင့် အိမ်ကို တန်းခနဲ ပြေးကြသည့် ဘုန်းကြီးကျောင်းသား ကျောင်းသူတွေ အသံက ရွာလမ်းမှာ ပွက်ပွက်ညံကြလေပြီ။

စာပြောင် စာချိုးတွေ အော်ကြဟစ်ကြရင်း ရွာလမ်းမှာ ဖုန်တွေ လုံးလုံး ထအောင် ရုပ်တိုက်ပြေးကြသော ဘုန်းကြီးကျောင်းသားတွေထဲမှာ မြို့က သစ်စက်ပိုင်ကြီး၏ သားဖြစ်သူ မောင်မြဖေလည်း ပါပါ၏။ ခေတ်အခါအရ ဒုတိယကမ္ဘာစစ်မီး တောက်လောင်နေချိန် ဆိုတော့ မြို့ပေါ်မှာ အခြေအနေ မကောင်းသည့်အတွက် စက်ပိုင်ကြီး မိသားစုလည်း အများနည်းတူ သရက်ကန် ရွာအထိ ရောက်လာပြီး စစ်ပုန်းနေကြခြင်းဖြစ်ပါသည်။

သစ်စက်ပိုင်ကြီး ဦးမြက သရက်ကန်ရွာဆက် မဟုတ်သော်လည်း စက်ပိုင်ကြီး၏ ဇနီး ဒေါ်တင်အောင်က သရက်ကန်ရွာနှင့် သွေး ဝေးလှသူ မဟုတ်။ ဆွေနီးမျိုးနီးတွေ ရှိကြသေးသည်။ ဒေါ်တင်အောင်၏မိခင်က သရက်ကန်ရွာသူဖြစ်၍ ဖခင်ဖြစ်သူနှင့် အကြောင်းပါပြီးကတည်းက မြို့ကို ပါသွားလေရာ အလိုလို မြို့သူဖြစ်ရတော့သည်။ ဒေါ်တင်အောင်ကတော့ မြို့နေမြို့သွေး မြို့သူစစ်စစ်ပင်။ သရက်ကန်ရွာမှာ မိခင်ဘက်က ဆွေမျိုးတွေ ရှိကြသေးသော်လည်း တစ်ခါတစ်လှည့်မျှပင် မရောက်ခဲ့ရ။ မိခင်ရှိစဉ်က ရောက်ခဲ့ဖူးသည်ဆိုရုံသာ ရှိ၏။ အခုလို စစ်ဘေးစစ်ဒဏ်ကြောင့် ရှောင်စရာ ရှားစရာ ရှိလာတော့လည်း ရှေ့မျက်နှာ နောက်ထားကာ သရက်ကန် ရွာရိပ်ကိုပင် လာရောက်ခိုလှုံကြရသည်။

ရွာကလည်း လိုလားကြပါ၏။ အနေစိမ်းတုန်းက စိမ်းခဲ့ကြ သည့်တိုင် စစ်ခိုပါရစေ ဆိုတော့လည်း ဝမ်းမြောက်ဝမ်းသာ လက်ခံကြရ သည်သာ။ သရက်ကန်ရွာနေ ဆွေမျိုးများကလည်း စက်ပိုင်ကြီးနှင့် စက်ပိုင် ကတော် မိသားစု သူတို့ရွာ လာပြီး စတည်းချကြတာကိုပဲ ဂုဏ်ယူကြလှပြီ။

"ဟဲ့ မိတင်အောင်၊ ညည်းအမေနဲ့ ငါက တစ်ဝမ်းကွဲသေးသာဟဲ့"

"အံမာဗျာ မတင်အောင်အဘိုးနဲ့ ကျုပ်အဘိုးက ညီအစ်ကို အရင်းခေါက်ခေါက်ကြီးတွေ။ ဘိုးညီအစ်ကိုက မွေးသဲ့ မောင်နှမဗျ။ ဘာမှတ်လို့တုံး"

ဆွေရယ်မျိုးရယ် လာစပ်ကြသူတွေကလည်း တဖွဲဖွဲ။ သည်လိုနှင့် ရွာလယ်က ပစ္စည်းဥစ္စာ အတန်အသင့်ရှိသော ဘကြီးဝမ်းကွဲတော် လယ်ပိုင်ဦးဖိုးသော့တို့အိမ်ကျယ်ကြီးမှာ စက်ပိုင်ကြီးမိသားစု နေခွင့်ရကြပါ၏။ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး အပေါ်ထပ် တစ်ထပ်လုံး စက်ပိုင်ကြီးမိသားစု လေးယောက် ကျယ်ကျယ်လွင့်လွင့် နေချင်တိုင်း နေကြရုံ။ စက်ပိုင်ကြီးတို့တွင် ခင်မမနှင့် မောင်မြဖေ ဆိုသော သားသမီးနှစ်ယောက် ရှိသည်။ မောင်နှမနှစ်ယောက်က အရွယ်ချင်း ကွာသည်။ ခင်မမက အပျိုကြီးဖားဖားဖြစ်နေပြီဆိုသော်လည်း မောင်မြဖေကတော့ ဆယ်နှစ်ကျော်ကျော်ရှိသေးသည်။ သည်တော့ သရက်ကန်ရွာမှာ စစ်ခိုရသခိုက် မောင်မြဖေကို ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် နီးစပ်စေရန် ရွာဦးကျောင်းကို အများနည်းတူ ပို့ထားခြင်းဖြစ်ပါ၏။ မောင်မြဖေကလည်း ရွာမှာ ပျော်ပါသည်။ ရွာနေ ကလေးများနှင့် အတူ မောင်မြဖေလည်း ဘုန်းကြီး ကျောင်းသားဖြစ်ရလေပြီ။ မြို့သွေးမြို့ရည်နှင့် နေထိုင်မှုဘဝတွေ ကွာခြားသော်လည်း ကြာတော့ မောင်မြဖေလည်း ရွာနေကလေးများနှင့် မခြား ရှိလာခဲ့ပါ၏။ ရွာသံရပ်သံ၊ ရွာစာရပ်စာကို မက်မောနေတတ်ခဲ့ပြီ။

သရက်ကန်ရွာ ဘုန်းကြီးကျောင်းမှာ ကလေးတွေကို ဘာသာယဉ်ကျေးမှု စာ၊ လောကဓာတ် စာ ပညာသင်ကြားပို့ချပေးနိုင်ကြသော ဦးပဉ္စင်းများ သီတင်းသုံးကြသည့်အတွက် ဆွမ်းခံရာ ဂါစရဂါမ်ရွာ သုံးလေးရွာက ကလေးများလည်း သရက်ကန်ကျောင်းမှာပဲ လာရောက် ပညာခံယူကြသည်။ သရက်ကန်ကျောင်းမှာ ကျောင်းသားရော ကျောင်းသူပါ ခုနစ်ဆယ်ရှစ်ဆယ်လောက်အထိ များလာခဲ့သည်။ ဆရာတော်က ကျောင်းဝင်းကျောင်းပ သစ်ပင်ပန်းမန် စိုက်ပျိုးရေး ဝါသနာသန်တော်မူသည့်အတွက် တစ်ကျောင်းလုံး သစ်တောကြီးတစ်တောလို တစ်အုပ်တစ်မ စိမ်းစိုနေသည်။ သရက်ပင်၊ ပိန္နဲပင်၊ မရန်းပင်၊ ကံ့ကော်၊ သရဖီလို့အပင်ကြီးတွေ ရှိသလို

နှင်းဆီ၊ စံပယ်၊ ပြတ်လေး၊ ခတ္တာ စသည့် ပန်းပင်မျိုးစုံလည်း ရှိသည်။ လင်းရိပ်မကျသည့်နေရာတွေမှာ ခရမ်း၊ ရုံးပတီ၊ ချဉ်ပေါင်၊ နံနံလို သီးနှံခင်းကလေးတွေကိုလည်း သပ်သပ်ခတ်ခတ် စိုက်ပျိုးထားပါ၏။ သည်းပိုးပင်စားပင်တွေကို အတန်းကြီးကျောင်းသားတွေက နေ့စဉ် ရေလောင်းကြရသည်။ ဆရာတော်က အချင်းချင်း တွက်ကပ်မည် စိုးသည့်အတွက် တစ်ကြောင်း၊ တစ်ဦးနှင့် တစ်ဦး ချစ်ခင်မှုရကြစေရန် ရည်သန်လျက် ယောကျ်ားကလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်ကို ရှယ်တုမောင်းတူ တွဲကာ သူ့အတွဲနှင့် သူ့အခင်း ခွဲခြား တာဝန်ပေးတော်မူလေ့ရှိပါသည်။ သည်အတွဲတွေကို အခေါ်အမှတ်ရ လွယ်အောင် နာမည်တပ်ကာ အချိုးပေးထားလေတော့ သည်စာချိုးတွေကို ကျောင်းသူကျောင်းသားအချင်းချင်း ပြောင်လှောင်အော်ဟစ်ကြသည်ကပင် ပျော်စရာကောင်းလှသည်။ မောင်နှမရင်းချာသဖွယ် အချင်းချင်း ခင်မင်လာခဲ့ကြသည်။ ဆင်းရဲချမ်းသာမရှိ။ ဆူကြဲ နိမ့်မြင့် မရှိ။

သန်းမို။

မောင်မြဖေနှင့်တွဲဖက်ကာ သစ်ပင်ရေလောင်းရသော မိန်းကလေးမှာ သန်းမိုဆိုသူကလေးပင်။ သန်းမိုက သရက်ကန်မွေး သရက်ကန်ကြီး 'တောသူ' ကလေး။ မျက်နှာဝိုင်းကလေးနှင့် ညိုစိမ့်စိမ့်ကလေး ဖြစ်သည်။ ရယ်လိုက်လျှင် ချစ်စရာကောင်းလှ၏။ သဘောမနောကောင်းသည့်အပြင် သူတစ်ပါးကို ကူညီတတ်၊ အနာခံဟတ်သူကလေး ဖြစ်သည်။ မိဘနှစ်ပါးမရှိရှာတော့ မိခင်၏အစ်မတော်သူ ကြီးတော်စိန်နှင့်အတူ နေရရှာသည်။ သန်းမိုတွင် မောင်နှမရင်းချာရယ်လို့လည်း မကျန်ခဲ့။ ကြီးတော်၏ သားသမီးများကိုသာ မောင်ရင်းနှမသဖွယ် အဖော်ပြု ကြီးပြင်းခဲ့ရသည်။ စာပေသင်ရမည့်အရွယ် ရောက်လာတော့ ကြီးတော်က ဘုန်းကြီးကျောင်းပို့ကာ သေစာရှင်စာလောက်မှ တတ်စေတော့ သဘောဖြင့် စာသင်စေ၏။ ကျောင်း

နားချိန်တွေမှာတော့ ရွာကလေးများထုံးစံ အိမ်ဝေယျာဝစ္စများဖြစ်သော နွားကျောင်း၊ ရေခပ်၊ နွားချေးကျုံးကအစ လက်တိုလက်တောင်းလုပ်ရသည်။ သန်းမှိကလည်း သဘာဝကပဲ ရှိုးဆော်ပေးသလို အရွယ်နှင့်မလိုက် လုပ်နိုင်ကိုင်နိုင်ရုံမက သွက်လက်ချက်ချာသူကလေးဖြစ်လာခဲ့သည်။ မိဘနှစ်ပါးမရှိတော့သော်လည်း လက်ကုလက်တောင်းရသူကလေးမို့ ကြီးတော်ကချစ်ရှာပါသည်။

စက်ပိုင်ကြီး၏ သား မြဖေနှင့် သန်းမှိကို ရေလောင်းအဖော်အဖြစ်တွဲပေးထားတော့လည်း သန်းမှိကပဲ ဒေါင်းတိမောင်းတိ လုပ်ရှာသည်။ မြို့သား မြဖေက နုနုနယ်နယ် လူပျော့ ဆိုတော့ တောသူကလေး သန်းမှိကပဲ ဖျတ်ဖျတ်လတ်လတ် ဒိုင်ခံလုပ်ရပါ၏။ ရေတွင်းက ရေငင်တော့လည်း သန်းမှိ။ ရေပုံးကို တစ်ယောက် တစ်ဖက် ဆွဲရတော့လည်း သန်းမှိကပဲ အားစိုက်ကာ ဆွဲရသည်။ စိုက်ခင်းတွေထဲ စိုစိုနပ်နပ်ဖြစ်အောင် ရေလောင်းတော့လည်း သန်းမှိကပဲ အုန်းမှုတ်ခွက်ကလေးနှင့် ကဲ့ကာကဲ့ကာ ရေခိုခံလောင်းရှာပါ၏။ သည်လိုလုပ်ပေးရလို့လည်း မြဖေကို ပျော့သကောရယ်လို့ သန်းမှိ မတွက်ကပ်ပါ။ မြဖေက မြို့သား မဟုတ်လား။ ပြီးတော့ သစ်စက်ပိုင်ကြီး သားဆိုလား။

သစ်စက်ပိုင်ဆိုတာ ဘာမှန်းမသိသော်လည်း ဂုဏ်ဒြပ်ကြီးသူရယ်လို့တော့ သန်းမှိ သိပါ၏။ သူဌေးသားနှင့် တောသူဘဝ ကွာလေတော့ မြဖေနှင့်ခင်မင်ရတာကိုပဲ သန်းမှိ ဂုဏ်ယူလှပြီ။ အစစအရာရာ နုံးကွေးသော မြဖေကိုသန်းမှိ အားမရတိုင်း သူကပဲ ဆိုးဆိုးဆတ်ဆတ် လုပ်ကိုင်ပေးလေ့ ရှိသည်။

"မြဖေ ပေးပေး၊ ကျောက်တံ ငါ သွေးပေးမယ်"

မြဖေ ရေးဖို့ ကျောက်တံကလေးတွေကအစ သွေးပေးသည်။ ကျောင်းဆင်းလျှင် မြဖေ လွယ်အိတ်ကို ကူလွယ်ပေးရှာသည်။ အလုပ်အားချိန်တွေမှာလည်း စက်ပိုင်ကြီးမိသားစု နေထိုင်ရာ ဘကြီးဖိုးပျော့အိမ်ကို

သွားလည်လေ့ရှိသည်။ လုပ်စရာရှိတာမှန်သမျှ တတ်နိုင်သမျှ ကူလုပ်ပေးသည်။ ကျွေးတော့လည်း စားလိုက်သည်သာ။ မြဖေကလည်း သန်းမှိုကို ခင်ရှာပါ၏။ သူစားရသမျှ သန်းမှိုကို ကျွေးသည်။ ရွာလုပ် ကြက်ဥမုန့်ဆိုလည်း တစ်ကိုက်စီ၊ ချိုချဉ်ဆိုလည်း တစ်လုံးစီ၊ ကော်ဖီဆိုလည်း တစ်ဝက်စီ ရှိရှာပါ၏။ ကျောင်းပိတ်ရက် အိမ်မှာ ပျင်းနေလျှင် သန်းမှိုကို အခေါ်ခိုင်းကာ အတူကစားတတ်သည်။ သန်းမှိုက မင်းသမီးလုပ်တော့ မြဖေက အိုးခွက်ကလေးတွေ ဆိုင်းလုပ်ကာ တီးပေးသည်။ မြဖေကဖားဖို့ ရွှံ့ရုပ်ကလေးတွေကိုတော့ သန်းမှိုက လုပ်ပေး၏။ သန်းမှိုလုပ်ပေးသော နွားရုပ်၊ ကျွဲရုပ်ကလေးတွေကို မြဖေ အလွန်သဘောကျလေသည်။

သန်းမှိုက စက်ပိုင်ကြီးနှင့် စက်ပိုင်ကတော်တို့ကို နင်းနှိပ်ပေးသည်။ မြဖေအစ်မ ခင်မမလိမ်းဖို့ သနပ်ခါးတွေ ချွေးပေါက်ပေါက်ကျအောင် သွေးပေးသည်။ အဝတ်တွေ လျှော်ပေးသည်။ ဟိုပြေးသည်ပြေး ပြေးပေးရသည်။ ကြာတော့ စက်ပိုင်ကြီးမိသားစုက သန်းမှိုကလေးကို အိမ်ရာနှင့် မခြား ခင်မင်လာကြသည်။ အရွယ်နှင့်မမျှ အားကိုးရသူကလေးဖြစ်လာသည်။ စက်ပိုင်ကတော် ဒေါ်တင်အောင်ကဆိုလျှင် "အသွက်ကလေးဟဲ့" "အလိမ္မာကလေးဟဲ့" ဆိုကာ အိမ့်လက်ဆွဲပုံး လုပ်နေတော့သည်။ သန်းမှိုမှာ အဝတ်အစားဆိုလို့ ရှင်မီးအင်္ကျီကလေးနှင့် စပ်ထဘီကွင်းကလေးတွေသာ ရှိ၏။ နောက်တော့ ခင်မမ ပေးသည့် အဝတ်အစား အကျတွေကို ဖိုးရိုးဖားရားဝတ်ထားတတ်သည်။ မိဘမဲ့သူကလေးဆိုတာ သိထားကြတော့ အားလုံးက ကရုဏာစိတ်ထားကြရှာပါ၏။ နောက်တော့ သန်းမှိုကို သူတို့နေသော အိမ်မှာပဲ ခေါ်ထားလိုက်ကြတော့သည်။ သူတို့စားသလိုစား၊ သူတို့ခိုင်းတာ လုပ်။

သန်းမှိုကလည်း ပျော်ရှာပါသည်။ စက်ပိုင်ကြီး မိသားစုကို မိရင်းဘရင်းနှင့် မခြား ရှိသေပါ၏။ အထူးသဖြင့် မြဖေနှင့် နီးနီးနေရပြီမဟုတ်လား။ မြဖေနှင့် သန်းမှိုက ကျောင်းသွားလည်း အတူတူ၊ ကျောင်းပြန်လည်း အတူတူ၊

ကစားကြတော့လည်း အတူတူ။ အတူ တပူးတွဲတွဲ နေရဖန် များတော့လည်း ကလေးဘဝ သံယောဇဉ်တွေ ရစ်နွယ်လူးလွန့်လာကြတော့၏။

ရွာကလည်း သန်းမိုကို ဆောင့်ရှောက်သည့်အတွက် ဝမ်းသာကြသည်။ သန်းမိုကိုလည်း လိမ္မာရေးခြားရှိအောင် သွန်သင်ပေးကြပါ၏။ ဝမ်းအသာဆုံးကတော့ ကြီးတော်စိန်။ တောသူတောင်သားတွေဆိုတော့ နိုင်းရက်လေခြင်း၊ စေရက်လေခြင်း မရှိကြပါ။ ကိုယ့်ကို အဖက်လုပ်ကာ ပေါင်းတာ သင်းတာ၊ ကျွေးတာ မွေးတာကိုပဲ ကျေးဇူးကြီးမားလှပြီ။ ကြီးတော်စိန်ကတော့ တူမကလေး စိတ်ချမ်းသာတာကို မြင်နေရတာကိုပဲ ဝမ်းသာနေရပါ၏။

၃

စစ်ကြီးပြီးလို့ မြို့ရွာအုပ်ချုပ်ရေးတွေ တည်ငြိမ်လာသည့်အခါ စက်ပိုင်ကြီးတို့ မိသားစုလည်း မြို့ပြန်ဖို့ ပြင်ဆင်ကြရပြီ။ ဆရာတော်ကို လျှောက်ထားခွင့်ပန်ကာ မောင်မြဖေကို ရွာကျောင်းက နုတ်လိုက်ရလေပြီ။ စက်ပိုင်ကြီးတို့ မြို့ပြန်မှာဆိုတော့ သန်းမိုကို အုပ်ထိန်းသူ ကြီးတော်လက်ထဲ ပြန်အပ်ခဲ့ကြရပါ၏။ မြဖေတို့ ပြန်ကြမည့် လှည်းနှစ်စီး ထွက်ခါနီးမှာတော့ သန်းမို မခံနိုင်တော့။ သန်းမိုခမျာ ရွာပြင် ခင်ရိုးတန်းကလေးဘက်ပြေးကာ ငိုရှာသည်။ ခွဲခွာရခြင်းဒုက္ခ၊ ကွေကွင်းရခြင်း ဒုက္ခတွေကို အရွယ်နှင့်မမျှ ခံစားရလေပြီ။ စက်ပိုင်ကြီးမိသားစုကို လွမ်းလှသည်။ အထူးသဖြင့် ကစားဖော် ကစားဖက် မြဖေကို အောက်မေ့ရလွန်းသဖြင့် သန်းမိုမှာ မျက်ရည် မကျသည့်နေ့ မရှိ။ ကြီးတော်အိမ်မှာနေရတာကို သန်းမို မပျော်တော့ပါ။ အချိန်ရှိသမျှ တမှိုင်မှိုင်နှင့် သူငယ်ချင်း မြဖေကို လွမ်းနေမိ၏။ ဒါကို ကြီးတော်က ရိပ်မိသည်။

"အံမယ် မိသန်းမို၊ ညည်းနှယ် ဖြစ်ရလေ။ ခဏတစ်ဖြုတ် သူဌေးလုပ်ရသာကို တစ်သက်လုံးစာများ မှတ်နေသလားအေ့။ ကိုယ် တောသူ တောသူလို နေရမှာပေါ့ဟဲ့"

ကြီးတော်က ဆူဆူငေါက်ငေါက်ပြောလာတော့လည်း သန်းမှို မနာမိပါ။ သူလွမ်းတာကလည်း သူငယ်ချင်း မြပေကိုသာပါ။ ချမ်းသာခြင်းကို မလွမ်း။ မြို့နေ မြို့ထိုင် ဆိုတာတွေကို မလွမ်း။ စားရသောက်ရတာတွေကို မလွမ်း။ မြပေကိုပဲ လွမ်းသည်။ မြပေမရှိတော့ ဘုန်းကြီးကျောင်းမှာ ရေလောင်းရာတွင်လည်း သန်းမှိုတစ်ယောက်တည်း။ မြပေနှင့်အတူ ရေလောင်းခဲ့သော စံပယ်ပင်ကလေးပင် အဖူးတွေ စီနေပြီ။ ပုန်းညက်ပင်ကလည်း သူ့တစ်ရပ်ပင် ကျော်လာပြီ။ တစ်ရက်တစ်ရက်နှင့် သန်းမှို ကျောင်းမှာနေရတာကိုပင် မပျော်တော့။ ကျောင်းမှာ မြပေအရိပ်တွေ ရှိနေတာ မဟုတ်လား။ လယ်ထဲကိုင်းထဲ ဆင်းရမည့်အရွယ်လည်း မဟုတ်တော့ ခက်သား။ အိမ်မှာနေတော့လည်း ကြီးတော်ကို ကြောက်ရတာဆိုတော့ ရဲရဲမလွမ်းဝံ့။ ရဲရဲမငိုဝံ့။ သည်ဒုက္ခက သန်းမှိုအတွက် ဖိစီးလွန်းလှပါ၏။ ရွာကျောင်းရင်း ခိုးခိုးငိုရတာပင် အကြိမ်မရေနိုင်တော့။

တစ်လလောက်အကြာမှာ စက်ပိုင်ကတော် ဒေါ်တင်အောင်တစ်ယောက်တည်း ရွာကို ပေါက်ချလာသည်။ ဆရာတော်ကို သွားကန်တော့ပြီး ကြီးတော်စိန်တို့အိမ်ကို ကူးလာခဲ့သည်။ ရပ်ရွာလူကြီး တချို့ကိုပါ ခေါ်လာကာ လိုရင်းကို ပြောပြသည်။

"သန်းမှိုကလေးကို မွေးစားချင်လို့ပါ"

သန်းမှိုကို စက်ပိုင်ကြီးမိသားစုက မွေးစားမယ်ဆိုတော့ ရွာကလည်း ဝမ်းသာကြသည်။ ကြီးတော်ကလည်း တူမလေးဘဝကို ငဲ့ကာ ထည့်ရှာပါ၏။ သန်းမှိုကတော့ အပျော်လုံး ဆို့လေပြီ။ ကိုယ်တိုင်က ရွာမှာမပျော်တော့ မြို့ကို လိုက်ရမည်ဆိုကတည်းက တကြွကြွ။ တကယ်တမ်း ထည့်လိုက်ရတော့လည်း ကြီးတော်ခမျာ မျက်ရည်နှင့် မျက်ခွက်။ တူမကလေး နှစ်နှစ်သမီး မိဘတွေမရှိကြကတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့ရသူ မဟုတ်လား။ သန်းမှိုက ထိုင်ကန်တော့တော့ ဆုတွေပေးရင်း မျက်ရည်ကျမိ၏။

"ကြီးတော်ကတော့ ငါ့တူမ ကောင်းစားသာကို ဝမ်းသာပါရဲ့၊ နို့ပေမဲ့ စက်ပိုင်ကတော်ရယ်၊ ကျုပ်တူမကလေး မြို့မှာ မပျော်ရင်တော့ ကိုယ်တိုင် ရွာပြန်ပို့ပေးပါတော်။ မရိုက်မနှက် မညှင်းပန်းဘူးဆိုသာလည်း ယုံပါရဲ့။ ဒါပေသိ စိတ်တိုင်းမကျရင် ရွာသာပြန်ပို့ပါ။ ငါ့တူမကလည်း မပျော်ရင် ပြန်လာခဲ့ပဲ"

"စိတ်ချပါ မမစိန်ရယ်။ ကျွန်မလည်း သရက်ကန်ပေါက် မဟုတ်ပေမဲ့ သရက်ကန်မျိုးပါ။ သန်းမိုကလေးကို သံယောဇဉ်ဖြစ်လွန်းလို့ လာခေါ်တာပါ။ သားကလည်း ခင်နေရှာတာ။ သန်းမိုကို ခေါ်မပေးရင် ကျောင်းမတက်ဘူးတဲ့။ သန်းမို မပျော်လည်း မမစိန်တို့လက်ထဲ ကျွန်မကိုယ်တိုင် အရောက်ပြန်အပ်မှာပါ။ ရွာကိုလည်း ဘုရားပွဲရက် တက်နှစ် တစ်ခေါက် အလည်ပို့ပေးဦးမှာပါ"

ဒေါ်တင်အောင်က သန်းမိုကို ရွာက ဘာမှမယူခဲ့စေဘဲ ခါးဝတ် ခါးစားနှင့်ပင် ခေါ်သွားခဲ့သည်။ သန်းမိုက မြဖေ ကစားပို့ ရွှံ့ရုပ်ကလေးတွေ လုပ်၊ နေပူလှန်းပြီး ယူသွားသည်။ မြို့ရောက်တော့ ရွာအပြင်ကိုတောင် မရောက်ဖူးခဲ့သော တောသူကလေး သန်းမိုမျော မြို့ ဆိုတာကြီးကို ကြည့်၍ အံ့သြခဲ့ရပါ၏။ တောမှာလို ရေနံတိုင် မီးခွက် မိုတ်တုတ်နှင့် နေကြတာ မဟုတ်ပါလား။ လျှပ်စစ်မီးလုံးတွေ တညီးညီး၊ တိုက်တွေက အကြီးကြီးတွေ။ ဘယ်ကိုကြည့်ကြည့် ရင်သပ်ရတာတွေချည်း။ ပါးစပ်ကလေး ပွင့်အောင် ငေးရတာတွေချည်း။ မြဖေက သန်းမိုယူလာသော ရွှံ့ရုပ်ကလေးတွေကို မက်မက်စက်စက် ယူလိုက်တော့လည်း သန်းမို ပျော်ရပါ၏။ တကယ်တော့ သန်းမိုကလေးကို ချစ်ကြတာ ပါသလို မြဖေကလည်း သန်းမိုကို လွမ်းလှ ကြောင်း တမ်းတလွန်းသဖြင့် ခေါ်ကြရခြင်းမဟုတ်လား။

စက်ပိုင်ကြီးအိမ်မှာ သန်းမိုက လက်တိုလက်တောင်းခိုင်းရသူ ကလေး ဖြစ်လာခဲ့သည်။ အိမ်ဖော်ရယ်လို့လည်း မပြောသာ။ အိမ်သားလို

သဘောထားကြတာလည်း အမှန်ပင်။ အိမ်ဖော်ရှိသော်လည်း သန်းမိုက အစစအရာရာ ခေါင်းကိုင်။ ဒေါ်တင်အောင် ဈေးသွားတော့လည်း တကောက်ကောက် လိုက်ရပါ၏။ ခင်မမနှင့် မြဖေ ဝေယျာဝစ္စ အရာကိစ္စမှန်သမျှ ဒလက်လည်အောင် လုပ်ပေးရသည်။ မြဖေက ကစားလိုလျှင် လုပ်လက်စ အလုပ်ကို ပစ်ချကာ သွားကစားပေးရသည်။ မြဖေ ကျောင်းပိတ်ရက်ဆိုလျှင် လက်မောင်းပြုတ်လုမတတ် ဒန်းလွှဲပေးရတာမျိုး၊ မြဖေစီးမည့် ဖိနပ်ကလေးတွေ တိုက်ချွတ်ပေးရတာမျိုးကလည်း ရှိသေးသည်။ သို့သော်လည်း သန်းမို မညည်းညူပါ။ မြဖေကို လုပ်ပေးရတာကိုပဲ ကျေနပ်နေရှာသူ ဖြစ်ပါ၏။

မြို့မှာ သန်းမိုက ကျောင်းရယ်လို့ မနေရတော့သော်လည်း ခင်မမက စာသင်ပေးတော့ စာခံရှိသော သန်းမိုအဖို့ စာရေး ကြွယ်ခဲ့ရသည်။ တောမှာကြီးခဲ့ရသော သန်းမို မဟုတ်တော့ပါ။ ဆင်သမျှ ဝတ်ကောင်းစားလှ ဝတ်စားခွင့်ရပါ၏။ မြဖေတို့၊ ခင်မမတို့နှင့်အတူ တစ်ပိုင်းတည်း စားရသည်။ ဒေါ်တင်အောင်ကလည်း သမီး တူဖလို သွားလေရာ ခေါ်သည်။ တစ်နှစ်အတွင်းမှာပင် သန်းမိုတစ်ယောက် မြို့သွေး မြို့ငွေး မြို့ရောင် ပြောင်လာခဲ့ပြီ။ ဒေါ်တင်အောင်က သရက်ကန်ဘုရားပွဲရက်ရောက်တိုင်း ဆွမ်းလောင်းဝတ်မပျက် မှစ်စဉ် ပြန်ပို့ပါ၏။ ရွာကတော့ သန်းမိုကိုကြည့်ပြီး အံ့လည်း အံ့သြကြ၊ ဝမ်းလည်း သာကြ။

"ကြီးတော် ဝမ်းသာပါသအေ။ ကျေးဇူးရှင်များစကားကို မြေဝယ်မကျ နားထောင်ဟဲ့။ ကိုယ့်ကျေးဇူးရှင်များ ခိုင်းသမျှလုပ်၊ ကြားလား ငါ့တူမ"

သန်းမို သုံးချင်ရာသုံးဖို့ ဒေါ်တင်အောင်က ငွေစကြေးစကလေး ပေးထားလေတော့ ရွာက ကြီးတော်နှင့်တကွ ဆွေဆွေမျိုးမျိုးတွေကိုလည်း သန်းမိုက ပေးနိုင်ကမ်းနိုင်ခဲ့သည်။ သန်းမို အရွယ်ကလေး ရရလာသည်နှင့်အမျှ ဒေါ်တင်အောင်တို့ကလည်း ပို ပို အားကိုးလာရသည်။ အစစအရာရာ သန်းမိုခြေ၊ သန်းမိုလက်ပင် ဖြစ်လာခဲ့ပြီ။

"ကိုမြ၊ ရှင် သတိထားမိလား။ ကျွန်မတို့အိမ်မှာ သန်းမိုရောက်လာမှ လုပ်ငန်းကိုင်ငန်း ကောင်းလာတယ်နော်။ အိမ်လည်း ကျက်သရေရှိလာတယ်။ ယုံကြည်အပ်ချရတာကလည်း မပြောပါနဲ့တော့။ စာရိတ္တလည်း ကောင်းရှာတယ်"

"အင်း ကလေးမကလေးက လိမ္မာရေးခြားလည်း ရှိပါရဲ့၊ တစ်အိမ်လုံး ဝေယျာဝစ္စ ဖြန်းဖြန်းကွဲ လုပ်နိုင်သားကွယ်။ မင့်သား သည်းညည်းလည်း ခံရှာတယ်"

သန်းမိုရောက်လာပြီး သုံးလေးနှစ်လောက်မှာ ခင်မမ အိမ်ထောင်ကျသည်။ ခင်မမ၏ခင်ပွန်းက အရာရှိပေါက်စကလေးဆိုတော့ သျှောင်နောက်ဆံထုံးပါ ပြောင်းလေရာ နယ်တကာ ရပ်တကာ လိုက်နေရပါ၏။ သည်တော့လည်း ဒေါ်တင်အောင်မှာ သန်းမိုကို ခါတိုင်းထက်ပင် အားကိုးလာရတော့သည်။ ဖြေဖေကလည်း လူပျိုကြီးဖားဖားဖြစ်နေသည့်တိုင် သန်းမိုကို အားကိုးချင်တုန်း။ အစစအရာရာ သန်းမို လုပ်ကိုင်ပေးမှ။ ထမင်းစားတာတောင် သန်းမိုခူးပေးမှ ဆိုတာမျိုး ဖြစ်သည်။

ဖြေဖေ ဆယ်တန်းတက်သည့်နှစ်မှာ မမျှော်လင့်ဘဲ စက်ပိုင်ကြီး ဆုံးပါးသွားခဲ့ပါ၏။ ဒေါ်တင်အောင်မှာ သားဖြစ်သူကို သစ်စက်ယဲ ဦးစီးစေချင်သော်လည်း ဖြေဖေက တက္ကသိုလ်ဆက်တက်ချင်သည်ဆိုသဖြင့် သားဆန္ဒကို လိုက်လျှောရသည်။ ဖြေဖေ ရန်ကုန် တက္ကသိုလ်သွားတက်တော့ အိမ်မှာ ဒေါ်တင်အောင်နှင့် သန်းမို နှစ်ယောက်တည်း။

"ဒြော် ငါ့မှာ သားတစ်ယောက် သမီးတစ်ယောက် မွေးထားပေမဲ့ တကယ်တမ်းကျတော့ သွေးမတော် သားမစပ် သန်းမိုကို အားကိုးနေရပြီ။ အရေးဟယ် အကြောင်းဟယ်ဆိုရင်တောင် ငါ့အနားမှာ သန်းမိုပဲ ရှိတာပါလား"

ဒေါ်တင်အောင်က သစ်စက်ကို ကာလပေါက်ဈေးဖြင့် ရောင်းပစ်

လိုက်သည်။ ရှိသည့်ငွေကလေး ငွေတိုးချရုံကလွဲလို့ ငွေမရှာတတ်။ သန်းမှိုက ငွေဝင်ငွေထွက် ကိုင်ရသည်။ တစ်ရက်တော့ ဒေါ်တင်အောင်က သန်းမှိုကို မထင်မှတ်သော စကားတစ်ခွန်း ပြောလာပါ၏။

"သန်းမှို၊ ဒေါ်ဒေါ့်မှာ သမီးကလည်း တစ်နယ်တစ်ကြေး၊ သား ကလည်း နီးနီးနားနားမရှိလေတော့ ငါ့တူမကြီးကိုပဲ ဒေါ်ဒေါ်ဖြင့် သားလို သမီးလို အောက်မေ့မိတယ်။ ကိုယ့်အိမ်က အိမ်သားလိုလည်း အောက်မေ့ပါရဲ့။ ဒေါ်ဒေါ့်တစ်သက် စောင့်ရှောက်ပါ။ ဒေါ်ဒေါ့်စိတ်ထဲရှိတဲ့အတိုင်းပြောရ ရင်တော့ သန်းမှိုကို မြဖေနဲ့ ဒေါ်ဒေါ် နေရာချထားချင်တယ်"

ဒေါ်တင်အောင့်စကားကို သန်းမှို အံ့ဩလွန်းလို့ ပါးစပ်အဟောင်း သား ဖြစ်ရပါ၏။ မဖြစ်နိုင်တာ။

"အို ဒေါ်ဒေါ်ရယ် ကျွန်မတို့က မောင်နှမတွေပါ။ ကျွန်မ"

သန်းမှို ဘာဆက်ပြောရမှန်း မသိခဲ့ပါ။ နေရာချထားချင်ပါသည် ဆိုမှ ငြင်းဆန်လျှင်လည်း ကြီးမားလှသော ကျေးဇူးတရားကို ကန်းရာ ကျတော့မည်။ လက်ခံရအောင်ကလည်း မြဖေလို တက္ကသိုလ်ကျောင်းသား တစ်ယောက်က သူ့လို ဘာမဟုတ်သည့် တောသူမိန်းကလေးမျိုးကို လက်ထပ်ဖို့ ဆိုတာ စိတ်ကူးပင် ထည့်မယဉ်ရဲခဲ့ပါလေ။ သန်းမှိုအဖို့ရာတော့ မြဖေကို ငယ်ကတည်းက သံယောဇဉ်ရှိခဲ့မိတာလည်း မှန်ပါ၏။ အရွယ်ရောက်တော့ လည်း မေတ္တာစိတ်ဖြင့် အတွေးဝင်မိတာတွေ ရှိပါ၏။ သို့သော် သည်လို အဆင့်မျိုးအထိတော့ သန်းမှို မမျှော်လင့်ဝံ့ပါ။ သည်တော့ စကားလှအောင်သာ ပြောလိုက်ရပါ၏။

"ကျွန်မကတော့ ဒေါ်ဒေါ့်စကား မပယ်ရှားဝံ့ပါဘူး။ ပယ်လည်း မပယ်ရှားချင်ပါဘူး။ ဒါပေသိ မြဖေဆန္ဒအတိုင်း ရှိပါစေ ဒေါ်ဒေါ်ရယ်၊ မြဖေက နွားရုပ်ကို မက်တဲ့အရွယ် မဟုတ်တော့ပါဘူး။ ရွှေမန်ကျည်း ငွေမန်ကျည်းကိုသာ မက်တော့မပေါ့။ ကျွန်မ မဝေခွဲတတ်ပါဘူးရှင်"

မြဖေက လက်ခံလေသလား၊ ငြင်းဆန်လေသလားတော့ မသိ။ သန်းမှိုနှင့် မြဖေ နေ့ရာချထားပေးဖို့ စိစဉ်ကြပြီ။ ခင်မမတို့မိသားစုပင် နယ်က ရောက်လာခဲ့ကြပြီ။ သန်းမှိုဘက်က လာနိုင်သမျှ ဆွေမျိုးတွေလည်း လာကြသည်။ ကြီးတော်က ဆုံးရှာပြီဆိုတော့ ကြီးတော်သားသမီးတွေထဲက သန်းမှိုနှင့် ဝမ်းကွဲညီအစ်မတော်သူတွေနှင့် ရွာမိရွာဖတွေကပါ မင်္ဂလာပွဲကို လာရောက်ခဲ့ကြသည်။

"သန်းမှိုရယ် ညည်းစိတ်ရင်း အကျိုးပေးသာပါပဲအေ။ ကံများ ကောင်းလှပေါ့အေ"

"ရွာကိုတော့ မပြတ် မပြတ် လာခဲ့ပါအေ။ မြို့က လူချမ်းသာနဲ့ ရလို့များ မာန မကြီးပါနဲ့"

တိုတိုပင်ပြောကြပါစို့။ မြဖေနှင့် သန်းမှို လက်ထပ်ပေါင်းသင်း လာခဲ့ကြပြီးမှ မြဖေသဘောထားအမှန်ကို သန်းမှို သိခွင့်ရခဲ့ပါ၏။

"သန်းမှိုရယ် ငါ နင့်ကို မောင်နှမလို ခင်မင်မပျက်ပါဘူး။ သန်းမှိုကို ယူရမယ်ဆိုတော့ အမေ စိတ်ဆင်းရဲမှာစိုးလို့ ခေါင်းညိတ်ခဲ့ရတယ်။ တကယ် တော့ ငါ ပညာဆုံးခန်းတိုင်အောင် သင်ချင်တာရော၊ နောက်ပြီး"

ထို 'နောက်ပြီး' ဆိုသော စကားဆက်ကို သန်းမှို နားလည်သည်။ မြဖေကို သန်းမှို အားမရတာတော့ရှိသည်။မြဖေက အပြောင်းအလဲမြန်ချင်သည်။ တစ်ခါတစ်ရံ စိတ်အလိုမကျချင်တာ၊ တစ်ခွတ်ထိုးနိုင်တာ၊ တစ်ယူသန်ချင် တာတွေ ရှိတတ်ပါ၏။ ပင်ကိုအားဖြင့် စိတ်ပျော့သော်လည်း သူ ဖြစ်ချင်တာ ဖြစ်ရမှ ဆိုသူမျိုး ဖြစ်၏။ သန်းမှိုကို ယူရမည်ဆိုတော့ ခါးခါးသီးသီးတော့ မရှိ။ သို့သော် အလိုမကျသလိုလို၊ တစ်စုံတစ်ရာ ကျိတ်မှိတ်ခံစားနေရ သလိုလို၊ မယူချင်ဘဲ ယူရတော့မှာလိုလို ပုံရိပ်တွေ သန်းမှို ဆုပ်ဖမ်းမိခဲ့ ပါ၏။ သန်းမှိုကတော့ အိမ်ထောင်ရက်သားပြုရသည့်တိုင် မြဖေ ပညာရေး ဆုံးခန်းတိုင်အောင် သင်ကြားပေးဖို့ စဉ်းစားထားပြီးသား။ အထူးသဖြင့်

ဒေါ်ဒေါ်ကျန်းမာရေး မရှုရည်ရပ်တည်နိုင်ဖို့ကတော့ အိမ်မှီးပွားရေးတစ်ခုခု ဆုပ်ဆုပ်ကိုင်ကိုင်ရှိလို့ပဟုတ်လား။ ငွေတိုးကြေးတိုး ပေးတာ တစ်ဖက်ထားပြီး ကုန်စုံဆိုင်ကြီးတစ်ဆိုင်တည်ကာ အမိုင်ချချင်သည်။ ဒေါ်ဒေါ်ကလည်း ငါ့သမီးသဘောပါလို့ ခွင့်ပြုရှာပါ၏။

"အမေကတော့ သားနဲ့ သမီးကိုပဲ အားကိုးရတော့မှာပါပဲ။ အိုမင်း မစွမ်းဖြစ်မှတော့ ထမင်းတစ်ဆုပ်၊ တရားတစ်ထုပ်နဲ့ နေဖို့ရရင် ပြီးတာပဲ မဟုတ်လား။ အမေတို့မှာ လက်မဲ့ မဟုတ်ပါဘူးကွယ်။ သမီးသဘောပါ"

သန်းမိုနှင့် မိခင်က ပူပန်ကြသော်လည်း ဖြေက ခပ်အေးအေးပင်။ သူ့မှာ သူ့ကိစ္စတွေ့ကလွဲလျှင် အခြားမရှိပြီ။ စကားကိုပင် တစ်နေ့လုံးနေလို့ တခွန်း မပြောတာတွေ ရှိခဲ့ပါ၏။ သန်းမို နေတတ်ပါသည်။ သည်မိသားစု တွေကြားမှာ အလုပ်အကျွေးပြုဖို့ လူ့ဘဝ ရောက်လာခဲ့ရတာပဲလို့ပင် ခံယူ ထားသူမဟုတ်လား။ လူတစ်လုံးသူတစ်လုံးဖြစ်အောင် သွေးရင်းမခြား ဆောင့်ရှောက်ခဲ့သည့် ကျေးဇူးကို သန်းမို ဆပ်ချင်တာပဲရှိသည်။

သန်းမိုမှာ သားဦးကလေး ရပြီ။ နောက်နှစ်ဆိုလျှင် မြဖေလည်း ဘွဲ့ရတော့မည်။ အိမ်မှီးပွားရေးကို ကလေးတစ်ဖက်နှင့် သန်းမို ကသီလင်တ ထိန်းခဲ့ရပါ၏။ သူ့အတွက် မပါပါ။ မိခင်၏ ကျန်းမာရေးနှင့် သား၏ ပညာ ရေးသာ ပဓာန။ သန်းမိုကိုယ်တိုင်က သူ့ကိုယ်သူ 'အိမ့်အစေခံ' လို့သာ သဘောထားခဲ့ရှာပါ၏။

၄

ကြားရသည့် သတင်းက မကောင်းပါ။ မြဖေ ဘွဲ့ရပြီးကတည်းက ခြေပျက် ချင်ခဲ့တာ ထား၊ သည်လောက် ပစ်ပစ်ခါခါ လုပ်လိမ့်မည်မထင်ခဲ့။ အလုပ် တစ်ခုခုရဖို့ သူ ရှာချင်ပါသေးသည် ဆိုလာတော့လည်း သွားပေါ့လို့သာ ပြတ်တောင်းတောင်း တုံ့ပြန်လိုက်မိသည်။ မအေကလည်း သား အကဲမလု တာကို သိပုံရသော်လည်း မတားသာ။ တစ်ခုတော့ ပြောပါ၏။

"ကိုယ့်မှာ သားနဲ့ မယားနဲ့နေဘို့ ငါ့သား။ ကလေးကျန်းမာရေး၊ အမေ့ကျန်းမာရေး တစ်ခုခုဖြစ်ရင်တောင် ငါ့သား အနားမှာမရှိရင် တို့မှာ အခက်ကွယ့်။ အလုပ်ကလည်း အလုပ်ပေါ့၊ အမေကတော့ မသွားစေချင်ဘူး။ မဖြစ်ပါဘူးဆိုရင်လည်း ငါ့သားသဘောပေါ့"

မြဖေက နားမဝင်။ ဇွတ်ထွက်သွားခဲ့သည်။ သန်းမိုကပင် ဆွဲထားသည့် ဆွဲကြိုးကို အပိုထည့်ပေးလိုက်သေးသည်။ ရန်ကုန်လို မြို့ကြီးမှာ အလုပ်သွားရှာရတာဆိုတော့ ငွေတော့ ပါပါမှ။ ပထမ လတွေမှာ အကျိုးအကြောင်း သိခွင့်ရသော်လည်း နောက်ပိုင်းလတွေမှာ အသံမကြားရတော့။ ဘာအဆက်အသွယ်မှလည်း မရှိ။ မိခင်ကိုပင် ဆိုးဆိုးကောင်းကောင်း မေးတာမျိုး မလုပ်တာကလည်း ထူးခြားမှုပင်။ သည်လိုနှင့် လတွေ ကြာခဲ့ပြီ။

"အမေတော့ ငါ့သမီး လိုက်သွားစေချင်တယ်။ တစ်ခုခုတော့ ထူးတယ်။ ငါက မအေဆိုတော့ ငါ့စိတ်ထဲ ထင့်လှတယ်ကွယ်"

သည်လိုဆိုတော့လည်း ကလေးပွေ့ကာ ရန်ကုန်မြို့က နယ်ခံဘုန်းကြီးကျောင်းကို လိုက်ရတော့သည်။ ကျောင်းကလည်း မြဖေ ရောက်လာကြောင်း၊ ကျောင်းမှာ တစ်ပတ်လောက်သာ တည်းခဲ့ကြောင်း၊ နောက်တော့ ပြန်သွားခဲ့ကြောင်းကလွဲ၍ ဘာမှ မသိရတော့။ ဦးဇင်းတစ်ပါးက မြဖေ သူငယ်ချင်းဆိုသူ၏ လိပ်စာကို ရေးပေးလိုက်သည်။ မလိုသော်ရှိ၊ လိုသော်ရှိ သွားမေးသင့်ကြောင်း အကြံပြုသည်။ သန်းမိုလည်း ကျောင်းသားတစ်ယောက် ခေါ်ကာ ကားတစ်စီးနှင့် လိပ်စာအတိုင်း လိုက်ရပြန်ပါ၏။ ထိုသူငယ်ချင်းကလည်း မသိပါဟုသာ ဘူးခံသည်။ တစ်ယောက်ကို ညွှန်းပြန်လို့ လိုက်ရပြန်သည်။ အဆင်မပြေ။ သည်တော့ သန်းမို စိတ်ပူခဲ့ရပြီ။

"ဒါဆိုရင်တော့ အမှုဖွင့်ရတော့မှာပါရှင်။ ကျွန်မတို့က အကျိုးအကြောင်း သိရရင် တော်ပါပြီ။ ဝါးလုံး ဝါးခြမ်း ကွဲချင်တာပါ။ ဒါက သူ့ကလေးပါ။ ကျွန်မက သူ့ဇနီးပါ။ အစ်ကိုတို့ ကူညီကြပါဦးရှင်"

သည့်စကားကြားတော့ မြဖေသူငယ်ချင်းဆိုသူက လန့်သွားပုံရပါသည်။ မြဖေအကြောင်း သူသိထားသမျှ ပြောပြတော့သည်။ မြဖေက တက္ကသိုလ်မှာ တွေ့ခဲ့ရသူ စန်းစန်းဆိုသူနှင့် ထွက်ပြေးကြကြောင်း၊ စန်းစန်း မိဘများကလည်း မြဖေကို လာမေးကြကြောင်း ပြောပြပါ၏။ သားငယ်ကို ပိုက်ရင်း မျက်ရည်နှင့် ပြန်ခဲ့ရရုံကလွဲ၍လည်း သန်းမို ဘာမျှမတတ်နိုင်တော့။ အိမ့်အစေခံလိုလို၊ မွေးစားသမီးလိုလို မရေမရာဘဝနှင့် ကြီးပြင်းခဲ့ရသူဆိုတော့လည်း ဘယ်သူ့ကိုမှ အပြစ်မတင်ချင်တော့တာ ပါပါ၏။ အိမ်ပြန်ရောက်တော့ အကျိုးအကြောင်း ပြောပြရသည်။ မိခင်ခမျာ ရက်စက်လှသောသားအတွက် ယူကြုံးမရဖြစ်ရှာသည်။ သည်ချွေးမနှင့် သည်မြေးကလေး မျက်နှာကို ကြည့်ကာ သည်းသည်းထန်ထန် ငိုတော့သည်။

"အမေရယ် ကျွန်မအကြောင်းနဲ့ ကျွန်မ ရှိပါစေတော့။ ကျွန်မ နေတတ်ပါတယ်။ သူ့အရိပ်အကဲ မဟာန်မှန်း ကျွန်မ သိပါတယ်။ အမေ စိတ်ချမ်းသာအောင် နေပါ။ မြဖေကို ကျွန်မ မမုန်းပါဘူး။ သူလည်း သူ့ကိစ္စနဲ့ သူ နေမှာပေါ့လေ။ တစ်နေ့ ကျွန်မတို့ဆီ လာမှာပါ အမေ"

သန်းမိုထင်သလို မြဖေ တစ်ရက်ရောက်လာခဲ့သော်လည်း မထူးတော့ပါ။ မြဖေက တက္ကသိုလ်မှာ တွေ့ခဲ့ရသူ ချစ်သူ စန်းစန်းအကြောင်း ပြောပြရင်း သူ့ဘက်က စန်းစန်းအပေါ် ကတိပျက်ကွက်ခဲ့ရကြောင်း၊ သူ အိမ်ထောင်ပြုပြီးဖြစ်သည်ကို ရှင်းပြသော်လည်း မဖြစ်နိုင်တော့သည့် အခြေအနေကြောင့် စန်းစန်းကို သူ ခိုးပြေးခဲ့ရခြင်းဖြစ်ကြောင်း။ အခုတော့ သူတို့မှာ သမီးကလေးတစ်ယောက်ပင် ရနေပြီဆိုသည့်အခါမှာတော့ သန်းမိုခမျာ မျှော်လင့်ချက် မရှိတော့ပြီ။

သိပ်မကြာပါ။ မြဖေမိခင် ဒေါ်တင်အောင် ဆုံးသည်။ မြဖေ စိတ်လည်း ပါပါ၏။ အိမ်ကြီးကို ရောင်းချပြီး ခင်မမနှင့် မြဖေတို့ အမွေခွဲယူကြတော့ သန်းမို ဘာတစ်ခွန်းမျှ မဟာခဲ့ပါ။ ရကောင်းစေ့လို့လည်း

မအောက်မေ့ခဲ့။ သူ့ဘဝမှာ ခိုကိုးစရာမဲ့မှတော့ သား လူမမည်ကို ပိုက်ပြီး ရွာပြန်ရုံသာရှိတော့သည်။ သူ့ပစ္စည်းကလေးတွေ သူ ထုပ်ပိုးနေခိုက် မြဖေ ရောက်လာခဲ့သည်။ မြဖေက သားအတွက် ဝေစုဆိုကာ ပိုက်ဆံတွေ လာပုံပေး ရှာပါ၏။ သန်းမှီက လက်မခံ။

"မြဖေရယ် လင်သားဆိုသူကိုတောင် ငါ မပိုင်ရမှတော့ လင်သား ရတဲ့ ခွဲတမ်းပိုက်ဆံဆိုတာ ဘာအဓိပ္ပာယ်မှလည်း မရှိတော့ပါဘူး။ နင့်မှာ သားမယားရှိနေပြီဆိုတော့ ဟိုခမျာလည်း နင့်ခွဲတမ်းဝေစုကို မျှော်ရှာမှာပေါ့။ ငါ မလိုချင်ပါဘူး၊ မယူပါရစေနဲ့"

"မဟုတ်တာဘဲ သနးမှီရယ်၊ စန်းစန်းကလည်း သဘောတူ ပါတယ်။ နင် ရွာပြန်ပြီး ဘာလုပ်စားမှာလဲ။ နင်က ဒုက္ခခံနိုင်ပေမဲ့ ငါ့သား ကလေး ရှိသေးတယ်။ ကလေးကို ပညာတတ်အောင် သင်ပေးရဦးမယ်။ ယူသွားပါဟာ"

"မယူဘူး၊ ဒါ နင့်သားလည်း မဟုတ်ဘူး။ မြဖေ၊ နင်နဲ့လည်း မဆိုင်တော့ပါဘူး။ ငါ စိတ်ဆိုးလို့ပြောတာ မဟုတ်ဘူး မြဖေ။ နင့်ကို ကလေး တုန်းကတည်းက ရှိခဲ့ဖူးတဲ့ သံယောဇဉ် ငါ တစ်ပြားမှ မလျော့ဘူး။ ဒါပေသိ တို့သားအမိအတွက် နင် မရှိတော့ဘူး။ ငါ ရွာပြန်မယ်။ ငါ တောသူပဲ။ ထမင်းတစ်လုတ်တော့ ရွာမှာလည်း မခက်ပါဘူးဟယ်"

သန်းမှီက ပြောတော့ မြဖေ ကျူကျူပါအောင် ထိုင်ငိုခဲ့တာ ကိုလည်း မှတ်မိ၏။ မဲမှုတ် ရွာပြန်ရောက်လာတော့ ကြီးတော် မရှိရှာတော့ သော်လည်း ညီအစ်မတစ်တွေက လက်ခံကြရှာသည်။ သန်းမှီ ရွာအပြန်မလှ သော်လည်း ရွာက စာနာပေးကြသည်။ ရွာပြန်ရောက်လာကြသည့် သား အမိကို စောင့်ရှောက်ဖော်ရကြပါသည်။ ရွာမှာ ရရာ တောအလုပ်ကို သန်းမှီ ဆောက်လိုက်လုပ်ရင်း သား ရှင်ပြုချိန်မှာ ရှင်ဖြစ်လျှနိုင်ခဲ့သည်။ သားကတော့ ထူးခြားလှသည်။ သာမဏေဘဝက မထွက်ချင်ကြောင်းပြောလာတော့

သန်းမိုမှာ သား ကိုရင် ပျော်သလောက် ဝတ်ပါစေတော့ ခွင့်ပြုရသည်။ အချိန်တန်လျှင် လူဝတ်လဲလိမ့်မည်ထင်ခဲ့သော်လည်း သား ကိုရင်က သင်္ကန်း ဝတ်နှင့် ပျော်နေပြီ။ မန္တလေး စာသင်တိုက်ကြီးတစ်တိုက်မှာ စာသင်သား အဖြစ် ပို့ထားရင်းက အသက် နှစ်ဆယ်ပြည့်တော့ ရဟန်းခံပြန်လေ၏။ သန်းမိုမှာ ရဟန်းမယ်တော်ဘဝရောက်လာတော့လည်း မသန်းမိုဘဝက အရိုးသန်းမို (အရိုးမို) ဘဝ ဖြစ်လာခဲ့ပြီ။ ကိုမြဖေကတော့ မယားကို ပစ်ပယ် နိုင်သည် ထားပါဦး၊ သားကိုပင် တစ်ခေါက်တစ်ကျင်း လာမကြည့်ခဲ့။ ရွာကလည်း မြဖေကို သတိမရကြတော့ပါ။

အရိုးမိုကတော့ သား ရဟန်းအတွက် စိတ်အေးရပြီ။ မြို့ကျောင်းမှာ သား ရဟန်းက စာတတ်ဝါတတ် ပုဂ္ဂိုလ်ကြီး ဖြစ်နေတာကိုပဲ ဂုဏ်ယူရပါ၏။ အရိုးမိုကတော့ ရွာမှာပဲ တောအလုပ်ကလေး လိုက်လုပ်ရင်း ရရာစားနှင့်ပင် အိုစနာကျလာခဲ့ပြီ။ သားရဟန်းကလည်း အဝေးက ထောက်ပံ့တော်မူရှာပါ၏။ အရိုးသန်းမို တစ်ဝပ်းတစ်ခါး ဝလင့်ရုံမက ရွာဦးဆရာတော်ကျောင်းလည်း တက်စွမ်းသမျှ လှူရ တန်းရပါ၏။ ကျောင်းဝင်းထဲ ဝင်မိလေတိုင်း အရိုးမို နားထဲမှာ အသံတွေ စီစီညံညံ ကြားယောင်နေမိတာတော့လည်း ရှိပါ၏။

"ညနေ ပန်းသီ မြဖေ သန်းမို"

မြဖေနှင့်အတူ ရေလောင်းခဲ့ရသော ပုန်းညက်ပင်ကြီးပင် အပွင့်တွေ ဝေလှပြီ။

၅

ထိုနေ့က အရိုးမိုတစ်ယောက် မနက်မိုးလင်းကတည်းက စိတ်တွေ လေးနေ ခဲ့သည်။ အောက်မျက်စတွေကလည်း လှုပ်လိုက်တာ။ မြို့ကျောင်းက မောင်ပဉ္ဇင်း နေထိုင်မှ ကောင်းပါလေစ။ သားပဉ္ဇင်းက သူ့ကျောင်းရိပ်ကို လာနိုနေဖို့ ခေါ်သော်လည်း မနေချင်ခဲ့။ မြို့ဆိုတာကြီးကို အရိုးမို နောက်တစ်ခေါက် ပြန်မရောက်တော့တာပါသလို လုပ်ကိုင်စားသောက်နိုင်နေသေးသမျှ ချွေးနှဲစာ

ကလေးဖြင့် လှုုရေးတန်းရေး လုပ်လိုက်ချင်သေးသည်။ ပြီးတော့ သား ပဥ္စင်းကို လူတွေက ကြည်ညိုနေကြတာမဟုတ်လား။ သား ပဥ္စင်းကျောင်းကို သွားနေလျှင် မယ်တော်ဆိုဦးတော့၊ သားပဥ္စင်းကို အရိုအသေ လျော့ကြမှာ စိုးသည်။

မနက်စောစော ပဲထောပတ်ပင်တွေ ရိတ်ဖို့ တံစဉ်ကို ထရံက အဖြုတ် လွတ်ကျတော့ ခြေထောက်ကို ထိသွားခဲ့သည်။ လရောင် လဲ့လဲ့ အောက်မှာပဲ သွေးတွေကို ဖုန်နှင့် သိပ်လိုက်သည်။ ပြီးတော့ တံစဉ်ကို လက်က ချကာ ဘုရားစင်ရှေ့မှာထိုင်လျက် ဝတ်ချရင်း မေတ္တာပို့၏။

သွားလေသူ စက်ပိုင်ကြီးနှင့် စက်ပိုင်ကတော်၊ ကြီးတော်တို့ကို အမျှအတန်း ဝေသည်။ ခင်မမနှင့် မြဖေတို့ မောင်နှမကိုလည်း မေတ္တာ ပို့သည်။ သားပဥ္စင်းကိုလည်း မေတ္တာပို့သည်။ ပြီးမှ တံစဉ်ကို ကိုင်ကာ ပဲရိတ် ထွက်ခဲ့တော့သည်။

"အရိုးမို့ရေ အရိုးမို့၊ တောထဲ ပဲရိတ်သွားကြစို့ တော်ရေ့"

ဟော တောင်ရပ်က မိကြည်တို့ လှမ်းဟစ်နေကြပြီ။ ခြေကို သုတ်သုတ်ကလေး လှမ်းရင်း ထွက်ခဲ့သည်။ တောသူမကလေးတွေကြား အရိုးမို့လည်း ဝင်ရောလိုက်သည်။ ရောင်နီကလေး မသမ်းတသမ်းမှာ ပဲရိတ် ရမည့် ပဲခင်းရှိရာ ရောက်ခဲ့ပြီ။ ကိုင်း နေမပူခင် ရိတ်မှပါပဲ။

"ရွှေမြို့နေ ကပ်တော်တန်းက… လွမ်းရစ်ပ တစာစာ… စာကမ်း လို့မှာ… လွမ်းချင်ပါရဲ့ မောင်ကလေး… မောင်တို့မလေ မြစ်ရေသောက်မို့… မယ်တို့မလေ ကန်ရေသောက်မို့… လွမ်းလောက်ပလေး"

"မိုးညိုကြီး ချုန်းသဟဲ့… လွမ်းတုန်း လာမယ်ဆို… ချောင်းရေ နဲ့ကို… လွမ်းတုန်း လာနိုင်ရိုး… ချောင်းရေက တိုး"

မိကြည်တို့၊ ဘုတ်မတို့က ပဲရိတ်ရင်း တေးဟစ်လိုက်တော့ မြဖေ ကိုတောင် လွမ်းမိသလိုလို။ သည်အရွယ်ကြီးရောက်ခါမှ အရိုးမို့စိတ်တွေ

ဘယ်လိုဖြစ်ပါလိမ့်။ ဟုတ်သေးပါဘူး။ အရိုးမှိုက ကိုယ့်စိတ်ကိုယ် ကိုယ်နိုင်အောင် ချုပ်လိုက်ရင်း တံစဉ်နှင့် ပဲထောပတ်ပင်တွေ ကုန်းကာကုန်းကာ ရိတ်လိုက်သည်။ ပဲပင်တွေ မရိတ်နေတုန်း ခြေသလုံးမှာ ပူခနဲဖြစ်သွားလို့ ငုံ့ကြည့်လိုက်သည်။

"မိကြည်ရေ အေ မိကြည်၊ လာစမ်းပါဦးအေ။ ငါ့ ငါ့ကို မြွေ မြွေ"

အရိုးမှို တစ်ကိုယ်လုံး ပူလာကာ တုန်ရီလာခဲ့သည်။ မျက်လုံးတွေဆိုတာ ပြာခနဲ စိမ်းခနဲ။ မိကြည်တို့တစ်တွေ ဝိုင်းလာတော့ ပါးစပ်က အမြှုပ်တွေတောင် ထွက်နေခဲ့ပါပြီ။

"သာခွေး၊ ရွာထဲ ပွေ့ခေါ်ခဲ့ပါဟဲ့"

"ရွာထဲခေါ်လို့ ဘာလုပ်မှာတုံး။ လှည်းကောက်နိုင်းမှပေါ့ဟဲ့။ ဆူးလေကုန်းရွာက ဆေးပေးခန်း ပြေးရမှာ"

"မြွေဆိပ်မန်းတတ်သဲ့ ဘကြီးမုန်း အရင်ပြေးခေါ်ချေဦး"

တစ်ယောက်တစ်ပေါက်အသံတွေ ဆူညံနေတာကိုတော့ အရိုးမှို သိနေပါ၏။ ရင်ထဲမှာလည်း မီးစနှင့် ထိုးသလို ပူတက်လာခဲ့သည်။ အရိုးမှို စိတ်တွေက မြို့ဘုန်းကြီးကျောင်းမှာ သီတင်းသုံးနေသော သားပဉ္စင်းဆီ ရောက်သွား၏။ တစ်ဖန် ရွာဦးဆရာတော်ကျောင်းဆီ ရောက်သွားပြန်၏။ ကျောင်းဝင်းထဲက အပွင့်တွေ ခဲခဲလှုပ်နေသည့် ပုန်းညက်ပင်ကြီးကို မျက်စိထဲ မြင်ယောင်လာခဲ့သည်။ သည်ဝါဆိုဦးမှာ ပွင့်လိုက်တဲ့ ပုန်းညက်တွေဆိုတာ ဆုပ်ဆုပ်ဖွေးလို့။ ပုလဲဥကလေးတွေ ခီထားတဲ့အတိုင်း။ အဲသည် ပုန်းညက်ပင်က မြဖေနဲ့ ငါ ရေလောင်းခဲ့ကြတဲ့ အပင်ပေါ့။ မြဖေကော နေထိုင်မှ ကောင်းရဲ့လား။ သူ့သားသမီး၊ သူ့ဇနီးနဲ့ ပျော်နေတယ်ဆိုရင်လည်း ပြီးတာပါပဲလေ။ မြဖေနဲ့ ငါကတော့ ကံပါသလောက်ပဲ နေခွင့်ရခဲ့တယ်။ ဘာပဲဖြစ်ဖြစ် ရဟန်းတစ်ပါးကို မွေးဖွားနိုင်ခဲ့လို့ မြဖေရော ငါပါ ကုသိုလ်ထူးခဲ့ကြပြီပဲ။ လောကအတွက် ရဟန်းတစ်ပါး အမွေထားခဲ့နိုင်တာကိုပဲ ငါ

ဝမ်းသာတယ်။ ငါ သေပျော်ပါပြီ။ အရိုးမို သတိကလေးရှိသလောက် လျှောက်တွေးနေမိခြင်းဖြစ်၏။ နားထဲမှာလည်း အသံတွေ စိစိညံလျက် ရှိပါ၏။

"ညနေ ပန်းသီ မြဖေ သန်းမို"
"ညနေ ပန်းသီ မြဖေ သန်းမို"
"ညနေ ပန်းသီ မြဖေ သန်းမို"

အရိုးမိုနားထဲမှာ အသံတွေ ကျယ်ရာက တဖြည်းဖြည်း မှိန်လာခဲ့၏။

ညနေစောင်းတော့ ဦးပဥ္စင်းကြီး ရွာပြန်ကြွလာပြီ။ အရိုးမိုကို ဆုံးလေကုန်း ဆေးပေးခန်း လှည်းဖြင့် သွားပို့တုန်း ကိုရင်သာခွေးက ကြုံရာ လှည်းကို စီး၊ ကြုံရာ ကားဖြင့် မြို့ကို အပြေးသွားကာ ဦးပဥ္စင်းကြီးကို ပင့်ဆောင်ခဲ့သည်။ ဦးပဥ္စင်းကြီးက ကားကို အမြန်ဆုံးငှားကာ ရွာကို ပြန်ကြွ လာတော့ တစ်လမ်းလုံး မယ်တော်ကြီးကို မေတ္တာပို့သည်။ ရွာ လှည်း ပြန်ရောက်လာချိန်မှာတော့ မယ်တော့်ရုပ်ခန္ဓာသာ ပါလာခဲ့တော့၏။ အမြဲ သည်းခံတတ်သော၊ စိတ်ကောင်းနှလုံးကောင်းရှိသော မယ်တော်ကြီး ပျက်စီး ရခြင်းကို တရားဖြင့် ရှုမှတ်သော်လည်း တရားသည်ပင် မတိုးနိုင်အောင် ရှိခဲ့ရသည်။ ရဟန်းတစ်ပါးအနေဖြင့် သတိကို မြဲအောင်တည်လျက် ဝမ်းနည်း ရိပ်ကို ဖုံးဖိတော်မူရခဲ့သည်။

အရိုးမိုက ရွာအပြင်မှာ ဆုံးသည့်အတွက် ရွာထဲမသွင်းကောင်း။ ရွာပြင်မှာပဲ ထားကြရပါ၏။ နောက်တစ်ရက် သုသာန်ဇရပ်ပေါ်တွင် ဘဝ တစ်ပါး ပြောင်းရှာသော မယ်တော်နှင့် မယ်တော့် ရုပ်ကလာပ်ကို ရှုမှတ် နေသော သားရဟန်းတို့၏မြင်ကွင်းကိုကြည့်ရင်း ရွာကလည်း စိတ်မကောင်း ဖြစ်ကြရသည်။

ထိုအချိန်မှာပဲ လှည်းတစ်စီးနှင့် လူတစ်ယောက် ရွာကို ရောက် လာခဲ့သည်။ ပူပြင်းလှသော နေရောင်အောက်မှာ လှည်းသည် တအိအိ

မောင်းလာခြင်းဖြစ်၍ လှည်းပေါ်က လူကြီးသည်လည်း နေပူဒဏ်ကြောင့် ပင်ပန်းနေပုံ ပေါက်နေလေသည်။ လူကြီးက အသက် ကြီးလှပြီဖြစ်၍ ကျုံ့လှီသော ခန္ဓာကိုယ်က ချုံးချုံးကျလျက်ရှိရာ စိတ်၏ ဆင်းရဲခြင်း၊ ကိုယ်၏ ဆင်းရဲခြင်းဖြင့် အထုအထောင်းခံထားရသကဲ့သို့ ရှိပါ၏။ ရွာအနောက်ဘက် ဆူးတံခါးမှာ လူစုလူဝေးကြီးက လှည်းလမ်းမှာ ပိတ်နေသည့်အတွက် လှည်းက ခေတ္တတောင့်ကာ ရပ်ထားလိုက်ရသည်။ လှည်းပေါ်မှာ ထိုင်ငိုက် လာသူ လူကြီးက လှည်းတုံ့လိုက်သဖြင့် ဆတ်ခနဲ နိုးသွားရာက လှမ်းမျှော် ကြည့်လိုက်သည်။

"ဒါ သရက်ကန့်ပဲမဟုတ်လား"

"ဟုတ်တယ် ရွာဝင်ပါပြီ"

"လူတွေက များလှချည့်လား၊ ဘာရှိလို့တုံး"

"နာရေးချအောင်ဖို့ လာကြတာ နေမှာပေါ့ဗျာ"

"ဘယ်သူ့နာရေးပါလိမ့်"

လူကြီးက ရွာသားတစ်ယောက်ကို လှမ်းမေးလိုက်သည်။

"ဪ ကျုပ်တို့ရွာက ရဟန်းမယ်တော်ကြီး အရိုးမှီ အသုဘပါ။ ပိုးထိပြီး ဆုံးသာ။ ရွာတွေက လာလိုက်ကြသာ မြင်သဲ့အတိုင်းပဲ"

"ဘယ်သူ့ရယ်ဗျ"

"အရိုးမှီလေ။ အရိုးမသန်းမှိ။ မုဆိုးမကြီးပါဗျာ။ သားကတော့ ရဟန်းဝတ်နဲ့"

လူကြီးက လှည်းရှံ့တိုင်ကို ကိုင်လျက် ကြက်သေ သေသွား တော့သည်။ လူတွေ သင်္ချိုင်းဇရပ်ဆီ သွားကြတော့ လှည်းလမ်းရှင်းပြီမို့ လှည်းဆရာက နွားကို နကန်တို့လိုက်သည်။

"ခဏရပ်ပါဦးဗျာ။ ဟိုသစ်ရိပ်မှာ လှည်း ခဏရပ်ထားစမ်းပါ။ ကျုပ် ဝင်ကြည့်လိုက်စမ်းပါရစေ"

လှည်းပေါ်က ခရီးသည်ကြီးက ပစ္စည်းတွေ လှည်းပေါ်မှာပဲထားခဲ့ကာ အများနှင့် ရောပြီး ဝင်လိုက်သွားလေ၏။ ဖက်ညောင်ပင်ကြီးအောက်မှာ ရွာသူရွာသားတွေ မနည်းပြီ။ တရားရှုမှတ်နေသော ဦးပဥ္စင်းကြီး တစ်ပါး။

လူကြီးက အားလုံးကို တိုးဝှေ့ကြည့်နေခဲ့သည်။ သူ့ကို ဘယ်ရွာသူရွာသားကမှလည်း ဂရုမထားမိကြ။ ဂရုထားမိသည့်တိုင် တစ်ခါက 'ညနေ ပန်းသီ' လို့ သည်ရွာမှာ အော်ကာဟစ်ကာ ပျော်ခဲ့ဖူးသော 'ဦးမြဖေ' လို့လည်း သိကြတော့မည်မဟုတ်ပါ။ ကြာမြင့်လှပြီဖြစ်သော နှစ်ကာလများကပဲ အရာအားလုံးကို မှုန်ဝါးစေခဲ့လေပြီ။

ဦးမြဖေက ဦးပဥ္စင်းအေး ဝင်ထိုင်ရင်း မျက်နှာကို စေ့စေ့ကြည့်နေခဲ့သည်။ ဦးပဥ္စင်းကြီးကို ဦးသုံးကြိမ်ချကာ ထလိုက်သည်။ အရိုးသန်းမှိုရပ်အလောင်းကို တစ်ချက်သွားကြည့်လိုက်ပြီး လှည်းရပ်ထားရာဘက်ကို ပြန်လှည့်လာခဲ့လေ၏။ လှည်းသမားကတော့ သရက်ကန်ရွာအထိ လှည်းငှားလာသူ လူကြီးကို နားမလည်နိုင်သော်လည်း သစ်ရိပ်ထဲက စောင့်နေခဲ့သည်။ ဝေးလှသော မြစ်ဆိပ်ဆီက ငှားလာခြင်းဖြစ်၍ သရက်ကန်ရောက်ရုံပါ ဆိုခဲ့သူမဟုတ်လား။

"ကိုင်း လှည်းဆရာ၊ ကျုပ် သရက်ကန်ရွာထဲ မဝင်တော့ပါဘူးဗျာ။ ကျုပ်ကို မြစ်ဆိပ်သာ ပြန်ပို့ပါတော့"

"ဘယ်လိုဖြစ်လို့တုံး၊ နွားတွေ ပန်းနေပြီ ဆရာကြီးရ။ ချက်ချင်းလှည့်ပြန်လို့တော့ မရဘူး။ ကျုပ်လည်း ထမင်းမစားရသေးဘူး။

"ကိုင်းပါလေ၊ ပြန်သာလှည့်ပါ။ တစ်နေရာရောက်တော့ လှည်းရောလူရော နားကြ၊ စားကြသေးတာပေါ့။ ကျုပ် ကျသလောက် ပေးပါ့မယ်"

လှည်းက နောက်ကို ပြန်လှည့်ရတော့သည်။ သချိုင်းဘက်ဆီက စီခနဲ ငိုကြွေးသံတွေ ထွက်လာချိန်မှာတော့ ခရီးသည် တင်လာသော လှည်းက ကျော်ခိုင်းခဲ့လေပြီ။

၆

သရက်ကန်သင်္ချိုင်းသို့ မမျှော်လင့်ဘဲ လူတစ်ယောက် ရောက်လာခဲ့ခြင်းကို မည်သူမျှ မရိပ်စားမိလိုက်။ အရိုးသန်းမှိုအလောင်း မြေကျမည့်နေ့မှာမှ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသော ဦးမြဖေလို့လည်း မထင်ခဲ့ကြ။ သားပဥ္စင်းကို ဦးသုံးကြိမ် ဝတ်ဖြည့်ခဲ့တာကိုလည်း သတိမထားမိကြပါ။ သရက်ကန်သုသာန်မှာ ဆုံဖြစ်ကြသော မိခင်၊ ဖခင်နှင့် သားတို့၏အဖြစ်သည် တစ်ဦးနှင့်တစ်ဦး တစ်ဘဝစီခြားလျက်ရှိခြင်းသည်ပင်လျှင် ဆန်းကြယ်လှပါ၏။

သည့်နောက်တော့ ရွာကပဲ သားပဥ္စင်းဆန္ဒနှင့်အညီ အရိုးမှိုအတွက် ပြာသာဒ်ဆောင်ပါ ဂူတစ်လုံး တည်ဆောက်လှူဒါန်းခဲ့ကြသည်။ ဦးပဥ္စင်းသည်လည်း များမကြာမီမှာပင် စာချရဟန်းတစ်ပါးအဖြစ် အောက်ပြည်အောက်ရွာဘက် ကြွသွားရာက ရွာပြန်မရောက်လာတော့။ သို့သော် မယ်တော်ကြီး ဆုံးပါးသည့် တန်ခူးလကွယ်နေ့ရောက်တိုင်း ပြန်ကြွလာလေ့ရှိ၏။ ဤအဖြစ်သည်ပင် နောက်ထပ် နှစ်ပေါင်း သုံးဆယ် ကျော်လာခဲ့ပြန်ပြီ။

တစ်ရက်မှာတော့ လှည်းသမား ဦးစံခက တစ်ခါက သူ့ လှည်းကြုံခေါ်တင်ခဲ့ရသူ ခရီးသည် လူကြီးတစ်ယောက်အကြောင်းကို ဘိုးကံကောင်းအား ပြောပြနေခဲ့သည်။ ထိုခရီးသည်ကြီးက သူ့ဘဝ သူ့အကြောင်းတွေ လှည်းပေါ်မှာ ပြောပြခဲ့ကြောင်း၊ ဆင်းရဲပင်ပန်းလွန်းလှသော သူ့ဘဝကို ဇနီးနှင့် သားဖြစ်သူ အရိပ်မှာ ခိုဖို့ လိုက်လာခဲ့သော်လည်း ဇနီး သေဆုံးခြင်းနှင့် ကြုံကြိုက်ရသည့်အပြင် သားကလည်း မြင့်မြတ်သော ရဟန်းဘောင်ကို ရောက်နေပြီဖြစ်၍ လှည့်ပြန်ခဲ့ရခြင်းဖြစ်ကြောင်းတွေပါ ပြောပြခဲ့ခြင်းဖြစ်သည်။

"အင်း ငါက မြဖေတို့ သန်းမှိုတို့နဲ့ ဘုန်းကြီးကျောင်းမှာ ကျောင်းနေဖက်တွေပါကွာ။ မြဖေ သူ့အရိပ်ခိုဖို့ လိုက်လာမှန်းသာ သိလို့ကတော့ သန်းမှိုကဖြင့် သေရာကတောင် ဝေါက်ခနဲ ထထိုင်ပြီး အလုပ်အကျွေး ပြုမယ့်သူကွယ့်"

"တကယ့်လူဗျာ၊ မယားဆုံးတာတောင် တစ်စက် မျက်ရည် မကျဘူး၊ သုတ်ခနဲ ပြန်ပြေးတော့သာ"

"ကြားထဲက မင်း နာမနေနဲ့ စံခရေ။ အင်း တစ်ရက်တည်း တစ်နေ့ရာတည်း သုံးယောက် ဆုံကြပေမဲ့ ဘယ်သူ့ဘယ်သူမှ မမှတ်မိကြ တော့တဲ့ဘဝ၊ ခြားတဲ့ဘဝတွေ ဖြစ်ခဲ့ကြရပြီကိုး။ သည်းခံခွင့်လွှတ်သူ၊ ရက်စက်စိမ်းကားသူနဲ့၊ သည်နှစ်မျိုးကို တရားနဲ့ လျစ်လျူရှုနိုင်သူတွေလို့သာ ဆိုရတော့မှာပဲ"

လှည်းဆရာကြီး ဦးစံခ ကတော့ တစ်ခါက လှည်းကြုံ ငှားစီးခဲ့သူ လူကြီးကိုသာ မြင်ယောင်လျက် ရှိပါ၏။ ခရီးသည်အိုကြီးက ဘယ်ဆီ ဘယ်ဝယ် ရောက်သွားပြီ မသိသော်လည်း သရက်ကန်ရွာ သချိုင်းဝက အုတ်ဂူ ပြာသာဒ်ကြီးကတော့ မားမားကြီး ရှိနေပါ၏။ ဘာလိုလိုနှင့် တန်ခူး လည်ပြန်တော့မည်။ အာဂန္တုရဟန်းကြီးတစ်ပါး ကြွရောက်လာတော့မည်။ သည်နှစ်တော့ တစ်ခါက ထိုအဖြစ်ကို ရဟန်းကြီးအား လျှောက်တင်ရဦးမည်။

အေးချမ်းလှသော အညာရွာကလေး၏ ဆွတ်ပျံ့လွမ်းမောဖွယ် ဒဏ္ဍာရီတစ်ပုဒ်ပင်။

**Family** မဂ္ဂဇင်း၊ ၂၀၀၉၊ ဖေဖော်ဝါရီ

□

ပန်းစည်းကြိုး

မဂ္ဂဇင်းဝတ္ထုရှည်များ

- မုန့်ဆပ်သွားဖူးကလေး
- မြိုင်နှင့် ရဂုံ
- အဝေးကမှန်း ဟိုရွာလမ်း ထီးတန်းကြီး လှပါဘိ
- ဂမ္ဘီရ ပန်းပွင့်များ
- မရှိုးကောက်
- ကျားထူးအလွန်
- ညနေ ပန်းသီ
- မြစိမ်းရည်
- နတ်သိုးကွဲ